MIFER

Ministry of Investment and Foreign Economic Relations

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန

မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်း



မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	အနှစ်ချုပ်	*၁ - ၂၉*
၂။	နိဒါန်း	၃၀ - ၃၅
၃။	**အခန်း (၁) ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍကို လေ့လာခြင်း**	*၃၆ - ၁၂၄*
	၁-၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ	၃၇ - ၅၇
	ယေဘုယျဖော်ပြချက်	၃၇ - ၃၈
	မူဝါဒနှင့် မျှော်မှန်းချက်	၃၈ - ၃၉
	ပြည်တွင်းလိုအပ်ချက်	၃၉ - ၄၀
	ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှု	၄၁ - ၄၃
	ဆေးဝါးကုန်ကြမ်းထုတ်လုပ်သည့်ဇုန် (Active Pharmaceutical Ingredients Park – APIs Park)	၄၄
	ကုန်သွယ်မှု	၄၄ - ၄၇
	အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်	၄၇
	ဆေးသုတေသန	၄၈ - ၄၉
	တိုင်းရင်းဆေးကဏ္ဍ	၅၀ - ၅၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
	သုံးသပ်ချက်	၅၂ - ၅၅
	ဆက်လက်ဆောင်ရွက်နိုင်ချေရှိသည့် လုပ်ငန်းစဉ်များ	၅၅ - ၅၆
	စိန်ခေါ်မှုများ	၅၆ - ၅၇
၁-၂။	**အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ**	*၅၈ - ၈၁*
	ယေဘုယျဖော်ပြချက်	၅၈ - ၆၀
	မူဝါဒနှင့် မျှော်မှန်းချက်	၆၀ - ၆၃
	ပြည်တွင်းလိုအပ်ချက်	၆၃ - ၆၄
	ရင်းနှီးမြှုပ်နှံမှုနှင့်ထုတ်လုပ်မှု	၆၄ - ၆၅
	ရင်းနှီးမြှုပ်နှံမှုဆိုင်ရာခံစားခွင့်များ	၆၆ - ၆၈
	ဆေးသုတေသန	၆၉ - ၇၀
	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်	၇၀ - ၇၂
	ကုန်သွယ်မှု	၇၃ - ၇၆
	တိုင်းရင်းဆေးကဏ္ဍ	၇၆ - ၇၇
	သုံးသပ်ချက်	၇၇ - ၇၉
	ဆက်လက်ဆောင်ရွက်နိုင်ချေရှိသည့် လုပ်ငန်းစဉ်များ	၇၉ - ၈၀
	စိန်ခေါ်မှုများ	၈၀ - ၈၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁-၃။	**ထိုင်းနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ**	*၈၂ - ၁၂၄*
	ယေဘုယျဖော်ပြချက်	၈၂ - ၈၄
	မူဝါဒနှင့် မျှော်မှန်းချက်	၈၄ - ၉၁
	ပြည်တွင်းလိုအပ်ချက်	၉၁ - ၉၃
	ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှု	၉၃
	ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာခံစားခွင့်များ	၉၃ - ၉၈
	ထုတ်လုပ်မှု	၉၈ - ၁၀၀
	ဆေးဝါးနှင့် ဇီဝဆေးဝါးများထုတ်လုပ်မှုနှင့် အလားအလာ	၁၀၁ - ၁၀၆
	ကုန်သွယ်မှု	၁၀၆ - ၁၁၀
	အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်	၁၁၁
	ဆေးသုတေသန	၁၁၁- ၁၁၃
	ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးဆောင်ရွက်ချက်	၁၁၃ - ၁၁၄
	တိုင်းရင်းဆေးကဏ္ဍမြှင့်တင်မှု	၁၁၅ - ၁၁၈
	သုံးသပ်ချက်	၁၁၉ - ၁၂၀
	ဆက်လက်ဆောင်ရွက်နိုင်ချေရှိသည့်လုပ်ငန်းစဉ်များ	၁၂၀ - ၁၂၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အသုံးစရိတ်	၁၂၁
	စိန်ခေါ်မှုများ	၁၂၁ - ၁၂၄
၄။	**အခန်း (၂) နိုင်ငံတကာနှင့် ဒေသတွင်းအဆင့် ဆေးဝါးနှင့် ကျန်းမာရေး ဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ အလားအလာကို လေ့လာ သုံးသပ်ခြင်း**	*၁၂၅ - ၁၄၃*
	ယေဘုယျဖော်ပြချက်	၁၂၆
	ကမ္ဘာတွင် ဖြစ်ပွားလျက်ရှိသည့်ရောဂါများနှင့် သေဆုံးမှုနှုန်း	၁၂၆ - ၁၂၇
	ကမ္ဘာ့ဆေးဝါးဈေးကွက်အခြေအနေနှင့် တိုးတက်မှုအလားအလာ	၁၂၇ - ၁၃၀
	သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု	၁၃၀
	ကာကွယ်ဆေးထုတ်လုပ်ခြင်း	၁၃၀ - ၁၃၁
	ဒစ်ဂျစ်တယ်ဈေးကွက်ဖြန့်ချီရေးနည်းလမ်း	၁၃၁
	ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းကဏ္ဍ ဈေးကွက်မြင့်တင်ရေးအတွက် တွန်းအားပေးသည့်အချက်	၁၃၂
	ကမ္ဘာ့ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတွင် တွေ့ကြုံရနိုင်သည့် စိန်ခေါ်မှုများ	၁၃၂ - ၁၃၃
	ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်း ကဏ္ဍတိုးတက်ရေးကို နှောင့်နှေးစေသည့်အချက်	၁၃၃ - ၁၃၄
	အခွင့်အလမ်းများ	၁၃၅

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အာဆီယံဒေသတွင်း ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍအလားအလာကို လေ့လာသုံးသပ်ခြင်း	၁၃၅ - ၁၃၉
	ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံပါဝင်မှု	၁၃၉
	အာဆီယံဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းအဖွဲ့ (Pharmaceutical Product Working Group – PPWG)	၁၃၉ - ၁၄၀
	မဟာမဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုစီမံကိန်း	၁၄၀ - ၁၄၂
	ဘင်းမ်စတက်တိုင်းရင်းဆေးဝါးပူးပေါင်းဆောင်ရွက်မှု ကွန်ယက်	၁၄၂ - ၁၄၃
၅။	**အခန်း (၃) မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍကို လေ့လာခြင်း**	*၁၄၄ - ၁၈၆*
	ယေဘုယျဖော်ပြချက်	၁၄၅ - ၁၄၇
	မြန်မာနိုင်ငံတွင် လက်ရှိရင်ဆိုင်နေရသော ကိုဗစ် - ၁၉ ကပ်ရောဂါ ဖြစ်ပွားမှုအခြေအနေ	၁၄၇ - ၁၅၈
	မူဝါဒနှင့် မျှော်မှန်းချက်	၁၅၈ - ၁၅၁
	မြန်မာနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်	၁၅၁ - ၁၅၂
	ဆေးဝါးအသုံးစရိတ်	၁၅၃ - ၁၅၄
	ရောဂါနှင့် ကျန်းမာရေးအခြေအနေအလိုက် ငွေကြေးသုံးစွဲမှု	၁၅၄ - ၁၅၆
	မြန်မာနိုင်ငံ၏ ဆေးဝါးလိုအပ်ချက်	၁၅၆ - ၁၆၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှု	၁၆၁ - ၁၇၃
	ငါးဆူတောင်ဆေးဝါးစက်မှုဇုန်	၁၇၃ - ၁၇၄
	ကုန်သွယ်မှု	၁၇၄ - ၁၇၅
	ဆေးနှင့် ဆေးပစ္စည်းတင်သွင်းမှုအခြေအနေ	၁၇၅ - ၁၇၆
	ကိုဗစ် - ၁၉ ကပ်ရောဂါအတွက် ပြည်ပမှ ကုန်ကြမ်းတင်သွင်းရန် လိုအပ်ချက်	၁၇၆
	ဆေးနှင့် ဆေးပစ္စည်းတင်ပို့မှုအခြေအနေ	၁၇၇
	မြန်မာနိုင်ငံ၏ ဆေးဝါးဈေးကွက်အခြေအနေ	၁၇၈ - ၁၇၉
	အသိညာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်	၁၈၀
	မူပိုင်ခွင့်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ	၁၈၀ - ၁၈၁
	တိုင်းရင်းဆေးကဏ္ဍ	၁၈၁ - ၁၈၄
	ဆေးသုတေသန	၁၈၄ - ၁၈၉
	FAME Pharmaceuticals Industry Co., Ltd. ကို Case Study အဖြစ် လေ့လာခြင်း	*၁၉၀ - ၁၉၆*
	ယေဘုယျဖော်ပြချက်	၁၉၀
	ထုတ်လုပ်သည့်ဆေးဝါးအမျိုးအစားများ	၁၉၀ - ၁၉၁
	ထုတ်လုပ်မှုနှင့် ပြည်တွင်းပြည်ပဖြန့်ဖြူးမှု	၁၉၁ - ၁၉၂
	ပြည်ပတွင် ရုံးခွဲဖွင့်လှစ်နိုင်မှု	၁၉၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဆေးဝါးကုန်ကြမ်းရရှိမှု	၁၉၃ - ၁၉၄
	သုတေသနဆောင်ရွက်မှု	၁၉၄
	FAME Pharmaceuticals Industry Co., Ltd. ၏ အခက်အခဲများနှင့် စိန်ခေါ်မှုများ	၁၉၄ - ၁၉၅
	FAME Pharmaceuticals Industry Co., Ltd ၏ ပြည်ပဈေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်ခဲ့သည့်အဓိကအချက်များ	၁၉၅ - ၁၉၆
၆။	**အခန်း (၄) မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် သုံးသပ်ချက်များနှင့် အကြံပြု ချက်များ**	*၁၉၇ - ၂၂၃*
	သုံးသပ်ချက်များ	၁၉၈
	ဆေးဝါးသုံးစွဲမှုမျှော်မှန်းတန်ဖိုး	၁၉၈ - ၂၀၄
	အကြံပြုချက်များ	၂၀၄ - ၂၀၇
	သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုးတက်စေရန် ဆောင်ရွက်သင့်သည့်အချက်များ	၂၀၇ - ၂၀၉
	နည်းပညာလွှဲပြောင်းမှုမြှင့်တင်နိုင်ရေး ဆောင်ရွက်သင့်သည့် အချက်များ	၂၀၉ - ၂၁၀
	မြန်မာတိုင်းရင်းဆေးဝါးထုတ်လုပ်မှုကို အားပေးမြှင့်တင်ရန် အတွက် ဆောင်ရွက်သင့်သည့်အချက်များ	၂၁၀ - ၂၁၂
	ဦးစားပေးကဏ္ဍအဖြစ် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး ဆောင်ရွက်သင့်သည့်အချက်များ	၂၁၂ - ၂၁၃
	အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်လုပ်ဆောင်ချက်များ	၂၁၃ - ၂၂၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
၇။	နိဂုံး	၂၂၄ - ၂၂၆
၈။	**နောက်ဆက်တွဲ** - ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆေးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း ကဏ္ဍအပေါ် တွေ့ရှိချက်များအား နှိုင်းယှဉ်လေ့လာချက်	၂၂၆ - ၂၃၀
၉။	ရည်ညွှန်းချက်များ	၂၃၁ - ၂၃၈

ဇယားများ

ဇယားများ	စာမျက်နှာ
ဇယား (၁ - ၁ - ၁)။ အခွန်အကောက်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ	၄၂
ဇယား (၁ - ၁ - ၂)။ ၂၀၂၀ ပြည့်နှစ်တွင် လုပ်ကိုင်လျက်ရှိသည့် MNCs နှင့် ပြည်တွင်းကုမ္ပဏီများ	၄၂
ဇယား (၁ - ၂ - ၁)။ ကျန်းမာရေးနှင့် ဆေးဝါးကဏ္ဍဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ	၆၀
ဇယား (၁ - ၂ - ၂)။ ဓာတုနှင့် ဆေးဝါးထုတ်လုပ်ခြင်းကဏ္ဍတွင် ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ (ဓာတုပစ္စည်းထုတ်လုပ်မှုအပါအဝင်)	၆၅
ဇယား (၁ - ၂ - ၃)။ အခွန်ဆိုင်ရာခံစားခွင့်များနှင့် အခွန်မဟုတ်သောအခြားခံစားခွင့်များ	၆၈
ဇယား (၁ - ၂ - ၄)။ ဆေးဘက်ဆိုင်ရာကိရိယာများနှင့် စက်ပစ္စည်းများ၏ ဈေးကွက်၊ ထုတ်လုပ်မှု၊ ပို့ကုန်သွင်းကုန်အခြေအနေနှင့် ပြည်တွင်းသုံးစွဲမှု (အမေရိကန်ဒေါ်လာ သန်းပေါင်း)	၇၅
ဇယား (၁ - ၃ - ၁)။ eHealth Strategy ၏ ၂၀၁၇ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ	၈၉
ဇယား (၁ - ၃ - ၂)။ EEC ရုံး၏ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များ	၉၀
ဇယား (၁ - ၃ - ၃)။ အခွန်ဆိုင်ရာခံစားခွင့်များနှင့် အခွန်မဟုတ်သောအခြားခံစားခွင့်များ	၉၅ - ၉၆

ဇယားများ စာမျက်နှာ

ဇယား (၁ - ၃ - ၄)။ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်သည့်ကဏ္ဍာအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆောင်ရွက်ချက်များ ၉၈

ဇယား (၁ - ၃ - ၅)။ ထိုင်းနိုင်ငံမှ ဆေးဝါးများတင်သွင်းသည့် နိုင်ငံများနှင့် သွင်းကုန်တန်ဖိုး ၁၀၇

ဇယား (၁ - ၃ - ၆)။ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ၏ ထုတ်လုပ်မှု၊ ပို့ကုန်၊ သွင်းကုန်နှင့် ပြည်တွင်းသုံးစွဲမှုအခြေအနေ (အမေရိကန်ဒေါ်လာသန်းပေါင်း) ၁၀၉

ဇယား (၁ - ၃ - ၇)။ နိုင်ငံတွင်းရှိ ဇီဝဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများ၏ ကိုဗစ် - ၁၉ ကပ်ရောဂါကာကွယ်ဆေးထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်မှု ၁၁၄

ဇယား (၂ - ၁)။ ထုတ်လုပ်မှုလိုင်းများကို ပြောင်းလဲခဲ့သည့်နမူနာကုမ္ပဏီများ ၁၃၄

ဇယား (၂ - ၂)။ တင်သွင်းမှုအများဆုံးကုန်ပစ္စည်း ၁၀ မျိုးအနက် ဆေးဝါးပစ္စည်းပါဝင်မှု ၁၃၇

ဇယား (၂ - ၃)။ ကိုဗစ် - ၁၉ ကပ်ရောဂါကို တုံ့ပြန်ရန် မရှိမဖြစ်လိုအပ်သည့် ကျန်းမာရေးဆက်စပ်ကိရိယာများ အလျင်အမြန်ဖြန့်ဝေပေးခြင်း ထောက်ပံ့ငွေခွဲဝေမှု ၁၄၂

ဇယား (၃ - ၁)။ ကျန်းမာရေးအသုံးစရိတ်အပေါ် ဆေးဝါးအသုံးစရိတ် ပါဝင်မှု ရာခိုင်နှုန်း ၁၅၃

ဇယား (၃ - ၂)။ ရောဂါအမျိုးအစားအလိုက် ကျန်းမာရေးကုန်ကျစရိတ်များ (၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ) ၁၅၅

ဇယား (၃ - ၃)။ ကိုယ့်ငွေကိုယ်ပေးကျန်းမာရေးအသုံးစရိတ် ၁၅၆

ဇယားများ		စာမျက်နှာ
ဇယား (၃ - ၄)။	မရှိမဖြစ်လိုအပ်သော အရေးကြီးသည့်ဆေးဝါးများနှင့် ထောက်ပံ့မှုနှင့် ဆေးဝါးပြတ်လပ်မှုဇယား	၁၅၇
ဇယား (၃ - ၅)။	အမျိုးသားအဆင့် မရှိမဖြစ်လိုအပ်သည့် ဆေးအမျိုးအစားများ	၁၅၇
ဇယား (၃ - ၆)။	ကိုဗစ် - ၁၉ လူနာတစ်ယောက်အတွက် ခန့်မှန်းဆေးလိုအပ်ချက်	၁၅၉
ဇယား (၃ - ၇)။	ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားမှုအခြေအနေအရ ဆေးဝါးလိုအပ်ချက်	၁၆၀
ဇယား (၃ - ၈)။	ပြည်တွင်းဆေးဝါးစက်ရုံများ၏ ၂၀၂၀ ပြည့်နှစ်အထိ ရင်းနှီးမြှုပ်နှံမှုအခြေအနေ	၁၆၂
ဇယား (၃ - ၉)။	ပြည်တွင်းဆေးဝါးစက်ရုံများ၏ထုတ်လုပ်မှုပမာဏ (အရေအတွက်)	၁၆၄
ဇယား (၃ - ၁၀)။	ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများ အပါအဝင် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍနှင့် သက်ဆိုင်သောလုပ်ငန်းများအတွက် ရရှိနိုင်သည့် အခွန်ဆိုင်ရာကင်းလွတ်ခွင့်၊ သက်သာခွင့်များနှင့် အခွန်မဟုတ်သည့် အခြားခံစားခွင့်များ	၁၆၉ - ၁၇၀
ဇယား (၃ - ၁၁)။	၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇူလိုင်လ) အတွင်း နိုင်ငံအလိုက် ဆေးဝါးများ တင်သွင်းခဲ့သည့် သွင်းကုန်တန်ဖိုး	၁၇၄
ဇယား (၃ - ၁၂)။	နှစ်အလိုက် ဆေးနှင့် ဆေးပစ္စည်းတင်သွင်းမှု	၁၇၅
ဇယား (၃ - ၁၃)။	နိုင်ငံအလိုက် ဆေးနှင့်ဆေးဘက်ဆိုင်ရာပစ္စည်းများ တင်ပို့ခဲ့မှုအခြေအနေ	၁၇၇
ဇယား (၃ - ၁၄)။	တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်ထုတ်ပေးမှုအခြေအနေ	၁၈၂

ဇယားများ		စာမျက်နှာ
ဇယား (၃ - ၁၅)။	နိုင်ငံပိုင်တိုင်းရင်းဆေးဝါးစက်ရုံများက ထုတ်လုပ်လျက်ရှိသည့် ဆေးဝါးများ	၁၈၃
ဇယား (၃ - ၁၆)။	ပုဂ္ဂလိကတိုင်းရင်းဆေးဝါး ထုတ်လုပ်သည့်လုပ်ငန်းများက အဓိက ထုတ်လုပ်လျက်ရှိသည့်ဆေးဝါးများ	၁၈၄
ဇယား (၃ - ၁၇)။	ဆေးသုတေသနဦးစီးဌာန၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် အသုံးစရိတ် (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်)	၁၈၆
ဇယား (၃ - ၁၈)။	FAME Pharmaceuticals Industry Co., Ltd. ၏ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာအချက်အလက်များ	၁၉၀
ဇယား (၃ - ၁၉)။	၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ထုတ်လုပ်မှုနှင့် ပြည်တွင်း၊ ပြည်ပဖြန့်ဖြူးမှုအခြေအနေ	၁၉၁
ဇယား (၃ - ၂၀)။	၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရောဂါအမျိုးအစားအလိုက် ထုတ်လုပ်ရောင်းချခဲ့သည့်ဆေးဝါးများ	၁၉၂
ဇယား (၄ - ၁)။	နှစ်အလိုက်ဆေးဝါးသုံးစွဲမှု (၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ)	၂၀၀
ဇယား (၄ - ၂)။	ဆေးဝါးသုံးစွဲမှု မျှော်မှန်းတန်ဖိုး (၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၉ - ၂၀၃၀ ဘဏ္ဍာနှစ်)	၂၀၀
ဇယား (၄ - ၃)။	တိုင်းရင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ	၂၁၀

ဇယားများ		စာမျက်နှာ
ဇယား (၄- ၄)။	အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ဝင်ငွေခွန် ကင်းလွတ်ခွင့်	၂၁၄
ဇယား (၄ - ၅)။	အကောင်အထည်ဖော်ရန် လိုအပ်သည့်မူဝါဒများနှင့် လုပ်ငန်းစဉ်များ	၂၁၉ - ၂၂၃
နောက်ဆက်တွဲ -	ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆေးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကဏ္ဍ အပေါ် တွေ့ရှိချက်များအား နှိုင်းယှဉ်လေ့လာချက်	၂၂၇ - ၂၃၀

ပုံပြဂရပ်များ

ပုံပြဂရပ်များ	စာမျက်နှာ
ပုံပြဂရပ် (၁ - ၁ - ၁)။ နှစ်အလိုက် ဆေးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်းတင်သွင်းမှုနှင့် တင်ပို့မှုတန်ဖိုး	၄၅
ပုံပြဂရပ် (၁ - ၁ - ၂)။ ဆေးနှင့် ဆေးပစ္စည်းကိရိယာတင်ပို့မှု၊ တင်သွင်းမှုနှင့် Nominal Growth Rate (%) တို့၏ နှစ်အလိုက် တိုးတက်ပြောင်းလဲမှု	၄၅
ပုံပြဂရပ် (၁ - ၁ - ၃)။ ၂၀၁၉ - ၂၀၂၀ ခုနှစ်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဆေးဝါးပစ္စည်း တင်ပို့သည့်နိုင်ငံများစာရင်း	၄၆
ပုံပြဂရပ် (၁ - ၁ - ၄)။ ၂၀၁၉ - ၂၀၂၀ ခုနှစ်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တိုင်းရင်းဆေးကုန်ကြမ်းတင်ပို့သည့် နိုင်ငံများ	၅၁
ပုံပြဂရပ် (၁ - ၁ - ၅)။ စက်မှုမူဝါဒနှင့် ကျန်းမာရေးမူဝါဒတို့၏ ဟန်ချက်ညီမှု	၅၂
ပုံပြဂရပ် (၁ - ၂ - ၁)။ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အင်ဒိုနီးရှားနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်	၅၉
ပုံပြဂရပ် (၁ - ၂ - ၂)။ ဆေးဝါးစက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် မဏ္ဍိုင်များ (၂၀၂၅)	၆၂
ပုံပြဂရပ် (၁ - ၂ - ၃)။ ၂၀၀၉ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိနှစ်အလိုက် အင်ဒိုနီးရှားနိုင်ငံသို့ ဆေးဝါးပစ္စည်းများ သွင်းကုန်တန်ဖိုး	၇၃
ပုံပြဂရပ် (၁ - ၂ - ၄)။ ၂၀၀၉ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ နှစ်အလိုက် အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးပစ္စည်းများပို့ကုန်တန်ဖိုး	၇၄
ပုံပြဂရပ် (၁ - ၂ - ၅)။ ဆေးဘက်ဆိုင်ရာကိရိယာများနှင့် စက်ပစ္စည်းများ၏ ဈေးကွက်၊ ထုတ်လုပ်မှု၊ ပို့ကုန်သွင်းကုန်အခြေအနေနှင့် ပြည်တွင်းသုံးစွဲမှု	၇၅

ပုံပြဂရပ်များ စာမျက်နှာ

ပုံပြဂရပ် (၁ - ၂ - ၆)။ ၂၀၁၉ ခုနှစ် ဈေးကွက်အရ အင်ဒိုနီးရှားနိုင်ငံ၏ ထိပ်တန်း ဆေးဝါးကုမ္ပဏီ ၁၀ ခု ၆

ပုံပြဂရပ် (၁ -၂ - ၇)။ ၂၀၁၇ ခုနှစ်မှ ၂၀၃၀ ခုနှစ်အတွင်း ဆေးဝါးထုတ်လုပ်မှု ကဏ္ဍတွင် နိုင်ငံအလိုက် ဆေးဝါးကဏ္ဍတိုးတက်မှုကို ကြိုတင်ခန့်မှန်းချက် ၉

ပုံပြဂရပ် (၁ - ၃ - ၁)။ ထိုင်းနိုင်ငံ၏ နှစ်အလိုက် GDP တိုးတက်မှုနှုန်း (၂၀၀၀ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ) ၃၃

ပုံပြဂရပ် (၁ - ၃ - ၂)။ ထိုင်းနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ် (% of GDP) ၄၄

ပုံ (၁ - ၃ - ၃)။ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ ဆက်စပ်ပစ္စည်းလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသည့်လုပ်ငန်းများ ၅၅

ပုံပြဂရပ် (၁ - ၃ - ၄)။ ဆေးဝါးထုတ်လုပ်ပုံအဆင့် ၃ ဆင့် ၁၀၂

ပုံပြဂရပ် (၁ - ၃ - ၅)။ ထိုင်းနိုင်ငံရှိ ဆေးဝါးထုတ်လုပ်သူများ ၁၀၃

ပုံပြဂရပ် (၁ - ၃ - ၆)။ ထိုင်းနိုင်ငံ၏ ဆေးဝါးဈေးကွက် (၂၀၁၉ ခုနှစ်) ၁၀၄

ပုံပြဂရပ် (၁ - ၃ - ၇)။ မကူးစက်နိုင်သော နာတာရှည်ရောဂါဖြစ်ပွားမှုအခြေအနေ ၁၀၅

ပုံပြဂရပ် (၁ - ၃ - ၈)။ ပြည်တွင်းဘွဲ့ ဆေးဝါးများ ရောင်းချရမှုအခြေအနေ ၁၀၅

ပုံပြဂရပ် (၁ - ၃ - ၉)။ ပြည်တွင်းဘွဲ့ ဆေးဝါးအမျိုးအစားအလိုက် ရောင်းချရမှုအခြေအနေ ၁၀၆

ပုံပြဂရပ် (၁ - ၃ - ၁၀)။ထိုင်းနိုင်ငံ၏ ဆေးဝါးပို့ကုန်နှင့် သွင်းကုန်အခြေအနေ ၁၀၇

ပုံပြဂရပ်များ စာမျက်နှာ

ပုံပြဂရပ် (၁ - ၃ - ၁၁)။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ထိုင်းနိုင်ငံမှ တင်ပို့သည့် ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများ (အမျိုးအစားအလိုက်/ အမေရိကန်ဒေါ်လာသန်းပေါင်း) ၁၀၈

ပုံပြဂရပ် (၁ - ၃ - ၁၂)။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ထိုင်းနိုင်ငံသို့ တင်သွင်းသည့် ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများ ၁၀၉

ပုံပြဂရပ် (၁ - ၃ - ၁၃)။ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ၏ ထုတ်လုပ်မှု၊ ပို့ကုန်၊ သွင်းကုန်နှင့် ပြည်တွင်းသုံးစွဲမှုအခြေအနေ (အမေရိကန် ဒေါ်လာသန်းပေါင်း) ၁၁၀

ပုံပြဂရပ် (၁ - ၃ - ၁၄)။ ၂၀၀၈ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုနှင့် တင်သွင်းမှု ၁၁၇

ပုံပြဂရပ် (၁ - ၃ - ၁၅)။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း သုတေသနစီမံကိန်းများ ဆောင်ရွက်မှုနှင့် ဘတ်ဂျက်အသုံးပြုမှုအခြေအနေ ၁၁၈

ပုံပြဂရပ် (၂ - ၁)။ ၂၀၁၉ ခုနှစ်တွင် ကျန်းမာရေးအသုံးစရိတ်ကို အများဆုံး အသုံးပြုခဲ့သည့်နိုင်ငံများ (USD/capita) ၁၂၉

ပုံပြဂရပ် (၂ - ၂)။ ကိုဗစ် - ၁၉ ကပ်ရောဂါကာကွယ်ဆေးကို သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့် စမ်းသပ်ထုတ်လုပ်မှုအခြေအနေ ၁၃၁

ပုံပြဂရပ် (၂ - ၃)။ ၂၀၁၉ ခုနှစ် အာဆီယံနိုင်ငံများ၏ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ကုန်သွယ်မှုအခြေအနေ ၁၃၆

ပုံပြဂရပ်များ စာမျက်နှာ

ပုံပြဂရပ် (၂ - ၄)။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အာဆီယံဒေသတွင်းနှင့် အာဆီယံပြင်ပ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ကုန်သွယ်မှုအခြေအနေ ၁၃၆

ပုံပြဂရပ် (၂ - ၅)။ ၂၀၁၉ ခုနှစ်အတွင်း ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ အာဆီယံဒေသနှင့် အများဆုံး ကုန်သွယ်ခဲ့သည့် ကုန်သွယ်ဖက်နိုင်ငံများ ၁၃၇

ပုံပြဂရပ် (၃ - ၁)။ တစ်ဦးကျဝင်ငွေအပေါ် ကျန်းမာရေးအသုံးစရိတ် (၂၀၀၀ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း) ၁၅၂

ပုံပြဂရပ် (၃ - ၂)။ ကျန်းမာရေးအသုံးစရိတ်အပေါ် ဆေးဝါးအသုံးစရိတ် ပါဝင်မှုအချိုးပြပုံ ၁၅၄

ပုံပြဂရပ် (၃ - ၃)။ ကိုယ့်ငွေကိုယ်ပေးကျန်းမာရေးအသုံးစရိတ် ၁၅၆

ပုံပြဂရပ် (၃ - ၄)။ ပြည်တွင်းဆေးဝါးစက်ရုံများ၏ ရင်းနှီးမြှုပ်နှံမှုအချိုး (ရာခိုင်နှုန်း) ၁၆၃

ပုံပြဂရပ် (၃ - ၅)။ Pharmaceutical Solids ထုတ်လုပ်မှုပမာဏ (၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ) ၁၆၅

ပုံပြဂရပ် (၃ - ၆)။ Pharmaceutical Liquids ထုတ်လုပ်မှုပမာဏ (၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ) ၁၆၅

ပုံပြဂရပ် (၃ - ၇)။ ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်မှုပမာဏ (၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ) ၁၆၆

	ပုံပြဂရပ်များ	စာမျက်နှာ
ပုံပြဂရပ် (၃ - ၈)။	Biological Products ထုတ်လုပ်မှုပမာဏ (၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ)	၁၆၆
ပုံပြဂရပ် (၃ - ၉)။	Sterile Product ထုတ်လုပ်မှုပမာဏ (၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ)	၁၆၇
ပုံပြဂရပ် (၃ - ၁၀)။	နှစ်အလိုက် ဆေးနှင့် ဆေးပစ္စည်းတင်သွင်းမှု	၁၇၆
ပုံပြဂရပ် (၃ - ၁၁)။	ဆေးဝါးထုတ်လုပ်သည့်ကဏ္ဍ၏ ကမ္ဘာလုံးဆိုင်ရာသုတေသန နှင့် ဖွံ့ဖြိုးတိုးတက်ရေးအသုံးစရိတ် (အမေရိကန်ဒေါ်လာ ဘီလီယံ)	၁၈၅
ပုံပြဂရပ် (၃ - ၁၂)။	ဆေးသုတေသနဦးစီးဌာန၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် အသုံးစရိတ် (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်)	၁၈၆
ပုံပြဂရပ် (၃ - ၁၃)။	ထုတ်လုပ်ရောင်းချလျက်ရှိသော ဆေးဝါးအမျိုးအစားအုပ်စုများ	၁၉၁
ပုံပြဂရပ် (၃ - ၁၄)။	ပြည်ပသို့အများဆုံး တင်ပို့ခဲ့သည့် ဆေးဝါးအမျိုးအစားများ	၁၉၃
ပုံပြဂရပ် (၄ - ၁)။	နှစ်အလိုက် ဆေးဝါးသုံးစွဲမှု မျှော်မှန်းတန်ဖိုး (၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၉ - ၂၀၃၀ ဘဏ္ဍာနှစ်)	၂၀၁

အတိုကောက်စာလုံးများ

ACCSQ	-	ASEAN Consultative Committee on Standards and Quality
ADB	-	Asia Development Bank
AFTA	-	ASEAN Free Trade Area
AI	-	Artificial Intelligence
AIDS	-	Acquired Immunodeficiency Syndrome
AMDD	-	ASEAN Medical Device Directive
APIs	-	Active Pharmaceutical Ingredients
ASPEC	-	ASEAN Patent Examination Co-operation
ATMPs	-	Advanced Therapy Medicinal Products
BAPI	-	Bangladesh Association of Pharmaceutical Industries
BIMSTEC	-	Bangladesh, India, Myanmar, Sri Lanka and Thailand Economic Cooperation
BKPM	-	Badan Koordinasi Penanaman Modal or Indonesian Investment Coordinating Board
BMI	-	Business Monitor International Ltd
BMRC	-	Bangladesh Medical Research Council
BOI	-	Board of Investment
BPI	-	Burma Pharmaceutical Industry
BPOM	-	Badan Pengawas Obat dan Makanan or National Agency of Drug and Food Control of Indonesia
CAGR	-	Compound Annual Growth Rate

CD	-	Customs Duty
CDC	-	Centers for Disease Control and Prevention
CIT	-	Corporate Income Tax
CMSD	-	Central Medical Store Depot
CSMBS	-	Civil Servant Medical Benefit Scheme
CT	-	Commercial Tax
DGDA	-	Directorate General of Drug Administration
DGHS	-	Directorate General of Health Services
DPF	-	Defense Pharmaceutical Factory
DTAM	-	Department for Development of Thai Traditional and Alternative Medicine
EEC	-	Eastern Economic Corridor
FDA	-	Department of Food and Drug Adminstration
FMP	-	Fundamental Manufacturing Practice
GDP	-	Gross Domestic Product
GMP	-	Good Manufacturing Practice
GMP-PIC/S	-	Good Manufacturing Practice-Pharmaceutical Inspection Co-operation Scheme
GMS	-	Greater Mekong Subregion
GPO	-	Government Pharmaceutical Organization
H1N1	-	Influenza type A virus
HIV	-	Human immunodeficiency virus

HNPSP	-	Health Nutrition and Population Sector Programme
HPNSDP	-	Health, Population and Nutrition Sector Development Programme
HPNSP	-	Health, Population, Nutrition Sector Program
HPSP	-	Health and Population Sector Programme
ICT	-	Information, Communication and Technology
IEDCR	-	Institute of Epidemiology, Disease Control and Research
INGO	-	International Non-Governmental Organization
IP	-	Intellectual Property Right
ISIC	-	International Standard Industrial Classification
ISO	-	International Standard Organization
JCI	-	Joint Commission International
JKN	-	Universal Healthcare System (Jaminan Kesehatan Nasional)
LDCs	-	Least Developed Countries
MIC	-	Myanmar Investment Commission
MIPP	–	Myanmar Investment Promotion Plan
MNCs	-	Multinational Companies
MOH	-	Ministry of Health
MoPH	-	Ministry of Public Health
MORU	-	Mahidol-Oxford Tropical Medicine Research Unit
MSDP	-	Myanmar Sustainable Development Plan
NGO	-	Non-Governmental Organization

NHSA	-	National Health Security Act
NIPT	-	Non-Invasive Prenatal Testing
NLEM	-	National List of Essential Medicines
OOP	-	Out of Pocket Payment
OTC	-	Over-the-Counter Medicines
PCR	-	Real-time Polymerase Chain Reaction
PAPR	-	Power Air Purifying Respirator
PPP	-	Public-Private Partnership
PPE	-	Personal Protective Equipment
PPWG	-	Pharmaceutical Product Working Group
PVT rights	-	Patent or Plant Variety Protection Rights
R&D	-	Research and Development
SDHD	-	Scientifically Developed HD
SEZ	-	Special Economic Zone
SGT	-	Special Goods Tax
SHI	-	Social Health Insurance
SHIS	-	Social Health Insurance Scheme
SOP	-	Standard Operation Procedure
TD	-	Traditional Drug
TFDA	-	Thai Food Drug and Administration
TRIPS	-	Trade-Related Aspects of Intellectual Property Rights

TSP	-	Thailand Science Park
UCS	-	Universal Coverage Scheme
UNIDO	-	United Nations Industrial Organization
UNOPS	-	United Nations Office for Project Services
UHC	-	Universal Health Coverage
USFDA	-	U.S. Food and Drug Administration
VAT	-	Value-added tax
VNIPO	-	Intellectual Property Office of Vietnam
VOC	-	Variant of Concern
WHT	-	With-holding Tax
WHO	-	World Health Organisation
WIPO	-	World Intellectual Property Organization

မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်း

အနှစ်ချုပ်

၁။ မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေနှင့် နိုင်ငံတွင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအချိုးသည် များစွာကွာဟလျက်ရှိနေသည့်အပြင် ကိုဗစ် - ၁၉ ကမ္ဘာ့ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့်လည်း ပြည်တွင်း၌ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ၏ သုံးစွဲမှုလိုအပ်ချက်မြင့်တက်လာသည့်အတွက် မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းသုံးစွဲမှုကို ဖူလုံစေပြီး ပြည်သူများ၏ ကျန်းမာရေးကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ဤစာတမ်းကို ရေးသားပြုစုထားခြင်းဖြစ်ပြီး အခန်း (၄) ခန်းဖြင့် ဖွဲ့စည်းထားပါသည်။

၂။ အခန်း (၁) သည် ဘင်္ဂလားဒေရှ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ မြှင့်တင်ရေးအတွေ့အကြုံများဖြစ်သော ပြည်တွင်းလိုအပ်ချက်ပေါ် မူတည်၍ မူဝါဒများ ချမှတ်ဖော်ဆောင်ခြင်း၊ ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမဟာဗျူဟာနှင့် အခွန်ဆိုင်ရာနှင့် အခွန်မဟုတ်သောအခြားခံစားခွင့်များ ပံ့ပိုးပေးမှုအခြေအနေ၊ ပြည်တွင်း၌ ဆေးဝါးထုတ်လုပ်မှုနှင့် ကုန်သွယ်မှုအခြေအနေ၊ ဆေးဘက်ဆိုင်ရာဆန်းသစ်တီထွင်မှု၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အားပေးမြှင့်တင်ခြင်းမှတစ်ဆင့် ထုတ်လုပ်သည့် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများအပေါ် အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်ဖြင့် အကာအကွယ်ပေးမှု၊ တိုင်းရင်းဆေးကဏ္ဍမြှင့်တင်မှုအခြေအနေတို့ကို လေ့လာထားပါသည်။ ထို့ပြင် အဆိုပါနိုင်ငံများ၏ ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်မည့်အခြေအနေအပါအဝင် ဆက်လက်ဆောင်ရွက်နိုင်ချေရှိသည့်လုပ်ငန်းစဉ်များနှင့် စိန်ခေါ်မှုများကို သိရှိစေရန်နှင့် မြန်မာနိုင်ငံက နမူနာယူဆောင်ရွက်သင့်သည့်အချက်များကို ရှာဖွေလေ့လာသုံးသပ်ထားခြင်းဖြစ်ပါသည်။

၃။ အခန်း (၂) သည် ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍအလားအလာ၊ ကမ္ဘာ့ဆေးဝါးဈေးကွက်အခြေအနေ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံပါဝင်ဆောင်ရွက်မှုကို ခြုံငုံလေ့လာထားခြင်းဖြစ်ပါသည်။

၄။ အခန်း (၃) သည် မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်း ထုတ်လုပ်မှုကဏ္ဍအခြေအနေများဖြစ်သည့် လက်ရှိရင်ဆိုင်နေရသော ကိုဗစ် - ၁၉ ကပ်ရောဂါ အခြေအနေအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးလိုအပ်ချက်၊ ဆေးဝါးအသုံး စရိတ်သုံးစွဲမှု၊ ပြည်တွင်း၌ ဆေးဝါးထုတ်လုပ်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆောင်ရွက်ချက်များ၊ အခွန်ဆိုင်ရာနှင့် အခွန်မဟုတ်သောအခြားခံစားခွင့်များ ပံ့ပိုးပေးမှုအခြေအနေ၊ ကုန်သွယ်မှု အခြေအနေနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာတိုးတက်မှုနှင့် ဆေးသုတေသနဆိုင်ရာ ဆောင်ရွက်ချက်များ၊ တိုင်းရင်းဆေးကဏ္ဍမြှင့်တင်မှုနှင့် FAME Pharmaceuticals Industry Co., Ltd. ၏ ဆေးဝါးထုတ်လုပ်မှုနှင့် ပြည်ပစျေးကွက်သို့ ထိုးဖောက်နိုင်သည့်ကြိုးပမ်း ဆောင်ရွက်ချက်များနှင့် လက်ရှိရင်ဆိုင်နေရသောအခက်အခဲနှင့် စိန်ခေါ်မှုများကို အသေးစိတ် လေ့လာဆန်းစစ်ထားခြင်းဖြစ်ပါသည်။

၅။ အခန်း (၄) သည် မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်း ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်နိုင်ရေးအတွက် ၂၀၂၉ - ၂၀၃၀ ခုနှစ်အထိ နိုင်ငံ၏ ဆေးဝါး သုံးစွဲမှုမျှော်မှန်တန်ဖိုးကို ခန့်မှန်းတွက်ချက်ထားပြီး ၎င်းအပေါ် အခြေခံ၍ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတိုးတက်ရေး၊ နည်ပညာလွှဲပြောင်းမြှင့်တင်နိုင်ရေး၊ မြန်မာ့ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုကို မြှင့်တင်နိုင်ရေး၊ ဦးစားပေးကဏ္ဍအဖြစ် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးနှင့် အခွန်ဆိုင်ရာနှင့် အခွန်မဟုတ်သောအခြားခံစားခွင့်များကို မဟာဗျူဟာ ကျကျ ပံ့ပိုးပေးနိုင်ရေး စသည်တို့ပါဝင်သည့် သုံသပ်ချက်များနှင့် အကြံပြုချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေလေ့လာဖော်ထုတ်ထား ခြင်းဖြစ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ

၆။ ၂၀၂၆ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းမှ နှုတ်ထွက်ရန် မျှော်မှန်းထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကျန်းမာရေးကဏ္ဍဆိုင်ရာမူဝါဒကို ၅ နှစ် စီမံကိန်းရေးဆွဲပြီး ၁၉၉၈ ခုနှစ်မှစ၍ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေး၊ လူဦးရေနှင့် အစာအာဟာရကဏ္ဍဆိုင်ရာစီမံကိန်း (၂၀၁၆ - ၂၀၂၁) ကို လက်ရှိဆောင်ရွက်လျက်ရှိပါသည်။ ဆေးဝါးထုတ်လုပ်မှုအပိုင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများထက်ပြည်တွင်းလုပ်ငန်းများတိုးတက်ရေးကို ပိုမိုအလေးထားဆောင်ရွက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများထံမှ နည်းပညာရယူရန် အခက်အခဲရှိခြင်းကြောင့် ပြည်တွင်းလုပ်ငန်းများ၏ သုတေသနဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးခြင်းဖြင့် နိုင်ငံတကာအဆင့်မီ ဆေးဝါးများထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သက်ဆိုင်သည့်ဌာနများ

၇။ နိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် ကျန်းမာရေးနှင့် မိသားစုရေးရာဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်ပြီး ဆေးဝါးကဏ္ဍရင်းနှီးမြှုပ်နှံမှုအတွက် ဘင်္ဂလားဒေ့ရှ်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့ (BIDA) နှင့် ဖက်စပ်ကုမ္ပဏီများနှင့် လုပ်ငန်းများအတွက် မှတ်ပုံတင်အရာရှိရုံး (RJSC) တို့က တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ဘင်္ဂလားဒေ့ရှ်ဆေးဝါးသုတေသနဆိုင်ရာကောင်စီ (BMRC) က ကျန်းမာရေးသုတေသနများကို တိုးမြှင့်လုပ်ဆောင်ပေးလျက်ရှိပြီး ဆေးဝါးသုတေသနဆိုင်ရာကိစ္စရပ်များအပေါ် အလေးထားဆောင်ရွက်လျက်ရှိပြီး အနာဂတ်တွင် အဆင့်မီဆေးဝါးများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဆေးဝါးအမျိုးအစားအလိုက် မှတ်ပုံတင်ခြင်းနှင့် ဆေးဝါးထုတ်လုပ်မှုလိုင်စင် ရယူရန်အတွက် ဆေးဝါးစီမံခန့်ခွဲရေးဆိုင်ရာညွှန်ကြားရေးမှူးချုပ်ရုံး (DGDA) က အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

၈။ ဆေးဝါးထုတ်လုပ်မှုလိုင်စင်ရရှိရန် DGDA သို့ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်၊ ပါဝင်ပစ္စည်း၊ အသုံးပြုပုံစသည်တို့ပါဝင်သည့် လျှောက်ထားလွှာတင်ပြရမည်ဖြစ်ပြီး လျှောက်ထားလွှာလက်ခံရရှိပါက DGDA ရှိ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က စက်ရုံတည်နေရာသို့ လာရောက်စစ်ဆေး၍ အစီရင်ခံစာတစ်စောင်တင်ပြမည်ဖြစ်ပါသည်။ အဆိုပါအစီရင်ခံစာပေါ် မူတည်၍ ဆေးဝါးထိန်းချုပ်ရေးကော်မတီ (DCC) နှင့် ထုတ်လုပ်မှုနည်းစနစ်

ဆိုင်ရာစစ်ဆေးရေးကော်မတီ (Recipe Assessment Committee) တို့မှ ခွင့်ပြုစာ ထုတ်ပေးမည်ဖြစ်ပါသည်။ ဆေးဝါးထုတ်လုပ်မှုလိုင်စင်ရရှိရန် အချိန် ၁၂ လခန့်ကြာမြင့်ပါသည်။

ပြည်တွင်းလိုအပ်ချက်နှင့် ပို့ကုန်သွင်းကုန်တန်ဖိုး

၉။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှုစျေးကွက်တန်ဖိုးသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃.၁ ဘီလီယံဖြစ်ပြီး ၂၀၂၀ ခုနှစ်၌ အမေရိကန်ဒေါ်လာ ၃.၅၄ ဘီလီယံနှင့် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဘီလီယံအထိ တိုးတက်နိုင်ကြောင်း ခန့်မှန်းထားပါသည်။ တစ်ဦးချင်းဆေးဝါးပစ္စည်းသုံးစွဲမှုတန်ဖိုးသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈.၉ ဖြစ်ပါသည်။ ဆေးပစ္စည်းကိရိယာထုတ်လုပ်မှုသည် သွင်းကုန်ဦးစားပေးလုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပြီး ပြည်တွင်းထုတ်လုပ်မှုသည် စျေးကွက်လိုအပ်ချက်၏ ၁၅ ရာခိုင်နှုန်းကိုသာ ထုတ်လုပ်နိုင်ပြီး ၈၅ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းရလျက်ရှိပါသည်။


၁၀။ ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးဝါးတင်ပို့မှုသည် ၁၁ နှစ်တာကာလအတွင်း ၄၄.၄ ရာခိုင်နှုန်းနှင့် တင်သွင်းမှုသည် ၆၀.၄ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး နှစ်အလိုက်ဆေးဝါးတင်ပို့မှုနှင့် တင်သွင်းမှုတန်ဖိုးသည် အောက်ပါအတိုင်းဖြစ်ပါသည်။

ဇယား (၁)။ နှစ်အလိုက် ပို့ကုန်နှင့် သွင်းကုန်တန်ဖိုး


ခုနှစ်	တင်ပို့မှုစုစုပေါင်းတန်ဖိုး (အမေရိကန်ဒေါ်လာသန်း)	တင်သွင်းမှုစုစုပေါင်းတန်ဖိုး (အမေရိကန်ဒေါ်လာသန်း)
၂၀၀၉	၄၉.၄၄၉	၂၉၄.၅၀၁
၂၀၁၀	၄၃.၃၂၇	၃၆၃.၇၈၁
၂၀၁၁	၆၀.၂၃၂	၃၀၉.၇၁၉
၂၀၁၂	၅၀.၄၃၃	၃၂၁.၉၀၃
၂၀၁၃	၇၆.၉၆၁	၃၁၉.၄၁၃
၂၀၁၄	၇၄.၀၄၄	၃၈၄.၃၀၂
၂၀၁၅	၇၈.၇၈၅	၃၆၃.၁၂၁
၂၀၁၆	၁၀၀.၄၀၆	၄၄၀.၂၇၁
၂၀၁၇	၁၀၇.၂၇၅	၅၁၈.၃၉၉
၂၀၁၈	၁၀၇.၇၁၂	၅၅၈.၆၃၅
၂၀၁၉	၁၂၂.၂၀၂	၅၄၂.၄၇၁
၂၀၂၀	၁၁၁.၂၂၂	၄၈၆.၉၅၂
စုစုပေါင်း	**၉၈၂.၀၄၈**	**၄,၉၀၃.၄၆၈**

ပုံပြဂရပ် (၁)။ နှစ်အလိုက် ဆေးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်းတင်သွင်းမှုနှင့် တင်ပို့မှုတန်ဖိုး

(အမေရိကန်ဒေါ်လာသန်း)



ပုံပြဂရပ် (၂)။ ၂၀၁၉ - ၂၀၂၀ ခုနှစ်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဆေးဝါးပစ္စည်း တင်ပို့သည့် နိုင်ငံများစာရင်း



ရင်းနှီးမြှုပ်နှံမှု

၁၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို နိုင်ငံခြားပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအက်ဥပဒေ (၁၉၈၀) အရ ဆောင်ရွက်လျက်ရှိပြီး စက်ပစ္စည်း၊ ဆောက်လုပ်ရေး ပစ္စည်းကုန်ကြမ်းပစ္စည်း၊ ယာဉ်ယန္တရားများတင်သွင်းခြင်းအတွက် သွင်းကုန်ခွန်၊ အကောက်ခွန်နှင့် အခြားအခွန်များကို ၅ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ ကင်းလွတ်ခွင့်၊ အမြတ်ငွေ ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းမှ ဝင်ငွေခွန် ၁၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။

ဇယား (၂)။ အခွန်အကောက်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

အကြောင်းအရာ	အခွန်	သက်တမ်း	မှတ်ချက်
စက်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း ကုန်ကြမ်းပစ္စည်း၊ ယာဉ်ယန္တရားများ တင်သွင်းခြင်း	သွင်းကုန်ခွန်အကောက်ခွန်နှင့်အခြားအခွန်များ (၅ % မှ ၁၂ %)	၅ နှစ်မှ ၇ နှစ်	Customs Act 1969
သတ်မှတ်ထားသည့်ဆေးပစ္စည်း အစိတ်အပိုင်းများတင်သွင်းခြင်း	Value Added Tax (၀ % မှ ၁၅ %)	-	Value Added Tax and Supplementary Duty Act, 2012
နိုင်ငံခြားသားဝန်ထမ်းများ၏ လစာ	ဝင်ငွေခွန် (၀ % မှ ၂၅ %)	၃ နှစ်	-
အမြတ်ငွေပြန်လည်ရင်းနှီးမြှုပ်နှံခြင်း	ဝင်ငွေခွန် (၁၀% မှ ၄၀%)	-	Income Tax Ordinance of 1984

၁၂။ ဆေးဝါးထုတ်လုပ်မှုအတွက် အရေးပါသည့် ကုန်ကြမ်းများတင်သွင်းရာတွင် စျေးနှုန်းပြိုင်ဆိုင်မှုရှိခြင်း၊ ကုန်ကြမ်းတင်သွင်းရန် အခက်အခဲရှိခြင်းတို့ကို ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ဆေးဝါးကုန်ကြမ်းများထုတ်လုပ်သည့်ဇုန် (Active Pharmaceutical Ingredients – APIs Park) တွင် ဆောင်ရွက်သည့်ကုမ္ပဏီများအနေဖြင့် ဝင်ငွေခွန်၊ Value Added Tax အပါအဝင် အခြားသောအခွန်အကောက်များ ကင်းလွတ်ခွင့်ကို ၂၀၃၂ ခုနှစ်အထိ ခံစားရရှိနိုင်မည်ဖြစ်ပါသည်။ ဇုန်တည်ထောင်ခြင်းမှ အလုပ်အကိုင်အခွင့်အလမ်း ၂၅,၀၀၀ ဖန်တီးပေးနိုင်ပြီး ဆေးဝါးကုန်ကြမ်းသွင်းကုန်ပမာဏ လျော့ချနိုင်ခြင်းနှင့် ထုတ်ကုန်များတင်ပို့နိုင်ရန် အထောက်အကူပြုခြင်းတို့ကြောင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍ ဆိုင်ရာတိုးတက်မှုတစ်ခုလည်းဖြစ်ပါသည်။

ဆေးသုတေသန

၁၃။ ဘင်္ဂလားဒေ့ရှ်ဆေးဝါးသုတေသနဆိုင်ရာကောင်စီသည် အရည်အသွေးပြည့်ဝသည့် သုတေသနလုပ်ငန်းများ ပေါ်ပေါက်လာစေရန် ဆေးပညာဆိုင်ရာကောလိပ်များတွင် သုတေသနအဖွဲ့များဖွဲ့စည်းတည်ထောင်ခြင်း၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများကျင်းပခြင်း၊ အများပြည်သူသို့ အသိပညာဖြန့်ဝေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဆေးဝါးစက်ရုံများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ စံချိန်စံညွှန်းနှင့်ပြည့်စုံပြီး ပြည်တွင်းဆေးဝါးလုပ်ငန်းများတိုးတက်ရေးကို အဓိကထားဆောင်ရွက်ခဲ့သည့် နိုင်ငံ၏ အစီအစဉ်ကြောင့် အရည်အသွေးကောင်းမွန်သည့်ဆေးဝါးများကို စျေးကွက်လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဆေးဝါးပစ္စည်းထုတ်လုပ်မှုဆိုင်ရာအခြေခံအဆောက်အအုံလုံလောက်မှုရှိခြင်းကြောင့် ပြည်တွင်းဆေးဝါးကုမ္ပဏီ Incepta Vaccine Ltd.

နှင့် တရုတ်နိုင်ငံ၏ Sinopharm Group တို့အကြား Sinopharm COVID-19 Inactivated ကာကွယ်ဆေးပူးပေါင်းထုတ်လုပ်ရန် စီစဉ်ထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံက နမူနာယူဆောင်ရွက်သင့်သည့်အချက်များ

၁၄။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍနှင့်စပ်လျဉ်း၍ အောက်ပါတို့သည် မြန်မာနိုင်ငံက နမူနာယူဆောင်ရွက်သင့်သည့်အချက်များဖြစ်ပါသည်-

(က) ဆေးဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏ အနေအထားနှင့် လိုက်လျောညီထွေရှိသည့် ပုံစံတစ်ခု ဖော်ဆောင်နိုင်ခြင်း၊ ဥပမာ - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြိုဆိုခြင်းနှင့်အတူ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်တွင်းဆေးဝါးလုပ်ငန်းများကို မြှင့်တင်ပေးခြင်း။

(ခ) အွန်လိုင်းစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်နိုင်ခြင်း၊ ဥပမာ- ကိုဗစ်-၁၉ ဆေးနှင့် ဆေးပစ္စည်းဆိုင်ရာ Website ကို တည်ထောင်ခြင်း။

(ဂ) ဆေးဝါးသုတေသနဆောင်ရွက်မှုကို ပံ့ပိုးပေးခြင်း။

အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ

၁၅။ အင်ဒိုနီးရှားနိုင်ငံသည် အဆင့်အတန်းမြင့်မားသည့် ဆေးဝါးများ ထုတ်လုပ်နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ၎င်းတို့၏ ဆေးဝါးထုတ်လုပ်မှုတိုးတက်စေရန် ပြည်တွင်းလုပ်ငန်းများ တိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၆ ခုနှစ်မှစတင်၍ ဆေးဝါးထုတ်လုပ်သည့်ကဏ္ဍကို မြှင့်တင်နိုင်ရေးအတွက် နိုင်ငံ၏ အမျိုးသားအဆင့် မဟာဗျူဟာကျသောလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်၍ ဆေးဝါးထုတ်လုပ်ခြင်းကဏ္ဍ ဖွံ့ဖြိုးစေရေးလမ်းပြမြေပုံကို ရေးဆွဲချမှတ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် The Universal Healthcare System နှင့် အမျိုးသားကျန်းမာရေးအာမခံအစီအစဉ်ကို မိတ်ဆက်ပြီးနောက် ဆေးဝါးထုတ်ကုန်များထုတ်လုပ်ခြင်းကဏ္ဍသည် သိသိသာသာတိုးတက်လာပါသည်။ ထိုအစီအစဉ်သည် ၂၀၁၉ ခုနှစ်မတိုင်ခင် အင်ဒိုနီးရှားလူဦးရေ၏ ၈၄ ရာခိုင်နှုန်းဝန်းကျင်ကို လွှမ်းခြုံနိုင်ရမည်ဟု ဖော်ပြခဲ့ပြီး သတ်မှတ်ရာခိုင်နှုန်း မပြည့်မီသော်လည်း ၇၉ ရာခိုင်နှုန်းခန့် ရှိခဲ့ပါသည်။

သက်ဆိုင်သည့်ဌာနများ

၁၆။ အင်ဒိုနီးရှားနိုင်ငံ၏ ကျန်းမာရေးနှင့် ဆေးဝါးထုတ်လုပ်သည့်ကဏ္ဍကို အင်ဒိုနီးရှားနိုင်ငံကျန်းမာရေးဝန်ကြီးဌာန (MOH) နှင့် ၎င်းလက်အောက်ရှိ အင်ဒိုနီးရှားအမျိုးသားဆေးဝါးနှင့် အစားအစာထိန်းချုပ်ရေးအေဂျင်စီ (BPOM) မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံစက်မှုဝန်ကြီးဌာနမှ ဆေးဝါးထုတ်ကုန်များအတွက် ပြည်တွင်းထုတ်ကုန်ပါဝင်မှု (Local Contents) ကို အဆင့်မျှားခွဲခြား၍ ထုတ်လုပ်ရမည့် အချိုးအစားများနှင့် အသိအမှတ်ပြုလက်မှတ်ရရှိနိုင်ရေးဆိုင်ရာပြဋ္ဌာန်းချက်များနှင့် လုပ်ထုံးလုပ်နည်းများ (MOI Reg. 16/2020) ကို ထုတ်ပြန်ခဲ့ပါသည်။

၁၇။ အင်ဒိုနီးရှားသိပ္ပံအဖွဲ့အစည်း (LIPI) သည် အစိုးရ၏ အကြီးဆုံးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းဖြစ်ပြီး ဆေးဝါးထုတ်လုပ်ခြင်းနှင့်ပတ်သက်သောသုတေသနများကို ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေးနှင့် ဆေးဝါးကဏ္ဍရင်းနှီးမြှုပ်နှံဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံရင်းနှီးမြှုပ်နှံမှုအဖွဲ့ (BKPM) က တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းခဲ့သော အင်ဒိုနီးရှားနိုင်ငံဥပဒေပေါင်းချုပ် (Omnibus Law) တွင် ဘဏ္ဍာရေးဆိုင်ရာခံစားခွင့်များနှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှုဆိုင်ရာ ပြဋ္ဌာန်းချက်များအပြင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍအတွက် ဖြေလျှော့ပေးသည့်ပြဋ္ဌာန်းချက်များကိုပါ ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

၁၈။ အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးစမ်းသပ်ထုတ်လုပ်မှုတွင် ထုတ်လုပ်ပြီးအမျိုးအစားတူ Generic Drugs နှင့် New Drugs ဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ Generic Drugs ထုတ်လုပ်ခြင်းအတွက် မည်သည့်ခွင့်ပြုချက်မျှ လျှောက်ထားရန် မလိုအပ်ဘဲ ဓာတ်ခွဲခန်းတွင် စမ်းသပ်၍ ဆောင်ရွက်နိုင်ပြီး ဆေးဝါးဖြန့်ချိခွင့်လိုင်စင်ကို ဆေးဝါးထုတ်လုပ်သူက လျှောက်ထားရမည် ဖြစ်ပါသည်။ ဆေးဝါးအသစ်ဖော်စပ်ထုတ်လုပ်ရာတွင် အဆိုပါဆေးဝါးသည် ပြည်ပနိုင်ငံ တစ်ခုခု၌ စမ်းသပ်အောင်မြင်ပြီးဖြစ်ပါက သက်ဆိုင်ရာနိုင်ငံ၏ စမ်းသပ်မှုအောင်မြင်သည့် လက်မှတ်ကို ဆေးဝါးဖြန့်ချိခွင့်လိုင်စင်လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံအတွင်း မည်သည့်ဆေးဝါးကိုမဆို ဖြန့်ဖြူးခြင်းမပြုမီ e-Registration ဆေးဝါးမှတ်ပုံတင်ခြင်းမှတစ်ဆင့် BPOM ၏ ခွင့်ပြုချက်ကို ရယူရမည်ဖြစ်ပါသည်။ ဆေးဝါးကုန်ကြမ်းထုတ်လုပ်ခြင်းနှင့် ဆေးဝါးကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းများတွင် နိုင်ငံခြားသားပိုင်ဆိုင်မှုအချို့ကို ကန့်သတ်ထားခြင်းမရှိသော်လည်း ဆေးဝါးဖော်စပ်ရာ၌ လိုအပ်သည့် မူးယစ်ဆေးထုတ်လုပ်ခြင်း (Narcotic production) တွင် MOH ၏ အထူးခွင့်ပြုမိန့် လိုအပ်ပါသည်။

ပြည်တွင်းလိုအပ်ချက်နှင့် ပို့ကုန်သွင်းကုန်တန်ဖိုး

၁၉။ ဆေးဝါးထုတ်လုပ်ခြင်းကဏ္ဍဖွံ့ဖြိုးစေရေးလမ်းပြမြေပုံအရ ၂၀၂၅ ခုနှစ်၌ ဈေးကွက်တန်ဖိုးအမေရိကန်ဒေါ်လာ ၄၈.၅၁ ဘီလီယံဖြင့် ကမ္ဘာအဆင့် ၁၅ ဖြင့် ဆေးဝါးထုတ်လုပ်နိုင်ရန် မျှော်မှန်းထားပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဆေးဝါးကုန်ကြမ်းများ၏ ၉၅ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းလျက်ရှိပြီး ပြည်တွင်းထုတ်လုပ်သူများက ဆေးဝါးကုန်ကြမ်းများ၏ ၅ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။ ဆေးဝါးများကို ပြည်တွင်း၌ ၇၅ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နိုင်ပြီး ကျန် ၂၅ ရာခိုင်နှုန်းခန့်ကို ပြည်ပမှ တင်သွင်းနေရခြင်းဖြစ်ပါသည်။

၂၀။ ဇယား (၃) တွင် ဖော်ပြထားသည့်အတိုင်း အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် စုစုပေါင်းဆေးဝါးဈေးကွက်သည် တဖြည်းဖြည်း မြင့်တက်လာခဲ့ပြီး ခန့်မှန်းခြေအားဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃၀၂၃ သန်းပေါင်းအဖြစ်လည်းကောင်း၊ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုသည် အမေရိကန်ဒေါ်လာ ၂၀၃၀ သန်းပေါင်းအဖြစ်လည်းကောင်း၊ ပြည်တွင်းသုံးစွဲမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၃၇၀၂ သန်းပေါင်းရှိခဲ့ပါသည်။

ဇယား (၃)။ ဆေးဘက်ဆိုင်ရာကိရိယာများနှင့် စက်ပစ္စည်းများ၏ ဈေးကွက်၊ ထုတ်လုပ်မှု၊ ပို့ကုန်သွင်းကုန်အခြေအနေနှင့် ပြည်တွင်းသုံးစွဲမှု (အမေရိကန်ဒေါ်လာသန်းပေါင်း)

အကြောင်းအရာ	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀ (ခန့်မှန်းချက်)
စုစုပေါင်းဈေးကွက်	၂,၄၁၀	၂,၆၆၅	၂,၈၇၉	၃,၀၂၃
စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု	၁,၅၉၈	၁,၇၅၇	၁,၉၃၃	၂,၀၃၀
စုစုပေါင်းပို့ကုန်	၅၈၁	၅၉၀	၆၀၄	၆၃၄
စုစုပေါင်းသွင်းကုန်	၁,၃၉၄	၁,၄၈၈	၁,၅၅၀	၁,၆၇၂
စုစုပေါင်းပြည်တွင်းသုံးစွဲမှု	၂,၉၈၂	၃,၂၄၅	၃,၄၈၃	၃,၇၀၂

၂၁။ အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးထုတ်ကုန်များထုတ်လုပ်ရာ၌ အသုံးပြုသည့် ကုန်ကြမ်းများ၏ ရာခိုင်နှုန်းအများစုကို အဓိကအားဖြင့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ တင်သွင်းလျက်ရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံသို့ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ အများဆုံး တင်သွင်းသည့် နိုင်ငံ ၅ နိုင်ငံမှာ အမေရိကန်၊ တရုတ်၊ ဂျာမနီ၊ အိန္ဒိယနှင့် ဖြိတိန်နိုင်ငံတို့ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်း၏ ထုတ်လုပ်မှုလိုအပ်ချက်ကို ဖြည့်ဆည်းရန် ပြည်ပနိုင်ငံများမှ ဆန်းသစ်တီထွင်ထားသောဆေးဘက်နှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများကို မှီခိုနေရဆဲဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံသို့ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ အများဆုံးတင်ပို့သည့် နိုင်ငံ ၅ နိုင်ငံမှာ စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ တိုင်ပေနှင့် အိန္ဒိယနိုင်ငံတို့ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှု

၂၂။ ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ပြန်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစာရင်းအသစ်တွင် ကုန်ချောဆေးဝါးထုတ်ကုန်များထုတ်လုပ်သည့်လုပ်ငန်းနှင့် ကုန်ကြမ်းဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများတွင် နိုင်ငံခြားသားပိုင်ဆိုင်မှုအချိုးကို ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုထားပါသည်။ ဆေးဝါးကုန်ကြမ်းများ (APIs) ကို ထုတ်လုပ်သည့်လုပ်ငန်းများတွင် နိုင်ငံခြားသားပိုင်ဆိုင်မှုအချိုး ၈၅ ရာခိုင်နှုန်းမှ ၂၀၁၆ ခုနှစ် ၁၀၀ ရာခိုင်နှုန်းခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံသမ္မတအမိန့်အမှတ် (၁၀/၂၀၂၁) အရ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၄၅ ခုကို ကန့်သတ်ချက်များဖြေလျော့ပေးပြီး အခြေခံအဆောက်အအုံများထောက်ပံ့မှုနှင့် လိုင်စင်တောင်းခံရာတွင် လွယ်ကူစေခြင်း စသည်တို့ကို ပံ့ပိုးပေးထားပါသည်။

၂၃။ အဓိကဆေးဝါးကုန်ကြမ်းထုတ်လုပ်ခြင်းလုပ်ငန်းသည် ဦးစားပေးမြှင့်တင်သည့် ရှေ့ဆောင်စက်မှုလုပ်ငန်း (Pioneer Industries) ကဏ္ဍာ ၁၈ ခုတွင် ပါဝင်သည့်အတွက် အခွန်ဆိုင်ရာခံစားခွင့်အဖြစ် ၅ နှစ်တာကာလအတွင်း အင်ဒိုနီးရှားရူပီး ၁၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆.၉ မီလီယံ) နှင့် အင်ဒိုနီးရှားရူပီး ၅၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၄.၈ မီလီယံ) အကြား ရင်းနှီးမြှုပ်နှံမှုအတွက် ကော်ပိုရိတ်ဝင်ငွေခွန် (CIT) ၅၀ ရာခိုင်နှုန်း လျှော့ပေါ့ခံစားခွင့်ရှိပြီး ၅ နှစ်နှင့် နှစ် ၂၀ ကာလအတွင်း အင်ဒိုနီးရှားရူပီး ၅၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၄.၈ မီလီယံ) ကျော် ရင်းနှီးမြှုပ်နှံမှုအတွက် ၁၀၀ ရာခိုင်နှုန်း ခံစားခွင့်ပြုထားပါသည်။ CIT ကင်းလွတ်ခွင့်ခံစားခွင့်ကုန်ဆုံးသည့်အချိန်မှ တစ်ဆက်တည်း နောက်ထပ် ၂ နှစ်အတွက် CIT လျှော့ပေါ့ခံစားခွင့်ကို ခံစားခဲ့သည့်နှုန်း၏ တစ်ဝက်ကို ထပ်မံခံစားခွင့်ရှိပါသည်။ ဆေးဝါးထုတ်လုပ်ခြင်းအပါအဝင် ကုန်ထုတ်လုပ်သည့်စက်မှုလုပ်ငန်းများသည် အင်ဒိုနီးရှားနိုင်ငံရှိသတ်မှတ်စက်မှုဇုန်များအတွင်း လုပ်ငန်းဆောင်ရွက်မည်ဆိုပါက လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေရရှိရေးနှင့် လမ်းများပါဝင်သောအခြေခံအဆောက်အအုံများနှင့် အထောက်အပံ့များကို အလွယ်တကူ ရရှိမည်ဖြစ်ပါသည်။ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များအတွက် ၃၀၀ ရာခိုင်နှုန်း သာလွန်အခွန်နှုတ်ယူခွင့်ဆိုင်ရာခံစားခွင့်များကို ခံစားခွင့်ပြုထားပါသည်။

ဆေးသုတေသန

၂၄။ အစိုးရ၏ အကြီးဆုံးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းအဖြစ် LIPI သည် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ဇီဝဗေဒနှင့် ဇီဝနည်းပညာသုတေသနဌာန၊ သယံဇာတပစ္စည်းများနည်းပညာအတွက် ဓာတုဗေဒနှင့် သုတေသနဌာနတို့အောက်ရှိ များစွာသော သုတေသနဌာနများမှ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံက နမူနာယူဆောင်ရွက်သင့်သည့်အချက်များ

၂၅။ အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ နှင့်စပ်လျဉ်း၍ အောက်ပါတို့သည် မြန်မာနိုင်ငံက နမူနာယူဆောင်ရွက်သင့်သည့်အချက်များ ဖြစ်ပါသည်-

(က) Local Content Regulations ဖြင့် ထိန်းညှိ၍ နိုင်ငံသားလုပ်ငန်းရှင်များကို ဆေးဝါးဈေးကွက်တွင် ရပ်တည်နိုင်ရေးထည့်သွင်းစဉ်းစားခြင်း။

(ခ) ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများအတွက် အခွန်ဆိုင်ရာခံစားခွင့်များနှင့် ဆေးဝါးဖော်စပ်ခြင်းသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များ အတွက် သာလွန်ခံစားခွင့်များကို လျှော်ကထားခံစားခွင့်ပြုခြင်း။

(ဂ) သုတေသနဆောင်ရွက်ချက်များဖွံ့ဖြိုးလာစေရန် အင်ဒိုနီးရှားနိုင်ငံ၏ အသိ ဉာဏ်ပစ္စည်းမူပိုင်ခွင့်များကို မူပိုင်ခွင့်ဥပဒေ (Law No. 13 of 2016) ဖြင့် ထိန်းကျောင်းလျက်ရှိခြင်း။

(ဃ) ကိုဗစ် - ၁၉ ကပ်ရောဂါကာလအတွင်း Digital Health Ecosystem နှင့် အင်တာနက် စီးပွားရေးတို့သည် လျင်မြန်စွာတိုးတက်လာပြီး တစ်မူထူးခြား သည့် Omnibus Law ပြဋ္ဌာန်းခြင်းနှင့်အတူ လုပ်ထုံးလုပ်နည်းများ ဖြေလျော့ ခြင်းနှင့် အခွန်ဆိုင်ရာနှင့် အခြားခံစားခွင့်များကို အားဖြည့်ပံ့ပိုးပေးထားခြင်း။

ထိုင်းနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ

၂၆။ ထိုင်းနိုင်ငံအစိုးရသည် လူဦးရေအချိုးအစားနှင့် ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင် မည့် မူဝါဒအဖြစ် Universal Health Coverage (UHC) ကို အလေးထားဆောင်ရွက်ခဲ့ပါသည်။ ထိုင်းနိုင်ငံ၏ UHC၊ Thailand 4.0၊ တန်ဖိုးအခြေပြုစီးပွားရေး (Value-based Economy) သို့ ဦးတည်၍ မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၅) ဖြစ်သည့် Thailand: A Hub of Wellness and Medical Services နှင့် ၂၀၂၅ ခုနှစ်၌ ကမ္ဘာ့ထိပ်တန်းဆေးပညာရပ်ဆိုင်ရာအချက်အချာနေရာ အဖြစ် မြှင့်တင်နိုင်ရန်အတွက် ဆေးပညာရပ်ဆိုင်ရာအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး နှင့် တီထွင်ဖန်တီးမှုကို မြှင့်တင်နိုင်မည့် eHealth Strategy (၂၀၁၇ - ၂၀၂၆) ကို ထုတ်ပြန် ခဲ့ပါသည်။ အစိုးရ၏ ထောက်ပံ့မှုဖြင့် ဆေးဘက်ဆိုင်ရာခရီးသွားလုပ်ငန်းနှင့် ကျန်းမာရေး ဝန်ဆောင်မှုကဏ္ဍကို ချိတ်ဆက်၍ လက်တွေ့ကျကျအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်

အတွက် ကိုဗစ် - ၁၉ ကပ်ရောဂါမတိုင်မီက နိုင်ငံတကာမှ ဆေးကုသမှုခံယူလိုသည့် ခရီးသွားများသည် တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ၃ သန်း လာရောက်လေ့ရှိပါသည်။

၂၇။ ၂၀၂၅ ခုနှစ်အထိ နိုင်ငံတွင်း၌ မှတ်ပုံတင်၍ ထုတ်လုပ်သည့် ကျန်းမာရေးသုံးပစ္စည်းများ သို့မဟုတ် နိုင်ငံတွင်း၌ ပြုလုပ်သည့်တီထွင်ဆန်းသစ်မှု စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းအထိအား ပြည်တွင်းထုတ်ကျန်းမာရေးသုံးပစ္စည်းများအတွက် စီးပွားရေးအကျိုးအမြတ်အရ အမေရိကန်ဒေါ်လာ ၁.၃ ဘီလီယံ ရရှိစေရန်နှင့် ပြည်တွင်းကျန်းမာရေးသုံးပစ္စည်းများ၏ ထုတ်လုပ်မှုကွင်းဆက်ကို ခိုင်မာအားကောင်းစေရန်တို့အတွက် အစိုးရ၏ ဝယ်ယူမှုနှင့် အထောက်အပံ့အဖြစ် တိုးမြှင့်ပေးရန် လျာထားသတ်မှတ်ထားပါသည်။

သက်ဆိုင်သည့်ဌာနများ

၂၈။ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးကဏ္ဍအတွက် အဓိကတာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်နယ်ကျန်းမာရေးရုံးများနှင့် ပြည်သူ့ဆေးရုံများသည် ဝင်ငွေကို ကိုယ်တိုင်ရှာဖွေအသုံးပြုခွင့်အာဏာပေးထားကာ စာရင်းစစ်ရုံးက ၎င်းတို့၏ ဘဏ္ဍာရေးစာရင်းကို ပုံမှန်စစ်ဆေးခြင်းဖြစ်သည်။ ထို့ပြင် ပြည်နယ်ကျန်းမာရေးရုံးများကို ပုဂ္ဂလိကဆေးဝါးများနှင့် ဆေးခန်းများအတွက် လိုင်စင်လျှောက်ထားခြင်းနှင့် အစားအစာ၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ၏ စားသုံးသူ/အသုံးပြုသူများ အကာအကွယ်ပေးခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများထုတ်ပြန်ခွင့်အာဏာကိုပါ ပေးအပ်ထားပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ Board of Investment က အဆိုပြုလွှာများ စိစစ်ခွင့်ပြုပေးခြင်း၊ လွယ်ကူချောမွေ့မှုရှိစေခြင်းနှင့် အခွန်ဆိုင်ရာခံစားခွင့်များနှင့် အခြားခံစားခွင့်များကို မဟာဗျူဟာကျကျ ပံ့ပိုးပေးထားပါသည်။ Thai Food Drug and Administration (TFDA) သည် ဆေးဝါးထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ရောင်းချခြင်းနှင့် ဈေးကွက်ဖြန့်ချီခြင်းတို့တွင် စည်းမျဉ်းစည်းကမ်းများကို လုပ်ငန်းများကို လိုက်နာဆောင်ရွက်ခြင်းရှိ မရှိ ကြီးကြပ်ခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းဖြစ်သည်။

၂၉။ Department of Intellectual Property သည် ဆေးဝါးအသစ်များ ထုတ်လုပ်နိုင်သည့်လုပ်ငန်းများအတွက် မူပိုင်ခွင့်ထုတ်ပေးခြင်းနှင့် မူပိုင်ခွင့်အကာအကွယ်ပေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ခြင်းဖြစ်ပြီး International Patent Classification (IPC) စနစ်ဖြင့် အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့်လျှောက်ထားရခြင်းဖြစ်သည်။ TFDA အောက်ရှိ Medical Device Control Division (MDCD) သည် အများဆုံးတင်သွင်းရသည့် အဆင့်မြင့်နည်းပညာသုံးကျန်းမာရေးသုံးပစ္စည်းများကို ကြီးကြပ်စစ်ဆေးခြင်းနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများကို အုပ်စု ၄ စု ခွဲခြား၍ မှတ်ပုံတင်ပေးခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းစဉ်များကို အများဆုံးရက်ပေါင်း

၃၀၀ ခန့် အချိန်ယူ၍ ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ အရှေ့ဘက်ပိုင်းစီးပွားရေးစင်္ကြံရုံးသည် Industry 4.0 ဆိုင်ရာရှေ့ပြေးအထူးစီးပွားရေးဇုန်ဖြစ်သည့် အရှေ့ဘက်ပိုင်းစီးပွားရေးစင်္ကြံ (EEC) ကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းလိုအပ်ချက်နှင့် ပို့ကုန်သွင်းကုန်တန်ဖိုး

၃၀။ နိုင်ငံတွင်း၌ ထုတ်လုပ်သည့် ဆေးဝါးများ၏ ၉၀ ရာခိုင်နှုန်းခန့်ကို နိုင်ငံတွင်း၌ပင် အသုံးပြုခြင်းဖြစ်သည်။ ပြည်တွင်းစျေးကွက်စုစုပေါင်းတန်ဖိုး၏ ၈၀ ရာခိုင်နှုန်းကို အစိုးရ ဆေးရုံများသို့ ၆၀ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကဆေးရုံများသို့ ၂၀ ရာခိုင်နှုန်း ဖြန့်ချီခြင်းနှင့် ကျန် ပမာဏ ၂၀ ရာခိုင်နှုန်းကို ဆေးဆိုင်များသို့ ဖြန့်ချီခြင်းဖြစ်သည်။ ဇယား (၄) တွင် ဖော်ပြ ထားသည့်အတိုင်း ၂၀၂၁ ခုနှစ်တွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုသည် အမေရိကန်ဒေါ်လာ ၃,၇၂၉ သန်း၊ စုစုပေါင်းပို့ကုန်သည် အမေရိကန်ဒေါ်လာ ၂,၆၀၇ သန်း၊ စုစုပေါင်းသွင်းကုန်သည် အမေရိကန်ဒေါ်လာ ၄,၉၇၃ သန်း၊ အမေရိကန်နိုင်ငံမှ စုစုပေါင်းသွင်းကုန်သည် ၇၀၂ သန်းနှင့် စုစုပေါင်းပြည်တွင်းသုံးစွဲမှုသည် အမေရိကန်ဒေါ်လာ ၉,၄၀၄ သန်းဟု ခန့်မှန်းထားပါသည်။

ဇယား (၄)။ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ၏ ထုတ်လုပ်မှု၊ ပို့ကုန်၊ သွင်းကုန်နှင့် ပြည်တွင်းသုံးစွဲမှုအခြေအနေ (အမေရိကန်ဒေါ်လာသန်းပေါင်း)

အကြောင်းအရာ	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁ (ခန်းမှန်းချက်)
စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု	၃,၉၀၉	၃,၉၃၅	၃,၈၈၀	၃,၇၂၉
စုစုပေါင်းပို့ကုန်	၂,၇၃၆	၂,၇၅၄	၂,၇၁၆	၂,၆၀၇
စုစုပေါင်းသွင်းကုန်	၅,၁၂၃	၅,၂၇၅	၅,၁၈၀	၄,၉၇၃
အမေရိကန်နိုင်ငံမှ သွင်းကုန်	၇၁၂	၇၈၄	၇၃၁	၇၀၂
စုစုပေါင်းပြည်တွင်းသုံးစွဲမှု	၉,၇၄၄	၉,၉၉၄	၉,၇၉၁	၉,၄၀၄

၃၁။ ထိုင်းနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍသည် ၂၀၁၉ - ၂၀၂၀ ခုနှစ် အတွင်း ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအတွင်း တိုးတက်ခဲ့ပြီး အာဆီယံဒေသတွင်း၌ ကျန်းမာရေး ဆိုင်ရာပစ္စည်းများကို အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်လာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ထိုင်း နိုင်ငံ၏ ဆေးနှင့် ကျန်းမာရေးဆိုင်ရာဆက်စပ်ပစ္စည်းများ စုစုပေါင်းတင်ပို့မှုသည် အမေရိကန် ဒေါ်လာ ၅ ဘီလီယံခန့်ရှိပါသည်။ အဓိကတင်ပို့သည့်နိုင်ငံများမှာ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံတို့ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် စုစုပေါင်းသွင်းကုန်တန်ဖိုး သည် အမေရိကန်ဒေါ်လာ ၂.၆ ဘီလီယံခန့်ရှိပြီး ကျန်းမာရေးသုံးပစ္စည်းများကို အမေရိကန် နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ အများဆုံးတင်သွင်းခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှု

၃၂။ ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်အတွင်း လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့်ကဏ္ဍပြီးလျှင် ဆေးဘက်ဆိုင်ရာကဏ္ဍသည် ဒုတိယမြောက်ရင်းနှီးမြှုပ်နှံမှုအများဆုံးဝင်ရောက်ခဲ့သည့်ကဏ္ဍအဖြစ် အမေရိကန်ဒေါ်လာ ၁.၃၂ ဘီလီယံ ရရှိခဲ့ပြီး ကိုရီးယားနိုင်ငံမှ ဆေးဘက်ဆိုင်ရာကဏ္ဍတွင် အကျိုးတူပူပေါင်းဆောင်ရွက်မှုပုံစံဖြင့် အကြီးစားရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်ခဲ့ခြင်းကြောင့် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၃ ဆကျော် ပိုမိုဝင်ရောက်ခဲ့ခြင်းဖြစ်ပါသည်။ ဇီဝနည်းပညာကဏ္ဍသည် ပဉ္စမမြောက်အများဆုံးဝင်ရောက်သည့်ကဏ္ဍဖြစ်ပြီး အမေရိကန်ဒေါ်လာ ၀.၆၃ ဘီလီယံ ဝင်ရောက်ခဲ့ပါသည်။ Board of Investment သည် Investment Promotion Act No. 2 B.E. 2534၊ No. 3 B.E. 2544 နှင့် No. 4 B.E. 2560 တို့နှင့်အညီ အောက်ပါအခွန်ဆိုင်ရာခံစားခွင့်များအပြင် စက်ပစ္စည်းနှင့် ကုန်ကြမ်းတင်သွင်းခြင်းတို့အတွက် အကောက်ခွန်ကင်းလွတ်ခွင့်တို့ကို ခံစားခွင့်ပြုထားပါသည်။

ဇယား (၅)။ အခွန်ဆိုင်ရာကင်းလွတ်ခွင့်များ

စဉ်	လုပ်ငန်းအမျိုးအစား	ခံစားခွင့်များ
၁။	အဆင့်မြင့်နည်းပညာသုံးကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်း	ဝင်ငွေခွန်ကင်းလွတ်ခွင့် ၈ နှစ်
၂။	ချည်မျှင်အသုံးပြုထုတ်လုပ်ခြင်းမရှိသည့် အခြားကျန်းမာရေးသုံးပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း	ဝင်ငွေခွန်ကင်းလွတ်ခွင့် ၅ နှစ်
၃။	ချည်မျှင်အသုံးပြု၍ ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်း	ဝင်ငွေခွန်ကင်းလွတ်ခွင့် ၃ နှစ်
၄။	နိုင်ငံတွင်းဆန်းသစ်တီထွင်မှုဖြင့် ဆေးဘက်ဆိုင်ရာသုတေသနပညာရှင်များနှင့် သုတေသနအဖွဲ့အစည်းများဖြင့် လက်တွေသုတေသနဗဟိုဌာနများ တည်ထောင်ခြင်း	ဝင်ငွေခွန်ကင်းလွတ်ခွင့် ၈ နှစ်
၅။	စာရင်းထုတ်ပြန်ထားသည့် ဆေးဝါးနှင့် ဆေးဝါးထုတ်လုပ်ရာတွင် လိုအပ်သည့် ပစ္စည်းအမျိုးအစားများ ထုတ်လုပ်ခြင်း	ဝင်ငွေခွန်ကင်းလွတ်ခွင့် ၈ နှစ်
၆။	သတ်မှတ်ပြည်နယ်များတွင် ဆေးဘက်ဆိုင်ရာဗဟိုဌာနများနှင့် အဆင့်မြင့်ဆေးရုံများ တည်ထောင်ခြင်း	ဝင်ငွေခွန်ကင်းလွတ်ခွင့် ၈ နှစ်
၇။	စာရင်းထုတ်ပြန်ထားသည့် တိုင်းရင်းဆေးဝါးအတွက် လိုအပ်သည့် ပစ္စည်းအမျိုးအစားများ ထုတ်လုပ်ခြင်း	ဝင်ငွေခွန်ကင်းလွတ်ခွင့် ၅ နှစ်
၈။	ထိုင်းနိုင်ငံတိုင်းရင်းဆေးပညာဆိုင်ရာဗဟိုဌာနများ တည်ထောင်ခြင်း	ဝင်ငွေခွန်ကင်းလွတ်ခွင့် ၅ နှစ်
၉။	ကျန်းမာရေးဆိုင်ရာသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ	ဝင်ငွေခွန်ကင်းလွတ်ခွင့် ၅ နှစ်
၁၀။	နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ	ဝင်ငွေခွန်ကင်းလွတ်ခွင့် ၁၀ နှစ်နှင့် ၁ နှစ် ထပ်တိုးပေးခြင်း
၁၁။	EEC တွင် သက်ရှိများ၏ မျိုးရိုးဗီဇနှင့် သိပ္ပံဆိုင်ရာသုတေသနစီမံကိန်းကို ဆောင်ရွက်သည့်လုပ်ငန်းများ	ဝင်ငွေခွန်လျှော့ချပေးခြင်း (၂ နှစ်အတွင်း ၅၀ ရာခိုင်နှုန်း အထိ)
၁၂။	ဆန်းသစ်တီထွင်မှုဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ	ထပ်တိုးဝင်ငွေခွန်ကင်းလွတ်ခွင့် ၁ နှစ်နှင့် အခွန်သက်သာခွင့် အများဆုံး ၁၃ နှစ်ပေးခြင်း

၃၃။ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်သည့်ကဏ္ဍအတွက် ပံ့ပိုးပေးထားသည့် အခြားခံစားခွင့်များမှာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူကို ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်ခွင့်ပေးခြင်း၊ မြေပိုင်ဆိုင်ခွင့်ပေးခြင်း၊ နိုင်ငံခြားငွေကြေးတွင် ကန့်သတ်ထားမှုမရှိခြင်း၊ ဘာသာရပ်ပိုင်းဆိုင်ရာအထူးကျွမ်းကျင်မှုရှိသောနိုင်ငံခြားသားများနှင့် ၎င်းတို့၏ မိသားစုများအတွက် Smart Visa ဖြင့် နေထိုင်ခွင့်ဗီဇာသက်တမ်းကို အများဆုံး ၄ နှစ်ပေးခြင်း၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်မလိုအပ်ဘဲ လုပ်ကိုင်ခွင့်ပြုခြင်း၊ ပြည်ဝင်ခွင့်ဗီဇာထပ်မံလျှောက်ထားရန် မလိုအပ်ခြင်းနှင့် လေဆိပ်များတွင် အထူးအမြန်ဝန်ဆောင်မှုပေးခြင်းတို့ကို ပံ့ပိုးပေးလျက်ရှိပါသည်။

ဆေးသုတေသန

၃၄။ ထိုင်းနိုင်ငံ၏ ပထမဆုံးသောသိပ္ပံနှင့် နည်းပညာဇုန်အဖြစ် Thailand Science Park (TSP) ကို ၂၀၀၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး သုတေသနဌာန ၄ ခုကို ဖွင့်လှစ်ကာ စမ်းသပ်စစ်ဆေးမှုဆိုင်ရာဝန်ဆောင်မှုများနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် နေရာငှားရမ်းအသုံးပြုခွင့်၊ မြေငှားရမ်းအသုံးပြုခွင့်၊ အဆင့်မြင့် ICT အခြေခံအဆောက်အအုံနှင့် ကွန်ဗင်းရှင်းဌာနအပါအဝင် လိုအပ်သည့်အခြားအထောက်အပံ့များကိုပါ ပံ့ပိုးပေးထားပါသည်။ Thailand 4.0 နှင့်အညီ EEC တွင်လည်း နိုင်ငံအဆင့်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစမ်းသပ်စစ်ဆေးသည့်ဗဟိုဌာနများ၊ ဆေးသုတေသနဓါတ်ခွဲခန်းများနှင့် အဆင့်မြင့်နည်းပညာအထူးစီးပွားရေးဇုန်တို့ကို ဖွင့်လှစ်ခဲ့ပြီး မျိုးရိုးဗီဇ ၅၀၀၀၀ ၏ DNA ကို ဓါတ်ခွဲစမ်းသပ်နိုင်သော Genome Sequencing Center တည်ထောင်ရန်နှင့် မျိုးရိုးဗီဇဆိုင်ရာစာကြည့်တိုက်အတွက် ထိုင်းနိုင်ငံအစိုးရက ရန်ပုံငွေတစ်ဝက်ထည့်ဝင်ပေးခြင်းနှင့် ကျန်တစ်ဝက်ကို ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားမည်ဖြစ်သည်။

၃၅။ ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် National Vaccine Institute မှတစ်ဆင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၉၀ တန်ဖိုးရှိ ထောက်ပံ့ကြေးအစီအစဉ်ကို အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ SARS-CoV-2 ဗိုင်းရပ်စ်ပိုး၏ ဗီဇမျိုးကွဲအသစ်များကို တားဆီးကာကွယ်နိုင်မည့် ChulaCOV19 ကာကွယ်ဆေးကို စမ်းသပ်မှုပြုလုပ်လျက်ရှိကာ အောင်မြင်ပါက ၂၀၂၂ နှစ်လယ်ပိုင်းတွင် အရေအတွက်ပမာဏများစွာ ထုတ်လုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံက နမူနာယူဆောင်ရွက်သင့်သည့်အချက်များ

၃၆။ ထိုင်းနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ အောက်ပါတို့သည် မြန်မာနိုင်ငံက နမူနာယူဆောင်ရွက်သင့်သည့်အချက်များ ဖြစ်ပါသည်-

(က) ဆေးဘက်ဆိုင်ရာခရီးသွားလုပ်ငန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍကို ချိတ်ဆက်၍ ကမ္ဘာ့ထိပ်တန်းဆေးဘက်ဆိုင်ရာအချက်အချာနေရာအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံ၏ ဆေးပညာအဆင့်အတန်းနှင့် ကျန်းမာရေးနှင့် ခရီးသွားဝန်ဆောင်မှုများကို ခိုင်မာသည့် ဥပဒေစည်းမျဉ်းစည်းကမ်းများ ချမှတ်၍ အဆင့်မြှင့်တင်ခြင်း။

(ခ) ဆေးဘက်ဆိုင်ရာခရီးသွားလုပ်ငန်းကို မြှင့်တင်ခြင်းဖြင့် ဆေးကုသမှုခံယူလိုသည့် နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်လျက်ရှိခြင်း။

(ဂ) ဇီဝဆေးဝါးထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ရန်အတွက် အစိုးရမှ စည်းမျဉ်းစည်းကမ်းပြုပြင်ပြောင်းလဲမှုများနှင့် မူဝါဒပိုင်းဆိုင်ရာပံ့ပိုးပေးမှုများအပြင် ပြည်တွင်းရှိ ပညာရှင်များနှင့် သုတေသနပညာရှင်များ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးခြင်း။

(ဃ) ပြည်တွင်းရှိ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာစည်းမျဉ်းစည်းကမ်းနှင့် ဥပဒေမူဘောင်များကိုလည်း ပိုမိုအားကောင်ခိုင်မာမှုရှိအောင် ဆောင်ရွက်ခြင်း။

(င) အဆင့်မြင့်နည်းပညာများအသုံးပြုမှု၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုတို့ကို မြင့်တင်နိုင်မည့်ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် အထူးခံစားခွင့်များကို ပံ့ပိုးပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခြင်းနှင့် မြှင့်တင်ခြင်း။

(စ) နည်းပညာဇုန်များ တည်ထောင်ကာ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ပြည်ပကျွမ်းကျင်ပညာရှင်များနှင့် နာမည်ရနိုင်ငံတကာကုမ္ပဏီများကို ဖိတ်ခေါ်၍ ဆန်းသစ်တီထွင်မှုနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ခြင်း၊ ဥပမာ သိပ္ပံနှင့် နည်းပညာဇုန်နှင့် EEC။

နိုင်ငံတကာနှင့် ဒေသတွင်းအဆင့် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်မှု လုပ်ငန်းကဏ္ဍ အလားအလာကို လေ့လာသုံးသပ်ခြင်း

၃၇။ ကမ္ဘာ့ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများ၏ ဈေးကွက်တန်ဖိုးသည် ၂၀၂၀ ပြည်နှစ်တွင် အမေရိကန်ဒေါ်လာ ၄၅၆.၈ ဘီလီယံနီးပါးရှိခဲ့ပြီး အဆိုပါဈေးကွက်သည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၂.၀ ဘီလီယံ၊ ၇.၇ ရာခိုင်နှုန်းအထိ မြင့်တက်နိုင်ချေရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၆၃.၂ ဘီလီယံအထိ မြင့်တက်နိုင်ချေရှိပါသည်။ ကမ္ဘာ့ GDP တွင် ဇီဝဆေးဝါးထုတ်လုပ်မှုကဏ္ဍ၏ စုစုပေါင်းပါဝင်မှုသည် အမေရိကန်ဒေါ်လာ ၁၈၃၈ ဘီလီယံရှိပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအထိ ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ဆေးထုတ်လုပ်မှုအတွက် စာချုပ်ပေါင်း ၂၃၄ ခုနှင့် ကာကွယ်ဆေးဖြန့်ဖြူးမှုအတွက် စာချုပ်ပေါင်း ၁၁၀ ခုအထိ ချုပ်ဆိုခဲ့ပြီးဖြစ်သည်။ ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများဈေးကွက်သည် လာမည့်နှစ်များအတွင်း ရောဂါစမ်းသပ်ရာဖွေသည့် ကိရိယာများ ရောင်းချမှုသည် ထိပ်တန်းသို့ ရောက်ရှိနိုင်ပြီး ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့နှစ်စဉ်ရောင်းရငွေ အမေရိကန်ဒေါ်လာ ၃၃.၆ ဘီလီယံအထိ ရရှိနိုင်ကြောင်းနှင့် ဆေးရုံဆေးခန်းသုံးပစ္စည်းများ ရောင်းချမှုသည် ၂၀၂၅ ခုနှစ်တွင် ၁၈၁.၉ ဘီလီယံအထိ ရရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။ အာဆီယံဒေသတွင်းရှိ ဆေးဘက်ဆိုင်ရာနည်းပညာနှင့် ဇီဝဆေးဝါးထုတ်ကုန်ဈေးကွက်သည် နှစ်စဉ် ၈ ရာခိုင်နှုန်းခန့် တိုးတက်လာပြီး ၂၀၂၄ ခုနှစ်တွင် စုစုပေါင်းဒေါ်လာ ၅၃ ဘီလီယံအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားပါသည်။

မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ

၃၈။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) (၂၀၁၈) ရှိ မဏ္ဍိုင် (၃) နှင့် ပန်းတိုင် (၄) ရှိ မဟာဗျူဟာများအရ မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်၌ လူတိုင်းလက်လှမ်းမှီအသုံးပြုနိုင်သောကျန်းမာရေးစနစ်ရရှိရန် ရည်မှန်းထားပြီး အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁) ၏ ပြည်သူလူထုတစ်ရပ်လုံးအတွက် မရှိမဖြစ်လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီ ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ် နှစ်စဉ်တိုးတက်မှုနှုန်းသည် ၈.၅ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့ဘဏ်၏ အချက်အလက်များ (၂၀၂၁) အရ မြန်မာနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်သည် ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၂၅၅.၄ သန်းမှ ၃၂၁.၆ သန်းအထိနှင့် ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၅၂.၆၂ မှ ၅၉.၂ အထိ တိုးမြှင့်သုံးစွဲလာကြပါသည်။ မြန်မာနိုင်ငံ၏ ဆေးဝါးအသုံးစရိတ်သည် အစိုးရနှင့် ပုဂ္ဂလိကတို့၏ အသုံးစရိတ်များမှ ကုန်ကျသည့်စရိတ်များဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ဆေးဝါးအသုံးစရိတ်ကို စုစုပေါင်း ကျန်းမာရေးအသုံးစရိတ်၏ ၃၉.၄၀ ရာခိုင်နှုန်းအထိ သုံးစွဲထားပါသည်။

ပြည်တွင်းလိုအပ်ချက်နှင့် ပို့ကုန်သွင်းကုန်တန်ဖိုး

၃၉။ ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ဆေးဝါးသုံးစွဲမှုများပြားလာခြင်းကြောင့် ပြည်တွင်းရှိ ဆေးဝါးထုတ်လုပ်သည့်စက်ရုံများက ဆေးဝါးများတိုးမြှင့်ထုတ်လုပ်လာခြင်းနှင့် ပြည်ပမှ ဆေးဝါးတင်သွင်းမှုမှာလည်း တိုးမြှင့်လာကြပါသည်။ လက်ရှိတွင် နိုင်ငံပိုင်ဆေးဝါးစက်ရုံ (၂) ရုံ ဖြစ်သည့် ဆေးဝါးစက်ရုံ (အင်းစိန်)နှင့် ဆေးဝါးစက်ရုံ (အင်ရောင်း) နှင့် မြန်မာနိုင်ငံသားကုမ္ပဏီ (၆) ခုနှင့် နိုင်ငံခြားကုမ္ပဏီ (၃) ခုဖြစ်သည့် ပုဂ္ဂလိကပိုင်ဆေးဝါးစက်ရုံ (၉) ရုံ၊ စုစုပေါင်းဆေးဝါးစက်ရုံ (၁၁) ရုံက ဆေးဝါးများ ထုတ်လုပ်သည့်အပြင် ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးသုတေသန၊ တပ်မတော်ဆေးဝါးစက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းလက်အောက်ရှိ ဆေးဝါးစက်ရုံများမှလည်း စစ်ဘက်သုံးဆေးဝါးများ၊ ၄က်ဖျားဆေး၊ ပတ်တီးနှင့် အထွေထွေဆေးဝါးအသုံးအဆောင်များ ထုတ်လုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ ဆေးရုံများတွင် မဖြစ်မနေလိုအပ်သည့် ဆေးဝါးနှင့် ဆေးဝါးရရှိမှုသည် ၇၅ ရာခိုင်နှုန်းဖြစ်ပြီး ဆေးဝါးမရရှိမှုသည် ၂၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။

ဇယား (၆)။ ပြည်တွင်းဆေးဝါးစက်ရုံများ၏ ထုတ်လုပ်မှုပမာဏ (အရေအတွက်)

ပြည်တွင်းဆေးဝါး ထုတ်လုပ်သည့် စက်ရုံများ	ဆေးဝါးထုတ်လုပ်မှုပမာဏ (အရေအတွက်-သန်း)					
	Tablets & Capsules	Liquids (Oral & External)	Cream & Ointment	Disposable Syringe	Injection, Infusion & Biological Products	Powder
ဆေးဝါးစက်ရုံ(အင်းစိန်)	၁၀၀၈.၀၀	၀.၇၀	၀.၀၅	-	၄၅.၂၀	၀.၆၂
ဆေးဝါးစက်ရုံ(အင်ရောင်း)	-	-	-	၇.၅၀	၃၇.၀၀	၀.၃၂
Alidac Healthcare	၅၀၀.၀၀	-	-	-	-	-
Fame Pharmaceutical	၅၀၈.၀၀	၀.၂၄	၄၈၆၀.၀၀	-	-	-
Myanmar Jick-Young	-	-	-	၁၅၀.၀၀	-	-
Pacific Medical	၅၆၃.၆၀	၁.၃၈	-	-	-	၅၇.၇၀
Progress Biochem	-	၀.၆၆၁	-	-	-	-
RVK Myanmar Co., Ltd.	၄၆၇၅.၀၀	၂၂.၅၀	-	-	၁၉.၂	၅၅.၀၀
Treasure Pharma	-	၁.၅၀	-	-	-	-
Yee Shin Co., Ltd.	၁၀၀၀.၀၀	၀.၇၅	-	-	၁၂.၀၀	-
Zifam Pyrex	၁၁၀၀.၀၀	၀.၇၀	-	-	၄.၂၀	၀.၇၀
စုစုပေါင်း	**၉၃၅၄.၆၀**	**၂၈.၄၃၁**	**၄၈၆၀.၀၅**	**၁၅၇.၅၀**	**၁၁၇.၆၀**	**၁၂၈.၆၄**


ဇယား (၇)။ မရှိမဖြစ်လိုအပ်သောဆေးဝါးများနှင့် ထောက်ပံ့မှုနှင့် ဆေးဝါးပြတ်လပ်မှုဇယား

စဉ်	ဆေးရုံ/ဆေးခန်းအမျိုးအစား	ရာခိုင်နှုန်း
၁။	ပြည်သူ့ဆေးရုံကြီးများ	
	ဆေးဝါးများပြတ်တောက်မှု	၂၄ %
	မရှိမဖြစ်လိုအပ်သည့်ဆေးဝါးထောက်ပံ့မှု	၈၀ %
၂။	မြို့နယ်ဆေးရုံများ	
	ဆေးဝါးများပြတ်တောက်မှု	၁၉ %
	မရှိမဖြစ်လိုအပ်သည့်ဆေးဝါးထောက်ပံ့မှု	၇၅ %
၃။	အခြေခံကျန်းမာရေးစောင့်ရှောက်မှုဌာန	
	ဆေးဝါးများပြတ်တောက်မှု	၁၈ %
	မရှိမဖြစ်လိုအပ်သည့်ဆေးဝါးထောက်ပံ့မှု	၅၉ %

၄၀။ မြန်မာနိုင်ငံတွင် ဆေးနှင့် ဆေးဝါးပစ္စည်းလိုအပ်ချက်၏ ၁၅ ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ ထုတ်လုပ်နိုင်ပြီး ၈၅ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းနေရခြင်းဖြစ်သည်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆေးဝါးတင်သွင်းမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၂၃.၇၁ သန်းရှိရာမှ ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဆေးဝါးများနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လိုအပ်ချက်များပြားလာသဖြင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် သွန်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၇၈.၂၃၆ သန်းအထိ မြင့်တက်ခဲ့ပါသည်။ တင်သွင်းသည့် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာထုတ်ကုန် ၈၅ ရာခိုင်နှုန်းအနက် ၄၆ ရာခိုင်နှုန်းခန့်ကို အိန္ဒိယနိုင်ငံမှ

အဓိကတင်သွင်းနေရခြင်းဖြစ်သည်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံမှ တင်သွင်းသည့်သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၈၄.၉၁ သန်းရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ (တိုင်ပေ)၊ ထိုင်းနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှလည်း တင်သွင်းလျက်ရှိပါသည်။

ပုံပြဂရပ် (၃)။ နှစ်အလိုက် ဆေးနှင့် ဆေးပစ္စည်းတင်သွင်းမှု



၄၁။ တင်ပို့မှုအနေဖြင့် FAME Pharmaceuticals Industry Co., Ltd. အပါအဝင် ပြည်တွင်းဆေးဝါးစက်ရုံများမှ ထုတ်လုပ်သည့်ဆေးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများကို တူရကီနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကူဝိတ်နိုင်ငံ၊ ဘင်္ဂလားဒေရှ့်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ ယူအေအီးနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ လူဗီးယားနိုင်ငံ၊ ဟောင်ကောင်၊ ရုရှားနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ စသည့် နိုင်ငံပေါင်း ၁၉ နိုင်ငံသို့ တင်ပို့လျက်ရှိပါသည်။

ဇယား (၈)။ နိုင်ငံအလိုက် ဆေးနှင့်ဆေးဘက်ဆိုင်ရာပစ္စည်းများ တင်ပို့ခဲ့မှုအခြေအနေ

စဉ်	နိုင်ငံ	၂၀၁၆ ခုနှစ်	၂၀၁၇ ခုနှစ်	၂၀၁၈ ခုနှစ်	၂၀၁၉ ခုနှစ်	၂၀၂၀ ပြည့်နှစ်
		(အမေရိကန်ဒေါ်လာသန်းပေါင်း)				
၁။	တူရကီနိုင်ငံ	၀	၀	၀	၀	၂၇၇
၂။	မလေးရှားနိုင်ငံ	၁၅	၆၆	၇၃	၃၅	၃၉
၃။	စင်ကာပူနိုင်ငံ	၈၃	၂	၈	၂၂	၂၆
၄။	ကူဝိတ်နိုင်ငံ	၀	၀	၂၂	၇၉	၃၆
၅။	ဘင်္ဂလားဒေ့ရှ်နိုင်ငံ	၃၀	၁	၁၄	၀	၂၃
၆။	ဂျပန်နိုင်ငံ	၀	၁၇	၄၀	၀	၀
၇။	ကနေဒါနိုင်ငံ	၄၅	၀	၀	၀	၀
၈။	ယူအေအီးနိုင်ငံ	၂၈	၀	၀	၀	၀
၉။	ပါကစ္စတန်နိုင်ငံ	၀	၂၅	၀	၀	၀
၁၀။	တရုတ်နိုင်ငံ	၀	၁	၆	၁	၁၅
၁၁။	ဟောင်ကောင်	၀	၀	၀	၀	၁၇
၁၂။	အမေရိကန်နိုင်ငံ	၀	၀	၁	၉	၅
၁၃။	လူဗီးယားနိုင်ငံ	၀	၀	၀	၀	၈
၁၄။	ရုရှားနိုင်ငံ	၀	၀	၈	၀	၀
၁၅။	ဩစတြေးလျနိုင်ငံ	၀	၀	၁	၁	၃
၁၆။	အိန္ဒိယနိုင်ငံ	၅	၀	၀	၀	၀
၁၇။	ထိုင်းနိုင်ငံ	၀	၀	၄	၀	၀
၁၈။	ကိုရီးယားနိုင်ငံ	၁	၀	၂	၀	၀
၁၉။	ကမ္ဘောဒီးယားနိုင်ငံ	၀	၀	၁	၀	၀
စုစုပေါင်း		၂၀၇	၁၁၂	၁၈၀	၁၄၇	၄၄၉

ရင်းနှီးမြှုပ်နှံမှု

၄၂။ ဆေးဝါးထုတ်လုပ်မှုကဏ္ဍအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၈ ခုကို အမေရိကန်ဒေါ်လာ ၅၄.၈၃၁ သန်းအပါအဝင် ကျပ်သန်းပေါင်း ၈၇၂၃၃.၉၉၀ ဖြင့် ခွင့်ပြုပေးခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းကဏ္ဍတွင် စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၁.၄၃ ရာခိုင်နှုန်းကို ဖက်စပ်ရင်းနှီးမြှုပ်နှံမှုပုံစံများဖြင့် ဗီယက်နမ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှု ၂ ခုကို ရင်းနှီးမြှုပ်နှံမှုပမာဏအမေရိကန်ဒေါ်လာ ၁၃ သန်းဖြင့် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

၄၃။ နိုင်ငံတော်အနေဖြင့် ကိုဗစ် - ၁၉ ကပ်ရောဂါ မဖြစ်ပွားမီကတည်းက ကြုံတွေ့နေရသည့် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုဆိုင်ရာအခက်အခဲများနှင့် ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားပြီး ထပ်မံရင်ဆိုင်ရသည့်စီးပွားရေးထိခိုက်မှုများ၊ အကြပ်အတည်းများကို SMART Programme လမ်းစဉ် (၅) ရပ်ဖြစ်သော လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းလွယ်ကူချောမွေ့

စေခြင်း (S - Streamlining and Simplifying Procedures)၊ အွန်လိုင်းဝန်ဆောင်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်းနှင့် စီးပွားရေးအဟန့်အတားများကို လျော့နည်းစေခြင်း (M - Maximizing Online Services and Minimizing Barriers to Business)၊ စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်ပြီးနောက်ပိုင်း ဝန်ဆောင်မှုများပေးခြင်းကို ကောင်းမွန်အောင်ဆောင်ရွက် ခြင်း (A - Assuring After-care Services)၊ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာဝန်ထုပ်ဝန်ပိုးများကို လျှော့ချခြင်း (R – Reducing Regulatory Burden) နှင့် ပွင့်လင်းမြင်သာမှုအားကောင်းလာ စေခြင်း (T–Transparency Enhancement) တို့ဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

၄၄။ ကိုဗစ် - ၁၉ ကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများ ပြန်လည်ကုစားနိုင်ရေး ကို အထောက်အကူပြုနိုင်ရန်အတွက် MIC က ဦးစားပေးမြှင့်တင်ရမည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကဏ္ဍ ၆ ခုကို ထုတ်ပြန်ခဲ့ပြီး ၎င်းတို့အနက် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ် သည့်လုပ်ငန်းများကို ဦးစားပေးကဏ္ဍတစ်ခုအဖြစ် အားပေးမြှင့်တင်ရန် နိုင်ငံတော်က ဦးတည် ဆောင်ရွက်လျက်ရှိပါသည်။ ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ကျန်းမာရေး သုံးပစ္စည်းများ ပြတ်လတ်မှုမရှိစေရန်အတွက် CMP စနစ်ဖြင့် လုပ်ငန်းအမျိုးမျိုးဆောင်ရွက် နေသည့်ကုမ္ပဏီများအား ကိုဗစ် - ၁၉ ကာကွယ်ကုသရာတွင် လိုအပ်သည့် Mask နှင့် PPE များ ကို မူလလုပ်ငန်းတည်နေရာတွင် ထုတ်ကုန်တိုးမြှင့်သည့်အနေဖြင့် ထုတ်လုပ်ရောင်းချနိုင်ရန် ဖြေလျှော့ပေးခဲ့ပြီး နိုင်ငံခြားကုမ္ပဏီ ၁၀ ခုနှင့် မြန်မာနိုင်ငံသားကုမ္ပဏီ ၁ ခုတို့ကို ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပါသည်။ ရုပ်ပျိုတိုင်းရင်းဆေးဝါးထုတ်လုပ်ငန်းနှင့် FAME Pharmaceuticals Industry Co., Ltd. တို့သည် MIC ၏ ခွင့်ပြုမိန့်ဖြင့် ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

၄၅။ MIC သည် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်းရှင်များ အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) နှင့်အညီ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ အဖြစ် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊ စက်ပစ္စည်းနှင့် ကုန်ကြမ်းပစ္စည်းတင်သွင်းခြင်း တို့အတွက် အကောက်ခွန်ကင်းလွတ်ခွင့်များနှင့် အခြားခံစားခွင့်များအဖြစ် မြေနှင့် အဆောက် အအုံအသုံးပြုခွင့်နှင့် ပစ္စည်းတန်ဖိုးလျှော့တွက်နှုန်းထားတို့ကို ပံ့ပိုးပေးထားပါသည်။ သို့သော် မြန်မာနိုင်ငံ၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအပေါ်တွင် ပေးအပ်လျက်ရှိသော အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များသည် အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့က ပံ့ပိုး ပေးနေမှုနှင့်နှိုင်းယှဉ်ပါက နည်းပါးနေပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ချက် များအပေါ် မူတည်၍ ထပ်ပေါင်းပေးအပ်သည့်ခံစားခွင့်များကို ပံ့ပိုးပေးထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၉)။ အခွန်ဆိုင်ရာကင်းလွတ်ခွင့်၊ သက်သာခွင့်များ

စဉ်	လုပ်ငန်းအမျိုးအစား	ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်		
		ဇုန် (၁)	ဇုန် (၂)	ဇုန် (၃)
၁။	ဆေးဝါးများ၊ ဆေးဝါးဆိုင်ရာဓာတုဗေဒစွဲညှိနှင့် ရုက္ခဗေဒဆိုင်ရာ ထုတ်ကုန်များ ထုတ်လုပ်ခြင်း	၇ နှစ်	၅ နှစ်	၃ နှစ်
၂။	တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း	၇ နှစ်	၅ နှစ်	၃ နှစ်
၃။	ဆေးဝါးကုသခြင်းဆိုင်ရာအထောက်အကူပြုတန်ဆာပလာများ ထုတ်လုပ်ခြင်း	၇ နှစ်	၅ နှစ်	၃ နှစ်
၄။	ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာအထောက်အကူပြုလုပ်သားလေ့ကျင့်မွေးထုတ်ရေးလုပ်ငန်း	၇ နှစ်	၅ နှစ်	၃ နှစ်
၅။	ဆေးရုံလုပ်ငန်း	၇ နှစ်	၅ နှစ်	၃ နှစ်
၆။	ရောဂါရှာဖွေရေးလုပ်ငန်း	၇ နှစ်	၅ နှစ်	၃ နှစ်
၇။	တိုင်းရင်းဆေးရုံလုပ်ငန်း	၇ နှစ်	၅ နှစ်	၃ နှစ်
၈။	ပုဂ္ဂလိက ဆေးခန်းလုပ်ငန်း	၇ နှစ်	၅ နှစ်	၃ နှစ်
၉။	ဆေးပညာနှင့် ဆေးဝါးသုတေသန ဖွံ့ဖြိုးမှု လုပ်ငန်း	၇ နှစ်	၅ နှစ်	၃ နှစ်
၁၀။	တိုင်းရင်းဆေးသုတေသနနှင့် ဓာတ်ခွဲ လုပ်ငန်း	၇ နှစ်	၅ နှစ်	၃ နှစ်
၁၁။	ပြည်ပနိုင်ငံများရှိ ဆေးရုံများသို့ လူနာများ ပို့ဆောင်ခြင်းလုပ်ငန်း (နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ခြင်းအတွက်သာ ခွင့်ပြုခြင်း)	၇ နှစ်	၅ နှစ်	၃ နှစ်

ငါးဆူတောင်ဆေးဝါးစက်မှုဇုန်

၄၆။ ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိသောဆေးဝါးများကို ထုတ်လုပ်နိုင်ရန်နှင့် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်နိုင်ရန် ရည်ရွယ်၍ မြန်မာ့ဆေးဝါးလုပ်ငန်းနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ ငါးဆူတောင်ဆေးဝါးစက်မှုဇုန်ကို အစိုးရ - ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (PPP) စီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါဆေးဝါးစက်ရုံကို တည်ဆောက်ပြီးစီးပါက ပြည်တွင်းဆေးဝါးထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းခန့်အထိ တိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်ပြီး နိုင်ငံခြားမှ ဆေးဝါးတင်သွင်းမှု အမေရိကန်ဒေါ်လာသန်းပေါင်း ၂၀၀ ခန့် သက်သာလာမည်ဖြစ်သည်။


အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်

၄၇။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကုန်အမှတ်တံဆိပ် လျှောက်ထားနိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မူပိုင်ခွင့်ဦးစီးဌာနက အီလက်ထရောနစ်လျှောက်လွှာလက်ခံခြင်းစနစ် (WIPO FILE) ကို အသုံးပြု၍ ကုန်အမှတ်တံဆိပ်လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးပြီး တီထွင်မှုမူပိုင်ခွင့်အား ခွင့်ပြုပြီးပါက ယင်းတီထွင်မှုအတွက် လျှောက်လွှာတင်သွင်းသည့်နေ့မှ နှစ်ပေါင်း (၂၀) အထိ အကာအကွယ်ရရှိမည်ဖြစ်ပါသည်။

FAME Pharmaceuticals Industry Co., Ltd. ကို Case Study အဖြစ် လေ့လာခြင်း

၄၈။ FAME Pharmaceuticals Industry Co., Ltd. ကို Case Study အဖြစ် လေ့လာရာတွင် FAME ဆေးဝါးထုတ်လုပ်ရေးသည် MIC ၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ပြီး ဆေးဝါးဖော်စပ်ရေးသုတေသနများကို နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပြီးမှသာ ဆေးဝါးထုတ်လုပ်ခြင်းဖြစ်သည်။ FAME ဆေးဝါးထုတ်လုပ်ရေး၏ မိတ်ဖက်လုပ်ငန်းဖြစ်သော FAME Pharma Pte Ltd. သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် စင်ကာပူနိုင်ငံ၊ ပင်နီဇူလားပလာဇာ (၄) လွှာရှိ ဆိုင်အမှတ် (၅၁) တွင် ရုံးခွဲအဖြစ် Showroom & Sale Center ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း FAME ဆေးဝါးထုတ်လုပ်ရေးက ဆေးဝါးအမျိုးပေါင်း ၁၀၄ မျိုးကိုထုတ်လုပ်နိုင်ခဲ့ပြီး ၎င်းတို့အနက် ၉၅ မျိုးကို စင်ကာပူနိုင်ငံ၊ ရုရှားနိုင်ငံ၊ ကူဝိတ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် ပြင်သစ်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ Nemoderm၊ Nonifit Gold Russ၊ Curcumin၊ Noni Powder၊ Resveratrol၊ Ladymax၊ Noni Capsule၊ Herbicough၊ Rejuvir၊ Bee Pollen၊ Bromelain၊ Alfalfa၊ Noni Honey၊ Tomatec၊ Wheat grass Powder တို့ကို ပြည်ပသို့ အများဆုံးတင်ပို့နိုင်ခဲ့ပြီး ပုံပြဂရပ် (၄) ဖြင့် ဖော်ပြအပ်ပါသည်။

ပုံပြဂရပ် (၄)။ ပြည်ပသို့အများဆုံး တင်ပို့ခဲ့သည့် ဆေးဝါးအမျိုးအစားများ



မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် သုံးသပ်ချက်များနှင့် အကြံပြုချက်များ


၄၉။ ၂၀၂၉ - ၂၀၃၀ ဘဏ္ဍာနှစ်အထိ ဆေးဝါးသုံးစွဲမှုမျှော်မှန်းတန်ဖိုးကို တွက်ချက်ရာတွင် ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ ပြည်တွင်းရှိ ဆေးဝါးစက်ရုံများမှ ဆေးဝါးထုတ်လုပ်မှုပမာဏနှင့် ပြည်ပနိုင်ငံများမှ တင်သွင်းသည့် ဆေးဝါးပမာဏစုစုပေါင်းတန်ဖိုးကို ပြည်တွင်း၏ ဆေးဝါးသုံးစွဲမှုပမာဏအဖြစ် သတ်မှတ်၍ ရရှိလာသောနှစ်စဉ်ဆေးဝါးသုံးစွဲမှုတိုးတက်မှုနှုန်းကို ပျမ်းမျှရယူခြင်းဖြင့် တွက်ချက်ထားဖြစ်သည်။ ထို့ကြောင့် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၉ -၂၀၃၀ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ဆေးဝါးသုံးစွဲမှုတိုးတက်မှုနှုန်းသည် ၀.၁၇ ရာခိုင်နှုန်း တိုးတက်လာနိုင်မည်ဟု မျှော်မှန်းထားပါသည်။

ဇယား (၁၀)။ ၂၀၂၉ - ၂၀၃၀ ဘဏ္ဍာနှစ်အထိ ဆေးဝါးသုံးစွဲမှုမျှော်မှန်းတန်ဖိုး
(အမေရိကန်ဒေါ်လာသန်း)

စဉ်	ဘဏ္ဍာနှစ်	ဆေးဝါးသုံးစွဲမှုတန်ဖိုး	တိုးတက်မှုရာခိုင်နှုန်း	ဘဏ္ဍာနှစ်	ဆေးဝါးသုံးစွဲမှု မျှော်မှန်းတန်ဖိုး
၁။	၂၀၁၁ - ၂၀၁၂	၂၃၇.၉၄၇	-	၂၀၂၁ - ၂၀၂၂	၈၂၇.၁၇၇
၂။	၂၀၁၂ - ၂၀၁၃	၂၈၅.၈၆၃	၀.၂	၂၀၂၂ - ၂၀၂၃	၈၂၈.၅၄၃
၃။	၂၀၁၃ - ၂၀၁၄	၂၇၃.၇၇၅	-၀.၀၄	၂၀၂၃ - ၂၀၂၄	၈၂၉.၉၁၁
၄။	၂၀၁၄ - ၂၀၁၅	၃၆၉.၁၃၇	၀.၃၅	၂၀၂၄ - ၂၀၂၅	၈၃၁.၂၈၂
၅။	၂၀၁၅ - ၂၀၁၆	၂၉၄.၅၈၂	-၀.၂	၂၀၂၅ - ၂၀၂၆	၈၃၂.၆၅၅
၆။	၂၀၁၆ - ၂၀၁၇	၄၂၆.၇၄၂	၀.၄၅	၂၀၂၆ - ၂၀၂၇	၈၃၄.၀၃
၇။	၂၀၁၇ - ၂၀၁၈	၅၇၃.၁၃၇	၀.၃၄	၂၀၂၇ - ၂၀၂၈	၈၃၅.၄၀၈
၈။	၂၀၁၈ - ၂၀၁၉	၆၆၄.၈၂၁	၀.၁၆	၂၀၂၈ - ၂၀၂၉	၈၃၆.၇၈၇
၉။	၂၀၁၉ - ၂၀၂၀	၇၂၈.၈၁	၀.၁	၂၀၂၉ - ၂၀၃၀	၈၃၈.၁၆၉
၁၀။	၂၀၂၀ - ၂၀၂၁	၈၂၅.၈၁၃	၀.၁၃	-	-

မှတ်ချက်။ ။ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ ဆေးဝါးသုံးစွဲမှုအပေါ် အခြေခံ၍ တွက်ချက်ထားပါသည်။

ပုံပြဂရပ် (၅)။ နှစ်အလိုက် ဆေးဝါးသုံးစွဲမှုမျှော်မှန်းတန်ဖိုး
(၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၉ - ၂၀၃၀ ဘဏ္ဍာနှစ်)



အခက်အခဲများနှင့် လိုအပ်ချက်များ

၅၀။ ပြည်ပမှ ဆေးဝါးတင်သွင်းရာတွင် ပေးဆောင်ရသည့်အခွန်အခသည် ၁.၅ ဖြစ်သော်လည်း ပြည်တွင်းထုတ်လုပ်မှုအတွက် လိုအပ်သောဆေးဝါးကုန်ကြမ်းများ တင်သွင်းရာတွင် HS Code ပေါ် မူတည်၍ ၃ - ၇.၅ ရာခိုင်နှုန်းအထိ ပေးဆောင်နေရသည့်အတွက် ပြည်ပမှ တင်သွင်းသောဆေးဝါးများနှင့် စျေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းတွင် အခက်အခဲဖြစ်စေပါသည်။ ထို့ပြင် နိုင်ငံတော်၏ ပစ္စည်းဝယ်ယူရေးဥပဒေလုပ်ထုံးလုပ်နည်းများ၏ ရှုပ်ထွေးမှုများနှင့် ကြန့်ကြာမှုများကြောင့် ဆေးပစ္စည်းကုန်ကြမ်းတင်သွင်းရာတွင် အချိန်နောက်ကျမှု ရရှိခြင်း၊ အဆိုပါ ဖြစ်စဉ်များကြောင့် စျေးကွက်လိုအပ်ချက်နှင့် ပြည်သူ့ကျန်းမာရေးလိုအပ်ချက်များအရ လိုအပ်သောဆေးဝါးများထုတ်လုပ်ဖြန့်ဖြူးရန် နှောင့်နှေးကြန့်ကြာရှိခြင်း၊ စျေးကွက်လိုအပ်ချက်အရ အချိန်မှီထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြည်ပမှ ဆေးဝါးကုန်ကြမ်းပစ္စည်းများ ဝယ်ယူတင်သွင်းရာတွင် နှစ်ရှည်စာချုပ်ချုပ်ဆိုဝယ်ယူရခြင်း စသည်တို့သည် ပြည်တွင်းဆေးဝါးထုတ်လုပ်သူများ အဓိကရင်ဆိုင်နေရသောအခက်အခဲများဖြစ်သည်။

၅၁။ ဖော်ပြပါအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ဆေးနှင့် ဆေးပစ္စည်းကိရိယာတင်သွင်းရေးမူဝါဒနှင့် ဆေးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးမူဝါဒတို့ကို ဖြေလျှော့ပေးနိုင်ရန်၊ အဆိုပါမူဝါဒများကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်စလုံးမှ ညှိနှိုင်း၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန်နှင့် လက်ရှိအစိုးရပစ္စည်းဝယ်ယူမှုနှင့် ဘတ်ဂျက်သုံးစွဲမှုစနစ်တွင် ဆေးနှင့် ဆေးပစ္စည်းထုတ်လုပ်သည့်ကဏ္ဍအတွက် အထူး

ဖြေလျော့မှုများပြုလုပ်ပေးရန် လိုအပ်ပါသည်။ ထို့ပြင် အဆိုပါကဏ္ဍကို အဓိကကိုင်တွယ်ဆောင်ရွက်သည့် FDA အပါအဝင် ကျန်းမာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့အပြင် ဆက်စပ်ဌာနများမှ ဆေးပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်၊ ပြည်တွင်းထုတ်ဆေးပစ္စည်းမှတ်ပုံတင်လက်မှတ်၊ ဆေးပစ္စည်းတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ်၊ ဆေးဝါးထုတ်လုပ်သူလိုင်စင်၊ ဆေးဝါးမှတ်ပုံတင်လက်မှတ်များ အပါအဝင် လိုင်စင်/ပါမစ်ပေါင်း ၁၂ ခုခန့် ရယူရပါသည်။ ထို့ကြောင့် **အဆိုပါလိုင်စင်ပါမစ်များကို တစ်ပေါင်းတစ်စည်းတည်းပေးသည့်စနစ် (Medical License Package) သို့မဟုတ် One Stop Service တည်ထောင်ပေးရန် လိုအပ်ပါသည်။**

၅၂။ နိုင်ငံအားလုံးသည် ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်စေရေးကို အားပေးသော်လည်း နိုင်ငံတစ်ခုချင်းစီ၏ ပထဝီဝင်အနေအထား၊ နိုင်ငံရေးနှင့် စီးပွားရေးရာအခြေအနေ၊ စီမံခန့်ခွဲနိုင်မှုပေါ် မူတည်၍ ထိရောက်အောင်မြင်မှုကွာခြားလျက်ရှိခြင်းဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခံစားခွင့်ရှိသည့် အခွန်ဆိုင်ရာကင်းလွတ်ခွင့်၊ သက်သာခွင့်များနှင့် အာမခံချက်များသည် နိုင်ငံများအားလုံးတွင် သိသာစွာ ကွာခြားမှုမရှိသော်လည်း မိမိတို့နိုင်ငံအနေဖြင့် အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ခိုင်မာသည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တစ်ရပ် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

အကြံပြုဆောင်ရွက်သင့်သည့်အချက်များ

၅၃။ မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်နိုင်ရန်အတွက် ဆောင်ရွက်သင့်သည့်အချက်များကို အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါသည်-

(က) နိုင်ငံတကာမှ ဆေးဝါးထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖိတ်ခေါ်ပါက ဆေးအမျိုးအစားနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်မှုအတွက် အသိဉာဏ်ပစ္စည်မူပိုင်ခွင့်ဥပဒေနှင့် ချိတ်ဆက်မှတ်ပုံတင်ရသည့်အတွက် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ပြီး ဆေးဝါးအများဆုံးတင်သွင်းလျှုဒါန်းလျက်ရှိသော တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့်ပူးပေါင်း၍ ပြည်တွင်းဆေးဝါးစက်ရုံများ၌ လိုအပ်သည့်ဆေးဝါးများကို ထုတ်လုပ်ခြင်းသို့မဟုတ် အဆိုပါနိုင်ငံများမှ ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း။

(ခ) မြန်မာနိုင်ငံ၏ ဆေးဝါးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆေးသုတေသနဦးစီးဌာနနှင့် တက္ကသိုလ်များအပါအဝင် ကမ္ဘာ့ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများ၊ နည်းပညာအထောက်အပံ့ပေးနိုင်

သည့် နိုင်ငံတကာနှင့် ပြည်တွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံ၍ ဆေးပညာရပ်ဆိုင်ရာနည်းပညာနှီးနှော ဖလှယ်ပွဲများ ပြုလုပ်ခြင်းအပြင် လက်တွေ့သုတေသနပြုလုပ်၍ တွေ့ရှိချက်များအပေါ် လေ့လာသုံးသပ်ဆောင်ရွက်မည့်အဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်ခြင်း။

(ဂ) ဆေးဘက်ဆိုင်ရာဆန်းသစ်တီထွင်မှု၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်း၊ ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲခြင်း၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဓာတ်ခွဲကျွမ်းကျင်သူများကို ပြုစုပျိုးထောင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းများအတွက် အာမခံချက်ရှိသောဈေးကွက်ရရှိရေး ဆောင်ရွက်ခြင်း၊ နည်းပညာလွှဲပြောင်းမှုများ မြှင့်တင်ဆောင်ရွက်နိုင်ရန် တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကဲ့သို့ Technology Transfer Promotion Law ကို ပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ဃ) အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ဆိုင်ရာလုပ်ဆောင်ချက်များ၊ ဘဏ္ဍာရေးအထောက်အကူပြုလုပ်ဆောင်ချက်များနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ ဖြေလျှော့ပေးမှုနှင့် ခိုင်မာစေခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သည့် ကဏ္ဍအတွက် ထိုင်းနိုင်ငံကဲ့သို့ သီးခြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မဟာဗျူဟာနှင့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ဆိုင်ရာအထူးခံစားခွင့်များ ပံ့ပိုးပေးခြင်း။

(င) **အာဆီယံအပါအဝင် နိုင်ငံတကာ၌ ဆောင်ရွက်နေသကဲ့သို့ နိုင်ငံ၏ လိုအပ်ချက်ပေါ် မူတည်၍ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးသည့် အထူးဆေးဝါးဇုန်များ၊ စက်မှုဇုန်များ၊ ပို့ကုန်ထုတ်လုပ်မှုအထူးဇုန်များ၊ နည်းပညာဇုန်များနှင့် တီထွင်ဆန်းသစ်မှုဇုန်များများကို တည်ထောင်ခြင်းနှင့် ကုန်ကြမ်းရရှိမှု၊ လမ်းပန်းဆက်သွယ်မှု၊ ဈေးကွက်အခြေအနေနှင့် ရေနှင့် လျှပ်စစ်မီးရရှိမှု အလားအလာရှိသော မဟာဗျူဟာမြောက်သည့် အရပ်ဒေသ (များ) ကို ရွေးချယ်၍ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးသည့် ဆေးဝါးဇုန်များအဖြစ် တည်ထောင်ခြင်း။**

(စ) မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများထုတ်လုပ်ခြင်းကဏ္ဍတွင် ပြည်ပသွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေးအတွက် မူဝါဒများနှင့် လုပ်ငန်းစဉ်များအနေဖြင့် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြုပြင်ပြောင်းလဲခြင်း၊ ဘဏ္ဍာရေးနှင့် အကောက်ခွန်ကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပြုပြင်ပြောင်းလဲခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးဆိုင်ရာပြုပြင်ပြောင်းလဲခြင်း စသည့် ပြုပြင်ပြောင်းလဲသင့်သည့်အချက်များကို မူဝါဒများနှင့် လုပ်ငန်းစဉ်များကို မဟာဗျူဟာကျကျ ချမှတ်ဆောင်ရွက်ခြင်း။

(ဆ) ဘဏ္ဍာရေးအထောက်အကူပြုလုပ်ဆောင်ချက်များအနေဖြင့် ရန်ပုံငွေများထူထောင်၍ အတိုးမဲ့ငွေလုံးငွေရင်းများ ယာယီအသုံးပြုခွင့်ပေးခြင်း၊ အတိုးနည်းချေးငွေများ ထောက်ပံ့ပေးခြင်း၊ အရင်းအနှီးအဖြစ် အစိုးရက ငွေကြေးသို့မဟုတ် ပုံသေပိုင်ပစ္စည်းများ ထည့်ဝင်ပေးခြင်း၊ လုပ်ငန်းဆောင်ရွက်ရန် မြေနေရာနှင့် အဆောက်အအုံများ ထောက်ပံ့ပေးခြင်း၊ လုပ်ငန်းပိုင်းဆိုင်ရာသင်တန်းများပေးနိုင်ရန် အစိုးရက အဆောက်အအုံနှင့် ထောက်ပံ့ပို့ဆောင်ရေး ကဲ့သို့သော လိုအပ်သည့်အထောက်အပံ့များပေးခြင်း။

၅၄။ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းကဏ္ဍကို မြှင့်တင်နိုင်ရေးအတွက် မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းပိုင်းတွင် ပြုပြင်ပြောင်းလဲမှုပြုလုပ်ရုံဖြင့် မလုံလောက်ဘဲ အဖက်ဖက်က ပံ့ပိုးကူညီမှုများ လိုအပ်မည်ဖြစ်ရာ အဆိုပါကဏ္ဍအတွက် နိုင်ငံတော်၏ အားပေးမြှင့်တင်လိုသည့်ဆန္ဒ (Political Will)၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှုအလေ့အကျင့်ဖြင့် အစိုးရယန္တရား လျင်မြန်ချောမွေ့စေရေး၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများ တိုးတက်စေရေး၊ အသိဉာဏ်ပစ္စည်းဆိုင်ရာအကာအကွယ်ပေးမှုတွင် ခိုင်မာမှုရှိစေရေး၊ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ဘဏ္ဍာငွေပိုမိုခွဲဝေအသုံးပြုနိုင်ရေး၊ အစိုးရ၏ ဝယ်ယူမှုစနစ်အားကောင်းစေရေးနှင့် လိုအပ်သည့်အခြေခံအဆောက်အအုံပိုင်းကို အဆင်သင့်ဖြစ်စေရေးတို့ ပြည်စုံမှသာလျှင် တိုးတက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။

နောက်ဆက်တွဲ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆေးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကဏ္ဍအပေါ် တွေ့ရှိချက်များအား နှိုင်းယှဉ်လေ့လာချက်

အကြောင်းအရာ	မြန်မာနိုင်ငံ	ဘင်္ဂလားဒေ့ရှ်နိုင်ငံ	ဗီယက်နမ်နိုင်ငံ	အင်ဒိုနီးရှားနိုင်ငံ	ထိုင်းနိုင်ငံ	လာအိုနိုင်ငံ	ကမ္ဘောဒီးယားနိုင်ငံ
အကျယ်အဝန်း/လူဦးရေ	၆၇၆,၅၇၅ စတုရန်းကီလိုမီတာ/ ၅၄.၈၃ သန်း	၁၄၃,၉၉၉ စတုရန်းကီလိုမီတာ/၁၆၆ သန်း	၃၃၁,၂၁၂ စတုရန်းကီလိုမီတာ/ ၉၇.၅၉၁ သန်း	၁,၉၀၄,၅၆၉ စတုရန်းကီလိုမီတာ/ ၂၇၆ သန်း	၅၁၃,၁၂၀ စတုရန်းကီလိုမီတာ/၆၉.၆၃ သန်း	၂၃၇,၉၅၅ စတုရန်းကီလိုမီတာ/ ၇.၁၆၉ သန်း	၁၈၁,၀၃၅ စတုရန်းကီလိုမီတာ/ ၁၆.၄၉၀ သန်း
ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ တင်သွင်းမှု (၂၀၁၉)	USD ၆၇၈.၂၃၆ သန်း	USD ၅၄၂.၄၇၁ သန်း	USD ၃,၃၁၃.၆၉ သန်း	USD ၉၁၂.၀၀ သန်း	USD ၅,၂၇၅ သန်း	USD ၄၆ သန်း	USD ၂၃၄ သန်း
ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ တင်ပို့မှု (၂၀၁၉)	USD ၁၄၇.၀၀ သန်း	USD ၁၂၂.၂၀၂ သန်း	USD ၁၈၅.၉၉၂ သန်း	USD ၅၅၆.၀၀ သန်း	USD ၂,၇၅၄ သန်း	USD ၀.၄၇ သန်း	USD ၈ သန်း
ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းထုတ်လုပ်မှုကဏ္ဍဆိုင်ရာမူဝါဒ	ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အရ ၂၀၃၀ ပြည့်နှစ် နောက်ဆုံးထား၍ လူတိုင်း လက်လှမ်းမှီအသုံးပြုနိုင်သောကျန်းမာရေးစနစ်ရရှိရန် ရည်မှန်း၍ MSDP ၏ မဏ္ဍိုင် ၃ နှင့်အညီ မဟာဗျူဟာများ ချမှတ်	ကျန်းမာရေးဆိုင်ရာမူဝါဒကို ၁၉၉၈ ခုနှစ်မှစ၍ ၅ နှစ်တစ်ကြိမ်ရေးဆွဲပြီး HPSP၊ HNPSP၊ HPNSDP၊ HPNSP တို့ဖြစ်ရာ လက်ရှိတွင် စတုတ္ထမြောက် စီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးအသုံးစရိတ်အဖြစ် GDP ၏ ၅.၈ ရာခိုင်နှုန်းအသုံးပြု	၂၀၃၀ အထိမျှော်မှန်းသည့် ဗီယက်နမ်နိုင်ငံ၏ ဆေးဝါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု အတွက် အထူးစီမံချက် ၂၀၂၀ ကို ပြဋ္ဌာန်းထားပါသည်။ ဆေးဝါးပစ္စည်းများကို နိုင်ငံခြားမှ တင်သွင်းမှုအပေါ် မှီခိုနေရမှုကို	The Universal Healthcare System (၂၀၁၄) နှင့် ဆေးဝါးနှင့် ကျန်းမာရေးကဏ္ဍတိုးမြှင့်ခြင်းဆိုင်ရာ ညွှန်ကြားချက် (၂၀၁၆) တို့ကို ထုတ်ပြန်ခဲ့ပြီး အားပေးဆောင်ရွက်လျက်ရှိပါသည်။ ဆေးဝါးထုတ်လုပ်ခြင်း	eHealth Strategy (၂၀၁၇-၂၀၂၆) အရ ဆေးပညာရပ်ဆိုင်ရာ အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးနှင့် တီထွင်ဖန်တီးမှုမြှင့်တင်ရေး ဆောင်ရွက်ခဲ့ပါသည်။ ဆေးဘက်ဆိုင်ရာ ပစ္စည်းထုတ်လုပ်မှုကဏ္ဍနှင့် ကျန်းမာရေး	ကျန်းမာရေးဆိုင်ရာ မူဝါဒအနေဖြင့် ၂၀၀၀ ပြည့်နှစ်စတင် အကောင်အထည်ဖော်ခဲ့ပြီး PHC၊ RMNCH၊ NSHRH တို့ဖြစ်ကြပြီး ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ (၂၀၁၃-၂၀၂၅) တစ်ရပ်ချမှတ်	ကျန်းမာရေးဆိုင်ရာ မူဝါဒ Master Plan ကို ၁၉၉၃ ခုနှစ် တွင် ထုတ်ပြန်ခဲ့ပြီး စီမံကိန်း ၁၂ ခုပါဝင်ပါသည်။ Health Information System Master Plan (၂၀၁၆-၂၀၂၀) ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။

အကြောင်းအရာ	မြန်မာနိုင်ငံ	ဘင်္ဂလားဒေ့ရှ်နိုင်ငံ	ဗီယက်နမ်နိုင်ငံ	အင်ဒိုနီးရှားနိုင်ငံ	ထိုင်းနိုင်ငံ	လာအိုနိုင်ငံ	ကမ္ဘောဒီးယားနိုင်ငံ
	ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားဆေးဝါးမူဝါဒ (၂၀၁၈ - ၂၀၂၁) ထုတ်ပြန်ပြီး ယင်းမူဝါဒ၏ မဟာဗျူဟာနှင့်အညီ အကောင်အထည်ဖော်ခြင်းအစီအစဉ်ကို ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။	လျက်ရှိပါသည်။ ဆေးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်းအပေါ် ပြည်တွင်းလုပ်ငန်းများကို ဦးစားပေးပြီး မူဝါဒပိုင်းဆိုင်ရာ ပံ့ပိုးပေးလျက်ရှိပါသည်။	လျော့ချရန်နှင့် ခေတ်မီဆေးဝါး ထုတ်လုပ်နိုင်ရေး ရည်မှန်းထားရှိပါသည်။	ကဏ္ဍဖွံ့ဖြိုးစေရေး လမ်းပြမြေပုံ (၂၀၁၆) ကို ရေးဆွဲခဲ့ပြီး အဆင့်မီ ဆေးဝါးများ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ပါသည်။	စောင့်ရှောက်မှုကဏ္ဍ မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသတွင်း နိုင်ငံများအနက် နည်းပညာမြင့် ဝန်ဆောင်မှုပေးနိုင်သည့် နိုင်ငံတစ်ခုဖြစ်ပါသည်။	ဆောင်ရွက်လျက်ရှိပါသည်။ ကူးစက်ရောဂါအရေးပေါ်အခြေအနေကို တုန့်ပြန်ဆောင်ရွက်သည့် အစီအမံများ ရေးဆွဲထားရှိပါသည်။	ကျန်းမာရေးအသုံးစရိတ်အဖြစ် GDP ၏ ၆ ရာခိုင်နှုန်း အသုံးပြုလျက်ရှိပါသည်။
ဆေးဝါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေသည့်ပုံစံ	နိုင်ငံပိုင်ဆေးဝါးစက်ရုံ ၂ ရုံ၊ ပုဂ္ဂလိကဆေးဝါးစက်ရုံ ၉ ရုံ တို့မှ ဆေးဝါးများ ထုတ်လုပ်လျက်ရှိသော်လည်း ကုန်ကြမ်းပြတ်လတ်မှုကြောင့် ပြည်တွင်းလိုအပ်ချက် ပြည့်မီရန်နှင့် ပြည်ပသို့ တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်	နိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှု သမိုင်းကြောင်းအရ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများထက် ပြည်တွင်း လုပ်ငန်းများတိုးတက်ရေးကို ပိုမို အလေးပေးခဲ့ကြောင်း တွေ့ရှိရပါသည်။ ပြည်တွင်းလုပ်ငန်းများကို ဦးစားပေးခြင်းကြောင့် နိုင်ငံတကာအဆင့်မီ ဆေးဝါးများ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းခဲ့ကြောင်းတွေ့ရှိရပါသည်။	ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၂၀ အရ ဆေးဝါးထုတ်လုပ်မှုအားလုံးကို ဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ထားပါသည်။	နိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ရန် ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်တွင် ပိုမို အသားပေးရေးဆွဲခဲ့သည်။ ယေဘုယျအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုဦးစားပေးသည့် နိုင်ငံတစ်ခုဖြစ်သည်။	ဆေးဝါးထုတ်လုပ်ခြင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဦးစားပေးပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် ပံ့ပိုးပေးလျက်ရှိပါသည်။	ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ် (၂၀၁၆) ကို ပြဋ္ဌာန်းခဲ့ပြီး ကျန်းမာရေးကဏ္ဍ ကို ဦးစားပေးမြှင့်တင်သည့် ကဏ္ဍအဖြစ် သတ်မှတ်ထားပါသည်။ ဆေးဝါးကုန်သွယ်မှုကိုတိုးတက်ရေးကိုလဲ အလေးထားသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။	ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ခွင့် ပေးပြီး ဥပဒေကြောင်းအရ ဦးစားပေးသည့် ကဏ္ဍတစ်ခုဖြစ်ပါသည်။
ကိုဗစ် ၁၉ ဆိုင်ရာ စီမံဆောင်ရွက်ချက်	ကိုဗစ် - ၁၉ ကပ်ရောဂါ မဖြစ်ပွားမီနှင့် ဖြစ်ပွားပြီး ရင်ဆိုင်ရသည့် စီးပွားရေး	၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ဆိုင်ရာစီမံချက်ရေးဆွဲပြီး လိုအပ်သည့် ထိန်းချုပ်မှု	ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ကုသရေး ဆိုင်ရာတိုင်းရင်းဆေး	ကိုဗစ် - ၁၉ ကပ်ရောဂါ ဆိုင်ရာသက်ရောက်မှုများကို ပြန်လည်	ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ဆေး ChulaCOV19 ကို ၂၀၂၂	၂၀၂၁ ခုနှစ်အတွင်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ကိုဗစ် -	ကျန်းမာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) အရ ရောဂါ

အကြောင်းအရာ	မြန်မာနိုင်ငံ	ဘင်္ဂလားဒေ့ရှ်နိုင်ငံ	ဗီယက်နမ်နိုင်ငံ	အင်ဒိုနီးရှားနိုင်ငံ	ထိုင်းနိုင်ငံ	လာအိုနိုင်ငံ	ကမ္ဘောဒီးယားနိုင်ငံ
	ထိခိုက်မှုများ၊ အကြပ်အတည်းများကို SMART Programme လမ်းစဉ် (၅) ရပ်ဖြင့် အကောင်အထည် ဖော်လျက်ရှိပါသည်။	များကို COVID-19 Online Reporting System ဖြင့် သတင်းထုတ်ပြန်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းပြတ်လတ်မှု မရှိစရေး ပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။ ကိုဗစ်ကာကွယ်ဆေးနှင့် ကုသဆေးများကို ပြည်တွင်းတွင် ထုတ်လုပ်ရန် ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ထားရှိပါသည်။	များကို ဖြစ်ပွားလျက်ရှိသည့် ဒေသများသို့ နိုင်ငံတော်၏ အစီအစဉ်ဖြင့် ပံ့ပိုးပေးလျက်ရှိပါသည်။	ကောင်းမွန်စေရေး ဥပဒေ၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်လျက်ရှိပါသည်။	နှစ်လယ်ပိုင်းတွင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ထားရှိပါသည်။ ၎င်းကာကွယ်ဆေးဆိုင်ရာသုတေသန အဖွဲ့အစည်းများကို ထောက်ပံ့ကြေးပေးနိုင်ရေး စီစဉ်ထားရှိပါသည်။	၁၉ ကပ်ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေး စီစဉ်ထားရှိပြီး ဌာနဆိုင်ရာ အဖွဲ့များ ပါဝင်သည့် National Task Force အဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။	ကုသရေးအတွက်အရေးပါသည့် ကျန်းမာရေးဝန်ထမ်းများ ရရှိစေရေး ကြိုတင်ပြင်ဆင်ခြင်းနှင့် တုန့်ပြန်ခြင်းတို့ကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။
သုံးသပ်ချက်	ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရခြင်း၊ ပြည်တွင်း၌ ကျွမ်းကျင်အလုပ်သမားများ ရှားပါးခြင်း၊ ကုန်ကြမ်းများကို ပြည်ပက တင်သွင်းရခြင်းကြောင့် ထုတ်လုပ်မှုစရိတ်မြင့်မားခြင်း၊ စားသုံးသူများအနေဖြင့် အရည်အသွေး ကောင်းမွန်ပြီး စျေးနှုန်းသက်သာသော အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းသော ဆေးဝါးများ အပေါ်တွင် မှီခိုအားထား	လူဦးရေများပြားသော်လည်း ပြည်တွင်းဆေးဝါးထုတ်လုပ်မှုအားကောင်းခြင်းကြောင့် ပြည်တွင်းသုံးစွဲမှုကို လုံလောက်မှုရှိပါသည်။ ဆေးဝါး ထုတ်လုပ်ရန် အခြေခံအဆောက်အဦ လုံလောက်မှုရှိခြင်း၊ ကျွမ်းကျင်ဝန်ထမ်းများရှိခြင်းတို့ကြောင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက	စျေးနှုန်းချိုသာသည့် ဆေးဝါးများအစား ကောင်းမွန်သည့် ဆေးဝါးထုတ်လုပ်မှု လမ်းစဉ်ကို ကျင့်သုံးပြီး နိုင်ငံတကာအဆင့်မီဆေးဝါးများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များအရ အလားအလာကောင်းသည့် ဆေးဝါး	ဆေးဝါးထုတ်လုပ်မှုတွင် ကမ္ဘာ့အဆင့် ၁၅ ရှိ နိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ပံ့ပိုးပေးလျက်ရှိသည့် နိုင်ငံဖြစ်ပါသည်။ ဆေးဝါးထုတ်လုပ်ခြင်းအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိပါသည်။	ဆေးဝါးထုတ်လုပ်မှုအထိုက်အလျောက်ရှိသည့် အားလျော်စွာ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးပညာနှင့် ဆေးဘက်ဆိုင်ရာ ခရီးသွားကဏ္ဍတို့ကို ပူးတွဲမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ဆေးဘက်ဆိုင်ရာ ဇီဝနည်းပညာမြင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံချက်များ ချမှတ်ပြီး	တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ကျန်းမာရေးစောင့်ရှောက်မှု (UHC) ကို ရရှိရေး ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါသည်။	နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်မှုကို အလေးထားဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးကဏ္ဍဆိုင်ရာ လူစွမ်းအားအရင်းအမြစ်နည်းပါးခြင်းသည် အဓိကစိန်ခေါ်မှု ဖြစ်ပါသည်။

အကြောင်းအရာ	မြန်မာနိုင်ငံ	ဘင်္ဂလားဒေ့ရှ်နိုင်ငံ	ဗီယက်နမ်နိုင်ငံ	အင်ဒိုနီးရှားနိုင်ငံ	ထိုင်းနိုင်ငံ	လာအိုနိုင်ငံ	ကမ္ဘောဒီးယားနိုင်ငံ
	နေသဖြင့် ပြည်တွင်းထုတ်လုပ်သူများအတွက် ဈေးကွက်တွင် ယှဉ်ပြိုင်ရန် အခက်အခဲရှိခြင်း၊ ပြည်ပမှ တရားမဝင် ဝင်ရောက်လာသော ဆေးဝါးများကြောင့် ဈေးကွက်မတည်မငြိမ် ဖြစ်ခြင်း အစရှိသည့် စိန်ခေါ်မှုများစွာရှိနေပါသည်။ ကျန်းမာရေးကဏ္ဍဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်နည်းပါးခြင်းသည်လည်း စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ အဆိုပါ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် စီမံချက်များ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းလျက်ရှိပါသည်။	လည်း ပြီးပြည့်စုံသည့် ပုံစံတစ်ခုဖြစ်ပါသည်။	နှင့်ဆေးပစ္စည်း ထုတ်လုပ်မှုကဏ္ဍတစ်ခုဖြစ်ပါသည်။		အကောင်အထည်ဖော်လျက်ရှိပါသည်။		

မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်း

နိဒါန်း

၅၅။ မြန်မာနိုင်ငံ၏ တည်နေရာအနေအထားသည် စီးပွားရေးအရ ဈေးကွက်ပေါ်ထွန်းပြီးဖြစ်သော အင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားနှင့် အာဆီယံဒေသတွင်း၊ မဲခေါင်မြစ်ဝှမ်းဒေသတွင်းနှင့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အချက်အချာကျသောနေရာ၌ တည်ရှိပြီး ရေခံမြေခံကောင်း၍ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသောဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ အာဆီယံနိုင်ငံများအနက် ကမ္ဘောဒီးယားနိုင်ငံပြီးလျှင် မြန်မာနိုင်ငံသည် ကူးစက်နိုင်သောရောဂါများနှင့် မကူးစက်နိုင်သောရောဂါများကို အများဆုံးခံစားရသောနိုင်ငံဖြစ်သကဲ့သို့ အခြားနိုင်ငံများနည်းတူ ကိုဗစ် - ၁၉ ကမ္ဘာ့ကပ်ရောဂါ၏ ရိုက်ခတ်မှုကိုလည်း ပြင်းထန်စွာ ခံစားရသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

၅၆။ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ကြည့်မည်ဆိုပါက မိခင်နှင့် ကလေးကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ကူးစက်နိုင်သောရောဂါနှင့် မကူးစက်နိုင်သောရောဂါများထိန်းချုပ်ရေး၊ ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေး၊ ပြည်သူများအား အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီ ပံ့ပိုးပေးနိုင်ရေးတို့အတွက် ယခုအချိန်အထိ လိုအပ်ချက်များရှိနေပါသည်။ Global Health Security Index (2019)[၁] အရ မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာလုံခြုံစိတ်ချရမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစွမ်းဆောင်ရည်အဆင့်သည် နိုင်ငံပေါင်း ၁၉၅ နိုင်ငံအနက် ၇၂ နိုင်ငံမြောက်နေရာတွင် ရပ်တည်လျက်ရှိပါသည်။ နိုင်ငံပေါင်း ၁၉၅ နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်ပျမ်းမျှစံနှုန်းသည် ၄၆.၉ ရှိပြီး မြန်မာနိုင်ငံ၏ စံနှုန်းသည် ၃၀.၁ တွင်ရှိသည့်အတွက်ကြောင့် နိုင်ငံ၏ ကျန်းမာရေးကဏ္ဍကို ဘက်ပေါင်းစုံမှ မြှင့်တင်နိုင်ရေးတွင် လိုအပ်ချက်များ များစွာရှိနေခြင်းပင်ဖြစ်ပါသည်။

၅၇။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် ဆေးဝါးထုတ်လုပ်ပံ့ပိုးမှုဆိုင်ရာ နောက်ခံသမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ကမ္ဘာ့နိုင်ငံများကဲ့သို့ မြန်မာနိုင်ငံတွင် ကူးစက်နိုင်သောရောဂါများဖြစ်သည့် တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ခုခံအားကျဆင်းမှု

[၁] https://www.ghsindex.org/country/myanmar/.
https://www.ghsindex.org/wp-content/uploads/2019/08/Myanmar.pdf.

HIV/AIDS ရောဂါနှင့် အခြားလိင်မှတစ်ဆင့်ကူးစက်သောရောဂါများ၊ မကူးစက်နိုင်သော ရောဂါများဖြစ်သည့် ဦးနှောက်သွေးကြောပြတ်ခြင်းနှင့် သွေးတိုးခြင်း၊ နှလုံးသွေးကြော ဆိုင်ရာရောဂါ၊ ဆီးချိုရောဂါ၊ နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှင့် ကင်ဆာ ရောဂါများ စသည်တို့သည် လက်ရှိမြန်မာနိုင်ငံတွင် အဖြစ်များသောရောဂါများဖြစ်ပြီး လိုအပ် သောဆေးဝါးအများစုမှာ ကမ္ဘာ့နိုင်ငံအသီးသီးမှ တင်သွင်းနေရသောဆေးဝါးများပင်ဖြစ်သည်။

၅၈။ ကူးစက်နိုင်သောရောဂါများနှင့်စပ်လျဉ်း၍ ကမ္ဘာ့သမိုင်းကြောင်းကို ပြန်ကြည့်ပါက အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ၁၇၉၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် Philadelphia Yellow Fever Epidemic။

(ခ) ၁၈၈၉ - ၁၉၈၀ ခုနှစ်များတွင် ဖြစ်ပွားခဲ့သည့် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ။

(ဂ) ၂၀ ရာစုအစောပိုင်းတွင် ဖြစ်ပွားခဲ့သည့် ကမ္ဘာ့ပလိပ်ကူးစက်ရောဂါ။

(ဃ) ၁၉၁၆ ခုနှစ်တွင် ပိုလီယိုရောဂါ။

(င) ၁၉၁၈ - ၁၉၂၀ ခုနှစ်များတွင် ဖြစ်ပွားခဲ့သည့် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ။

(စ) ၁၉၅၇ - ၁၉၅၈ ခုနှစ်များတွင် ဖြစ်ပွားခဲ့သည့် အာရှတုပ်ကွေး။

(ဆ) ၁၉၈၁ ခုနှစ်မှ လက်ရှိအချိန်အထိ ဖြစ်ပွားလျက်ရှိသည့် ခုခံအားကျဆင်းမှု AIDS ရောဂါ။

(ဇ) ၂၀၀၉ - ၂၀၁၀ ခုနှစ်များတွင် ဖြစ်ပွားခဲ့သည့် H1N1 ဝက်တုပ်ကွေးရောဂါ။

(ဈ) ၂၀၁၄-၂၀၁၆ ခုနှစ်များတွင် ဖြစ်ပွားခဲ့သည့် အနောက်အာဖရိကအီဘိုလာ ကူးစက်ရောဂါ။

(ည) ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့သည့် ဇီကာကူးစက်ရောဂါ။

(ဋ) ၂၀၁၉ ခုနှစ်မှ လက်ရှိအချိန်အထိ ဖြစ်ပွားလျက်ရှိသည့် ကိုဗစ် - ၁၉ ကမ္ဘာ့ကပ်ရောဂါ။

၅၉။ ဖော်ပြပါရောဂါများနှင့်စပ်လျဉ်း၍ ကာကွယ်ဆေးများ စမ်းသပ်မထုတ်နိုင်သည့် အချိန်အထိ လူသန်းပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ပါသည်။ လက်ရှိကိုဗစ် - ၁၉ ကမ္ဘာ့ ကပ်ရောဂါ၏ ရိုက်ခတ်မှုကိုလည်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး ခံစားရ လျက်ရှိခြင်းကြောင့် အဆိုပါကပ်ရောဂါကို ကာကွယ်နိုင်မည့် လိုအပ်သည့်ဆေးဝါးများနှင့် ကျန်းမာရေးသုံးပစ္စည်းများ၏ လိုအပ်ချက်မြင့်တက်လာခဲ့ကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)

၏ ထောက်ခံချက်ဖြင့် ကာကွယ်ဆေးများ စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး ကုသမှုများ ကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါသည်။ (Live Science, 2021)

၆၀။ ၁၉၀၆ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည့် ပလိပ်ကူးစက်ရောဂါသည် ၁၉၁၀ ခုနှစ်နောက်ပိုင်းတွင် အနောက်တိုင်းဆေးပညာဖြင့် ကုသခဲ့သည့်အပြင် မိမိအိမ် အတွင်းမှာပင် အတတ်နိုင်ဆုံးနေထိုင်ကြခြင်း (Stay Home)၊ ရောဂါဖြစ်ပွားသောကြွက်နှင့် ရောဂါမဖြစ်ပွား သောကြွက်ကို ကြည့်ယုံဖြင့်ပင် သိရှိနိုင်အောင် လေ့လာကြခြင်း (Research)၊ ကြိုတင်ကာကွယ်သည့်စနစ်ကောင်းမွန်ခြင်းကြောင့် အခြားတိုင်းပြည်များနှင့် နှိုင်းယှဉ်ပါက သေဆုံးမှုနှုန်း လျော့နည်းခဲ့ပြီး ပုလိပ်ရောဂါကပ်ဆိုးကြီးကို ကျော်လွှားနိုင်ခဲ့ကြပါသည်။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ် - ၁၉ ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့ခဲ့ကာ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၂ ရက်နေ့တွင် ကိုဗစ် - ၁၉ ကပ်ရောဂါကို စတင်စစ်ဆေးတွေ့ရှိခဲ့ပါသည်။ မျိုးရိုးဗီဇပြောင်းလဲ ကူးစက်လာမှုကြောင့် ကိုဗစ် - ၁၉ ကပ်ရောဂါပထမလှိုင်း၊ ဒုတိယလှိုင်းနှင့် တတိယလှိုင်းတို့၏ ရိုက်ခတ်မှုကို ခံစားခဲ့ရပါသည်။

၆၁။ ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ထမ်း များ၏ အရေးကြီးအခန်းကဏ္ဍနှင့် ၎င်းတို့၏ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်ရသော်လည်း ၎င်းတို့ကို အဓိကပံ့ပိုးပေးမည့် မရှိမဖြစ် ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများသည် ပြည်တွင်း၌ သုံးစွဲမှုမလုံလောက်ခြင်း၊ ဆေးဝါးနှင့် ကျန်းမာရေး ပစ္စည်းများ၏ ဈေးနှုန်းကို ထိန်းချုပ်ရန်ခက်ခဲခြင်း၊ ပြည်ပမှ တင်သွင်းခြင်းနှင့် ဆေးဝါးဖြန့်ဖြူးမှု အပိုင်းတို့တွင် အခက်အခဲများရှိခြင်း စသည့်တို့ကို လက်ရှိကြုံတွေ့နေရခြင်းကြောင့် အခြား ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ လိုအပ်ချက် မြင့်တက်လျက် ရှိဆဲဖြစ်ပါသည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းကို ကြည့်မည်ဆိုပါက ဆေးပညာ ရှင်များနှင့် ဆေးဝါးကျွမ်းကျင်မှုအဆင့်အတန်းသည် ရှေ့တန်း၌ ရပ်တည်နေကြသည့်တိုင် နောက်ခံအကြောင်းရင်းဖြစ်သော ခေတ်မီအစွမ်းထက်ဆေးဝါးများကို ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးပေးမှုအပိုင်း၌ လိုအပ်ချက်များရှိနေခဲ့လျှင်လည်း ထိရောက်သောကျန်းမာရေး စောင့်ရှောက်မှုများကို ပေးစွမ်းနိုင်မည်မဟုတ်ပေ။

၆၂။ ထို့ကြောင့် ဆေးဝါးထုတ်လုပ်ရေးစက်ရုံကြီးများ၊ အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးနှင့်သက်ဆိုင်သည့်ဌာနများ၊ ဆေးဝါးကုန်ကြမ်း စိုက်ပျိုးထုတ်လုပ်သူနှင့် တင်သွင်းသူများ၊ ဆေးဝါးမျိုးစုံတင်သွင်းသူများနှင့် အဆိုပါတင်သွင်းမှုများအတွက် စိစစ်

ကြပ်မတ်ခွင့်ပြုပေးသည့်ဌာနများ၊ အရည်အသွေးစစ်ဆေးသောဌာနများ၊ ဆေးဝါးကုန်ကြမ်းနှင့် ဆေးဝါးကုန်ချောများကို တာရှည်သိုလှောင်ထိန်းသိမ်းနိုင်သည့် ခေတ်မီဆေးဝါးသိုလှောင်ရုံကြီးများ စသည့် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်မည့်အခြေခံအဆောက်အအုံများ တိုးတက်စေရေးတို့သည် အဓိကအရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်လာခဲ့ပါသည်။[၂] နိုင်ငံတော်အနေဖြင့် လက်ရှိတွင် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများကို ပြည်တွင်း၌ အရည်အသွေးမီ ထုတ်လုပ်နိုင်ရန်နှင့် ပြည်သူများကို စျေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရန်၊ ပြည်ပသို့ တင်ပို့ရောင်းခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိစေရန်တို့အတွက် မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းထုတ်လုပ်မှုကဏ္ဍကို ဦးစားပေးမြှင့်တင်ရန် လိုအပ်လာခြင်းဖြစ်ပါသည်။

၆၃။ မြန်မာ့ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ပါက ၁၉၅၄ ခုနှစ်တွင် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းလက်အောက်၌ Burma Pharmaceutical Industry (BPI) (အင်းစိန်) စတင်ဖွင့်လှစ်ခဲ့ပြီး အာနိသင်ထက်မြက်ပြီး စံချိန်စံညွှန်းပြည့်မီခြင်းကောင်းမွန်သော ထုတ်လုပ်မှုအလေ့အကျင့် (Good Manufacturing Practice - GMP) နှင့် အညီ ဆေးအမျိုးအစားပေါင်း ၄၁ မျိုးနှင့် ကာကွယ်ဆေးနှင့် ကုသဆေး ၆ မျိုးတို့ကို စတင်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ထို့နောက် တပ်မတော်ဆေးဝါးစက်ရုံ (မှော်ဘီ)၊ BPI ဆေးဝါးစက်ရုံ (အင်ရောင်း) နှင့် ဆေးဝါးစက်ရုံ (ပြင်ဦးလွင်) တို့ကို တည်ထောင်ခဲ့ပါသည်။ BPI ဆေးဝါးစက်ရုံများမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ WHO GMP, PIC/S GMP နှင့် ISO 9001 : 2015 လက်မှတ်[၃] နှင့်အညီ ဆေးဝါးများကို ထုတ်လုပ်လျက်ရှိပါသည်။ နောက်ပိုင်းတွင် ပြည်တွင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများကို နိုင်ငံတော်ပိုင်ဆေးဝါးစက်ရုံများအပြင် ပုဂ္ဂလိကကဏ္ဍမှ ဆေးဝါးထုတ်လုပ်သောစက်ရုံများ တည်ထောင်၍ ဆေးဝါးများထုတ်လုပ်နိုင်ရေးအတွက် အားပေးမြှင့်တင်ခဲ့ရာ ပထမဆုံးပုဂ္ဂလိကဆေးဝါးစက်ရုံအဖြစ် AA ဆေးကုမ္ပဏီပိုင်စက်ရုံနှင့် ဒုတိယမြောက်စက်ရုံအဖြစ် Silver Shine International ကုမ္ပဏီပိုင်စက်ရုံတို့ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ လက်ရှိတွင် နိုင်ငံပိုင်ဆေးဝါးစက်ရုံ ၂ ရုံနှင့် ပုဂ္ဂလိကဆေးဝါး ထုတ်လုပ်သည့်စက်ရုံ ၉ ရုံအထိ တည်ထောင်နိုင်ခဲ့ပြီဖြစ်ပါသည်။

၆၄။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) (၂၀၁၈) ၏ မဏ္ဍိုင် (၃)၊ ပန်းတိုင် (၄) ရှိ မဟာဗျူဟာများအရ မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ် နောက်ဆုံးထား၍ လူတိုင်းလက်လှမ်းမှီအသုံးပြုနိုင်သောကျန်းမာရေးစနစ် ရရှိ ရန်

---

[၂] https://www.mdn.gov.mm/index.php/my/mnmaaniungngnalypiungk-pnnysuuchewthuttlupreck run.

[၃] https://www.mpmdma.org/bpi-insein/

ရည်မှန်းထားပြီး အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ၏ ပြည်သူလူထုတစ်ရပ်လုံးအတွက် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ပဏာမကျန်းမာရေးစောင့်ရှောက်မှုပုံစံဖြင့် လူတိုင်းလက်လှမ်းမီရရှိရေးကို ကြိုးပမ်းဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော်လည်း ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေသည် ၅၄.၁၀ သန်းရှိရာ (Trading Economics, 2021) နိုင်ငံ၏ စုစုပေါင်းလူဦးရေနှင့် နိုင်ငံတွင်း ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအချိုးသည် များစွာ ကွာဟလျက်ရှိနေသည့်အပြင် ကိုဗစ် - ၁၉ ကမ္ဘာ့ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့်လည်း ပြည်တွင်း၌ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ၏ သုံးစွဲမှုလိုအပ်ချက်မြင့်တက်လာသည့်အတွက် မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍကို အရေးတကြီး မြှင့်တင်ရန် လိုအပ်လာခြင်းဖြစ်ပါသည်။

၆၅။ ထို့ကြောင့် ဘင်္ဂလားဒေရှ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ မြှင့်တင်ရေးအတွေ့အကြုံများကို လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ အလားအလာများကိုလည်းကောင်း လေ့လာသုံးသပ်ထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍ မြှင့်တင်ရေးအတွက် အဓိကအထောက်အကူပြုနိုင်မည့်အချက်များကို အောက်ပါရည်ရွယ်ချက်များနှင့် အညီ ရှာဖွေဖော်ထုတ်လေ့လာထားခြင်းဖြစ်ပါသည်-

(က) နိုင်ငံသူနိုင်ငံသားတို့၏ ကျန်းမာရေးအာမခံမှုရှိစေရေးအတွက် ဆေးဝါးများနှင့် ကျန်းမာရေးသုံးပစ္စည်းများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရန်နှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အထောက်အပံ့ပြုစေရန်။

(ခ) မြန်မာနိုင်ငံတွင် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာဆက်စပ်ပစ္စည်း များကို ထုတ်လုပ်နိုင်ရေးဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းသုံးစွဲမှုကို ဖူလုံစေပြီး ပြည်သူများ၏ ကျန်းမာရေးအတွက် စိတ်ချလုံခြုံမှုရှိစေရန်။

(ဂ) ထုတ်လုပ်သူများအတွက် လုပ်သာကိုင်သာရှိသောဝန်းကျင်ကို ဖန်တီးပေးရန်၊ မြန်မာနိုင်ငံတွင် ပြည်တွင်း၌ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်

ရန်၊ ပြည်ပမှ ဆေးဝါးတင်သွင်းမှုများကို လျော့ချရန်နှင့် မိမိနိုင်ငံမှ ပြည်ပသို့ ပြန်လည်တင်ပို့ရောင်းချနိုင်ရန်။

(ဃ) မိမိနိုင်ငံနှင့် အခြေအနေခြင်း တူညီသော အခြားဒေသတွင်းနိုင်ငံများ၏ ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်မှုတွင် အဓိကအရေးပါသည့် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်ကဏ္ဍနှင့် ဖြန့်ဖြူးမှု အခြေအနေများ၊ နမူနာကောင်းများကို နှိုင်းယှဉ်လေ့လာ၍ မိမိနိုင်ငံနှင့် အနီးစပ်ဆုံးနည်းလမ်းများကို လေ့လာဖော်ထုတ်ရန်။

(င) ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ မြှင့်တင်ခြင်းနှင့်အတူ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့် မူဝါဒများချမှတ်နိုင်ရေးနှင့် ဆေးဝါးနှင့်ဆက်စပ်သောဇုန်များ တည်ထောင်နိုင်ရန်။

အခန်း (၁)

ဘင်္ဂလားဒေရှ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍကို လေ့လာခြင်း

အခန်း (၁)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍကို လေ့လာခြင်း

၁-၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ

ယေဘုယျဖော်ပြချက်

၆၆။ ဘင်္ဂလားဒ့ေရှ်နိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် ကျန်းမာရေးနှင့် မိသားစုရေးရာဝန်ကြီးဌာန (Ministry of Health and Family Welfare)[၄] က အဓိကတာဝန်ယူဆောင်ရွက်ပြီး The Vaccination Act (1880) အပါအဝင် ကျန်းမာရေးဆိုင်ရာဥပဒေနှင့် အက်ဥပဒေများ စုစုပေါင်း ၃၉ ခုကျော်ဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ဒေသတွင်းနိုင်ငံများအနက် သက်သာသည့်နှုန်းထားဖြင့် ထိရောက်သည့်ကုသမှုပေးနိုင်သော ကျန်းမာရေးစနစ်ရှိသည့် နိုင်ငံတစ်ခုလည်းဖြစ်ပါသည်။

၆၇။ နိုင်ငံ၏ ကျန်းမာရေးကဏ္ဍဆိုင်ရာဦးတည်ချက်သည် နိုင်ငံသားတို့အတွက် ထိရောက်မှုရှိသော အဆင့်မြင့်ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိစေရေး၊ လူနေမှုဘဝကို မြှင့်တင်ပြီး အခြေခံလူ့အခွင့်အရေးနှင့်လျော်ညီသည့် ကျန်းမာရေးစနစ် ဖြစ်စေရေးကို ဦးစားပေး၍ ကျားမတန်းတူညီမျှမှုဖြင့် လူမျိုးဘာသာမခွဲခြားဘဲ သာတူညီမျှစောင့်ရှောက်မှုပေးရန် ရည်ရွယ်ပါသည်။ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ အပါအဝင် လူတန်းစားအားလုံးအတွက် စဉ်ဆက်မပြတ်ကျန်းမာရေးစောင့်ရှောက်မှုကို ပံ့ပိုးပေးရန်၊ အာဟာရရှိမှုနှင့် မိသားစုစီမံချက်များ တိုးတက်ခိုင်မာစေရန်၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကောင်းမွန်စေရန် ရည်မှန်းချက်ထားဆောင်ရွက်နေခြင်းဖြစ်ပါသည်။

၆၈။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် Bangladesh Statistical Pocket Book (2019)[၅] အရ နိုင်ငံတစ်ဝန်းတွင် အစိုးရပိုင်ဆေးရုံ ၂၂၅၈ ခု၊ ပုဂ္ဂလိကပိုင်ဆေးရုံနှင့် ဆေးပေးခန်း ၁၄၃,၃၉၄ ခု၊ စုစုပေါင်း ၁၄၅,၆၅၂ ခုရှိပြီး ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း ၆၃,၈၉၃ ဦးရှိပါသည်။ လူဦးရေ ၁၀,၀၀၀ ဦးလျှင် ဆရာဝန် ၆ ဦးနှုန်းဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိ

---

[၄] www.mohfw.gov.bd

[၅] Bangladesh Statistical PocketBook (2019) by Bangladesh Bureau of Statistics Statistics and Informatics Division Ministry of Planning (http://bbs.portal.gov.bd)

ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပျမ်းမျှလူသက်တမ်းသည် ၂၀၀၀ ပြည့်နှစ်တွင် ၆၅.၀၅ နှစ်၊ ၂၀၀၅ ခုနှစ်တွင် ၆၇.၄၉ နှစ်၊ ၂၀၁၀ ပြည့်နှစ်တွင် ၆၉.၆၁ နှစ်၊ ၂၀၁၅ ခုနှစ်တွင် ၇၁.၃၃ နှစ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် ၇၂.၇၂ နှစ်တို့ဖြစ်ပါသည်။ လူသက်တမ်းတိုးမြင့်လာခြင်းသည် သိသာထင်ရှားသည့် တိုးတက်မှုတစ်ခုဖြစ်ပြီး ၁၉၇၁ ခုနှစ်တွင် နိုင်ငံ၏ ပျမ်းမျှလူသက်တမ်းသည် ၄၆.၉၄ နှစ်သာရှိပါသည်။[၆] အဖြစ်များသည့်ရောဂါများမှာ လူကြီးပိုင်းများတွင် နှလုံးကြွက်သားဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ အသည်းရောဂါနှင့် နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စသည့် မကူးစက်နိုင်သောရောဂါများဖြစ်ပါသည်။

မူဝါဒနှင့် မျှော်မှန်းချက်

၆၉။ နိုင်ငံ၏ ကျန်းမာရေးကဏ္ဍဆိုင်ရာမူဝါဒကို ၅ နှစ် စီမံကိန်းရေးဆွဲပြီး ၁၉၉၈ ခုနှစ်မှစ၍ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၎င်းစီမံကိန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကျန်းမာရေးနှင့် လူဦးရေကဏ္ဍဆိုင်ရာစီမံကိန်း (Health and Population Sector Program - HPSP) (၁၉၉၈ - ၂၀၀၃)။

(ခ) ကျန်းမာရေး၊ အစာအာဟာရနှင့် လူဦးရေကဏ္ဍဆိုင်ရာစီမံကိန်း (Health, Nutrition and Population Sector Program - HNPSP) (၂၀၀၃ - ၂၀၁၁)။

(ဂ) ကျန်းမာရေး၊ လူဦးရေနှင့် အစာအာဟာရကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံကိန်း (Health, Population, Nutrition Sector Development Program - HPNSDP) (၂၀၁၁ - ၂၀၁၆)။

(ဃ) ကျန်းမာရေး၊ လူဦးရေနှင့် အစာအာဟာရ ကဏ္ဍဆိုင်ရာစီမံကိန်း (Health, Population, Nutrition Sector Program - HPNSP) (၂၀၁၆ - ၂၀၂၁)။

၇၀။ လက်ရှိဆောင်ရွက်လျက်ရှိသော ၄ ခုမြောက်စီမံကိန်းဖြစ်သည့် HPNSP သည် သင့်လျော်မှန်ကန်သည့်ပဋိသန္ဓေတားမြစ်ခြင်းနည်းလမ်းများကို နိုင်ငံတစ်ဝန်းရှိ ပြည်သူများသိရှိလိုက်နာနိုင်ရေး အသိပညာပေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများကို လေ့ကျင့်

[၆] Pharmaceutical Industry of Bangladesh (3rd Edition) (2019) by Md. Abdullah Al Faisal, www.arx.cfa/~/media/2A85F9B2CEAB43CFAF325AB54F3EF404.ashx

သင်ကြားပေးခြင်းကို အဓိကဆောင်ရွက်ခြင်းဖြစ်ပြီး အစိုးရအနေဖြင့် ၎င်းစီမံချက်အတွက် အမေရိကန်ဒေါ်လာသန်း ၄၀၀ အထိ သုံးစွဲသွားရန် လျာထားသတ်မှတ်ခဲ့ပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ကျန်းမာရေးအသုံးစရိတ်အနေဖြင့် ပြည်တွင်းစုစုပေါင်းထုတ်လုပ်မှု (GDP) ၏ ၅.၈ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုမည်ဖြစ်ပါသည်။

၇၁။ ထို့ပြင် ကိုဗစ် - ၁၉ ကပ်ရောဂါရိုက်ခတ်မှုကြောင့် အစိုးရ၏ မူလကျန်းမာရေးဆိုင်ရာအစီအစဉ်များအပြင် ကိုဗစ် - ၁၉ ကပ်ရောဂါဆိုင်ရာစီမံချက်[၇] ကို ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာညွှန်ကြားမှုဦးစီးဌာန (DGHS) အောက်ရှိ ကူးစက်နိုင်သောရောဂါများထိန်းချုပ်ရေးဌာန (CDC)၊ ကပ်ရောဂါဗေဒနှင့် ရောဂါထိန်းချုပ်ရေးနှင့် သုတေသနဌာန (IEDCR) တို့ ပူးပေါင်း၍ ရေးဆွဲခဲ့ပါသည်။ ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသနိုင်ရေးနှင့်စပ်လျဉ်း၍ ကူးစက်နိုင်သောရောဂါများ (ကာကွယ်၊ ထိန်းချုပ်ခြင်းနှင့် တိုက်ဖျက်ခြင်းဆိုင်ရာ) အက်ဥပဒေ (၂၀၁၈) (Infectious Diseases (Prevention, Control and Elimination) Act, 2018)[၈] တွင် ကိုဗစ် - ၁၉ ကပ်ရောဂါထိန်းချုပ်ကာကွယ်ရေးဆိုင်ရာ သီးခြားအသွားအလာကန့်သတ်နေထိုင်ခြင်း (Quarantine) ဆိုင်ရာပြဋ္ဌာန်းချက်ကို ဖြည့်စွက်ဖော်ပြခဲ့ပါသည်။ ၎င်းဥပဒေသည် အစိုးရက ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာများ၊ ရောဂါစမ်းသပ်စစ်ဆေးခြင်းများအပါအဝင် သီးခြားနေထိုင်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် အကျုံးဝင်သက်ရောက်မှုရှိမည်ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများထုတ်လုပ်သည့်ကဏ္ဍတွင် ပြည်တွင်းထုတ်လုပ်မှုမြင့်မားသောကြောင့် ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်သည့်အပြင် ကိုဗစ် - ၁၉ ကပ်ရောဂါအတွက် လိုအပ်သည့် ကာကွယ်ဆေးနှင့် ကုသဆေးများကို စမ်းသပ်ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းလိုအပ်ချက်

၇၂။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှုစွေးကွက်တန်ဖိုးသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃.၁ ဘီလီယံဖြစ်ပြီး ၂၀၂၀ ခုနှစ်၌ အမေရိကန်ဒေါ်လာ ၃.၅၄ ဘီလီယံနှင့် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဘီလီယံအထိ တိုးတက်နိုင်ကြောင်း ခန့်မှန်းထားပြီး တစ်ဦးချင်းဆေးဝါးပစ္စည်းသုံးစွဲမှုတန်ဖိုးသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈.၉

---

[၇] Bangladesh Preparedness and Response Plan: COVID-19 Monthly SITREP | United Nations in Bangladesh

[၈] The Infectious Diseases Act and Resource Allocation during the COVID-19 Pandemic in Bangladesh. https://link.springer.com/article/10.1007/s41649-020-00149-9#Bib1

ဖြစ်ပါသည်။[၉] ဆေးပစ္စည်းကိရိယာထုတ်လုပ်မှုသည် သွင်းကုန်ဦးစားပေးလုပ်ငန်းကဏ္ဍတစ်ခု ဖြစ်ပြီး ပြည်တွင်းထုတ်လုပ်မှုသည် ဈေးကွက်လိုအပ်ချက်၏ ၁၅ ရာခိုင်နှုန်းကိုသာ ထုတ်လုပ်နိုင်ပြီး ၈၅ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းရလျက်ရှိပါသည်။ အဓိကအားဖြင့် အမေရိကန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် အခြားဥရောပနိုင်ငံများမှ အများဆုံးတင်သွင်းလျက်ရှိပါသည်။ သုတေသနဆိုင်ရာနည်းပညာလိုအပ်ချက်၊ အခြေခံအဆောက်အဦလိုအပ်ချက်နှင့် ကျွမ်းကျင်လုပ်သားရှားပါးမှုများကြောင့် အပူချိန်တိုင်းစက် (Thermometer) နှင့် နှလုံးသွေးကြောဆိုင်ရာအစားထိုးသည့်စက် (Pacemaker) စသည်တို့ကိုပါ ပြည်ပမှတင်သွင်းရလျက်ရှိပါသည်။[၁၀]

၇၃။ နိုင်ငံသားများအနေဖြင့် တန်ဖိုးသင့်တင့်မျှတ၍ အရည်အသွေးပြည့်မီသည့် ဆေးဝါးများ လက်လှမ်းမီရရှိစေရေးသည် အစိုးရ၏ ဦးစားပေးမူဝါဒတစ်ခုဖြစ်ပြီး ပြည်တွင်းဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်မှုကို အလေးထားဆောင်ရွက်လျက်ရှိရာ ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း အခြားနိုင်ငံများနည်းတူ ကိုဗစ် - ၁၉ ကပ်ရောဂါကို ကုသနိုင်မည့်ဆေးဝါးများကို ထုတ်လုပ်လျက်ရှိပါသည်။ ကိုဗစ် - ၁၉ ကပ်ရောဂါလူနာများကို ကုသရာတွင် WHO ၏ လမ်းညွှန်ချက်ဖြင့် အသုံးပြုလျက်ရှိသော Remdesivir၊ Favipiravir၊ Hydroxychloroquine၊ Ivermectin၊ Doxycycline နှင့် Azithromycin စသည့်ဆေးဝါးများကို ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ ၎င်းဆေးဝါးများ အသုံးပြုရာတွင် ထိန်းသိမ်းသယ်ဆောင်မှုမှန်ကန်စေရေး၊ ဈေးကွက်တွင် ပစ္စည်းပြတ်လပ်မှုမရှိစေရေးနှင့် နိုင်ငံတကာအဆင့်မီဆေးဝါးများ ရရှိစေရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံမှန်အားဖြင့် အစိုးရ၏ ကျန်းမာရေးဆိုင်ရာနှစ်အလိုက်အသုံးစရိတ်သည် GDP ၏ ၃ ရာခိုင်နှုန်း ဖြစ်သော်လည်း ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ကျန်းမာရေးစနစ်ပြန်လည်ကောင်းမွန်လာစေရန်နှင့် ပိုမိုခံနိုင်ရည်ရှိစေရန် ရည်ရွယ်၍ GDP ၏ ၅ ရာခိုင်နှုန်းကျော်အထိ တိုးမြှင့်သုံးစွဲလျက်ရှိပါသည်။[၁၁]

---

[၉] Bangladesh Pharma Market and Regulatory Report by Pharmaceutical Export Promotion Council of India https://pharmexcil.com/uploads/countryreports/Bangladesh_Market_Regulatory_report 2020.pdf

[၁၀] https://databd.co/stories/medical-equipment-industry-potential-lifeline-for-the-healthcare-sector10350#ref_4

[၁၁] Bangladesh Preparedness and Response Plan for COVID-19, http://www.mohfw.gov.bd/index.php?option=com_docman&task=doc_download&gid=23359&lang=en

ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှု

၇၄။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးစနစ်မှ ခေတ်သစ် စီးပွားရေးစနစ်သို့ ကူးပြောင်းခဲ့ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှု ကဏ္ဍပါ အဆင့်ဆင့်ပြောင်းလဲလာခဲ့ပါသည်။ သို့သော် နိုင်ငံခြားငွေလဲလှယ်နှုန်း မတည်ငြိမ်ခြင်း၊ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုကဏ္ဍပြင်ဆင်ရန် လိုအပ်ခြင်းစသည့်အချက်များ က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်လာခြင်းကို အဟန့်အတားဖြစ်လျက်ရှိပါသည်။

၇၅။ နိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှုကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို အဓိကအားဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများက လွှမ်းမိုးထားပြီး အခြားသောကုန်ထုတ်လုပ်ငန်းများနည်းတူ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် လုပ်ငန်းကဏ္ဍတစ်ခုလည်း ဖြစ်ပါသည်။ နည်းပညာအားဖြင့် ကောင်းမွန်အဆင့်မြင့်သည့်ဆေးဝါးများ ထုတ်လုပ်နိုင်သော်လည်း ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုနည်းပါးသည့်ကဏ္ဍတစ်ခုဖြစ်ပါသည်။ ပြည်တွင်း လုပ်ငန်းရှင်များက ထုတ်လုပ်နိုင်ပြီး ရောင်းချနေသည့် ဆေးဝါးအမျိုးအစားများ ပြည်ပမှ တင်သွင်းခြင်းကိုလည်း ကန့်သတ်ထားရှိပါသည်။

၇၆။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံခြားပုဂ္ဂလိကရင်းနှီး မြှုပ်နှံမှုအက်ဥပဒေ (၁၉၈၀) (Foreign Private Investment Act 1980) ဖြင့် အဓိက ဆောင်ရွက်ပြီး ၎င်းဥပဒေတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ခြင်း၊ မြှင့်တင်ခြင်း၊ နိုင်ငံပိုင်သိမ်းယူမှုမပြုခြင်းတို့ကို အာမခံထားရှိပြီး အမြတ်ငွေကို ပြည်ပသို့ လွှဲပြောင်းခြင်းနှင့် အစုရှယ်ယာလွှဲပြောင်းရောင်းချခြင်းတို့ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများကို တန်းတူဆက်ဆံမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် အခွန်အကောက်ကင်းလွတ်ခွင့် ခံစားနိုင်မည့်ကဏ္ဍများတွင် ပါဝင်ပြီး ၎င်းတို့ကို ကြိုဆိုအားပေးသည့်အနေဖြင့် ဥပဒေကြောင်းအရ အခွန်အကောက်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို တစ်ဖက်ပါအတိုင်း ခံစားခွင့်ပေးထားပါသည်-

ဇယား (၁ - ၁ - ၁)။ အခွန်အကောက်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

အကြောင်းအရာ	အခွန်	ရာခိုင်နှုန်း	သက်တမ်း	မှတ်ချက်
စက်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း ကုန်ကြမ်းပစ္စည်း၊ ယာဉ်ယန္တရားများ တင်သွင်းခြင်း	သွင်းကုန်ခွန် အကောက်ခွန်နှင့် အခြားအခွန်များ	၅ % မှ ၁၂ %	၅ နှစ်မှ ၇ နှစ်	Customs Act 1969
သတ်မှတ်ထားသည့်ဆေးပစ္စည်း အစိတ်အပိုင်းများတင်သွင်းခြင်း	Value Added Tax	၀ % မှ ၁၅ %	-	Value Added Tax and Supplementary Duty Act, 2012
နိုင်ငံခြားသားဝန်ထမ်းများ၏ လစာ	ဝင်ငွေခွန်	၀ % မှ ၂၅ %	၃ နှစ်	-
အမြတ်ငွေပြန်လည်ရင်းနှီးမြှုပ်နှံခြင်း	ဝင်ငွေခွန်	၁၀% မှ ၄၀%	-	Income Tax Ordinance of 1984

အရင်းအမြစ်: KPMG Investment Guide Bangladesh, https://home.kpmg/bd/en/home/insights/2020/09/bangladesh_investment_guide.html.

၇၇။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဆေးဝါးထုတ်လုပ်မှုကဏ္ဍ၏ ဈေးကွက် ၈၀ ရာခိုင်နှုန်းကျော်ကို ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များက လွှမ်းမိုးထားပြီး ၎င်းအချက်သည် သိသာသည့်ပြောင်းလဲမှုတစ်ခုဖြစ်ပါသည်။ ၁၉၈၅ ခုနှစ်တွင် နိုင်ငံ၏ ထိပ်တန်းဆေးဝါးလုပ်ငန်းများသည် နိုင်ငံတကာကုမ္ပဏီများ (Multinational Companies - MNCs) ဖြစ်သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ပြည်တွင်းကုမ္ပဏီများက နေရာယူလျက်ရှိသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

ဇယား (၁ - ၁ - ၂)။ ၂၀၂၀ ပြည့်နှစ်တွင် လုပ်ကိုင်လျက်ရှိသည့် MNCs နှင့် ပြည်တွင်းကုမ္ပဏီများ

စဉ်	၁၉၈၅ ခုနှစ်		၂၀၂၀ ပြည့်နှစ်	
	လုပ်ငန်းအမည်	မှတ်ချက်	လုပ်ငန်းအမည်	မှတ်ချက်
၁။	Square Pharmaceuticals Ltd.	Local	Square Pharmaceuticals Ltd.	Local
၂။	BPI Ltd.	MNC	Incepta Pharmaceuticals	Local
၃။	Glaxosmithkline Ltd.	MNC	Beximco Pharmaceuticals Ltd.	Local
၄။	Opsonin Pharmaceuticals Ltd.	Local	Opsonin Pharmaceuticals Ltd.	Local
၅။	Pfizer Ltd.	MNC	Renata Ltd.	Local
၆။	Fisons Ltd.	MNC	Eskayef Bangladesh Ltd.	Local
၇။	Gonoshasthya Kendra	Local	Acme Pharmaceuticals Ltd.	Local
၈။	MSD Co., Ltd.	MNC	ACI Ltd.	Local
၉။	Ciba Geigy	MNC	Aristopharma Ltd.	Local
၁၀။	Hoechst	MNC	Drug International Ltd.	Local

အရင်းအမြစ် : IQVIA 2020. Pharmaceutical Manufacturing in Bangladesh by Padmashree Gehl Sampath. http://www.pharmatips.in/Articles/Pharma-Companies/Top-Pharmaceutical-Companies-In-Bangladesh.aspx,

၇၈။ နိုင်ငံတွင်း ဆေးဝါးထုတ်လုပ်မှုအနေဖြင့် ဘင်္ဂလားဒေ့ရှ်ဆေးဝါးစက်ရုံများဆိုင်ရာ အသင်း (Bangladesh Association of Pharmaceutical Industries - BAPI)[၁၂] ၏ စာရင်းများအရ လိုင်စင်ရဆေးဝါးကုမ္ပဏီ ၁၇၃ ခုရှိပြီး ထုတ်လုပ်သည့်ဆေးဝါးများ၏ ၈၀ ရာခိုင်နှုန်းသည် Generic Drugs ဖြစ်ပြီး ကျန် ၂၀ ရာခိုင်နှုန်းသည် Patented Drugs များဖြစ်ပါသည်။ ထုတ်လုပ်သည့်ဆေးဝါးပုံစံများအရ အမျိုးအစား ၅ မျိုးခွဲခြားထားပြီး ၎င်းတို့မှာ Allopathic (အနောက်တိုင်းဆေးဝါး)၊ Ayurvedic (ရှေးခေတ်ဆေးဝါး)၊ Unani (အိန္ဒိယဆေးဝါး)၊ Herbal (ပရဆေး)၊ Homeopathic and Biochemic (သဘာဝပစ္စည်းနှင့် ဓာတုပစ္စည်းသုံးဆေးဝါး) တို့ဖြစ်ပါသည်။ ဆေးဝါးစီမံခန့်ခွဲရေးဆိုင်ရာညွှန်ကြားရေးမှူးချုပ်ရုံး (Directorate General of Drug Administration - DGDA) က ထုတ်ပြန်ထားသည့် ဆေးအမျိုးအစားအလိုက် မှတ်ပုံတင်ထားရှိသော အမှတ်တံဆိပ်အရေအတွက်စုစုပေါင်းသည် ၄၆,၁၆၈ မျိုးဖြစ်ပါသည်။ ထို့ပြင် ကာကွယ်ဆေးနှင့် ကိုယ်ခံအားမြှင့်တင်ခြင်းဆိုင်ရာသီးခြားဆေးဝါးအမျိုးအစား ၃၄ မျိုးကို ပြည်တွင်း၌ ထုတ်လုပ်ပြီး အခြား ၅၅ မျိုးကို ပြည်ပမှ တင်သွင်းလျက်ရှိပါသည်။ နိုင်ငံအတွင်းရှိ ဆေးဝါးထုတ်လုပ်မှုသည် နိုင်ငံသားများ၏ ဆေးဝါးလိုအပ်ချက်အပေါ် ၉၈ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးနိုင်ခြင်းကြောင့် အလားအလာကောင်းသောဆေးဝါးထုတ်လုပ်မှုကဏ္ဍတစ်ခုဖြစ်ကြောင်း ပေါ်လွင်လျက်ရှိပါသည်။

၇၉။ ဆေးဝါးထုတ်လုပ်မှုအတွက် အရေးပါသည့် ကုန်ကြမ်းများတင်သွင်းရာတွင် စျေးနှုန်းပြိုင်ဆိုင်မှုရှိခြင်း၊ ပြည်ပရှိ စက်ရုံများပိတ်ခြင်းကြောင့် ကုန်ကြမ်းတင်သွင်းရန် ကြန့်ကြာခြင်းနှင့် အချိန်မီထုတ်လုပ်နိုင်ရန် အခက်အခဲရှိခြင်း စသည့် အခက်အခဲများ ရှိနေခဲ့သည်။ ပြည်တွင်းတွင် နာမည်ကြီးဆေးဝါးကုမ္ပဏီများစွာရှိသော်လည်း ဆေးဝါးကုန်ကြမ်း (Active Pharmaceutical Ingredients - APIs) အမျိုး ၄၀၊ စုစုပေါင်း စျေးကွက်လိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နိုင်သဖြင့် ပြည်ပနိုင်ငံများ အထူးသဖြင့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ အီတလီနိုင်ငံနှင့် ဂျာမနီနိုင်ငံများမှ တင်သွင်းလျက်ရှိပါသည်။ အဆိုပါအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် အစိုးရမှ APIs Park ကို ၂၀၀၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။

[၁၂] http://www.bapi-bd.com/

ဆေးဝါးကုန်ကြမ်းထုတ်လုပ်သည့်ဇုန် (Active Pharmaceutical Ingredients Park – APIs Park)

၈၀။ အဆိုပါ API Park သည် Munshiganj ဒေသရှိ မြေရေယာဧက ၂၀၀ အတွင်း အကောင်အထည်ဖော်မည့် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဖြစ်ပြီး အဓိက ဦးစီးဆောင်ရွက်သည့်အဖွဲ့အစည်းသည် Bangladesh Associations of Pharmaceutical Industries (BAPI) ဖြစ်ပါသည်။ မူလစီမံကိန်းပြီးစီးမည့်အချိန်ကို ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလဟု ခန့်မှန်းခဲ့သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာကြန့်ကြာမှုများကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် ပြီးစီးခဲ့ပါသည်။ API Park ၏ လုပ်ကွက်အမှတ် ၄၂ ခုတွင် ဆေးဝါးကုန်ကြမ်းပံ့ပိုးပေးနိုင်မည့် ကုမ္ပဏီ ၂၈ ရုံ ပါဝင်ဆောင်ရွက်မည် ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများအနေဖြင့် ဝင်ငွေခွန်၊ VAT အပါအဝင် အခြားသောအခွန်အကောက်များ ကင်းလွတ်ခွင့်ကို ၂၀၃၂ ခုနှစ်အထိ ခံစားရရှိနိုင်မည်ဖြစ်ပါသည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု တန်ဖိုးသည် ဘင်္ဂလားဒေ့ရှ်တာကာ ၄၀၀၀ သန်း (အမေရိကန်ဒေါ်လာ ၄၇.၁၃ သန်း) ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်း ၂၅,၀၀၀ ဖန်တီးပေးနိုင်မည်ဖြစ်ကာ ကုန်ကြမ်းသွင်းကုန်ပမာဏ လျော့ချနိုင်ခြင်းနှင့် ထုတ်ကုန်များ ပြည်ပသို့ တင်ပို့နိုင်ရန် စီစဉ်ထားခြင်းတို့ကြောင့် ကောင်းမွန်သည့် စီးပွားရေးတိုးတက်မှုတစ်ခု ပေါ်ပေါက်လာနိုင်မည်ဖြစ်ပါသည်။[၁၃]


ကုန်သွယ်မှု

၈၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ တင်သွင်းမှုသည် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၄၈၆.၉၅၂ သန်းဖြစ်ပြီး တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၁၁.၂၂၁ သန်းဖြစ်ပါသည်။ တင်သွင်းသည့်ပစ္စည်းများသည် ဆေးဝါးကုန်ကြမ်းနှင့် ဆေးပစ္စည်းကိရိယာများဖြစ်ပါသည်။ ၂၀၀၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၁၀ နှစ်အတွင်း ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ တင်သွင်းမှုနှင့် တင်ပို့မှုစာရင်းမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်-

---


[၁၃] Pharmaceutical Industry of Bangladesh (3rd Edition) (2019) by Md. Abdullah Al Faisal, www.arx.cfa/~/media/2A85F9B2CEAB43CFAF325AB54F3EF404.ashx

ပုံပြဂရပ် (၁ - ၁ - ၁)။ နှစ်အလိုက် ဆေးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်းတင်သွင်းမှုနှင့် တင်ပို့မှုတန်ဖိုး (အမေရိကန်ဒေါ်လာသန်း)



အရင်းအမြစ် - www.ceicdata.com။

ပုံပြဂရပ် (၁ - ၁ - ၂)။ ဆေးနှင့် ဆေးပစ္စည်းကိရိယာတင်ပို့မှု၊ တင်သွင်းမှုနှင့် Nominal Growth Rate (%) တို့၏ နှစ်အလိုက် တိုးတက်ပြောင်းလဲမှု




အရင်းအမြစ် - www.ceicdata.com/en/indicator/bangladesh/nominal-gdp-growth/။

၈၂။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ပို့ကုန်မြှင့်တင်ရေးဗျူရို (Export Promotion Bureau) ၏ အချက်အလက်များအရ ၂၀၁၉ ခုနှစ်တွင် နိုင်ငံပေါင်း ၁၁၈ နိုင်ငံ၊ ၂၀၁၈ ခုနှစ်တွင် ၁၂၁ နိုင်ငံနှင့် ၂၀၁၇ ခုနှစ်တွင် ၁၀၃ နိုင်ငံတို့သို့ ဆေးဝါးတင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၎င်းအနက် ၂၁ နိုင်ငံကိုသာ စုစုပေါင်းတင်ပို့မှု၏ ၈၈ ရာခိုင်နှုန်းကို တင်ပို့ခဲ့ပြီး ကျန် ၉၇ နိုင်ငံကို ၁၂ ရာခိုင်နှုန်း တင်ပို့ခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှုသည် အဆင့်မြင့်မားသော်လည်း တင်ပို့မည့်နိုင်ငံများ၏ စျေးကွက်အနေအထား၊ သုံးစွဲသူများ၏ စိတ်တိုင်းကျမှု၊ ကမ္ဘာ့ဆေးဝါး

ဈေးကွက်နှင့် ဆေးဝါးဆိုင်ရာသဘောတူညီချက်၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို လေ့လာရန် အားနည်းခြင်းကြောင့် အခြားနိုင်ငံကြီးများနှင့်နှိုင်းယှဉ်ပါက ဆေးဝါးတင်ပို့မှုနယ်ပယ်တွင် ကြီးစိုးနိုင်ရန် အခြေအနေလျော့ပါးနေရခြင်းဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ပြန်သည့် ပို့ကုန်မြှင့်တင်ရေးဗျူရို၏ စာရင်းအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဆေးဝါးပစ္စည်းတင်ပို့သည့် နိုင်ငံများ၏ စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပုံပြဂရပ် (၁ - ၁ - ၃)။ ၂၀၁၉ - ၂၀၂၀ ခုနှစ်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဆေးဝါးပစ္စည်း တင်ပို့သည့် နိုင်ငံများစာရင်း



အရင်းအမြစ် - https://www.thefinancialexpress.com.bd/views/bangladeshs-pharmaceutical-export-an-overview-1604586993။

၈၃။ ပြည်တွင်းထုတ်လုပ်သူများ၏ ထုတ်လုပ်မှုတိုးတက်လာခြင်းကြောင့် ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် ဆေးဝါးထုတ်လုပ်ရောင်းချခြင်းမှ ပြည်ပပို့ကုန်ဝင်ငွေရရှိမှုသည် ၂၅.၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါသည်။[၁၄] ၂၀၂၀ ပြည့်နှစ်တွင် စုစုပေါင်းပို့ကုန်၏ ၀.၃၃ ရာခိုင်နှုန်းသည် ဆေးဝါးထုတ်လုပ်မှုဈေးကွက်မှဖြစ်ပြီး ၎င်းပမာဏသည် အတော်အသင့် နည်းပါးသော်လည်း ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံတစ်ခုအနေဖြင့် ထူးခြားသောအောင်မြင်မှုတစ်ခုဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နာမည်ကြီးဆေးဝါးကုမ္ပဏီများဖြစ်သည့် Square Pharmaceuticals Ltd.၊ Beximco Pharmaceuticals Ltd. နှင့် ACME Laboratories Ltd. တို့သည် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၆၀ သို့ ဆေးဝါးများ တင်ပို့လျက်ရှိပြီး အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန (USFDA) ၏ တရားဝင်ခွင့်ပြုချက် ရရှိထားသဖြင့် အမေရိကန်နိုင်ငံသို့ ဆေးဝါးတင်ပို့ခွင့် ရရှိထားသောကုမ္ပဏီများဖြစ်သည်ကို

[၁၄] Pharmaceutical Industry of Bangladesh (3rd Edition) (2019) by Md. Abdullah Al Faisal (Research Associate).

ကြည့်ခြင်းအားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံတကာအဆင့်မီ ဆေးဝါးထုတ်လုပ်နိုင်မှု အဆင့်အတန်းကို ဖော်ပြလျက်ရှိပါသည်။

အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်

၈၄။ ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းတွင် အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်သည် အရေးပါပြီး တီထွင်ဖန်တီးမှုအသစ်များပြုလုပ်နိုင်ရန် တွန်းအားတစ်ခုလည်းဖြစ်ပါသည်။ အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်သည် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်၊ ထုတ်လုပ်သည့် ပစ္စည်းအမျိုးအစားအပေါ် မူတည်၍ သတ်မှတ်ထားသည့်နှုန်းထားကို မူပိုင်ခွင့်ရရှိထားသူထံ ပေးချေရခြင်းဖြစ်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ် ပိုမိုမြင့်တက်စေပါသည်။

၈၅။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အပါအဝင် ဖွံ့ဖြိုးမှုနည်းပါးသည့် ၄၉ နိုင်ငံပါဝင်ပြီး ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်း (WTO) ၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့် (TRIPS)[၁၅] သဘောတူညီချက်အရ စာချုပ်ဝင်နိုင်ငံများသည် ဆေးဝါးများကို ၂၀၀၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း လွတ်လပ်စွာ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ရဆေးဝါးများကို ကြိုတင်ခွင့်ပြုချက်ရယူရန် မလိုအပ်ဘဲ Generic Drugs ပုံစံပြင်ဆင်နိုင်ကြောင်းနှင့် ၎င်းဆေးဝါးသည် တင်ပို့မည့်နိုင်ငံတွင် မူပိုင်ခွင့်ရဆေးဝါးဟု သတ်မှတ်ထားခြင်းမရှိပါက အလွယ်တကူတင်ပို့နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံတစ်ခုဖြစ်သဖြင့် အဆိုပါသတ်မှတ်ချက်ကို ၂၀၃၃ ခုနှစ်အထိ ထပ်မံသက်တမ်းတိုးမြှင့်ကြောင်း ၂၀၁၅ ခုနှစ်တွင် သတ်မှတ်ခဲ့ပါသည်။[၁၆] ထို့ကြောင့် ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများ အသစ်စတင်ဆောင်ရွက်ရန် အားပေးရာရောက်ပြီး ဆေးဝါးသုတေသနဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုအားစိုက်ထုတ်နိုင်မည်ဖြစ်ပါသည်။ အဆိုပါသဘောတူညီချက်များသည် နိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှုအခန်းကဏ္ဍကို ပိုမိုတိုးတက်စေပြီး အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ဆေးဝါးထုတ်လုပ်မှု အတော်အသင့် အဆင့်မြင့်နေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ကောင်းမွန်သည့် အလားအလာတစ်ခုလည်းဖြစ်ပါသည်။

---

[၁၅] Agreement on Trade-related aspects of Intellectual Property Rights. https://www.wto.org/english/docs_e/legal_e/27-trips.pdf

[၁၆] Pharmaceutical Industry of Bangladesh (3rd Edition) (2019) by Md. Abdullah Al Faisal.

ဆေးသုတေသန

၈၆။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အရည်အသွေးပြည့်မီသည့် ဆေးဝါးဆိုင်ရာသုတေသန မြောက်များစွာ ပေါ်ထွက်လာနိုင်ရေးကိုလည်း များစွာအလေးထားသည့်နိုင်ငံဖြစ်သည်နှင့် အညီ ကျန်းမာရေးဆိုင်ရာသုတေသနများကို တာဝန်ယူဆောင်ရွက်ရန်အတွက် ကျန်းမာရေးနှင့် မိသားစုရေးရာဝန်ကြီးဌာနအောက်တွင် ဘင်္ဂလားဒေ့ရှ်ဆေးဝါးသုတေသနဆိုင်ရာကောင်စီ (Bangladesh Medical Research Council)[၁၇] ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ၁၉၇၂ ခုနှစ်၌ စတင်ဖွဲ့စည်းခဲ့သည်။ အဆိုပါကောင်စီ၏ ရည်ရွယ်ချက်များမှာ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ သိပ္ပံပညာရပ်များနှင့်စပ်လျဉ်းသည့်ပြဿနာရပ်များကို ဖော်ထုတ်အဖြေရှာခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်များ၊ ရည်မှန်းချက်များ၊ မူဝါဒများနှင့် ရည်ရွယ်ချက်များအပေါ် အခြေခံသည့် ဦးစားပေးလုပ်ကိုင်ရမည့် သုတေသန နယ်ပယ်များကို သတ်မှတ်ခြင်းတို့ဖြစ်ပါသည်။[၁၈]

၈၇။ ဘင်္ဂလားဒေ့ရှ်ဆေးဝါးသုတေသနဆိုင်ရာကောင်စီ၏ လုပ်ငန်းတာဝန်မှာ သုတေသနအတွက် လိုအပ်သည့် အထောက်အပံ့များ ပံ့ပိုးပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်းနှင့် သုတေသနရလဒ်များကို အများပြည်သူသို့ အသိပေးဖြန့်ဝေခြင်းစသည်တို့ကို အားကောင်းလာစေရန် လုပ်ဆောင်ပေးခြင်းမှတစ်ဆင့် ကျန်းမာရေးသုတေသနများကို တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတစ်ဝန်းရှိ လူဦးရေတစ်ရပ်လုံးကို ထိရောက်မှုရှိပြီးအရည်အသွေးမြင့်မားသည့် ကျန်းမာရေးစောင့်ရှောက်မှုအထောက်အပံ့ကောင်းများ ဖန်တီးပေးနိုင်ရန်ဖြစ်ပါသည်။ ၁၉၉၁ ခုနှစ် ဇန်နဝါရီလမှစတင်၍ ဘင်္ဂလားဒေ့ရှ်ဆေးဝါးသုတေသနဆိုင်ရာကောင်စီရှိ ကျွမ်းကျင်ပညာရှင်များသည် ဦးစားပေးလုပ်ဆောင်ရမည့် သုတေသနနယ်ပယ်များကို သတ်မှတ်ပေးလျက်ရှိပြီး သုတေသနပြုလုပ်လိုသည့်သူများသည် ဘင်္ဂလားဒေ့ရှ်ဆေးဝါးသုတေသနဆိုင်ရာကောင်စီ၏ ဝက်ဘ်ဆိုဒ်တွင် လျှောက်လွှာတင်၍ သတ်မှတ်ချက်နှင့် ပြည့်စုံသည့် စာတမ်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်အထောက်အပံ့နှင့် အကူအညီများ ပေးလျက်ရှိပါသည်။ ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ကောင်စီက ထောက်ပံ့ပေးခဲ့သော သုတေသနစာတမ်း ၇၅၇ ခုရှိပြီး ကျန်းမာရေးစနစ်ကို လေ့လာသုံးသပ်သည့် စာတမ်းပေါင်း ၁၄၉ ခုရှိပါသည်။

---

[၁၇] https://www.bmrcbd.org/index.php

[၁၈] https://www.bmrcbd.org/aboutus_mission.php

၈၈။ ဘင်္ဂလားဒေ့ရှ်ဆေးဝါးသုတေသနဆိုင်ရာကောင်စီသည် အရည်အသွေးပြည့်ဝသည့် သုတေသနလုပ်ငန်းများ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ ဆေးပညာဆိုင်ရာကောလိပ် ၈ ခု၌ သုတေသနအဖွဲ့များ ဖွဲ့စည်းတည်ထောင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ နှစ်စဉ်နှစ်တိုင်း ကျင်းပခြင်းတို့ကို WHO နှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာသုတေသနများမှ ထွက်ပေါ်လာသည်ရလဒ်များကို စနစ်တကျ အသုံးချနိုင်ရေးအတွက် အများပြည်သူသို့ အသိပေးဖြန့်ဝေရာတွင် ဘင်္ဂလားဒေ့ရှ် ဆေးဝါးသုတေသနဆိုင်ရာကောင်စီသတင်းလွှာ (BMRC Bulletin) ကို တစ်နှစ်လျှင် သုံးကြိမ် ထုတ်ဝေ၍ ၎င်းသတင်းလွှာတွင် ကောင်စီ၏ ငွေကြေးထောက်ပံ့မှုဖြင့် ပြုစုထားသောသုတေသနစာတမ်းများအပေါ် အခြေခံသည့် သိပ္ပံပညာရပ်ဆိုင်ရာဆောင်းပါးများ ပါဝင်ပါသည်။

၈၉။ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရန် အကောင်းဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းများအနက် တစ်ခုသည် သုတေသနနှင့် ဆန်းသစ်တီထွင်မှုပင်ဖြစ်သည်[၁၉] ဟု ခံယူထားသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လူသားမျိုးနွယ်တစ်ခုလုံးကို ခြိမ်းခြောက်လျက်ရှိသော ကိုဗစ် - ၁၉ ကပ်ရောဂါကို ထိန်းချုပ်ကာကွယ်နိုင်မည့်နည်းလမ်းများကို ကြိုးစားရှာဖွေလျက်ရှိပါသည်။ ဆေးဝါးထုတ်လုပ်မှုကဏ္ဍအဆင့်မြှင့်တင်ခြင်းနှင့်အတူ ပြည်တွင်းဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် Beximo Pharmaceutical Ltd. က ကိုဗစ် - ၁၉ ကပ်ရောဂါကို ကုသရာတွင် အသုံးပြုသည့် Remdesivir ကို ၂၀၂၁ ခုနှစ် မေလတွင် စတင်ဖြန့်ဖြူးရောင်းချနေပြီဖြစ်ပါသည်။[၂၀]

၉၀။ ၂၀၂၁ ခုနှစ် သြဂုတ်လ ၁၆ ရက်နေ့တွင် Video Conference စနစ်ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးနှင့် မိသားစုရေးရာဝန်ကြီးဌာန၊ ပြည်တွင်းကာကွယ်ဆေးထုတ်လုပ်သည့်ကုမ္ပဏီဖြစ်သော Incepta Vaccine Ltd., နှင့် တရုတ်နိုင်ငံ၏ Sinopharm Group တို့အကြား Sinopharm COVID-19 Inactivated ကာကွယ်ဆေးပူးပေါင်းထုတ်လုပ်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။[၂၁] ၎င်းနားလည်မှုစာချွန်လွှာအရ လစဉ် Sinopharm COVID-19 Inactivated ကာကွယ်ဆေးအနည်းဆုံး ၅ သန်းကို ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဝေနိုင်မည်ဖြစ်ပါသည်။

---

[၁၉] https://www.bmrcbd.org/research-area/Recommendation_Area_of_Research_for_COVID-1909. 08.20.pdf

[၂၀] https://www.reuters.com/article/us-health-coronavirus-bangladesh-remdesi-idINKBN22H1DD

[၂၁] http://www.xinhuanet.com/english/2021-08/17/c1310132683.htm

တိုင်းရင်းဆေးကဏ္ဍ

၉၁။ တိုင်းရင်းဆေးဝါးများသည် တိကျစွာသုံးစွဲပါက ဘေးထွက်ဆိုးကျိုးနည်းပါးခြင်း၊ စျေးနှုန်းသက်သာခြင်း၊ ကိုယ်တိုင်အသုံးပြုကုသနိုင်ခြင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံ အများအပြားတွင် အသုံးပြုလျက်ရှိပါသည်။ ဘင်္ဂလားဒေ့ရှ်ဆေးဝါးစက်ရုံများဆိုင်ရာအသင်း၏ စာရင်းအရ နိုင်ငံတွင်း ထုတ်လုပ်သည့်ဆေးဝါးများကို အမျိုးအစား ၅ မျိုးခွဲရာတွင် Allopathic မှတစ်ပါး ကျန်သည့် ၄ မျိုးသည် အပင်နှင့် သဘာဝပစ္စည်းများကို အခြေခံ၍ အသုံးပြုထားသည့် တိုင်းရင်းဆေးများဖြစ်ပါသည်။ တိုင်းရင်းဆေးဝါးအသုံးပြုမှုသည် အရေးပါသည့် အခန်းကဏ္ဍတစ်ခုတွင် ပါဝင်ပြီး ပြည်တွင်း ကနဦးကုသမှု၏ ၇၀ မှ ၇၅ ရာခိုင်နှုန်းအထိသည် တိုင်းရင်းဆေးဝါးများကိုသာ အသုံးပြုလျက်ရှိကြောင်း တွေ့ရှိရပါသည်။


၉၂။ အပင်ကို အခြေခံ၍ တိုင်းရင်းဆေးဝါးထုတ်လုပ်ရခြင်းကြောင့် ဆေးပင်စိုက်ပျိုးရခြင်းသည်လည်း အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းလုံး၌ ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် အပင်မျိုးစိတ် ၅၀၀ ခန့်ရှိပြီး နိုင်ငံ၏ မြောက်ပိုင်း၊ Natore ဒေသရှိ မြေရိယာ ၆၅ ဧကအတွင်း ဆေးဘက်ဝင်အပင်အမျိုးမျိုးစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသူဦးရေ ၆၀,၀၀၀ ခန့်ရှိပါသည်။ ၎င်းဒေသတွင် ရှားစောင်းလက်ပတ်အပါအဝင် အခြားသောအပင် ၃၀ မျိုးအထိ ထုတ်လုပ်လျက်ရှိပြီး အမည်အားဖြင့် Shotomul (Asparagus racemosus), Misridana နှင့် Shimul mul စသည်တို့ဖြစ်ပါသည်။[JJ] ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တိုင်းရင်းဆေးထုတ်လုပ်မှုဆိုင်ရာအဖွဲ့အစည်းများစွာရှိပြီး ၎င်းအဖွဲ့အစည်းများက သက်ဆိုင်ရာဆေးဝါးထုတ်လုပ်မှုအတွက် လိုအပ်သည့်အကူအညီများပေးနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

၉၃။ နိုင်ငံတွင်းရှိ တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီများမှာ The ACME Laboratories Ltd. (Herbal Unit) နှင့် Square Pharmaceuticals Ltd. (Herbal Division) တို့ဖြစ်ပြီး ထူးခြားချက်အနေဖြင့် အနောက်တိုင်းဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီများက တိုင်းရင်းဆေးထုတ်လုပ်သည့်ဌာနခွဲအနေဖြင့် သီးခြားဖော်ဆောင်၍ ထုတ်လုပ်လျက်ရှိခြင်းဖြစ်ပါသည်။ တိုင်းရင်းဆေးထုတ်လုပ်ခြင်းတွင် ကုန်ချောများကို ပြည်တွင်း၌ ရောင်းချခြင်းအပြင် ဆေးဝါးကုန်ကြမ်းများကို ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းစဉ်လည်းပါဝင်ပါသည်။ Export Promotion Bureau ၏ စာရင်းအရ ၂၀၁၉ - ၂၀၂၀ ခုနှစ်တွင် ပြည်ပသို့တင်ပို့သည့် တိုင်းရင်းဆေး

[JJ] https://bfti.org.bd/pdf/Herbal_products_and_medicinal_plants_BPC_research.pdf.

ကုန်ကြမ်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၈.၀၇၇ သန်းဖြစ်ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တင်ပို့သည့်ကုန်ကြမ်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄.၀၅၇ သန်းနှင့် နှိုင်းယှဉ်ပါက များစွာ တိုးတက်လာကြောင်း တွေ့ရှိရပါသည်။[၂၃] တင်ပို့သည့်ပစ္စည်းများမှာ Adovas Syrup၊ Pepnor Syrup၊ Probio Capsule၊ Arubin Capsule နှင့် Eyebill Capsule စသည်တို့ဖြစ်ပြီး အဓိက တင်ပို့သည့် နိုင်ငံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပုံပြဂရပ် (၁ - ၁ - ၄)။ ၂၀၁၉ - ၂၀၂၀ ခုနှစ်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တိုင်းရင်းဆေးကုန်ကြမ်းတင်ပို့သည့် နိုင်ငံများ



အရင်းအမြစ် - Export Promotion Bureau။

၉၄။ သို့သော် တိုင်းရင်းဆေးကဏ္ဍတိုးတက်လာစေရန် ဖော်ဆောင်ရာတွင် ထုတ်ကုန်အရည်အသွေးကောင်းမွန်ခြင်းသည် နိုင်ငံရပ်ခြား၏ ဝယ်လိုအားကို မြင့်တက်စေမည်ဖြစ်ရာ နည်းပညာမြင့်စိုက်ပျိုးရေးနှင့် ထုတ်လုပ်မှုစနစ်၊ သိုလှောင်ထိန်းသိမ်းမှုစနစ်၊ စျေးကွက် အနေအထားစူးစမ်းလေ့လာမှုစနစ် စသည်တို့ လိုအပ်မည်ဖြစ်ပါသည်။ တိုင်းရင်းဆေးဝါး ထုတ်လုပ်နိုင်ရေး Ayurvedic စနစ်အတွက် ဒီပလိုမာရရှိမည့် ကောလိပ် ၇ ခု၊ Unani စနစ်အတွက် ကောလိပ် ၁၃ ခုရှိပြီး ၎င်းစနစ် ၂ ခုလုံးသင်ကြားနိုင်မည့် ကောလိပ် ၁ ခုရှိရာ တစ်နှစ်လျှင် ခန့်မှန်းခြေအားဖြင့် ဆရာဝန် ၁၂၀၀ ဦးခန့် မွေးထုတ်ပေးလျက်ရှိပါသည်။ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးနှင့် သုတေသနလုပ်ငန်းများကို ယခုထက်ပိုမိုဦးစားပေး ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ တိုင်းရင်းဆေးကဏ္ဍတိုးတက်မှုသည် ပိုမိုထင်ရှားလာမည်ဖြစ်ပါသည်။


[၂၃] Export Promotion Bureau http://epb.gov.bd/site/view/epb_export_data/-.

သုံးသပ်ချက်

၉၅။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးနှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်မှုကဏ္ဍရှိ ဆေးဝါးထုတ်လုပ်မှုအပိုင်း၌ ပြည်တွင်းထုတ်လုပ်မှုကို အဓိကထားပြီး ဆေးဝါးကုန်ကြမ်းနှင့် ဆေးပစ္စည်းကိရိယာများကိုမူ ပြည်ပမှ တင်သွင်းလျက်ရှိပါသည်။ ဆေးဝါးထုတ်လုပ်မှုအပိုင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများထက် ပြည်တွင်းလုပ်ငန်းများ တိုးတက်ရေးကို ပိုမို အလေးပေးဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှုသမိုင်းကြောင်းအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများထံမှ နည်းပညာရယူရန် အခက်အခဲရှိခြင်းကြောင့် ပြည်တွင်းလုပ်ငန်းများ၏ သုတေသနဖွံ့ဖြိုးရေးကို ဦးစားပေးခြင်းဖြင့် နိုင်ငံတကာအဆင့်မီ ဆေးဝါးများထုတ်လုပ်နိုင်ရန် ကြိုးပမ်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၉၆။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် LDCs နိုင်ငံစာရင်းတွင် ၁၉၇၄ ခုနှစ်မှစ၍ ပါဝင်ခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် နှုတ်ထွက်ရန် မျှော်မှန်းထားရှိပါသည်။ ၎င်းတို့၏ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ သိသာထင်ရှားသည့် တိုးတက်ပြောင်းလဲမှုများ တွေ့ရှိရပြီး အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းများသည် စက်မှုဆိုင်ရာမူဝါဒ (Industrial Policy) နှင့် ကျန်းမာရေးမူဝါဒ (Health Policy) တို့ကို နှစ်ခုပေါင်း၍ ကောင်းမွန်သည့် ပုံစံတစ်ခုဖြစ်ပေါ်လာကြောင်း တွေ့ရှိရပါသည်။[၂၄]

ပုံပြဂရပ် (၁ - ၁ - ၅)။ စက်မှုမူဝါဒနှင့် ကျန်းမာရေးမူဝါဒတို့၏ ဟန်ချက်ညီမှု



အရင်းအမြစ် - https://www.eacgermany.org/storage/app/uploads/public/5fd/a30/fc6/5fda30fc68f07136175100.pdf

[၂၄] https://www.eacgermany.org/storage/app/uploads/public/5fd/a30/fc6/5fda30fc68f07136175100.pdf.

၉၇။ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်မှုအတွက် ဘက်စုံပါဝင်သည့် စက်မှုဆိုင်ရာမူဝါဒ (၂၀၀၉) (Comprehensive Industrial Policy 2009) ကို ပြဋ္ဌာန်းခဲ့ပြီး အဆိုပါမူဝါဒအရ အောက်ပါအချက်များကို ဆောင်ရွက်ပေးခဲ့ပါသည်-

(က) Import Policy Ordinance (2015) အရ ဆေးဝါးလုပ်ငန်းကဏ္ဍအတွက် တင်သွင်းသည့် ကုန်ကြမ်းများကို အခွန်သက်သာခွင့်ပေးခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွန်ကင်းလွတ်ခွင့်ကို ၅ နှစ်မှ ၇ နှစ်အထိ သတ်မှတ်ပေးခြင်း၊

(ဂ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေရန် သက်ဆိုင်ရာတက္ကသိုလ်နှင့် ကောလိပ်များမှ ဘွဲ့ရရှိသူများကို ဆေးဝါးကုမ္ပဏီများနှင့် ချိတ်ဆက်၍ အလုပ်အကိုင်ဖန်တီးပေးခြင်း၊

(ဃ) ဆေးဝါးကုန်ကြမ်းများပံ့ပိုးပေးနိုင်သည့် စက်မှုဇုန် APIs Park စီစဉ်ပေးခြင်း၊

(င) APIs များတင်ပို့ခြင်းနှင့် ဆေးဝါးကုန်ချောများတင်ပို့ခြင်းအတွက် ပို့ကုန်ခွန်သက်သာခွင့်ပေးခြင်း။

၉၈။ ထို့ပြင် ကျန်းမာရေးဆိုင်ရာမူဝါဒပိုင်းအနေဖြင့် အမျိုးသားဆေးဝါးမူဝါဒ (၁၉၈၂) (National Drug Policy 1982) ကို ပြင်ဆင်သည့် အမျိုးသားဆေးဝါးမူဝါဒ (၂၀၀၅) ကို ပြဋ္ဌာန်းခဲ့ပြီး ၎င်းမူဝါဒတွင် အဓိကအားဖြင့် ပြည်တွင်းနှင့် ပြည်ပဆေးဝါးကုမ္ပဏီများ၏ ထုတ်လုပ်ဖြန့်ဖြူးမှုကို အားပေးရန်၊ တန်းတူညီမျှအခွင့်အရေးပေးရန်၊ ပြည်တွင်းတွင် ကုန်ကြမ်းများ ပိုမိုထုတ်လုပ်နိုင်ရေး ပံ့ပိုးပေးရန်၊ သုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး စီစဉ်ပေးရန် တို့ပါဝင်ပြီး ပြည်သူများဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများကို သင့်တင့်သည့်ဈေးနှုန်းဖြင့် လွယ်ကူလျင်မြန်စွာ ဝယ်ယူရရှိနိုင်ရေးအတွက် ရည်ရွယ်ပါသည်။ ဆက်လက်၍ အမျိုးသားဆေးဝါးမူဝါဒ (၂၀၁၆) ကို ထပ်မံပြဋ္ဌာန်းခဲ့ပြီး ဆေးဝါးပို့ကုန်မြှင့်တင်ရန်၊ အရည်အသွေးပြည့်မီရေး စောင့်ကြပ်ကြည့်ရှုရန်၊ ပြည်သူများအနေဖြင့် စိတ်ချလုံခြုံမှုရှိသော ဆေးဝါးများ ပိုမိုလက်လှမ်းမီစေရန် စသည့်အချက်များ ဖြည့်စွက်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၉၉။ မူလစီမံကိန်းများအပြင် ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ဆေးဝါးပစ္စည်းပြတ်လပ်မှုများ ဖြစ်ပေါ်ပါက လူထုထံသို့ အရည်အသွေးမီ ဆေးဝါးများ

အချိန်မီရရှိစေရန်အတွက် ၂၀၂၀ ပြည့်နှစ် ကိုဗစ် - ၁၉ ကပ်ရောဂါဆိုင်ရာစီမံချက်[၂၅] ကို ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာညွှန်ကြားမှုဦးစီးဌာန (Director General of Health Services) က ရေးဆွဲထုတ်ပြန်ခဲ့ပါသည်။ အဆိုပါစီမံချက်သည် ကိုဗစ် - ၁၉ ကပ်ရောဂါ ကူးစက်မှုနှင့်စပ်လျဉ်း၍ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများကို ပေးနိုင်ရန်ဖြစ်ပြီး ဆေးရုံတက်ရောက်မှုနှုန်း၊ သေဆုံးမှုနှုန်းလျော့ချနိုင်ရေး၊ ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် ဝန်ဆောင်မှုများရရှိနိုင်ရေး၊ ကူးစက်ခံရနိုင်မှု အများဆုံးဦးစားပေးအုပ်စုများကို အကာအကွယ်ပေးရေးတို့အပြင် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာထိခိုက်မှုများကို လျော့ချနိုင်ရန်နှင့် မူလအနေအထားသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

၁၀၀။ စီမံချက်အရ နိုင်ငံတွင်း ကိုဗစ် - ၁၉ ကပ်ရောဂါ ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်စေရန်၊ ဆေးနှင့် ကျန်းမာရေးသုံးပစ္စည်းများဈေးကွက်တွင်း ပြတ်လတ်မှုမရှိစေရန် COVID-19 Online Reporting System (COVID-19 Dashboard)[၂၆] ကိုတည်ထောင်ထားပြီး ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားမှုကို သတင်းပေးပို့ခြင်း၊ အကူအညီတောင်းခံခြင်းတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ၎င်း၏ အားသာချက်မှာ ဈေးကွက်တွင်းရှိ ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ရေးဆိုင်ရာပစ္စည်းများဖြစ်သည့် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ ခွဲစိတ်ခန်းသုံးလက်အိတ် (Surgical Gloves)၊ PPE ဝတ်စုံ၊ ပိုးသတ်ဆေးရည် (Sanitizer)၊ မျက်နှာကာ (Face, Head, Eye Shield) နှင့် အသက်ရှူစက် (Ventilator) တို့အပြင် ကူးစက်ရောဂါဆိုင်ရာအခြေခံအိမ်သုံးဆေးဝါးများ စသည်တို့ကို ဝယ်ယူရရှိနိုင်မည့်နေရာများနှင့် ပစ္စည်းလက်ကျန်တို့ကို ဖော်ပြထားခြင်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြည်သူများလွယ်ကူစွာ စိစစ်ကြည့်ရှုဝယ်ယူနိုင်မည်ဖြစ်သကဲ့သို့ အစိုးရနှင့် ထုတ်လုပ်သူများအနေဖြင့်လည်း ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးစီစဉ်နိုင်သည်ကို တွေ့ရှိရပါသည်။

၁၀၁။ ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာညွှန်ကြားမှုဦးစီးဌာန (DGHS) ၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Logistics Working Group) က ဌာနမှ သတ်မှတ်ထားသော ဦးစားပေးလိုအပ်သည့် ဆေးနှင့် ကျန်းမာရေးသုံးပစ္စည်းများ၊ WHO က ခန့်မှန်းထားသည့် ပိုမိုလိုအပ်လာနိုင်သောပစ္စည်းများကို ၃ လကြိုတင်၍ ပစ္စည်းရရှိထားရေး စီမံကိန်း (3-month Supplies Plan) ကို စီမံဆောင်ရွက်လျက်ရှိပြီး ဗဟိုဆေးဝါးထိန်းသိမ်းရေးဌာန (Central Medical Store Depot, CMSD) က ပြည်တွင်း၊ ပြည်ပဈေးကွက်မှ အချိန်မီ ဝယ်ယူရရှိနိုင်ရေးညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးနှင့်

[၂၅] Bangladesh Preparedness and Response Plan: COVID-19 Monthly SITREP | United Nations in Bangladesh.
[၂၆] https://scmpbd.org/index.php/covid-19-dashboard

ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်မှုဆိုင်ရာ မူဝါဒနှင့် စီမံကိန်းများသည် သင့်တင့်ကောင်းမွန်မှုရှိသော်လည်း လက်ရှိဖြစ်ပွားနေသော ကိုဗစ် - ၁၉ ကပ်ရောဂါ၏ မျိုးရိုးဗီဇပြောင်းလဲမှု လျင်မြန်စွာကူးစက်နိုင်မှုသံသရာမှ လွတ်မြောက်နိုင်ရန် အစွမ်းကုန် ကြိုးစားနေရဆဲဖြစ်ပါသည်။ ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံတစ်ခုအနေဖြင့် နည်းပညာအခက်အခဲရှိခြင်းသည် ပုံမှန် ဖြစ်သော်လည်း လက်ရှိအချိန်တွင် ကိုဗစ် - ၁၉ ကပ်ရောဂါကုသဆေးနှင့် ကာကွယ်ဆေးများ ထုတ်လုပ်နိုင်သည်အထိ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာအခြေခံအဆောက်အဦနှင့် လူစွမ်းအားအရင်းအမြစ်များ ဖန်တီးထားနိုင်ခြင်းသည် သိသာထင်ရှားသည့် ပြောင်းလဲမှုတစ်ခုဖြစ်ပါသည်။ ဆေးဝါးကုန်ကြမ်းများပံ့ပိုးနိုင်မည့် API Park ကို တည်ထောင်ထားခြင်းဖြင့် အနာဂတ်တွင် သွင်းကုန်လျော့ချ၍ ပို့ကုန်တိုးမြှင့်နိုင်မည်ဖြစ်ပါသည်။ ဆေးပစ္စည်းကိရိယာထုတ်လုပ်မှုအပိုင်းတွင်မူ အစိုးရ၏ ပံ့ပိုးမှု အားနည်းလျက်ရှိပြီး သွင်းကုန်ကိုသာ မှီတည်အသုံးပြုနေရကြောင်း တွေ့ရှိရပါသည်။

ဆက်လက်ဆောင်ရွက်နိုင်ချေရှိသည့်လုပ်ငန်းစဉ်များ

၁၀၂။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးနှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်မှုကဏ္ဍတွင် ပြည်တွင်းထုတ်လုပ်မှုသည် ပြည်တွင်းသုံးစွဲမှု၏ ၉၈ ရာခိုင်နှုန်း ပြည့်မီသော်လည်း ဆေးဝါးကုန်ကြမ်းများ တင်သွင်းနေရမှုလျော့ချရန် နှင့် ပို့ကုန်တိုးမြှင့်နိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပတင်ပို့မှုသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ယှဉ်ပြိုင်နေရခြင်းကြောင့် မူလကပင် မျှော်မှန်းထားသလောက် အောင်မြင်ခြင်းမရှိသည့်အပြင် ၎င်းကိစ္စရပ်သည် ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် ပိုမိုလျော့ကျလျက်ရှိပါသည်။ API Park တိုးတက်၍ ကုန်ကြမ်းများပြည်တွင်း လုံလောက်အောင် ထုတ်လုပ်ကာ ပြည်ပတင်ပို့နိုင်ရေးနှင့် ကုန်ချော များ ပြည်ပတင်ပို့နိုင်ရေးတို့ကို ပိုမိုဦးစားပေးဆောင်ရွက်မည်ဖြစ်ပါသည်။

၁၀၃။ ထို့ပြင် ဆေးဝါးထုတ်လုပ်မှုနှင့် သက်ဆိုင်သည့် မူဝါဒနှင့် ဥပဒေပိုင်းဆိုင်ရာပြင်ဆင်မှုများကိုလည်း ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိပြီး ဥပမာအားဖြင့် API Park အတွက် လိုအပ်သည့် ထုတ်လုပ်မှုများနှင့်သက်ဆိုင်သည့် ပစ္စည်းများအတွက် Value Added Tax ၁၅ % ကင်းလွတ်ခွင့်အပေါ် စိစစ်သုံးသပ်ခြင်း စသည့်အချက်များ ပါဝင်မည်ဖြစ်ပါသည်။[၂၇] အဆိုပါ ပြင်ဆင်ချက်များသည် လုပ်ငန်းဆောင်ရွက်မှုအပေါ်မူတည်၍ လိုအပ်သည်များကို ပြုပြင်ရန်

[၂၇] Pharmaceutical Industry of Bangladesh (3rd Edition) (2019) by Md. Abdullah Al Faisal, www.arx.cfa/~/media/2A85F9B2CEAB43CFAF325AB54F3EF404.ashx

ရေရှည်ဆောင်ရွက်သွားရမည့် ကိစ္စရပ်များဖြစ်ပါသည်။ ကိုဗစ် - ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် အခြားသောစီးပွားရေးလုပ်ငန်းများနည်းတူ ထိခိုက်နစ်နာခဲ့ရသည့်ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများကို ကူညီပေးနိုင်ရန် စီစဉ်ခြင်းသည် ကပ်ရောဂါကာလအတွင်း နိုင်ငံအတွက် အရေးပါသည့်လုပ်ငန်းကဏ္ဍကို ထိရောက်စွာ ပံ့ပိုးပေးရာရောက်မည်ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဆေးနှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်မှုကဏ္ဍကို ဦးစားပေးမြှင့်တင်၍ ဒေသတွင်းနိုင်ငံများအနက် ကောင်းမွန်ထိရောက်သည့် ဆေးဝါးများကို ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ခြင်း၊ ခေတ်ကာလနှင့်လျော်ညီသည့် အွန်လိုင်းစနစ်ဖြင့် စောင့်ကြပ်ကြည့်ရှု၍ သတင်းအချက်အလက်ရယူနိုင်ခြင်း၊ ခိုင်မာသည့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများရှိခြင်းတို့ကြောင့် နောင်လာမည့်နှစ်များတွင် ပြီးပြည့်စုံသည့် စံနှုန်းမူနာတစ်ခုကို ဖော်ဆောင်နိုင်ချေရှိပါသည်။

စိန်ခေါ်မှုများ

၁၀၄။ သို့သော် ၎င်းရည်မှန်းချက်ကို နှောင့်နှေးကြန့်ကြာစေနိုင်မည့် အောက်ပါအချက်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အရှိန်အဟုန်ဖြင့် အောင်မြင်နေသော ဆေးနှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်မှုကဏ္ဍကို ထိခိုက်စေနိုင်သည့် စိန်ခေါ်မှုများဖြစ်ပါသည်-

(က) ၂၀၂၆ ခုနှစ်တွင် LDCs စာရင်းမှ နှုတ်ထွက်ရန် စီစဉ်ထားခြင်းကြောင့် LDCs အနေဖြင့် ခံစားခွင့်ရရှိထားသည့် ကုန်သွယ်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ခံစားခွင့်များ ရပ်တန့်နိုင်ခြင်း။

(ခ) WTO ၏ TRIPs ဆိုင်ရာ ဆေးဝါးမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ခံစားခွင့်များသည် ၂၀၃၃ ခုနှစ်တွင် ရပ်တန့်မည်ဖြစ်ခြင်း။

(ဂ) အခြားကုန်ထုတ်လုပ်ငန်းများကဲ့သို့ အချိန်တိုအတွင်း တည်ထောင်ရန် မလွယ်ကူသည့် သုတေသနနှင့် နည်းပညာဆိုင်ရာအခြေခိုင်မာစေရေးအတွက် စီစဉ်ရခြင်းကြောင့် လုပ်ငန်းခိုင်မာအောင် တည်ဆောက်ရန် ကြန့်ကြာမှုများရှိခြင်း။

(ဃ) ပြည်တွင်းထုတ်လုပ်မှုအများစုသည် ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီသော်လည်း ပို့ကုန်ရငွေတိုးတက်စေရန် ပြည်ပသို့ တင်ပို့ရာ၌ နိုင်ငံတကာစျေးကွက်တွင် အမှတ်တံဆိပ်ပြိုင်ဆိုင်မှုမြင့်မားခြင်း။

(င) စီမံချက်များကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူဦးရေများပြားခြင်းကြောင့် ဌာနဆိုင်ရာ Online Platform များကို တစ်စုတစ်စည်းတည်း ချိတ်ဆက်ရန် လိုအပ်မှုရှိခြင်း။

၁၀၅။ နိုင်ငံ၏ ကျန်းမာရေးကဏ္ဍတိုးတက်ခြင်းသည် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး ကဏ္ဍများကိုပါ ကောင်းမွန်သည့် အကျိုးသက်ရောက်မှုဖြစ်စေနိုင်သောကြောင့် ကျန်းမာရေး စောင့်ရှောက်မှုပေးရာ၌ အဓိကကျသည့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချမှုအပိုင်းတွင် အစိုးရ၊ ပြည်သူနှင့် စီးပွားရေးလုပ်ငန်းများရှင်များ ပူးပေါင်း၍ အခြား နိုင်ငံများ၏ နမူနာကောင်းများကို ရယူကာ ပြင်ဆင်ဆောင်ရွက်သွားကြရန် လိုအပ်မည် ဖြစ်ပါသည်။ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေးသည် နိုင်ငံ၏ စီးပွားရေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒတို့ ခိုင်မာရမည့်အပြင်ထုတ်လုပ်သူနှင့် သုံးစွဲသူများ အတွက် လွယ်ကူအဆင်ပြေစေရန် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ Ease of Doing Business Rank အရ အဆင့် ၁၆၈ တွင် ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အစိုးရ၏ လုပ်ငန်းစဉ်နှင့် လက်တွေ့အသုံးချမှုနယ်ပယ်တို့အကြား ကွာဟချက်နည်းပါးအောင် ပြုလုပ် နိုင်ပါက ပိုမိုသိသာသည့်ပြောင်းလဲမှုတစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

၁-၂။ အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းများထုတ်လုပ်မှု လုပ်ငန်းကဏ္ဍ

ယေဘုယျဖော်ပြချက်

၁၀၆။ အင်ဒိုနီးရှားနိုင်ငံသည် အာရှတွင် လျင်မြန်စွာ တိုးတက်နေသော ဆေးဝါးဖော်စပ်ထုတ်လုပ်ဖြန့်ဖြူးနေသည့် စျေးကွက်များအနက် အလားအလာရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်[၂၅]။ အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်စျေးကွက်သည် ၂၀၂၅ ခုနှစ်တွင် စျေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၈.၅၁ ဘီလီယံ[၂၆] အထိ ရှိရမည်ဟု မျှော်မှန်းထားပါသည်[၂၀]။ အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်သည့် ကဏ္ဍကို အင်ဒိုနီးရှားနိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာန (MOH) နှင့် ၎င်းလက်အောက်ရှိ အင်ဒိုနီးရှားအမျိုးသားဆေးဝါးနှင့် အစားအစာထိန်းချုပ်ရေးအေဂျင်စီ (BPOM) မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

၁၀၇။ ၂၀၂၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းတွင် နိုင်ငံခြားသားပိုင်ဆိုင်မှုကန့်သတ်ချက်ကို ပယ်ဖျက်ပြီးနောက် ဆေးဝါးထုတ်လုပ်ခြင်းသည် အမြတ်အစွန်းများစွာပေးနိုင်သော ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတစ်ခု ဖြစ်နေပါသည်။ နှစ်စဉ် ၁.၂ သန်းကျော်သော အင်ဒိုနီးရှားနိုင်ငံသားများသည် အမေရိကန်ဒေါ်လာ ၂ ဘီလီယံထက်ပိုသောကုန်ကျစရိတ်ကို ကျခံ၍ ပြည်ပနိုင်ငံများ၊ အထူးသဖြင့် စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် သွားရောက်ကုသနေကြသည့်အတွက် ပြည်တွင်း၌သာ ဆေးကုသမှုခံယူစေရန် အင်ဒိုနီးရှားနိုင်ငံအစိုးရသည် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးစေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။[၂၁]

၁၀၈။ အင်ဒိုနီးရှားနိုင်ငံအစိုးရသည် ၂၀၁၄ ခုနှစ်တွင် လူတစ်ဦးလျှင် ကျန်းမာရေးအတွက် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၂၇ သုံးစွဲရာမှ နှစ်စဉ်ပျမ်းမျှ ၁၁.၅၂ ရာခိုင်နှုန်းတိုးလာပြီး

---

[၂၄] https://www.embassyofindonesia.org/basic-facts/.


[၂၆] Indonesia Rupiah ၇၀၀ trillion = ၄၈,၅၀၉,၀၀၁,၃၀၆.၉၃ USD (၁ USD = ၁၄,၄၂၆.၉ IDR). https://www.xe.com/currencyconverter/convert/?Amount=၇၀၀၀၀၀၀၀၀၀၀၀၀၀၀&From=IDR&To=USD.

[၂၀] Potentials of Research Activities in Medicines at The Indonesian Institute of Sciences (LIPI). http://download.garuda.ristekdikti.go.id/article.php?article=၁၇၃၅၈၄&val=၁၄၆၈၆&title=ISSUES%၂၀AND%၂၀POTENTIALS%၂၀OF%၂၀RESEARCH%၂၀TOPICS%၂၀IN%၂၀MEDICINESA%၂၀RESEARCH%၂၀PRIORITY%၂၀SETTING%၂၀RPS%၂၀IN%၂၀THE%၂၀INDONESIAN%၂၀INSTITUTE%၂၀OF%၂၀SCIENCES%၂၀LIPI.

[၂၁] https://www.aseanbriefing.com/news/indonesias-healthcare-industry-growing-opportunities-foreign-investors/.

၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၂ အထိ သုံးစွဲခဲ့ပါသည်။[၂၂] ရာခိုင်နှုန်းအားဖြင့် ၂၀၁၈ ခုနှစ်တွင် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု GDP ၏ ၂.၉ ရာခိုင်နှုန်းခန့်ဖြစ်ပြီး ခုနှစ်အလိုက် အင်ဒိုနီးရှားနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်ကို ပုံပြဂရပ် (၆) ဖြင့် ဖော်ပြအပ်ပါသည်။ OECD ၏ အချက်အလက်များအရ ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် ဆရာဝန်အချိုးသည် လူဦးရေ ၁၀၀၀ လျှင် ၀.၇ ဦးဖြစ်ပြီး သူနာပြုအချိုးသည် လူဦးရေ ၁၀၀၀ လျှင် ၁.၅ ဦးဖြစ်ကြောင်း သိရှိရပါသည်[၂၃]။ အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၂၁ ခုနှစ် စာရင်းအင်းစာစောင်အရ ၂၀၁၈ ခုနှစ်တွင် အထွေထွေဆေးရုံ ၂၂၆၉ ခုနှင့် ၂၀၁၉ ခုနှစ်တွင် ၂၃၄၄ ခုရှိပြီး ၂၀၁၈ ခုနှစ်တွင် အထူးကုဆေးရုံ ၅၄၄ ခုနှင့် ၂၀၁၉ ခုနှစ်တွင် ၅၃၃ ခု တိုးတက်လာခဲ့ပါသည်[၂၄]။

ပုံပြဂရပ် (၁ - ၂ - ၁)။ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အင်ဒိုနီးရှားနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်



အရင်းအမြစ် - ကမ္ဘာ့ဘဏ် (World Bank's database)

၁၀၉။ ၂၀၁၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၏ စစ်တမ်းများအရ သေဆုံးနှုန်းမြင့်မားသောရောဂါများမှာ လေဖြတ်ခြင်း (၂၁.၁ ရာခိုင်နှုန်း)၊ နှလုံးရောဂါ (၁၂.၉ ရာခိုင်နှုန်း)၊ ဆီးချိုရောဂါ (၆.၇ ရာခိုင်နှုန်း)၊ တီဘီရောဂါ (၅.၇ ရာခိုင်နှုန်း)၊ သွေးတိုးရောဂါ (၅.၃ ရာခိုင်နှုန်း)၊ နာတာရှည် လေပြွန်ကျဉ်းရောဂါ (၄.၉ ရာခိုင်နှုန်း)၊ အသည်းရောဂါ (၂.၇ ရာခိုင်နှုန်း)၊ ယာဉ်မတော်တဆ ထိခိုက်မှု (၂.၆ ရာခိုင်နှုန်း)၊ အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း (၂.၁ ရာခိုင်နှုန်း) နှင့် ဝမ်းလျှော

[၂၂] https://knoema.com/atlas/Indonesia/Health-expenditure-as-a-share-of-GDP

[၂၃] https://www.oecd-ilibrary.org/sites/ec8a199e-en/index.html?itemId=/content/component/ec8a199e-en

[၂၄] Statistical Year Book of Indonesia 2021

ခြင်း (၁.၉ ရာခိုင်နှုန်း) တို့ဖြစ်ပါသည်[၁၅]။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် မြို့ကြီးများမှလွဲ၍ အခြားနေရာများတွင် သန့်ရှင်းမှုရှိရန် လိုအပ်နေပြီး သန့်ရှင်းသောရေကို ရရှိရန်ခက်ခဲလျက်ရှိပါသည်။ ထို့ကြောင့် ဝမ်းလျှောခြင်း၊ အစာအိမ်ရောဂါနှင့် အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း၊ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားကဲ့သို့သော ရောဂါများ အဖြစ်များခြင်းဖြစ်ပါသည်။ WTO ၏ ဖော်ပြချက်အရ အသက် ၂၀ ကျော် အင်ဒိုနီးရှားအမျိုးသား ၇၀ ရာခိုင်နှုန်းခန့်သည် ဆေးလိပ်သောက်သူများဖြစ်ပြီး ကင်ဆာရောဂါ၊ လေဖြတ်ခြင်း၊ နှလုံးရောဂါနှင့် ဆီးချိုရောဂါကဲ့သို့သော မကူးစက်နိုင်သည့်ရောဂါများ ဖြစ်ပွားမှု များပြားလာပါသည်။

မူဝါဒနှင့် မျော်မှန်းချက်

၁၁၀။ အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါး၊ ဇီဝဗေဒနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်ရာတွင် အင်ဒိုနီးရှားနိုင်ငံအစိုးရက ထုတ်ပြန်ထားသည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်[၁၆]-

ဇယား (၁ - ၂ - ၁)။ ကျန်းမာရေးနှင့် ဆေးဝါးကဏ္ဍဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ

ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ	အကျဉ်းချုပ်
National Medicines Policy 2006	ပြည်တွင်းဆေးဝါးထုတ်လုပ်မှုကို အားပေးရန်နှင့် WTO Agreements တွင် ဖော်ပြပါရှိသော အခွင့်အလမ်းများကို အသုံးချခြင်းဖြင့် ပြည်တွင်းဆေးဝါး ထုတ်လုပ်သည့် ကုမ္ပဏီများကို ခံစားခွင့်များထောက်ပံ့ခြင်း။
No.1020/MENKES/PER/XII/2008 (BPOM)	ဆေးဝါးနှင့် ဇီဝဗေဒထုတ်ကုန်များထုတ်လုပ်ခြင်း မှတ်ပုံတင်ခြင်းကိစ္စဆောင်ရွက်ခြင်း
Law No. 36 of 2009 on Health (“Health Law”)	ဆေးဝါး၊ ဇီဝဗေဒနှင့် ကျန်းမာရေးသုံးပစ္စည်းများ အပါအဝင် ကျန်းမာရေးကဏ္ဍဆောင်ရွက်ခြင်း
BPOM Regulation No. 24 of 2017 on Criteria and Management of Drug Registration (“BPOM Regulation 24/2017”)	ဆေးဝါးနှင့် ဇီဝဗေဒထုတ်ကုန်များထုတ်လုပ်ခြင်း မှတ်ပုံတင်ခြင်းဆောင်ရွက်ပုံ အဆင့်ဆင့်အပြင် လိုအပ်သည့် သတ်မှတ်ချက်များကို ဖော်ပြသည့်လုပ်ထုံးလုပ်နည်းများ
BPOM Regulation No. 26 of 2018 on Electronically Integrated Business Licensing Services in the Drug and Food Sector	ဆေးဝါးနှင့် အစားအသောက်ဆိုင်ရာ အွန်လိုင်းမှ လိုင်စင်တင်ပြလျှောက်ထားခြင်းနှင့် ဆက်စပ်သည့် လုပ်ထုံးလုပ်နည်းများ
No. 98 of 2015 on the Provision of Information on Highest Drug Retail Price (“MOH Regulation 98/2015”)	အမြင့်ဆုံးဆေးဝါးများ၏ လက်လီဈေးနှုန်းများဆိုင်ရာ သတင်းအချက်အလက်များထောက်ပံ့မှု
MOH Regulation No. 62 of 2017 on Marketing Authorization of Medical Devices	ကျန်းမာရေးသုံးပစ္စည်းများ ဖြန့်ချိခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

အရင်းအမြစ် - The Pharma Legal Handbook (Indonesia) by Pharma Board Room။

---

[၁၅] https://pubmed.ncbi.nlm.nih.gov/30630990/#:~:text=According%20to%20the%202014%20Indonesian,%25)%2C%20pneumonia%20(2.1%25)%2C

[၁၆] The Pharma Legal Handbook (Indonesia) by Pharma Board Room.

၁၁၁။ ၂၀၁၄ ခုနှစ်တွင် အမျိုးသားကျန်းမာရေးအာမခံအစီအစဉ်အဖြစ် The Universal Healthcare System (Jaminan Kesehatan Nasional - JKN) နှင့် The National Health Insurance Agency (BPJS Kesehatan) ကို အကောင်အထည်ဖော်ပြီးနောက် ဆေးဝါးထုတ်ကုန်များ ထုတ်လုပ်သည့်ကဏ္ဍသည် သိသိသာသာတိုးတက်လာခဲ့ပါသည်။ အဆိုပါ အစီအစဉ်သည် ၂၀၁၉ ခုနှစ်မတိုင်ခင် အင်ဒိုနီးရှားနိုင်ငံလူဦးရေ၏ ၈၄ ရာခိုင်နှုန်းဝန်းကျင်ကို လွှမ်းခြုံနိုင်ရမည်ဟု မျှော်မှန်းခဲ့ပြီး သတ်မှတ်ရာခိုင်နှုန်း မပြည့်မီသော်လည်း ၇၉ ရာခိုင်နှုန်းခန့် အထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။[၃၇] ၂၀၁၆ ခုနှစ်တွင် ပြည်တွင်းဆေးဝါးထုတ်လုပ်သူများကို အားပေးမြှင့်တင်ရန်နှင့် ပြည်ပနိုင်ငံများက တင်သွင်းသည့် ကုန်ကြမ်းများအပေါ် မှီခိုအားထားမှုကို လျှော့ချနိုင်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံအစိုးရသည် ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများ ထုတ်လုပ်သည့်ကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ညွှန်ကြားချက် (Directive No.6 of 2016) ကို ထုတ်ပြန်ခဲ့ပါသည်။


၁၁၂။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၆ ခုနှစ်မှစတင်၍ ဆေးဝါးထုတ်လုပ်သည့်ကဏ္ဍကို မြှင့်တင်နိုင်ရေးအတွက် နိုင်ငံ၏ အမျိုးသားအဆင့် မဟာဗျူဟာကျသောစက်မှုလုပ်ငန်းများအနက် တစ်ခုအဖြစ် သတ်မှတ်၍ ဆေးဝါးထုတ်လုပ်ခြင်းကဏ္ဍ ဖွံ့ဖြိုးစေရေးလမ်းပြမြေပုံ (Indonesia Pharmaceutical Industry Roadmap) ကို ရေးဆွဲချမှတ်ခဲ့ပါသည်။ အဆိုပါလမ်းပြမြေပုံသည် ၂၀၂၅ ခုနှစ်တွင် ဈေးကွက်တန်ဖိုး အမေရိကန် ဒေါ်လာ ၄၈.၅၁ ဘီလီယံဖြင့် ကမ္ဘာအဆင့် ၁၅ ဖြင့် ဆေးဝါးထုတ်လုပ်နိုင်ရမည်ဟု မျှော်မှန်းထားပါသည်။ တစ်နည်းအားဖြင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု အပါအဝင် ဆေးဝါးထုတ်လုပ်သည့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ၏ ပို့ကုန်ဈေးကွက်နှင့် သွင်းကုန်အစားထိုးခြင်းကို အထောက်အကူပြုစေရေးနှင့် နိုင်ငံ၏ ဆေးဝါးလိုအပ်ချက်နှင့် အမျိုးသားဆေးဝါးကဏ္ဍကို တစ်ဖက်တစ်လမ်းက အထောက်အပံ့ဖြစ်စေရေးကို ဦးတည်ဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

၁၁၃။ အဆိုပါလမ်းပြမြေပုံအရ အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးကဏ္ဍဆိုင်ရာစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးမဏ္ဍိုင် ၄ ရပ်အဖြစ် ဇီဝဆေးဝါး၊ ကာကွယ်ဆေးများ၊ သဘာဝနှင့် ဓာတုပစ္စည်း ဟူ၍ သတ်မှတ်ထားပါသည်။ အဆိုပါမဏ္ဍိုင် ၄ ရပ်အောက်တွင် အကျုံးဝင်သည့် ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အပံ့အဖြစ် အစိုးရမှ ဦးစားပေးစီးပွားရေးလုပ်ငန်းနယ်ပယ်သတ်မှတ်ခြင်း၊ ကုန်ကြမ်းထောက်ပံ့နိုင်မှု၊ နည်းပညာအကူအညီ၊ လုပ်ထုံးလုပ်နည်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအထောက်အပံ့များနှင့် ခံစားခွင့်

[၃၇] Think Well Strategic Purchasing for Primary Health Care. 2020. “Country Factsheet: Indonesia 2020.” Washington, DC: Think Well.

များ၊ အရည်အချင်းပြည့်မီသော လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ခြင်း စသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။[၃၀]

ပုံပြဂရပ် (၁ - ၂ - ၂)။ ဆေးဝါးစက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် မဏ္ဍိုင်များ (၂၀၂၅)



အရင်းအမြစ် - GP Farmasil (2016)။

၁၁၄။ ၂၀၂၀ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံစက်မှုဝန်ကြီးဌာနမှ ဆေးဝါးထုတ်ကုန်များအတွက် ပြည်တွင်းထုတ်ကုန်ပါဝင်မှု (Local Contents) ကို အဆင့်များခွဲခြား၍ ထုတ်လုပ်ရမည့်အချိုးအစားများနှင့် အသိအမှတ်ပြုလက်မှတ်ရရှိနိုင်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် လုပ်ထုံးလုပ်နည်းများ (MOI Reg. 16/2020) ကို ထုတ်ပြန်ခဲ့ပါသည်။ ထိုသို့ထုတ်ပြန်ခြင်းသည် ဆေးဝါးထုတ်လုပ်သည့်ကဏ္ဍတွင် သွင်းကုန်များအပေါ် မှီခိုအားထားမှု လျော့နည်းစေရန် ဖြစ်ပြီး ဆေးဝါးထုတ်လုပ်သည့်ကဏ္ဍတွင် ပြည်တွင်း၌ ထုတ်လုပ်ရမည့်အဆင့်များအားလုံး ပါဝင်မှုအချိုးကို ၂၀ ရာခိုင်နှုန်းခန့် ဖြစ်စေရန် စက်မှုဝန်ကြီးဌာနက သတ်မှတ်ထားပါသည်။ ရင်းနှီးမြှုပ်နှံသူများကို ဆေးဝါးနှင့်ဆက်စပ်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် အင်ဒိုနီးရှားနိုင်ငံတွင် ဆေးဝါးစက်ရုံများတည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းထုတ်ကုန်ပါဝင်မှုတွင် ပြည်တွင်းရှိ ကုန်ကြမ်းပစ္စည်းများပါဝင်မှု (Raw Material Content)၊ သုတေသနနှင့်

[၃၀] Potentials of Research Activities in Medicines at The Indonesian Institute of Sciences (LIPI). http://download.garuda.ristekdikti.go.idicle.php?article=1733284&val=14686&title=ISSUES%20AND%20POTENTIALS%20OF%20RESEARCH%20TOPICS%20IN%20MEDICINESA%20RESEARCH%20PRIORITY%20SETTING%20RPS%20IN%20THE%20INDONESIAN%20INSTITUTE%20OF%20SCIENCES%20LIPI

ဖွံ့ဖြိုးတိုးတက်မှု (Research and Development)၊ ထုတ်လုပ်ခြင်း (Production) နှင့် ထုပ်ပိုးခြင်း (Packaging) ဟူသော အဆင့် ၄ ဆင့်ဖြင့် ပြည်တွင်း၌ ဆေးဝါးထုတ်လုပ်မှုကို တွက်ချက်နိုင်ရန် အချို့အစားများဖြင့် ခွဲခြားထားပါသည်။ လုပ်ငန်းလည်ပတ်လျက်ရှိပြီး ဖြစ်သော ဆေးဝါးထုတ်လုပ်သူများအနေဖြင့်လည်း ဆေးဝါးထုတ်လုပ်ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရမည့်အချို့များနှင့် ကိုက်ညီမှုရှိရမည်ဖြစ်သည်။[၃၆]

ပြည်တွင်းလိုအပ်ချက်

၁၁၅။ အင်ဒိုနီးရှားနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် Attachment II of MOH Reg.27/2017 ၏ ဖော်ပြချက်အရ ဆေးဝါးထုတ်ကုန်အတွက် ပြည်တွင်းရှိ ကုန်ကြမ်းပစ္စည်းများသည် လိုအပ်သောအရည်အသွေးနှင့်ကိုက်ညီမှုမရှိသည့်အတွက် ဆေးဝါးကုန်ကြမ်းများ၏ ၉၅ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းလျက်ရှိပြီး ပြည်တွင်းထုတ်လုပ်သူများက ဆေးဝါးကုန်ကြမ်းများ၏ ၅ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။[၄၀] အင်ဒိုနီးရှားနိုင်ငံတွင် ထုတ်လုပ်ပြီးဆေးဝါးများ သုံးစွဲမှုအနက် ၇၅ ရာခိုင်နှုန်းခန့်သာ ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် အတွက် ကျန် ၂၅ ရာခိုင်နှုန်းခန့်ကို ပြည်ပမှ တင်သွင်းနေရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်း၌ ဆေးဝါးကုန်ကြမ်းထုတ်လုပ်ခြင်းကဏ္ဍသည် သွင်းကုန်ပစ္စည်းများအပေါ် မူတည်နေသည့်အတွက် နိုင်ငံ၏ သွင်းကုန်အစားထိုးလုပ်ငန်းတစ်ခုအဖြစ် အင်ဒိုနီးရှားနိုင်ငံအစိုးရ၏ ဦးစားပေးကဏ္ဍများတွင် ထည့်သွင်းထားခြင်းဖြစ်ပါသည်။

၁၁၆။ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၂၁ ခုနှစ်အထိ ဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီပေါင်း ၂၄၀ ကျော်ရှိနေပြီး ဆေးဝါးကုန်ကြမ်းထုတ်လုပ်သည့် စက်ရုံ ၁၇ ရုံ၊ တိုင်းရင်းဆေးဝါးစက်ရုံ ၁၃၂ ရုံနှင့် သဘာဝမှ ထုတ်ကုန်ထုတ်လုပ်သည့်စက်ရုံ (Natural Product Extract Industry) ၁၈ ရုံရှိပါသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ဆေးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်သည့် ကုမ္ပဏီအရေအတွက်သည် ၁၉၃ ခုမှ ၈၉၁ ခုထိ တိုးတက်လာခဲ့ပါသည်။[၄၁] ယခင်က အင်ဒိုနီးရှားနိုင်ငံသည် အာရှတွင် ဆေးဝါးသုံးစွဲမှုအနိမ့်ဆုံးနိုင်ငံများစာရင်းတွင် ပါဝင်သော်လည်း လက်ရှိတွင် တစ်ဦးချင်းဆေးဝါးသုံးစွဲမှုသည် လျင်မြန်စွာ မြင့်တက်လာလျက်ရှိသည်။ သို့ရာတွင် ဆရာဝန်၏ ညွှန်ကြားချက်မပါဘဲ ဝယ်ယူနိုင်သည့်ဆေးများ (OTC)[၄၂] ကို တစ်ဦး

---

[၃၆] Invest Indonesia Now/Invest Magazine (Vol 2/2020) by BKPM

[၄၀] Invest Indonesia Now/ Invest Magazine (Vol 2/2020) by BKPM

[၄၁] https://www.bkpm.go.id/en/publication/detail/news/winning-potentials-in-indonesian-pharma-and-medical-industries

[၄၂] Over-the-Counter (OTC) Medicines

ချင်း ဝယ်ယူမှုသည် နိုင်ငံလူဦးရေ၏ အချိုးနှင့်နှိုင်းယှဉ်ပါက လူတစ်ဦးလျှင် ပျမ်းမျှအသုံးစရိတ် အမေရိကန်ဒေါ်လာ ၁၃ သို့ မြင့်တက်ခဲ့ပြီး ဆယ်စုနှစ်အတွင်း တစ်ဦးချင်း OTC ဆေးဝါး ဝယ်ယူခြင်းအသုံးစရိတ်သည် ပိုမိုသုံးစွဲလာနိုင်ချေရှိပါသည်။[၄၈] ထုတ်လုပ်မှုတိုးချဲ့လာခြင်းနှင့် ဆေးဝါးများ၏ ဝယ်လိုအားမြင့်တက်လာခြင်းသည် အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးဈေးကွက် တိုးတက်မှုအတွက် အဓိကအကြောင်းအရင်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှု

၁၁၇။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းခဲ့သော ဥပဒေပေါင်းချုပ် (Omnibus Law) ၌ ဘဏ္ဍာရေးဆိုင်ရာခံစားခွင့်များနှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှုဆိုင်ရာပြဋ္ဌာန်းချက် များအပြင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် အချို့သော ပြဋ္ဌာန်းချက်များအတွက် ဖြေလျှော့ပေးမှုလည်း များပါဝင်ပါသည်။ ကျန်းမာရေးစောင့်ရှောက် မှုနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် အောက်ပါဥပဒေများကို Omnibus Law တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်-

(က) ကျန်းမာရေးနှင့်စပ်လျဉ်း၍ ၂၀၀၉ခု နှစ်၊ ဥပဒေအမှတ် ၃၆ (ကျန်းမာရေး ဥပဒေ)။

(ခ) ဆေးရုံများနှင့်စပ်လျဉ်း၍ ၂၀၀၉ ခုနှစ် ဥပဒေအမှတ် ၄၄ (ဆေးရုံဥပဒေ)။

(ဂ) စိတ်ကို ပြောင်းလဲစေသောဆေးဝါးများနှင့်စပ်လျဉ်း၍ ၁၉၉၇ ခုနှစ် ဥပဒေ အမှတ် ၅။

(ဃ) မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ၂၀၀၉ ခုနှစ် ဥပဒေအမှတ် ၃၅။

၁၁၈။ ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ပြန်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစာရင်းအသစ်တွင် ကုန်ချောဆေးဝါးထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းနှင့် ကုန်ကြမ်းဆေးဝါးထုတ်လုပ် သည့်လုပ်ငန်းများတွင် နိုင်ငံခြားသားပိုင်ဆိုင်မှုအချိုးကို ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံရန် ခွင့်ပြု ထားပါသည်။ အင်ဒိုနီးရှားနိုင်ငံအစိုးရသည် ဆေးဝါးဖော်စပ်သည့်စက်ရုံနှင့် အသုံးပြုရမည့် ဆေးဝါးကုန်ကြမ်းများ (APIs) ကို ထုတ်လုပ်သည့်စက်ရုံများ ပေါ်ပေါက်လာစေရန်နှင့် နိုင်ငံတွင်း ကုန်ကြမ်းအဆင့် ဆေးဝါးထုတ်ကုန်များ၏ အရည်အသွေး ပြည့်မီစေရန်အတွက် ကုန်ကြမ်း ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများတွင် နိုင်ငံခြားသားပိုင်ဆိုင်မှုအချိုး ၈၅ ရာခိုင်နှုန်းမှ ၂၀၁၆ ခုနှစ်တွင် ၁၀၀ ရာခိုင်နှုန်းခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါသည်။[၄၉] ထိုသို့နိုင်ငံခြားသားပိုင်ဆိုင်မှုကို

---

[၄၈] https://www.cekindo.com/sectors/pharmaceutical-indonesia

[၄၉] Invest Indonesia Now/ Invest Magazine (Vol 2/2020) by BKPM.

ရာနှုန်းပြည့်ခွင့်ပြုလိုက်ခြင်းဖြင့် ဆေးဝါးထုတ်လုပ်သည့်ကဏ္ဍတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၉.၈ ဘီလီယံအထိ ရောက်ရှိလိမ့်မည်ဟု အင်ဒိုနီးရှားနိုင်ငံအစိုးရက ခန့်မှန်းထားပါသည်။[၄၅]

၁၁၉။ ဆေးဝါးကုန်ကြမ်းထုတ်လုပ်ခြင်းနှင့် ဆေးဝါးကုန်ချောထုတ်လုပ်သည့် လုပ်ငန်းများတွင် နိုင်ငံခြားသားပိုင်ဆိုင်မှုအချိုးကို ကန့်သတ်ထားခြင်းမရှိသော်လည်း ဆေးဝါးဖော်စပ်ရာတွင် လိုအပ်သည့် မူးယစ်ဆေးထုတ်လုပ်ခြင်း (Narcotic Production) တွင် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးခွင့်ပြုမိန့်ကို လိုအပ်ပါသည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံလူဦးရေ၏ ၈၈ ရာခိုင်နှုန်းသည် အစ္စလမ်လူမျိုးများဖြစ်သည့်အတွက် စားသောက်ကုန်အပြင် ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းများသည်လည်း Halal Pharmaceutical Products Registration ဖြင့် မှတ်ပုံတင်ရမည်ဖြစ်ပြီး မှတ်ပုံတင်ထားခြင်းမရှိပါက Halal Pharmaceutical Products မဟုတ်ကြောင်း သတ်မှတ်ခြင်းဖြစ်ပါသည်။[၄၆] အင်ဒိုနီးရှားနိုင်ငံအတွင်း မည်သည့်ဆေးဝါးကိုမဆို ဖြန့်ဖြူးခြင်းမပြုမီ e-Registration ဆေးဝါးမှတ်ပုံတင်ခြင်းမှတစ်ဆင့် BPOM ၏ ခွင့်ပြုချက်ကို ရယူရမည်ဖြစ်ပါသည်။ ဓာတုပစ္စည်းထုတ်လုပ်မှုအပါအဝင် ဆေးဝါးထုတ်လုပ်သည့်ကဏ္ဍ၏ ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား (၁ - ၂ - ၂)။ ဓာတုနှင့် ဆေးဝါးထုတ်လုပ်ခြင်းကဏ္ဍတွင် ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ (ဓာတုပစ္စည်းထုတ်လုပ်မှုအပါအဝင်)

ခုနှစ်	ဖော်ပြချက်	ဓာတုနှင့် ဆေးဝါးထုတ်လုပ်သည့်ကဏ္ဍ (ပြည်တွင်းရင်းနှီးမြှုပ်နှံမှု)	ဓာတုနှင့် ဆေးဝါးထုတ်လုပ်သည့်ကဏ္ဍ (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု)
၂၀၁၇	စီမံကိန်းအရေအတွက်	၅၆၄	၁,၁၃၅
	မတည်ရင်းနှီးငွေ (အမေရိကန်ဒေါ်လာသန်း)	၉,၅၁၉	၂၅,၇၈၅
၂၀၁၈	စီမံကိန်းအရေအတွက်	၆၃၈	၁၀၀၁
	မတည်ရင်းနှီးငွေ (အမေရိကန်ဒေါ်လာသန်း)	၉,၂၄၅	၁၉,၃၈၃
၂၀၁၉	စီမံကိန်းအရေအတွက်	၉၇၆	၁,၂၈၂
	မတည်ရင်းနှီးငွေ (အမေရိကန်ဒေါ်လာသန်း)	၆,၅၇၄	၁၄,၈၆၁
၂၀၂၀	စီမံကိန်းအရေအတွက်	၂,၂၈၃	၂,၅၉၈
	မတည်ရင်းနှီးငွေ (အမေရိကန်ဒေါ်လာသန်း)	၁၅,၆၁၅	၁၇,၄၂၅

အရင်းအမြစ် - အင်ဒိုနီးရှားစာရင်းအင်းစာစောင် (၂၀၂၁)။

[၄၅] https://www.cekindo.com/sectors/pharmaceutical-indonesia.

[၄၆] https://www.cekindo.com/sectors/pharmaceutical-indonesia.

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာခံစားခွင့်များ

၁၂၀။ အင်ဒိုနီးရှားနိုင်ငံအစိုးရသည် အင်ဒိုနီးရှားနိုင်ငံသမ္မတအမိန့်အမှတ် (၁၀/၂၀၂၁) ဖြင့် ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၄၅ ခုကို ကန့်သတ်ချက်များဖြေလျော့ပေးပြီး အခွန်ဆိုင်ရာခံစားခွင့်များနှင့် အခွန်မဟုတ်သောအခြားခံစားခွင့်များ (အခြေခံအဆောက်အအုံများထောက်ပံ့မှုနှင့် လိုင်စင်တောင်းခံရာတွင် လွယ်ကူစေခြင်း) များကို ခံစားခွင့် ပံ့ပိုးပေးထားပါသည်။ အဓိကဆေးဝါးကုန်ကြမ်း ထုတ်လုပ်ခြင်းလုပ်ငန်းသည် ဦးစားပေးမြှင့်တင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် ပါဝင်သည့်အပြင် ရှေ့ဆောင်စက်မှုလုပ်ငန်း (Pioneer Industries)[၄၇] ဟု သတ်မှတ်ထားသည့်ကဏ္ဍ ၁၈ ခုတွင် ပါဝင်သည့်အတွက် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပေးထားပါသည်။[၄၈] ထို့ကြောင့် အဆိုပါလုပ်ငန်းသည် အခွန်ဆိုင်ရာခံစားခွင့်အဖြစ် ၅ နှစ်တာကာလအတွင်း အင်ဒိုနီးရှားရူပီး ၁၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆.၉ သန်း) နှင့် အင်ဒိုနီးရှားရူပီး ၅၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၄.၈ သန်း) အကြား ရင်းနှီးမြှုပ်နှံမှုအတွက် ကော်ပိုရိတ်ဝင်ငွေခွန် (Corporate Income Tax – CIT) ၅၀ ရာခိုင်နှုန်း လျှော့ပေါ့ခံစားခွင့်ရှိပြီး ၅ နှစ်နှင့် နှစ် ၂၀ ကာလအတွင်း အင်ဒိုနီးရှားရူပီး ၅၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၄.၈ သန်း) ကျော် ရင်းနှီးမြှုပ်နှံမှုအတွက် ၁၀၀ ရာခိုင်နှုန်းခံစားခွင့်ပြုထားပါသည်။ CIT ကင်းလွတ်ခွင့် ကုန်ဆုံးသည့်အချိန်မှ တစ်ဆက်တည်း နောက်ထပ် ၂ နှစ်အတွက် CIT လျှော့ပေါ့ခံစားခွင့်ကို ခံစားခဲ့သည့်နှုန်း၏ ထက်ဝက်ကို ထပ်မံခံစားခွင့်ရှိပါသည်။ အခွန်ဆိုင်ရာခံစားခွင့်ကို စီးပွားဖြစ်စတင်သည့်နှစ်မှ စတင်လျှောက်ထားနိုင်ပြီး ခံစားခွင့်များကို Online Single Submission (OSS) Website မှတစ်ဆင့် တင်ပြရမည်ဖြစ်ပါသည်။

၁၂၁။ အင်ဒိုနီးရှားနိုင်ငံတွင် ကုန်ထုတ်လုပ်မှုကဏ္ဍများအတွက် စက်မှုဇုန်များသည် အလုပ်အကိုင်ဖန်တီးရန်၊ နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ရန်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်နှင့် အင်ဒိုနီးရှားကျွန်းဆွယ်များ၌ ခေတ်မီအခြေခံအဆောက်အအုံများတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် အင်ဒိုနီးရှားနိုင်ငံအစိုးရသည် စက်မှုဇုန်များ တည်ထောင်ခြင်းကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံအစိုးရသည် အမိန့် (၂၄/၂၀၀၉) အရ စက်မှုဇုန်ကို ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စုဝေးရာနေရာတစ်ခုအဖြစ် သတ်မှတ်ခဲ့ပြီး လိုအပ်

---

[၄၇] ရှေ့ဆောင်စက်မှုလုပ်ငန်းဆိုသည်မှာ မြင့်မားသောပေါင်းစည်းခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ နည်းပညာသစ်များ အသုံးပြုခြင်းဖြင့် အမျိုးသားစီးပွားရေးနှင့် မဟာဗျူဟာအရ အရေးပါသောလုပ်ငန်းများဖြစ်ပြီး အခွန်ဆိုင်ရာခံစားခွင့်များကို အင်ဒိုနီးရှားနိုင်ငံအစိုးရက ခံစားခွင့်ပေးထားပါသည်။

[၄၈] https://www.aseanbriefing.com/news/set-limited-liability-company-indonesia/.

သည့် အခြေခံအဆောက်အအုံများပံ့ပိုးပေးခဲ့ပါသည်။ အင်ဒိုနီးရှားစက်မှုဇုန်ဌာန (Himpunan Kawasan Industri Indonesia - HKI) ၏ စာရင်းများအရ အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း ဒေသ ၂၀ တွင် စက်မှုဇုန်ပေါင်း ၇၃ ခုအထိ တည်ထောင်ပြီးဖြစ်ပါသည်။

၁၂၂။ ဆေးဝါးထုတ်လုပ်ခြင်းအပါအဝင် ကုန်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများသည် အင်ဒိုနီးရှားနိုင်ငံရှိ စက်မှုဇုန်များအတွင်း လုပ်ငန်းဆောင်ရွက်မည်ဆိုပါက လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေရရှိရေးနှင့် လမ်းများ စသည့် အခြေခံအဆောက်အအုံများနှင့် အထောက်အပံ့များကို အလွယ်တကူရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် စက်မှုဇုန်ဧရိယာဝန်းကျင်ရှိ အဓိကဆိပ်ကမ်းနှင့် လမ်းမကြီးများမှတစ်ဆင့် ကုန်ပစ္စည်းများကို အလွယ်တကူဖြန့်ဖြူးနိုင်မည်ဖြစ်ပါသည်။ စက်မှုဇုန်များတွင် ကုန်ထုတ်လုပ်ငန်းများအတွက် စက်ရုံများ ဆောက်လုပ်ရာ၌ ဆောက်လုပ်ရေးလိုင်စင်များ လျှောက်ထားရန် မလိုအပ်ဘဲ ပတ်ဝန်းကျင်ဆိုင်ရာလိုင်စင်များလည်း ရရှိမည်ဖြစ်ပါသည်။ အစိုးရ၏ အမိန့်အမှတ် (၁၄၂/၂၀၁) သည် စက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံသူများအား အခွန်ဆိုင်ရာခံစားခွင့်များပေးအပ်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ အခွန်ဆိုင်ရာခံစားခွင့် ပမာဏသည် Industrial Development Zone အလိုက် ကွဲပြားမှုရှိပြီး အစိုးရ၏ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို ခံစားခွင့်ရရှိနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် မြေနှင့် အဆောက်အအုံခွန်၊ မြေယာနှင့် အဆောက်အအုံရရှိရေးနှင့် လမ်းမီးခွန်များ ဖြစ်ပါသည်။[၄၉]

[၄၉] https://www.cekindo.com/blog/industrial-parks.

ဇယား (၁ - ၂ - ၃)။ အခွန်ဆိုင်ရာခံစားခွင့်များနှင့် အခွန်မဟုတ်သောအခြားခံစားခွင့်များ

စဉ်	လုပ်ငန်းအမျိုးအစား	ခံစားခွင့်များ	နှစ်အရေအတွက်	Custom Duty Exemption	Value Added Tax	အခြားခံစားခွင့်များ
၁။	ကိုဗစ် - ၁၉ ကပ်ရောဂါကာကွယ်ခြင်းဆိုင်ရာပစ္စည်းများ တင်သွင်းခြင်း[၅]	ဝင်ငွေခွန်ကင်းလွတ်ခွင့်	၂၀၂၁ ခုနှစ် စက်တင်ဘာလအထိ	✔	-	-
၂။	ကုန်ကြမ်း/ချောဆေးဝါးနှင့် ဆေးဘက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း	ဝင်ငွေခွန်ကင်းလွတ်ခွင့် (Corporate Income Tax - CIT exemption)	၅ နှစ် - ၂၀ နှစ် ၂ နှစ် ထပ်တိုး	✔	✔	-
၃။	SEZ များတွင် ကျန်းမာရေးအထောက်အကူပြုဆေးဝါးနှင့် ပစ္စည်းများထုတ်လုပ်သည့် စက်ရုံတည်ဆောက်ခြင်း[၅] (Business Entity: US$7million-35 million, 10 years; Business person: US$35 million-US$70million, 15 years; Business person: more than US$70 million)	၁၀၀ ရာခိုင်နှုန်း ဝင်ငွေခွန်ကင်းလွတ်ခွင့် (Corporate Income Tax - CIT exemption)	၁၀ နှစ် - ၂၀ နှစ်	✔	✔	အခြေခံအဆောက်အအုံနှင့် မြေရရှိမှု၊ အခွန်သက်သာစေမှု၊ ဆောက်လုပ်ရေးလိုင်စင် ကင်းလွတ်ခွင့်
၄။	သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ (ဆေးဝါးကုန်ကြမ်း၊ ဆေးဝါးနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း)	Super Tax Deduction ၂၀၀ ရာခိုင်နှုန်း	-	✔	✔	-

[၅] Test Kits, အောက်ဆီဂျင်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးဝါးနှင့် ဗီတာမင်များ၊ အပူချိန်တိုင်းကိရိယာ၊ Ventilator, PPE, Masks, Protective Clothes၊ Gloves နှင့် အောက်ဆီဂျင်နှင့် အောက်ဆီဂျင်နှင့်ဆက်စပ်ပစ္စည်းများ ပါဝင်ပါသည်။

[၆] https://www.aseanbriefing.com/news/tax-incentives-for-special-economic-zones-in-indonesia/

ဆေးသုတေသန

၁၂၃။ အင်ဒိုနီးရှားနိုင်ငံသိပ္ပံအဖွဲ့အစည်း (Indonesian Institute of Sciences - LIPI) သည် အစိုးရ၏ အကြီးဆုံးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းဖြစ်ပြီး ဆေးဝါးထုတ်လုပ်ခြင်းနှင့်ပတ်သက်သော သုတေသနများကို ဆောင်ရွက်လျက်ရှိပါသည်။ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ဇီဝဗေဒနှင့် ဇီဝနည်းပညာသုတေသနဌာန၊ သယံဇာတပစ္စည်းများ နည်းပညာအတွက် ဓာတုဗေဒနှင့် သုတေသနဌာနတို့အောက်ရှိ များစွာသော သုတေသန ဌာနများမှ ဆောင်ရွက်လျက်ရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးစမ်းသပ်ထုတ်လုပ်မှုတွင် ထုတ်လုပ်ပြီးအမျိုးအစားတူ Generic Drugs နှင့် New Drugs ဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ Generic Drugs ထုတ်လုပ်ခြင်းအတွက် မည်သည့်ခွင့်ပြုချက်မျှ လျှောက်ထားရန် မလိုအပ်ဘဲ ဓာတ်ခွဲခန်းတွင် စမ်းသပ်၍ ဆောင်ရွက်နိုင်ပြီး ဆေးဝါးဖြန့်ချီခွင့်လိုင်စင်ကို ဆေးဝါးထုတ်လုပ် သူမှ လျှောက်ထားရမည်ဖြစ်ပါသည်။ ဆေးဝါးအသစ်ဖော်စပ်ထုတ်လုပ်ရာတွင် အဆိုပါ ဆေးဝါးသည် ပြင်ပနိုင်ငံတစ်ခုခု၌ စမ်းသပ်အောင်မြင်ပြီးဖြစ်ပါက သက်ဆိုင်ရာနိုင်ငံ၏ စမ်းသပ်မှု အောင်မြင်သည့်လက်မှတ်ကို ဆေးဝါးဖြန့်ချီခွင့်လိုင်စင်လျှောက်ထားရာတွင် ပူးတွဲ တင်ပြရမည်ဖြစ်ပါသည်။[၅၂]

၁၂၄။ အင်ဒိုနီးရှားနိုင်ငံအစိုးရသည် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆောင်ရွက် ချက်များအတွက် ၃၀၀ ရာခိုင်နှုန်း သာလွန်အခွန်နှုတ်ယူခွင့် (Super Deduction) ခံစားခွင့် များကို ပံ့ပိုးပေးနိုင်မည့်လုပ်ထုံးလုပ်နည်းများကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၉ ရက်နေ့၌ ထုတ်ပြန်ခဲ့ပါသည်။ ဆန်းသစ်တီထွင်မှုတစ်ခုကို ရည်ရွယ်ခြင်း၊ အယူအဆ၊ အတွေးအခေါ် တစ်ခုကို အခြေခံခြင်း၊ နောက်ဆုံးရလဒ်ကို သေချာစွာကြိုမသိနိုင်သောအရာကို စမ်းသပ်ခြင်း၊ ရည်ရွယ်ထားသောတိကျသည့် ဘဏ္ဍာငွေရှိခြင်းနှင့် တီထွင်ဖန်တီးလိုက်သော အကြောင်း အရာသည် စျေးကွက်တွင် ကုန်သွယ်မှုပြုနိုင်ခြင်း စသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီ သည့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆောင်ရွက်ချက်များကို အင်ဒိုနီးရှားနိုင်ငံ အစိုးရက ခံစားခွင့်များ ပံ့ပိုးပေးခြင်းဖြင့် အားပေးမြှင့်တင်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် သို့မဟုတ် အဆိုပါနေ့ရက်နောက်ပိုင်းတွင် အခွန်ထမ်းကဆောင်ရွက်နေသော သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆောင်ရွက်ချက်အချို့သည် အစိုးရ၏ မြှင့်တင်ရမည့်

[၅၂] The Pharma Legal Handbook (Indonesia) by Pharma Board Room

ဦးစားပေးကဏ္ဍများ[၁၄] ထဲပါဝင်နေပါက အောက်ဖော်ပြပါအခြေအနေများပေါ် အခြေခံ၍ သာလွန်အခွန်နှုတ်ယူခွင့် (Super Deduction) ကုန်ကျစရိတ်ကို သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကုန်ကျစရိတ်၏ ၃၀၀ ရာခိုင်နှုန်းအထိ ခံစားခွင့်ရှိပါသည်။[၁၅]-

(က) အမှန်တကယ် အရည်အသွေးပြည့်မီသော ကုန်ကျစရိတ်များအတွက် ၁၀၀ ရာခိုင်နှုန်း သာမန်နှုတ်ယူခွင့် (Ordinary Deduction)။

(ခ) မူပိုင်ခွင့် သို့မဟုတ် အပင်မျိုးကွဲကာကွယ်ခွင့် (PVT rights) ကို အင်ဒိုနီးရှားနိုင်ငံတွင် မှတ်ပုံတင်ထားပါက ၅၀ ရာခိုင်နှုန်း ဆုကြေးငွေနှုတ်ယူခွင့် (Bonus Deduction)။

(ဂ) မူပိုင်ခွင့် သို့မဟုတ် အပင်မျိုးကွဲကာကွယ်ခွင့် (PVT rights) ကို အင်ဒိုနီးရှားနိုင်ငံနှင့် နိုင်ငံပြင်ပတွင် မှတ်ပုံတင်ထားပါက ၂၅ ရာခိုင်နှုန်း ဆုကြေးငွေနှုတ်ယူခွင့် (Bonus Deduction)။

(ဃ) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆောင်ရွက်ချက်များသည် စီးပွားဖြစ် ဆောင်ရွက်နိုင်သည့်အဆင့်သို့ ရောက်ရှိပါက ၁၀၀ ရာခိုင်နှုန်း ဆုကြေးငွေနှုတ်ယူခွင့် (Bonus Deduction)။

(င) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆောင်ရွက်ချက်များသည် အင်ဒိုနီးရှားအစိုးရ၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအဖွဲ့အစည်းများသို့မဟုတ် အင်ဒိုနီးရှားနိုင်ငံမှ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ၂၅ ရာခိုင်နှုန်း ဆုကြေးငွေနှုတ်ယူခွင့် (Bonus Deduction)။

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်

၁၂၅။ အင်ဒိုနီးရှားနိုင်ငံ၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်များကို မူပိုင်ခွင့်ဥပဒေ (၂၀၁၆) (Patent Law No. 13 of 2016) ဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံ၌ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်လိုင်စင် ထုတ်ပေးသည့်အဖွဲ့အစည်းမှာ ဥပဒေနှင့် လူ့အခွင့်အရေး

---

[၁၄] အင်ဒိုနီးရှားနိုင်ငံ၏ ဦးစားပေးမြှင့်တင်သည့်ကဏ္ဍများတွင် အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ စစ်ဘက်ဆိုင်ရာပစ္စည်းများ၊ အထည်အလိပ်၊ သားရေထုတ်ကုန်များ၊ စွမ်းအင်နှင့် လယ်ယာကဏ္ဍတို့ ပါဝင်ပါသည်။

[၁၅] https://taxnews.ey.com/news/2020-2819-indonesia-updates-tax-holiday-incentive-and-provides-guidance-for-300-percent-r-and-d-super-deduction

ဝန်ကြီးဌာနအောက်ရှိ အထွေထွေအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဦးစီးဌာနဖြစ်ပြီး မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့်စည်းမျဉ်းစည်းမျှားမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မူပိုင်ခွင့်အကောင်အထည်ဖော်ခြင်းဆိုင်ရာ အစီအစဉ်များနှင့်စပ်လျဉ်းသော အစိုးရ၏ အမိန့်စာ (၂၇/၂၀၀၄)။

(ခ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်လိုင်စင်ဆိုင်ရာသဘောတူညီချက်များ မှတ်တမ်းတင်ခြင်းနှင့်စပ်လျဉ်းသောအစိုးရ၏ အမိန့်စာ(၃၆/ ၂၀၀၄)။

(ဂ) မူပိုင်ခွင့်ဆိုင်ရာသတ်မှတ်ချက်များ မှတ်တမ်းတင်ခြင်းဆိုင်ရာ အစီအစဉ်များအတွက် သမ္မတ၏ အမိန့်စာ (၃၃၇/၂၀၁၀)။

(ဃ) မူပိုင်ခွင့်ပိုင်ဆိုင်သူမှ မူပိုင်ခွင့်အကောင်အထည်ဖော်ခြင်းဆိုင်ရာဥပဒေနှင့် လူ့အခွင့်အရေးဝန်ကြီးဌာန၏ အမိန့်စာ (၁၅/၂၀၁၈)။

(င) မဖြစ်မနေမူပိုင်ခွင့်လိုင်စင်ထုတ်ပေးရန် လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ ဥပဒေနှင့် လူ့အခွင့်အရေးဝန်ကြီးဌာန၏ အမိန့်စာ (၃၉/၂၀၁၈)။

(စ) Patent Appeal Commission နှင့်ပတ်သက်သော ဥပဒေနှင့် လူ့အခွင့်အရေးဝန်ကြီးဌာန၏ အမိန့်စာ (၃/၂၀၁၈)။

၁၂၆။ အင်ဒိုနီးရှားနိုင်ငံတွင် မူပိုင်ခွင့်လျှောက်ထားနိုင်သောသူသည် တီထွင်ဖန်တီးသူ သို့မဟုတ် တီထွင်ဖန်တီးသူထံမှ မူပိုင်ခွင့်တစ်ခုလျှောက်ထားရန် အခွင့်အရေးရရှိသော အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ရန် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော အင်ဒိုနီးရှားနိုင်ငံ၏ Omnibus Law (၂၀၂၀ ခုနှစ်၊ ဥပဒေအမှတ် ၁၁) တွင် အင်ဒိုနီးရှားနိုင်ငံ၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေကို ပြင်ဆင်ဖြည့်စွက်မှုများ ဆောင်ရွက်ခဲ့ပါသည်။ ပထမအချက်အနေဖြင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေနှင့်စပ်လျဉ်းသောပြောင်းလဲမှုများတွင် ရိုးရှင်းလွယ်ကူသော မူပိုင်ခွင့်များရရှိရေး အတွက် စတင်လျှောက်ထားသောရက်မှ ၁၄ ရက်အတွင်း အများသိရှိနိုင်ရန် ထုတ်ပြန် ကြေညာခြင်းဖြစ်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက စစ်ဆေးဆဲကာလ အတွင်း ထည့်သွင်းစဉ်းစားမည်ဖြစ်ပြီး လျှောက်ထားသည့်နေ့ရက်မှ ၆ လထက် နောက် မကျစေဘဲ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ထုတ်ပြန်မည်ဖြစ်ပါသည်။

၁၂၇။ ဒုတိယအချက်အနေဖြင့် နိုင်ငံခြားမူပိုင်ခွင့်ကိုင်ဆောင်ထားသူသည် အင်ဒိုနီးရှား နိုင်ငံတွင် ထုတ်လုပ်သည့်စက်ရုံရှိရမည်ဆိုသည့်အချက်နှင့်ကိုက်ညီစေရန်အတွက် မူပိုင်ခွင့် ရရှိထားသောထုတ်ကုန်၏ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ လိုင်စင်ရရှိမှု၊ လုပ်ငန်းစဉ်၊

နည်းလမ်း၊ အသုံးပြုသည့်စနစ် သို့မဟုတ် အသုံးပြုမည့်ပုံစံတို့ကို သတ်မှတ်ပါသည်။ Omnibus Law တွင် ကုန်အမှတ်တံဆိပ်ဥပဒေ (Trademark Law) ကိုလည်း ပြင်ဆင်ခဲ့ပြီး အဆိုပါပြင်ဆင်သည့်ဥပဒေအရ ကုန်အမှတ်တံဆိပ်လျှောက်ထားခြင်းကို အများသိရှိနိုင်ရန် ထုတ်ပြန်ကြေညာသည့် အချိန်ကုန်ဆုံးပါက စိစစ်သည့်ကိစ္စကို ချက်ချင်းဆောင်ရွက်ရမည် ဖြစ်ပြီး ကန့်ကွက်သည့်ကိစ္စမရှိပါက ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုပေးရန်ဖြစ်ပါသည်။ ကန့်ကွက်သည့်ကိစ္စရပ်တစ်စုံတစ်ရာရှိလာပါက ရက်ပေါင်း ၉၀ အတွင်း ဆုံးဖြတ်ချက် ထုတ်ပြန်ရန်ဖြစ်ပါသည်။[၁၅] မှတ်ပုံတင်ပြီးပါက မူပိုင်ခွင့်သည် မှတ်ပုံတင်သည့်နေ့မှစ၍ အနှစ် ၂၀ ကြာ အသုံးပြုနိုင်ပြီး Utility Patent သည် မှတ်ပုံတင်သည့်နေ့မှစ၍ ၁၀ နှစ်အထိ သက်တမ်းရှိပါသည်။

၁၂၈။ အင်ဒိုနီးရှားနိုင်ငံ၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေအရ မှတ်ပုံတင်ထားသော မူပိုင်ခွင့်ရရှိသူကို မူပိုင်ခွင့်ထုတ်ကုန်အပေါ် ခွင့်ပြုချက်မရရှိသောအဖွဲ့မှ ယူသုံးခြင်းအတွက် အောက်ဖော်ပြပါအတိုင်း တားမြစ်ထားပါသည်[၁၆]-

(က) မူပိုင်ခွင့်ပစ္စည်းတစ်ခုနှင့်စပ်လျဉ်း၍ ဖြန့်ချီခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း စသည့် ရည်ရွယ်ချက်များအတွက် အထောက်အပံ့ပေးခြင်း၊ ဖြန့်ချီခြင်း သို့မဟုတ် ငှားရမ်းခြင်း၊ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ အသုံးချခြင်း၊ ဖန်တီးခြင်း၊

(ခ) ထုတ်ကုန်တစ်ခု ဖန်တီးရန် သို့မဟုတ် မူပိုင်ခွင့်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းစဉ်ကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အထက် အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ခြင်း၊

(ဂ) မူပိုင်ခွင့်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းစဉ်အား အသုံးပြုခြင်းကို တားမြစ်ခြင်းသည် မူပိုင်ခွင့်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းစဉ်ကို အသုံးပြုပြီး တင်သွင်းသည့်သွင်းကုန်ပစ္စည်းများနှင့်သာ သက်ဆိုင်စေခြင်း။

---


[၁၅] https://www.tilleke.com/insights/indonesias-omnibus-law-amends-patent-law-and-trademark-law-support-foreign-investment/.

[၁၆] https://www.mondaq.com/intellectual-property/888068/patents-comparative-guide.

ကုန်သွယ်မှု

၁၂၉။ အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၀၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဆေးဝါးပစ္စည်းများ သွင်းကုန် ပမာဏတန်ဖိုးကို ပုံပြဂရပ် (၁ - ၂ - ၃) ဖြင့် ဖော်ပြအပ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါး ပစ္စည်းများတင်သွင်းခြင်းသည် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁,၁၅၉ သန်းအထိ ရောက်ရှိခဲ့ခြင်းသည် ကိုဗစ် - ၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် ပြည်တွင်း လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ သွင်းကုန်တန်ဖိုး မြင့်တက်လာခြင်းဖြစ်ကြောင့်ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးထုတ်ကုန်များ ထုတ်လုပ်ရာတွင် အသုံးပြုသောကုန်ကြမ်းများ၏ ရာခိုင်နှုန်းအများစုကို အဓိကအားဖြင့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ တင်သွင်းလျက်ရှိပါသည်။[၁၇]

ပုံပြဂရပ် (၁ - ၂ - ၃)။ ၂၀၀၉ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိနှစ်အလိုက် အင်ဒိုနီးရှားနိုင်ငံသို့ ဆေးဝါးပစ္စည်းများ သွင်းကုန်တန်ဖိုး



အရင်းအမြစ် - Trademap database (International Trade Center)။

၁၃၀။ အင်ဒိုနီးရှားနိုင်ငံသို့ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ အများဆုံး တင်သွင်းသည့်နိုင်ငံ ၅ နိုင်ငံမှာ အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဖြိတိန်နိုင်ငံတို့ ဖြစ်ပါသည်။[၁၈] အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်း၏ ထုတ်လုပ်မှုလိုအပ်ချက်ကို ဖြည့်ဆည်းရန် ပြည်ပနိုင်ငံများမှ ဆန်းသစ်တီထွင်ထားသော ဆေးဘက်နှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများကို

---


[၁၇] https://hsfnotes.com/indonesia/2021/04/21/new-foreign-investment-rules-in-indonesias-healthcareand-pharmaceutical-sectors/

[၁၈] https://www.trademap.org/Country_SelProductCountry_TS.aspx?nvpm=1%7c360%7c%7c%7c%7c30%7c%7c%7c%7c2%7c1%7c1%7c1%7c2%7c1%7c2%7c1%7c1%7c1%7c1

မှီခိုနေရဆဲဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၌ ဆေးဘက်ဆိုင်ရာပစ္စည်းများကို တရုတ်နိုင်ငံမှ စုစုပေါင်းတင်သွင်းမှုရှယ်ယာ၏ ၂၀ ရာခိုင်နှုန်းဖြင့် အများဆုံးတင်သွင်းရပြီး ဒုတိယ အများဆုံး အဖြစ် ဂျာမဏီနိုင်ငံမှ စုစုပေါင်းတင်သွင်းမှုရှယ်ယာ၏ ၁၅ ရာခိုင်နှုန်းကို တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။

၁၃၁။ အင်ဒိုနီးရှားနိုင်ငံမှ ပြည်ပသို့ ဆေးဝါးပစ္စည်းများပို့ကုန်ပမာဏတန်ဖိုးကို ပုံပြဂရပ် (၁ - ၂ - ၄) ဖြင့် ဖော်ပြအပ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးပစ္စည်းများတင်ပို့ခြင်းသည် ၂၀၁၅ ခုနှစ် တဖြည်းဖြည်း တိုးတက်လာခြင်းသည် အင်ဒိုနီးရှားနိုင်ငံအစိုးရက ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် အမျိုးသားကျန်းမာရေးအာမခံအစီအစဉ်ဖြစ်သော The Universal Healthcare System (Jaminan Kesehatan Nasional - JKN) နှင့် The National Health Insurance Agency (BPJS Kesehatan) ကို မိတ်ဆက်ပြီးနောက်ပိုင်း အစိုးရအနေဖြင့် ကျန်းမာရေးနှင့် ဆေးဝါးထုတ်လုပ်သည့်ကဏ္ဍကို အားပေးမြှင့်တင်လိုသည့်အတွက် ဆေးဝါး ပို့ကုန်တိုးတက်လာခြင်းဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံမှ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ အများဆုံးတင်ပို့သည့်နိုင်ငံ ၅ နိုင်ငံမှာ စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ တိုင်ပေနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ပါသည်။[၁၉]

ပုံပြဂရပ် (၁ - ၂ - ၄)။ ၂၀၀၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နှစ်အလိုက် အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးပစ္စည်းများပို့ကုန်တန်ဖိုး



အရင်းအမြစ် - Trademap database (International Trade Center)။

[၁၉] https://www.trademap.org/Country_SelProductCountry_TS.aspx?nvpm=1%7c360%7c%7c%7c%7c30%7c%7c%7c2%7c1%7c1%7c1%7c2%7c1%7c2%7c1%7c1%7c1


၁၃၂။ အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် (ခန့်မှန်း) ဆေးဘက်ဆိုင်ရာ ကိရိယာများနှင့် စက်ပစ္စည်းများ၏ ဈေးကွက်၊ ထုတ်လုပ်မှု၊ ပို့ကုန်နှင့် သွင်းကုန်အခြေအနေ အောက်ပါအတိုင်း ဖော်ပြပါသည်-

ဇယား (၁ - ၂ - ၄)။ ဆေးဘက်ဆိုင်ရာကိရိယာများနှင့် စက်ပစ္စည်းများ၏ ဈေးကွက်၊ ထုတ်လုပ်မှု၊ ပို့ကုန်သွင်းကုန်အခြေအနေနှင့် ပြည်တွင်းသုံးစွဲမှု (အမေရိကန်ဒေါ်လာသန်းပေါင်း)[၆၀]

အကြောင်းအရာ	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀ (ခန်းမှန်းချက်)
စုစုပေါင်းဈေးကွက်	၂,၄၁၀	၂,၆၆၅	၂,၈၇၉	၃,၀၂၃
စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု	၁,၅၉၈	၁,၇၅၇	၁,၉၃၃	၂,၀၃၀
စုစုပေါင်းပို့ကုန်	၅၈၁	၅၉၀	၆၀၄	၆၃၄
စုစုပေါင်းသွင်းကုန်	၁,၃၉၄	၁,၄၈၈	၁,၅၅၀	၁,၆၇၂
စုစုပေါင်းပြည်တွင်းသုံးစွဲမှု	၂,၉၉၂	၃,၂၄၅	၃,၄၈၃	၃,၇၀၂

အရင်းအမြစ် - International Trade Administration. 2021. Indonesia Medical Equipment (၁၁-၁၀-၂၀၂၀).[၆၁]

ပုံပြဂရပ် (၁ - ၂ - ၅)။ ဆေးဘက်ဆိုင်ရာကိရိယာများနှင့် စက်ပစ္စည်းများ၏ ဈေးကွက်၊ ထုတ်လုပ်မှု၊ ပို့ကုန်သွင်းကုန်အခြေအနေနှင့် ပြည်တွင်းသုံးစွဲမှု (အမေရိကန်ဒေါ်လာသန်းပေါင်း)




အရင်းအမြစ် - International Trade Administration. 2021. Indonesia Medical Equipment (၁၁-၁၀-၂၀၂၀).

[၆၀] https://www.trade.gov/knowledge-product/indonesia-medical-equipment

[၆၁] International Trade Administration. 2021. Indonesia Medical Equipment (၁၁-၁၀-၂၀၂၀).

၁၃၃။ ၂၀၁၉ ခုနှစ်၏ ဈေးကွက်အခြေအနေအရ အင်ဒိုနီးရှားနိုင်ငံမှ ဆေးဝါးထုတ်လုပ်သည့် ထိပ်တန်းကုမ္ပဏီ ၁၀ ခုကို ပုံပြဂရပ် (၁ - ၂ - ၆) ဖြင့် ဖော်ပြအပ်ပါသည်။

ပုံပြဂရပ် (၁ - ၂ - ၆)။ ၂၀၁၉ ခုနှစ် ဈေးကွက်အရ အင်ဒိုနီးရှားနိုင်ငံ၏ ထိပ်တန်းဆေးဝါးကုမ္ပဏီ ၁၀ ခု



အရင်းအမြစ် - Farmisiindustri.com။

တိုင်းရင်းဆေးကဏ္ဍ

၁၃၄။ အင်ဒိုနီးရှားနိုင်ငံ၏ တိုင်းရင်းဆေးထုတ်လုပ်ခြင်းလုပ်ငန်းတွင် နိုင်ငံခြားသားလုပ်ကိုင်ခွင့်ကို ခွင့်ပြုထားခြင်းမရှိဘဲ တိုင်းရင်းဆေးနှင့်ပတ်သက်၍ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင်လည်း သာလွန်အခွန်နှုတ်ယူခွင့် (Super tax Deduction) ကုန်ကျစရိတ်ကို သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်ကျစရိတ်၏ ၃၀၀ ရာခိုင်နှုန်းအထိ တစ်ကြိမ်တည်းဖြစ်စေ အကြိမ်ကြိမ်ခွဲ၍ဖြစ်စေ ခံစားခွင့်ရှိပါသည်။[၆၂] အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၇ ခုနှစ်မှလွဲ၍ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း တိုင်းရင်းဆေးတင်ပို့မှုသည် ကျဆင်းခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ အင်ဒိုနီးရှားနိုင်ငံ၏ တိုင်းရင်းဆေးဝါး သို့မဟုတ် Biopharma တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၉.၆၄ သန်းအထိ စံချိန်တင်နိုင်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စက်တင်ဘာလတွင် အင်ဒိုနီးရှားတိုင်းရင်းဆေးဝါးများကို အိန္ဒိယနိုင်ငံသို့ ၆၂.၃၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံသို့ ၆.၁၅ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံသို့ ၅.၀၈ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံသို့ ၃.၇၅ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံသို့ ၃.၁၇ ရာခိုင်နှုန်း အသီးသီးတင်ပို့ခဲ့ပါသည်။

[၆၂] http://ifcci.com/super-tax-deduction-until-300-for-rd-pharmaceutical-industry/

၁၃၅။ ၂၀၁၉ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့တိုင်းရင်းဆေးဝါး တင်ပို့နေသော နိုင်ငံများအနက် နံပါတ် ၁၉ နေရာတွင် တည်ရှိနေပြီး ဈေးကွက်အနေဖြင့် ၀.၆၁ ရာခိုင်နှုန်း ပါသည်။ ကမ္ဘာ့တိုင်းရင်းဆေးဈေးကွက်တွင် အိန္ဒိယနိုင်ငံသည် ၃၃.၄၆ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံသည် ၂၇.၅၄ ရာခိုင်နှုန်း နှင့် နယ်သာလန်နိုင်ငံသည် ၆.၀၅ ရာခိုင်နှုန်းဖြင့် နေရာယူလွှမ်းမိုးထားပါသည်။[၆၃]

၁၃၆။ အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်ရေးဝန်ကြီးဌာနက နိုင်ငံ၏ ဦးစားပေးပို့ကုန်များတွင် တိုင်းရင်းဆေးဖော်စပ်အသုံးပြုရာ၌ ပါဝင်သော ဆေးဖက်ဝင်အပင်များ၊ ကျန်းမာရေးဖြည့်စွက်စာများ၊ နံ့သာပင်များ၊ ကျန်းမာရေးအထောက်အကူပြု Spa တွင် အသုံးပြုသော အလှကုန်များနှင့် အမွေးရနံ့ကုထုံးတို့ပါဝင်ကြောင်း ဖော်ပြခဲ့ပါသည်။ သို့ရာတွင် အင်ဒိုနီးရှားနိုင်ငံ၏ Biopharma ထုတ်ကုန်များသည် ဈေးကွက်ရရှိမှု၊ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်မှုနှင့် သုံးစွဲသူထံပေးပို့ရာတွင် တိကျမှု၊ ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ ယှဉ်ပြိုင်နိုင်စွမ်း၊ အော်ဂဲနစ် ထောက်ခံချက်၊ ထောက်ပံ့ပို့ဆောင်စရိတ်မြင့်မားခြင်း၊ ကောင်းမွန်သောစိုက်ပျိုးရေးအလေ့အကျင့်များနှင့် ကောင်းမွန်သောထုတ်လုပ်မှုအလေ့အကျင့်များ စသည့် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေဆဲဖြစ်ပါသည်။

သုံးသပ်ချက်

၁၃၇။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကိုဗစ် - ၁၉ ကပ်ရောဂါ စတင်ကူးစက်သည့်ကာလ၌ နာခေါင်းစည်းထုတ်လုပ်သည့် ကုမ္ပဏီမှာ ၂ ခုသာရှိသည့်အတွက် ကိုဗစ် - ၁၉ ကပ်ရောဂါ၏ အစောပိုင်းကာလများတွင် ကျန်းမာရေးအတွက် အဓိက လိုအပ်သောနာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များ ပြတ်လပ်မှုကြောင့် ဈေးနှုန်းများ မြင့်တက်စေခဲ့ပြီး ပြည်ပနိုင်ငံများမှ နာခေါင်းစည်းများမှာယူ၍ အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း နာခေါင်းစည်းဝယ်ယူသိုလှောင်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ကိုဗစ် - ၁၉ ကပ်ရောဂါကာလအတွင်း ကျန်းမာရေးကဏ္ဍအတွက် လိုအပ်သည့်ပစ္စည်းများ၏ ဝယ်လိုအား မြင့်တက်လာမှုနှင့်အတူ အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်သည့်ကဏ္ဍတွင် လိုအပ်ချက်များဖြစ်ပေါ်ခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံအစိုးရအနေဖြင့် ၂၀၁၆ ခုနှစ်၌ ဆေးဝါးကုန်ကြမ်းထုတ်လုပ်မှုတွင် ရာနှုန်းပြည့် နိုင်ငံခြားသားလုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၌ Omnibus Law အဖြစ် ဘဏ္ဍာရေးဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ခြင်းအနက် ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ဆေးဝါးကုန်ချောထုတ်လုပ်မှုကို ရာနှုန်းပြည့်

[၆၃] https://indonesiaaccess.id/news/detil/723

နိုင်ငံခြားသားလုပ်ပိုင်ခွင့်ကိုလည်းကောင်း ပြင်ဆင်သတ်မှတ်ခြင်းဖြင့် အနာဂတ်တွင် ကိုဗစ် - ၁၉ ကပ်ရောဂါကဲ့သို့ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ပြတ်လပ်သည့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်သည့်အပြင် ဆေးဝါးကုန်ကြမ်းထုတ်လုပ်မှုနှင့် ကုန်ချောထုတ်လုပ်မှု ဆိုင်ရာနည်းပညာများကိုပါ လွှဲပြောင်းရယူနိုင်မည်ဖြစ်ပါသည်။


၁၃၈။ ဆေးဝါးထုတ်လုပ်မှုကဏ္ဍကို အားပေးမြှင့်တင်ခြင်းသည် နိုင်ငံ၏ လက်ရှိ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရုံသာမက အနာဂတ်တွင် ဖြစ်နိုင်ချေရှိသော ကူးစက်ရောဂါများ၏ သက်ရောက်မှုကို ခံနိုင်ရည်ရှိစေရန် အထောက်အကူဖြစ်နိုင်လိမ့်မည်ဟု သုံးသပ်ရပါသည်။ ဆေးဝါးကုန်ချောထုတ်လုပ်မှုကို နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူကို ရာနှုန်းပြည့် ဆောင်ရွက်ခွင့်ပြုသော်လည်း Local Content Regulations ဖြင့် ထိန်းညှိ၍ နိုင်ငံသားလုပ်ငန်းရှင်များကို ဆေးဝါးစျေးကွက်တွင် ရပ်တည်နိုင်ရေးထည့်သွင်းစဉ်းစားလျက်ရှိကြောင်း တွေ့ရှိရသည်။ အဆိုပါအချက်သည် အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးကဏ္ဍဖွံ့ဖြိုးစေရန် အဟန့်အတားတစ်ခုလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အင်ဒိုနီးရှားနိုင်ငံအစိုးရသည် ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများအတွက် အခွန်ဆိုင်ရာ ခံစားခွင့်များနှင့် ဆေးဝါးဖော်စပ်ခြင်းဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များအတွက် ခံစားခွင့်များကို လျှော့ထား၍ ခံစားခွင့်ပြုခြင်းကို ကြည့်ခြင်းအားဖြင့် နိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်သည့်ကဏ္ဍကို ကုန်သွယ်မှုမှ နိုင်ငံတွင်းသို့ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ရေး သို့မဟုတ် နိုင်ငံ၏ ဆန်းသစ်တီထွင်မှုတိုးတက်လာရေးအဆင့်သို့ ပြောင်းလဲနေကြောင်း တွေ့ရှိရပါသည်။

၁၃၉။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၏ တိုင်းရင်းဆေးထုတ်လုပ်ခြင်းလုပ်ငန်းတွင် နိုင်ငံခြားသား လုပ်ကိုင်ခွင့်မရှိသော်လည်း တိုင်းရင်းဆေးဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့်ဆက်စပ်သည့် ဆောင်ရွက်ချက်များတွင် လုပ်ကိုင်နိုင်စေရန် အခွန်ဆိုင်ရာခံစားခွင့်များကို ပံ့ပိုးပေးထားသည်ကို တွေ့ရှိရပါသည်။

၁၄၀။ အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဝါးထုတ်လုပ်သည့်စျေးကွက်သည် နိုင်ငံ၏ များပြားသော လူဦးရေအတွက် အခြေခံဆေးဝါးလိုအပ်ချက်ကြောင့် အနာဂတ်တွင် တိုးတက်မှု အလားအလာရှိသော ကဏ္ဍတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၃၀ ခုနှစ်အတွင်း နိုင်ငံအလိုက် ဆေးဝါးထုတ်လုပ်မှုကဏ္ဍ၏ အလားအလာကဏ္ဍတိုးတက်မှုအပေါ် ကြိုတင်ခန့်မှန်းချက်အရ အင်ဒိုနီးရှားနိုင်ငံသည် တတိယနေရာတွင် တည်ရှိနေပြီး အိန္ဒိယနိုင်ငံနှင့်

တရုတ်နိုင်ငံတို့သည် ပထမနှင့် ဒုတိယနေရာအသီးသီးတွင် တည်ရှိနေကြောင်း ပုံပြဂရပ် (၁ - ၂ - ၇) ဖြင့် ဖော်ပြအပ်ပါသည်[၆၇]။

ပုံပြဂရပ် (၁ - ၂ - ၇)။ ၂၀၁၇ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံ အလိုက် ဆေးဝါးကဏ္ဍတိုးတက်မှုကို ကြိုတင်ခန့်မှန်းချက်



အရင်းအမြစ် - statista.com။

ဆက်လက်ဆောင်ရွက်နိုင်ချေရှိသည့်လုပ်ငန်းစဉ်များ

၁၄၁။ အင်ဒိုနီးရှားဆေးဝါးစက်ရုံသည် ကုန်ကြမ်းတင်သွင်းမှုအပေါ် အလွန်မှီခိုနေရသောကြောင့် အင်ဒိုနီးရှားအစိုးရသည် ကုန်ကြမ်းများထုတ်လုပ်သော ဆေးဝါးထုတ်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက်လာရန် စိတ်အားထက်သန်လျက်ရှိပြီး ဆေးဝါးများထုတ်လုပ်သည့်အဆင့်များကို ပြည်တွင်းရှိ ကုမ္ပဏီများကို အားပေးသည့်အနေဖြင့် Local Content Production Regulations ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ အင်ဒို

[၆၇] https://www.statista.com/statistics/783145/pharmaceutical-sector-growth-forecast-worldwide-by-country/

နီးရှားနိုင်ငံဆေးဝါးထုတ်လုပ်သည့်ကဏ္ဍမြှင့်တင်ရေးလမ်းပြမြေပုံ (၂၀၂၅) အရ ရင်းနှီးမြှုပ်နှံသူများကို အစိုးရအနေဖြင့် စျေးကွက်ရရှိနိုင်မှု၊ ကုန်ကြမ်းထောက်ပံ့နိုင်မှု၊ ပြည်တွင်း/ ပြည်ပမှုနည်းပညာအကူအညီများဖြင့် ဆေးဝါးထုတ်လုပ်မှုကို မြှင့်တင်နိုင်ချေရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် Making Indonesia 4.0 ကို ဧပြီလ ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့ပြီး ထိုအစီအစဉ်တွင် ရေရှည်ကုန်ကျစရိတ်ကိုလျှော့ချပေးပြီး ယှဉ်ပြိုင်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်မြှင့်တင်နိုင်ပေးသော Industry 4.0 နည်းပညာကိုအသုံးပြုသည့် ဆေးဝါးထုတ်လုပ်ခြင်းကဏ္ဍအပါအဝင် ဦးစားပေးလုပ်ငန်းကဏ္ဍ ၇ ခုကို ရင်းနှီးမြှုပ်နှံမှုမက်လုံးများနှင့် အထောက်အပံ့များပံ့ပိုးခြင်းအားဖြင့် တိုးတက်စေရန် အားပေးလျက်ရှိပါသည်။[၆၅]

စိန်ခေါ်မှုများ

၁၄၂။ အင်ဒိုနီးရှားဆေးနိုင်ငံ၌ ကိုဗစ် - ၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် ဆေးဝါးကျန်းမာရေးသုံးပစ္စည်း၏ ဝယ်လိုအားမြင့်တက်ခဲ့မှုကြောင့် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုလုပ်ငန်းစဉ်များနှင့် ဆေးဝါးကုန်ကြမ်းနှင့် ကုန်ချောထောက်ပံ့ရေးကွင်းဆက်များတွင် အခက်အခဲများကြုံတွေ့ခဲ့ရသည့်အပြင် ဆေးရုံများ၊ ဆရာဝန်များနှင့် သူနာပြုနှင့် ဆေးဝါးကျွမ်းကျင်လုပ်သားများပါဝင်နေသော လူသားအရင်းအမြစ်ခွဲဝေအသုံးချမှုမညီမျှခြင်းကြောင့် အဆိုပါကဏ္ဍတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါသည်။ ထို့ပြင် ဆေးဝါးထုတ်လုပ်ခြင်းထက် ပြည်ပနိုင်ငံများမှ ဆေးဝါးကုန်ကြမ်း တင်သွင်းခြင်းကို ဆောင်ရွက်နေရဆဲဖြစ်သည့်အတွက် အရည်အသွေးပြည့်မီသော ဆေးဝါးထုတ်လုပ်ခြင်းအတွက် ဆေးဝါးကုန်ကြမ်းကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါသည်။

၁၄၃။ ဆေးဝါးများထုတ်လုပ်ရန် ပြည်တွင်းမှတပ်ဆင်ဆေးဝါးကုန်ကြမ်းစက်ရုံများတွင် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မှုမရှိခြင်းကြောင့် ကုန်ကျစရိတ်မြင့်တက်နေခြင်း၊ ရေရှည်တည်တံ့သည့်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရန် လုပ်သာကိုင်သာရှိသောစီးပွားရေးပတ်ဝန်းကျင်တစ်ခုဖြစ်ရန် လိုအပ်ခြင်း၊ ဆေးဝါးကဏ္ဍများရှိ ထုတ်ကုန်များအတွက် စျေးနှုန်းများတည်ငြိမ်မှုမရှိခြင်းကြောင့် အဆိုပါကဏ္ဍရှိ လုပ်ငန်းရှင်များကို အခက်အခဲဖြစ်စေခြင်း စသည့် စိန်ခေါ်မှုများလည်း ရှိနေဆဲပင်ဖြစ်သည်။[၆၆] ဆေးဝါးရောင်းဝယ်ခြင်းသည် လွယ်ကူနေသော်လည်း ဆေးဝါးအသစ်ကို တီထွင်ထုတ်လုပ်ခြင်းသည် ဒေသတွင်းနှင့်

---

[၆၅] ASEAN Investment Report (2020-2021)

[၆၆] http://www.gbgindonesia.com/en/manufacturing/article/၂၀၁၆/indonesia_s_pharmaceutical_industry_is_in_rude_health_၁၁၅၃၁.php

ကမ္ဘာလုံးဆိုင်ရာပြိုင်ဆိုင်မှုများနှင့်နှိုင်းယှဉ်ပါက အင်ဒိုနီးရှားနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။

၁၄၄။ သို့သော် အင်ဒိုနီးရှားနိုင်ငံသည် အမျိုးသားကျန်းမာရေးအာမခံဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအပြင် ကိုဗစ် - ၁၉ ကပ်ရောဂါကာလအတွင်း Digital Health Ecosystem နှင့် အင်တာနက်စီးပွားရေးတို့သည် လျင်မြန်စွာ တိုးတက်လာပြီး တစ်မူထူးခြားသည့် Omnibus Law ပြဋ္ဌာန်းခြင်းနှင့်အတူ လုပ်ထုံးလုပ်နည်းများ ဖြေလျော့ခြင်းနှင့် အခွန်ဆိုင်ရာနှင့် အခြားခံစားခွင့်များကို အားဖြည့်ပံ့ပိုးပေးထားခြင်းဖြင့် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်သည့်ကဏ္ဍတွင် တွေ့ကြုံရနိုင်သည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ကာ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြည်တွင်းဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

၁-၃။ ထိုင်းနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှု လုပ်ငန်းကဏ္ဍ

ယေဘုယျဖော်ပြချက်


၁၄၅။ ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှနှင့် အာဆီယံတွင် တည်နေရာအနေအထားအရ အချက်အချာ ကျသောနေရာတွင် တည်ရှိပြီး တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကဲ့သို့ တိုးတက် အားကောင်းသည့် စျေးကွက်နှင့် ချိတ်ဆက်နိုင်ခြင်းတို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ ဝင်ငွေအလယ်အလတ်အထက်အဆင့်ရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိ ပါသည်။ ထိုင်းနိုင်ငံသည် ၁၉၉၉ ခုနှစ်မှစ၍ မကူးစက်နိုင်သောရောဂါများနှင့် ကူးစက်နိုင်သော ရောဂါများကြောင့် နိုင်ငံလူဦးရေ အများအပြား အသက်ဆုံးရှုံးခဲ့ရပါသည်။ မကူးစက်နိုင်သော ရောဂါများဖြစ်သော နှလုံးသွေးကြောဆိုင်ရာရောဂါ၊ ကင်ဆာရောဂါ၊ ဆီးချိုရောဂါနှင့် နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကြောင့် သေဆုံးမှုသည် ၁၉၉၉ ခုနှစ် တွင် ၅၈.၅ ရာခိုင်နှုန်း၊ ၂၀၀၄ ခုနှစ်တွင် ၆၄.၆ ရာခိုင်နှုန်းနှင့် ၂၀၀၉ ခုနှစ်တွင် ၇၅.၀ ရာခိုင်နှုန်းနှင့် ကူးစက်နိုင်သောရောဂါများဖြစ်သည့် သွေးလွန်တုပ်ကွေးနှင့် အခြားတုပ်ကွေး ရောဂါများ၊ ငှက်ဖျားရောဂါများကြောင့် သေဆုံးမှုသည် ၁၉၉၉ ခုနှစ်တွင် ၂၇.၇ ရာခိုင်နှုန်း၊ ၂၀၀၄ ခုနှစ်တွင် ၂၁.၂ ရာခိုင်နှုန်းနှင့် ၂၀၀၉ ခုနှစ်တွင် ၁၂.၅ ရာခိုင်နှုန်း ရှိခဲ့ပါသည် (World Health Organization, 2015)။

၁၄၆။ ထို့ကြောင့် ထိုင်းနိုင်ငံအစိုးရသည် လူဦးရေအချိုးအစားနှင့် ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်မည့် ပြုပြင်ပြောင်းလဲမှုမူဝါဒဖြစ်သော ပြည်သူများအားလုံး ကျန်းမာရေး စောင့်ရှောက်မှုကို လက်လှမ်းမီရရှိနိုင်ရေး (Universal Healthcare Coverage) ကို အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် World Health Organization ၏ အစီရင်ခံစာအရ နိုင်ငံတစ်ဝန်း လူဦးရေ ၁၀၀၀၀ လျှင် ကျန်းမာရေးဝန်ထမ်းအရေအတွက် ပျမ်းမျှ ၂၉.၃ အထိ ရှိခဲ့ပါသည်။ ထို့ကြောင့် မွေးဖွားမှုနှုန်းနှင့် သေဆုံးနှုန်းမြင့်တက်ခဲ့သည့်အဆင့်မှ တဖြည်းဖြည်း ကျဆင်းလာခဲ့ပြီး လက်ရှိတွင် အာရှ၏ ကမ္ဘာ့ထိပ်တန်းကျန်းမာရေးစောင့်ရှောက်မှု အချက် အချာနေရာတစ်ခုအဖြစ် တစ်ဖြည်းဖြည်းရပ်တည်လာနိုင်ပြီဖြစ်ကာ ကမ္ဘာ့ထိပ်တန်းအချက် အချာနေရာဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၁၄၇။ စီးပွားရေးအရ ကြည့်မည်ဆိုပါက ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားလျက်ရှိသည့် ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် အခြားနိုင်ငံများနည်းတူ ထိုင်းနိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် ၂၀၁၉ ခုနှစ်တွင် ၂.၂၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် -၆.၀၉ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပြီး ၂၀၂၁

ခုနှစ် ပထမ ၃ လပတ်ကာလတွင် GDP တိုးတက်မှုနှုန်းသည် -၂.၆ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည် (ပုံပြဂရပ် (၁ - ၃ - ၁) တွင် ကြည့်ပါ) (World Bank Database, 2021; World Bank, 2021a)။ ၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့သည် နိုင်ငံ GDP ၏ ၃၅ ရာခိုင်နှုန်းနှင့် ၅၆ ရာခိုင်နှုန်း အသီးသီးရှိပါသည် (Boomfueng et al., 2019)။


ပုံပြဂရပ် (၁ - ၃ - ၁)။ ထိုင်းနိုင်ငံ၏ နှစ်အလိုက် GDP တိုးတက်မှုနှုန်း (၂၀၀၀ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ)



အရင်းအမြစ် - World Bank Database, 2021. https://data.worldbank.org/country/TH.

၁၄၈။ ထိုင်းနိုင်ငံတွင် Universal Coverage Scheme အတွက် အစိုးရအသုံးစရိတ်ကို ၂၀၀၂ ခုနှစ်တွင် ၆၃ ရာခိုင်နှုန်းအသုံးပြုခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၇၇ ရာခိုင်နှုန်းအထိ တိုးမြှင့်ခဲ့ပြီး လူနာမှ ကျန်းမာရေးအာမခံမရှိဘဲ တိုက်ရိုက်ပေးချေရသည့်အသုံးစရိတ်သည် ၂၀၀၂ ခုနှစ်၊ စုစုပေါင်းကျန်းမာရေးအသုံးစရိတ်၏ ၂၇.၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၁၂.၄ ရာခိုင်နှုန်းအထိ လျော့ချနိုင်ခဲ့ပါသည် (World Health Organization, 2015)။ အထွေထွေကျန်းမာရေးအသုံးစရိတ်သည် ၂၀၀၂ ခုနှစ်တွင် စုစုပေါင်းအစိုးရအသုံးစရိတ်၏ ၈ ရာခိုင်နှုန်း၊ ၂၀၀၃ ခုနှစ်တွင် ၁၁ ရာခိုင်နှုန်း၊ ၂၀၀၆ ခုနှစ်တွင် ၁၁ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ၁၃ ရာခိုင်နှုန်း (World Health Organization, 2015)၊ ၂၀၁၇ ခုနှစ်တွင် ၇၈ ရာခိုင်နှုန်းရှိခဲ့ပြီး စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်း သို့မဟုတ် လူဦးရေ ၄၈ သန်းအား Universal Health Coverage အဖြစ် ကျန်းမာရေးဝန်ဆောင်မှုများ ပေးနိုင်ခဲ့ပါသည် (The Economist Intelligence Unit, 2020)။ ထိုင်းနိုင်ငံသည် အမျိုးသားကျန်းမာရေးအသုံးစရိတ်ကို ၂၀၁၈ ခုနှစ် တွင် GDP ၏ ၃.၇၉ ရာခိုင်နှုန်းအထိ အသုံးပြုခဲ့ခြင်းဖြစ်သည် (The Economist Intelligence Unit, 2020)။

ပုံပြဂရပ် (၁ - ၃ - ၂)။ ထိုင်းနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ် (% of GDP)



အရင်းအမြစ် - World Bank. https://data.worldbank.org/indicator/SH.XPD.CHEX.GD.ZS?locations=TH.

မူဝါဒနှင့် မျော်မှန်းချက်

၁၄၉။ ထိုင်းနိုင်ငံသည် ကမ္ဘာ့ထိပ်တန်းဆေးပညာဆိုင်ရာနှင့် ကျန်းမာရေးစောင့်ရှောက်မှု အချက်အချာနေရာတစ်ခု ဖြစ်လာစေရေးအတွက် ၂၀၀၀ ခုနှစ်အစောပိုင်းကာလများမှစ၍ နိုင်ငံ၏ ကျန်းမာရေးစနစ်ကို ပြုပြင်ပြောင်းလဲမှုပြုလုပ်ရာတွင် အားလုံးပါဝင်အကျိုးခံစားနိုင်မည့် ပြည်သူ့ရေးရာမူဝါဒ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်အဖြစ် အသိပညာသို့မဟုတ် နည်းပညာကဏ္ဍ၊ လူမှုရေးအခြေပြုကဏ္ဍနှင့် နိုင်ငံဝန်ထမ်းများ၏ ပါဝင်မှုကဏ္ဍ စသည့် အဓိကကဏ္ဍ ၃ ခုကို ဦးတည်၍ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါသည် (Boomfueng et al., 2019)။ အဆိုပါကာလမတိုင်မီ ၁၉၆၀ ခုနှစ်များအတွင်း Civil Servants Medical Benefit Scheme၊ ၁၉၇၀ ခုနှစ်များအတွင်း Low Income Card Scheme၊ ၁၉၈၀ ခုနှစ်များအတွင်း Voluntary Health Card Scheme နှင့် ၁၉၉၀ ခုနှစ်များအတွင်း Social Security Scheme စသည့် အစီအစဉ် ၄ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် Health Systems Research Institute ကို တည်ထောင်ခဲ့ပါသည်။ ၂၀၀၁ ခုနှစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်လက်ထက်တွင် ဖော်ပြပါအစီအစဉ် ၄ ခုလုံးကို ပေါင်းစပ်၍ အမျိုးသားအဆင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူအားလုံး လက်လှမ်းမီနိုင်ရေး

(Universal Healthcare Coverage - UHC) မူဝါဒကို ချမှတ်ခဲ့ပြီး ၎င်းအရ “30 Baht Treat All” အစီအစဉ်[၆၇] ကို အစပျိုးဆောင်ရွက်ခဲ့ပါသည်။ (Towse et al., 2004)

၁၅၀။ UHC ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင် အမျိုးသားကျန်းမာရေးလုံခြုံမှုအက်ဥပဒေ (National Health Security Act - NHSA) ကို ပြဋ္ဌာန်းခဲ့ပြီး ပြည်သူကျန်းမာရေးဝန်ကြီးဌာန (Ministry of Public Health – MoPH) သည် လွတ်လပ်သောကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများအဖြစ် ၂၀၀၁ ခုနှစ်တွင် Thai Health Promotion Foundation၊ ၂၀၀၂ ခုနှစ်တွင် National Health Security Office (2002)၊ ၂၀၀၇ ခုနှစ်တွင် National Health Commission Office နှင့် ၂၀၀၉ ခုနှစ်တွင် Healthcare Accreditation Institute တို့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ပြည်နယ် ကျန်းမာရေးရုံးများနှင့် ပြည်သူ့ဆေးရုံများသည် ဝင်ငွေကို ကိုယ်တိုင်ရှာဖွေအသုံးပြုခွင့်အာဏာ ပေးထားပြီး စာရင်းစစ်ရုံးက ၎င်းတို့၏ ဘဏ္ဍာရေးစာရင်းကို ပုံမှန်စာရင်းစစ်ဆေးခြင်းဖြစ်သည်။ ထို့ပြင် ပြည်နယ် ကျန်းမာရေးရုံးများကို ပုဂ္ဂလိကဆေးဝါးများနှင့် ဆေးခန်းများအတွက် လိုင်စင်လျှောက်ထားခြင်းနှင့် အစားအစာ၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ၏ စားသုံးသူ/အသုံးပြုသူများအား အကာအကွယ်ပေးခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလည်း ထုတ်ပြန်ခွင့်အာဏာကို ပေးအပ်ထားပါသည်။ (World Health Organization, 2015)

၁၅၁။ UHC ပါ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အစိုးရသည် အဓိကကျန်းမာရေးစောင့်ရှောက်မှုဗဟိုဌာနများကို ပြည်နယ်ခရိုင်များတွင် တည်ထောင်ခဲ့ပြီး ၄ လအတွင်း Universal Coverage Scheme အတွက် မှတ်ပုံတင်သည့် ပြည်သူပေါင်း ၄၅ သန်းရှိခဲ့ပါသည်။ အဆိုပါအစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ငွေပေးချေမှုနည်းလမ်းနှင့် အာမခံအစီအစဉ် ၃ ခုဖြစ်သည့် Civil Servant Medical Benefit Scheme (CSMBS[၆၈])၊ Social Health Insurance Scheme (SHIS[၆၉]) နှင့် Universal Coverage Scheme (UCS[၇၀]) တို့ကို ချိတ်ဆက်ထားသည့် Capitation Approach[၇၁] ကို အသုံးပြုခဲ့သည် (Towse et al., 2004; World Health Organization, 2015)။ Universal Healthcare Coverage ကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်ရေးသည် စဉ်ဆက်မပြတ် အားလုံး

---

[၆၇] Under the “30 Baht Treat All” scheme, Thai people pay 30 baht ($0.86) for access to health care services.

[၆၈] CSMBS သည် အစိုးရဝန်ထမ်းများနှင့် ၎င်းတို့ကို မှီခိုသည့် အိမ်ထောင်စုဝင်များအတွက် ဖြစ်သည်။

[၆၉] SHI သည် ပုဂ္ဂလိကကဏ္ဍတွင် လုပ်ကိုင်နေသည့် အလုပ်သမားများအတွက်ဖြစ်သည်။

[၇၀] UCS သည် အစိုးရဝန်ထမ်းများနှင့် ၎င်းတို့ကို မှီခိုသည့် အိမ်ထောင်စုဝင်များနှင့် ပုဂ္ဂလိကကဏ္ဍတွင် လုပ်ကိုင်နေသည့် အလုပ်သမားများ မပါဝင်သည့် နိုင်ငံတွင်းရှိ ကျန်လူဦးရေအတွက်ဖြစ်သည်။

[၇၁] Capitation Approach is a type of a healthcare payment system in which a doctor or hospital is paid a fixed amount per patient for a prescribed period of time by an insurer or physician association.

ပါဝင်အကျိုးခံစားနိုင်ပြီး ထိုင်းနိုင်ငံ၏ ကိုယ်တိုင်ပြည့်စုံလုံလောက်သော စီးပွားရေးမူဝါဒကို ဖော်ဆောင်ရေးတွင် ပင်မရည်မှန်းချက်တစ်ခုအဖြစ် ပါဝင်နေသည့်အတွက် ထိုင်းနိုင်ငံအစိုးရသည် ၎င်းကို နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် နှစ် ၂၀ စီမံကိန်းတွင် အဓိကမဏ္ဍိုင်တစ်ခုအဖြစ် ထည့်သွင်းရေးဆွဲခဲ့ပါသည်။ (Sumriddetchkajorn et al., 2019)

၁၅၂။ ၁၉၉၀ ခုနှစ်များအတွင်း ကမ္ဘာတစ်ဝန်းတွင် ဆေးဘက်ဆိုင်ရာခရီးသွားကဏ္ဍများ တိုးတက်လာခြင်းနှင့်အတူ ထိုင်းနိုင်ငံသည် ၂၀၀၃ ခုနှစ်မှစတင်၍ အာရှ၏ ဆေးဘက်ဆိုင်ရာခရီးသွားအချက်အချာဒေသ (Medical Tourism Hub of Asia) အဖြစ် ဖော်ဆောင်နိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၅) ဖြစ်သည့် Thailand: A Hub of Wellness and Medical Services အရ ပြည်သူများအားလုံး အဆင့်မြင့်ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်ရေး အားပေးမြှင့်ရန်၊ ထိုင်းနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် ဆေးဘက်ဆိုင်ရာအဆောက်အအုံများကို မြှင့်တင်၍ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်ရန်နှင့် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်းဆေးဘက်ဆိုင်ရာအချက်အချာနေရာ ဖြစ်လာစေရန် စသည့် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်ခဲ့ပါသည် (Ayae, 2016; Board of Investment, 2021)။ ထို့သို့ဆောင်ရွက်နိုင်ရန်အတွက် တီထွင်ဆန်းသစ်မှုဖြင့် နည်းပညာများဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်းနှင့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် လိုအပ်သည့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များကို တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ခြင်းတို့ကို အလေးထားဖော်ဆောင်လျက်ရှိပါသည် (Board of Investment, 2021)။

၁၅၃။ ထိုင်းနိုင်ငံသည် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာဆက်စပ်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းကဏ္ဍရှိ ဆေးဘက်ဆိုင်ရာအသုံးအဆောင်များနှင့် ပစ္စည်းကိရိယာများ၊ ကာလကြာရှည်ခံသည့် ဆေးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာဆော့ဖ်ဝဲလ်၊ အခြားအထောက်အကူပြုပစ္စည်းများနှင့် စမ်းသပ်စစ်ဆေးသည့်ကိရိယာများ စသည်တို့ကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အောက်ပါမဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည် (Board of Investment, 2021)-

(က) **မဟာဗျူဟာ (၁)**။ Reverse Engineering Approach[၇၂] မှတစ်ဆင့် ပြည်တွင်းထောက်ပံ့မှုနှင့် လိုအပ်ချက်ကို ဘက်ညီမျှတစေရန်။

[၇၂] The term “reverse engineering” includes any activity you do to determine how a product works, or to learn the ideas and technology that were originally used to develop the product. Reverse engineering is a systematic approach for analyzing the design of existing devices or systems. https://www.npd-solutions.com/remethodology.html.

(ခ) **မဟာဗျူဟာ (၂)**။ အမျိုးသားအဆင့် ဆန်းသစ်တီထွင်မှုစာရင်းကို အခြေပြု၍ အစိုးရ၏ ဆန်းသစ်တီထွင်မှုမြှင့်တင်ရေးနည်းလမ်းနှင့် အစိုးရ၏ ဝယ်ယူရေးလုပ်ငန်းစဉ်များနှင့် အထောက်အပံ့များမှတစ်ဆင့် သတ်မှတ်ချက်များ၊ စံချိန်စံနှုန်းများနှင့် စွေးနှုန်းများကို သတ်မှတ်၍ အရေအတွက်များစွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်။

(ဂ) **မဟာဗျူဟာ (၃)**။ ပြည်တွင်း၌ ထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သည့် စက်ပစ္စည်းအစိတ်အပိုင်းများနှင့် ကုန်ကြမ်းများ၏ သွင်းကုန်ဆိုင်ရာ အကောက်ခွန်နှုန်းထားများကို သုည/အထိ လျှော့ချနိုင်ရန်နှင့် ပြည်တွင်းရှိ နည်းပညာများကို အဆင့်မြှင့်တင်ရန်။

(ဃ) **မဟာဗျူဟာ (၄)**။ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ဆန်းသစ်တီထွင်မှု နယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် ပြည်တွင်းလုပ်ငန်းရှင်များ၊ ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်သူများနှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်။

(င) **မဟာဗျူဟာ (၅)**။ ပြည့်စုံသောအရင်းအမြစ်များရရှိရေး၊ လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရေးနှင့် ချိတ်ဆက်မှုအားကောင်းစေရေးတို့အတွက် ပတ်သက်ဆက်နွယ်သူများအားလုံး၏ အထောက်အပံ့များကို ပေါင်းစပ် အသုံးပြုရန်။

၁၅၄။ အဆိုပါမဟာဗျူဟာများအရ လျာထားသတ်မှတ်ချက်မှာ ပြည်တွင်းထုတ်ကုန်းမာရေးသုံးပစ္စည်းများအတွက် စီးပွားရေးအကျိုးအမြတ်အရ အမေရိကန်ဒေါ်လာ ၁.၃ ဘီလီယံ ရရှိစေရန်နှင့် ပြည်တွင်းကုန်းမာရေးသုံးပစ္စည်းများ၏ ထုတ်လုပ်မှုကွင်းဆက်ကို ခိုင်မာအားကောင်းစေရန်တို့အတွက် ၂၀၂၅ ခုနှစ်အထိ နိုင်ငံတွင်း၌ မှတ်ပုံတင်၍ ထုတ်လုပ်သည့် ကုန်းမာရေးသုံးပစ္စည်းများ သို့မဟုတ် နိုင်ငံတွင်း၌ ပြုလုပ်သည့်တီထွင်ဆန်းသစ်မှုစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းအထိအား အစိုးရ၏ ဝယ်ယူမှုနှင့် အထောက်အပံ့အဖြစ် တိုးမြှင့်ပေးရန်ဖြစ်ပါသည် (Board of Investment, 2021)။

၁၅၅။ ထိုင်းနိုင်ငံ၏ Thailand 4.0 သည် တန်ဖိုးအခြေပြုစီးပွားရေး (Value-based Economy) သို့ ဦးတည်ခြင်းနှင့်အတူ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်းဆေးပညာရပ်ဆိုင်ရာ အချက်အချာနေရာအဖြစ် မြှင့်တင်နိုင်ရေး ရည်မှန်းချက်ကို ကြိုးပမ်းဆောင်ရွက်ရာတွင် ထိုင်းနိုင်ငံအစိုးရသည် ဆေးပညာရပ်ဆိုင်ရာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်

တီထွင်ဖန်တီးမှုကို မြှင့်တင်နိုင်မည့် eHealth Strategy (၂၀၁၇-၂၀၂၆) ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ eHealth Strategy အရ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်မှုကဏ္ဍနှင့် ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍများ၌ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာတို့ကို ပေါင်းစပ်၍ Electronic Health Record၊ Computerized Physician Order Entry၊ ePrescribing၊ ရောဂါရှာဖွေစမ်းသပ်ကုသမှုဆိုင်ရာအထောက်အကူပြုစနစ်၊ Telemedicine၊ လူနာများ၏ ကျန်းမာရေးအချက်အလက်များထိန်းသိမ်းမှု၊ ကျန်းမာရေးအသိပညာဆိုင်ရာစီမံခန့်ခွဲမှု၊ Virtual ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် မိုဘိုင်းလ်ဖုန်းများဖြင့် အသုံးပြုနိုင်မည့် mHealth၊ ဆေးဘက်ဆိုင်ရာသုတေသနနှင့် ကျန်းမာရေးသတင်းအချက်အလက်စနစ်တို့ကို လည်ပတ်လုပ်ဆောင်နိုင်ရေးတို့အတွက် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ (Ministry of Public Health, 2017; Boomfueng et. al., 2019)

၁၅၆။ eHealth Strategy အရ ဆေးပညာရပ်ဆိုင်ရာဆန်းသစ်တီထွင်မှုများအဖြစ် ကာကွယ်ဆေးထုတ်လုပ်ခြင်း၊ မျိုးရိုးဗီဇဆိုင်ရာလက်တွေ့စမ်းသပ်မှုများ၊ CRISPR[၇၇] ကို အသုံးပြု၍ မျိုးရိုးဗီဇကို စမ်းသပ်ခြင်းနှင့် Cell-free Fetal DNA Testing စသည့်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ eHealth Strategy ၏ လမ်းပြမြေပုံပါ ၂၀၁၇ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိကာလအတွင်း ကျန်းမာရေးကဏ္ဍကို အထောက်အကူပြုနိုင်မည့် Smart ပစ္စည်းများ၊ Robotics & Mechatronics၊ Robotics & Mechatronics နှင့် Artificial Intelligence & Embedded Technology တို့ကို အသုံးပြု၍ တစ်ဖက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါသည် (Ministry of Public Health, 2017)-

[၇၇] CRISPR means a segment of DNA containing short repetitions of base sequences, involved in the defence mechanisms of prokaryotic organisms to viruses; a genetic engineering tool that uses a CRISPR sequence of DNA and its associated protein to edit the base pairs of a gene. https://www.google.com/search?client=firefox-b-d&q=CRISPR+meaning.

ဇယား (၁ - ၃ - ၁)။ eHealth Strategy ၏ ၂၀၁၇ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

ပထမ ၅ နှစ် (၂၀၁၇ ခုနှစ် - ၂၀၂၁ ခုနှစ်)	ဒုတိယ ၅ နှစ် (၂၀၂၂ ခုနှစ် - ၂၀၂၆ ခုနှစ်)
သွင်းကုန်အစားထိုး ဆေးဝါးများ ထုတ်လုပ်ခြင်း	သွင်းကုန်အစားထိုး ဆေးဝါးများ ထုတ်လုပ်ခြင်း
Bio-type ဇီဝဆေးဝါးများ ထုတ်လုပ်ခြင်း	ကင်ဆာရောဂါနှင့် ဓါတ်မတည့်ခြင်းများအတွက် ဇီဝ ဆေးဝါးသစ်များထုတ်လုပ်ခြင်း
ဇီဝဆေးဝါးများနှင့် Pro-biotics ဆေးဝါးထွက်ကုန်များ ထုတ်လုပ်ခြင်း	ကာကွယ်ဆေးများ စမ်းသပ်ထုတ်လုပ်ခြင်း
သဘာဝသစ်မြစ်သစ်ဥများ၊ ပရဆေးပင်များဖြင့် အလှကုန် ပစ္စည်းထုတ်လုပ်ခြင်း	ရောဂါရှာဖွေစမ်းသပ်ပစ္စည်းကိရိယာများ စီးပွားဖြစ် ထုတ်လုပ်ခြင်း
မသန်စွမ်းသူများကို ကူညီနိုင်မည့် Smart ဆေးနှင့် ကျန်းမာရေးသုံးပစ္စည်းများနှင့် စက်ရုပ်များ ထုတ်လုပ်ခြင်း	နိုင်ငံတကာအဆင့်အတန်းနှင့်အညီ ကျန်းမာရေး အထောက်အကူပြုစက်ရုပ်များ ထုတ်လုပ်ခြင်း
အသက်အရွယ်ကြီးသူများအတွက် ပြန်လည်ထူထောင်ရေး ဌာန တည်ထောင်ခြင်း	အလိုအလျောက် ရောဂါရှာဖွေစမ်းသပ်သည့်ပစ္စည်းများ အတွက် အရည်အသွေးပြည့်မီသည့် အထောက်အကူပြု ပစ္စည်းများ ထုတ်လုပ်ခြင်း
ကျန်းမာရေးကို အထောက်အကူပြုသည့် အစားအစာနှင့် ထုတ်ကုန်များ ထုတ်လုပ်ခြင်း	အသက်အရွယ်ကြီးသူများအတွက် Smart Village တည်ထောင်ခြင်း
ကျန်းမာရေးဆိုင်ရာခရီးသွားလုပ်ငန်း	ဒစ်ဂျစ်တယ်ကျန်းမာရေးနှင့် ရောဂါစမ်းသပ်ရှာဖွေကုသ ရာတွင် တိကျသောရလဒ် ထွက်ပေါ်စေခြင်း

အရင်းအမြစ် - eHealth Strategy, Ministry of Public Health, 2017။

၁၅၇။ နိုင်ငံတွင်းရှိ ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်းများ အပါအဝင် တီထွင်ဆန်းသစ်မှုရှိသည့်စီးပွားရေးစွမ်းဆောင်ရှင်များနှင့် ထုတ်လုပ်သူများအား နိုင်ငံတကာအဆင့်အတန်းနှင့်အညီ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၌ မှတ်ပုံတင် ဆောင်ရွက်နိုင်မည့် အမျိုးသားအဆင့်တီထွင်ဆန်းသစ်မှုစာရင်း (National List of Essential Medicines - NLEM) ကို ထိုင်းနိုင်ငံအစိုးရက ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါမှတ်ပုံတင်ထားသည့် လုပ်ငန်းများမှ ထုတ်လုပ်သည့်ကျန်းမာရေးသုံးပစ္စည်းများနှင့် ဆေးဝါးများအားလုံး၏ ၃၀ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်အထိ အစိုးရဆေးရုံများက ဝယ်ယူနိုင်ရေးအစီအစဉ်ကို ဆောင်ရွက် ခဲ့ပါသည်။ NLEM စာရင်းအရ လက်ရှိထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာပစ္စည်းစာရင်း ၂၅၇ မျိုးတွင် ဆေးဝါးထွက်ကုန်အမျိုးအစား ၂၁၅ မျိုး၊ ကျန်းမာရေးပစ္စည်း ၂၆ မျိုးနှင့် ဆေးဘက် ဆိုင်ရာသုံးပစ္စည်း ၁၆ မျိုးတို့ပါဝင်ပါသည် (Board of Investment, 2021)။

၁၅၈။ ၂၀၁၉ ခုနှစ်တွင် Joint Commission International (JCI) အသိအမှတ်ပြု လက်မှတ်ရရှိထားသည့် ဆေးရုံပေါင်း ၆၉ ရုံရှိသည့်အတွက် ထိုင်းနိုင်ငံသည် အာဆီယံဒေသ တွင်း၌ JCI အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် ဆေးရုံအရေအတွက် အများဆုံးရှိသည့် နိုင်ငံဖြစ်ပြီး အာရှတွင် တရုတ်နိုင်ငံပြီးလျှင် ဒုတိယအများဆုံးဖြစ်ပါသည်။ ထို့ပြင် ၂၀၁၉ ခုနှစ်၌ ပုဂ္ဂလိကဆေးရုံ ၃၈၆ ရုံ၊ ကျန်းမာရေးစောင့်ရှောက်မှုအထောက်အကူပြုလုပ်ငန်းပေါင်း

၂၇,၃၆၇ ခု၊ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများဈေးကွက်တိုးတက်မှုနှုန်းသည် ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ရှိပြီး ဆေးဘက်ဆိုင်ရာခရီးသွားကဏ္ဍအတွက် အမေရိကန် ဒေါ်လာသန်း ၆၀၀ ကို အသုံးပြုနိုင်ခြင်းတို့ကြောင့် ကမ္ဘာ့ဆေးဘက်ဆိုင်ရာခရီးသွားကဏ္ဍ ဈေးကွက်တွင် အဆင့် ၅ နေရာ၌ ရပ်တည်နေခြင်းဖြစ်သည် (Board of Investment, 2021)။

၁၅၉။ ထိုင်းနိုင်ငံသည် နိုင်ငံ၏ ဆန်းသစ်တီထွင်မှုနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု အတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာဗဟိုဌာန အပါအဝင် ဆန်းသစ်တီထွင်မှုနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်တစ်ခုလုံးကို မြှင့်တင်နိုင်မည့် အဆင့်မြင့်နည်းပညာသုံးစက်မှုလုပ်ငန်းများအတွက် အထောက်အပံ့ပြုပေးနိုင် သောနေရာနှင့် ထိုင်းနိုင်ငံ၏ Industry 4.0 ဆိုင်ရာရှေ့ပြေးအထူးစီးပွားရေးဇုန်အဖြစ် အရှေ့ဘက်ပိုင်းစီးပွားရေးစင်္ကြံ (Eastern Economic Corridor - EEC) ကို တည်ထောင်ခဲ့ပါသည်။ EEC သည် အစိုးရအဖွဲ့အစည်းဖြစ်ပြီး နိုင်ငံအရှေ့ဘက်ပိုင်းရှိ Chachoengsao၊ Chonburi နှင့် Rayong ပြည်နယ် ၃ ခုပါဝင်ပါသည်။ (Board of Investment, 2021)

ဇယား (၁ - ၃ - ၂)။ EEC ရုံး၏ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များ

မျှော်မှန်းချက် ထိုင်းနိုင်ငံ၏ Industry 4.0 နှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက် ပြည်သူများအတွက် ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်သို့ ဦးတည်၍ နိုင်ငံ၏ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက် အဆင်သင့်အကောင်အထည်ဖော်နိုင် သော ပြီးပြည့်စုံသည့်ပုံစံဖြင့် အထောက်အကူပြုနိုင်ရန်ဖြစ်သည်။
ရည်ရွယ်ချက် (က) ဝင်ငွေတိုးတက်ရရှိရေးနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်နိုင်ရေးတို့အတွက် နည်းပညာသစ်များ ဆန်းသစ်တီထွင်မှုကို အလေးထားဆောင်ရွက်ရန်၊ (ခ) စီးပွားရေးတိုးတက်ရေး၊ လူမှုရေးနှင့် ပတ်ဝန်ကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းသောစည်းမျဉ်းစည်းကမ်းများ၊ ခိုင်မာအားကောင်းသည့် စီမံအုပ်ချုပ်မှုပုံစံနှင့် ထိုင်းနိုင်ငံ၏ အနာဂါတ်တွင် ပေါ်ထွန်းလာမည့် ဖွံ့ဖြိုးတိုးတက်မှုစင်္ကြံများအတွက် နမူနာဖြစ်စေရန်၊ (ဂ) နိုင်ငံတော်အဆင့်၊ ဒေသအဆင့်နှင့် ပြည်နယ်အဆင့် ထိရောက်မှုရှိသော အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာရည်ရွယ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ (ဃ) ထိုင်းနိုင်ငံ၏ အမျိုးသားရေးအဆင့်လုပ်ငန်းစဉ်များနှင့် မျှော်မှန်းချက်များနှင့်အညီ EEC ၏ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ (င) အရည်အသွေးပြည့်မီသော၊ အားလုံး မှီခိုအားထားအသုံးပြုနိုင်သော စုစည်းပေါင်းစပ်ထားသည့် အခြေခံအဆောက်အအုံစနစ်တစ်ခု တိုးတက်လာစေရန်၊ (စ) EEC မြေရိယာကို အနာဂါတ်အလားအလာတိုးတက်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့်အညီ ကောင်းမွန်သောမြေအသုံးချမှုဖြစ်စေရေး ဆောင်ရွက်ရန်၊ (ဆ) EEC ကို နိုင်ငံတကာအဆင့်အတန်းနှင့်အညီ ခေတ်မီ၍ လုံခြုံစိတ်ချမှုရှိသော၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများအတွက် ဖွံ့ဖြိုးတိုးတက်မှုဒေသ ဖြစ်လာစေရန်။

အရင်းအမြစ် - Eastern Economic Corridor Office of Thailand (EECO), 2021. https://www.eeco.or.th/en/vision-mission.

၁၆၀။ ဆန်းသစ်တီထွင်မှု၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အဆင့်မြင့်နည်းပညာများကို မြှင့်တင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးရန်၊ စီးပွားရေးလုပ်ငန်းများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အစိုးရဌာနများအကြား နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်စေရန် အထောက်အပံ့ပေးသည့်ရုံးအဖြစ် EEC ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ EEC တည်ထောင်ခြင်းဖြင့် ဆေးပညာရပ်ဆိုင်ရာကုထုံးများ၊ ထုတ်လုပ်မှု၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ရရှိနိုင်မည့်စီးပွားရေး ဆိုင်ရာအခွင့်အလမ်းများကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ **ဆေးပညာရပ်ဆိုင်ရာကုထုံးများ**တွင် မျိုးရိုးဗီဇဆိုင်ရာဆေးပညာရပ်ကုထုံးများ (Genomic Medicine) နှင့် ပြန်လည်ဆန်းသစ်ပြုလုပ်ခြင်းဆိုင်ရာဆေးပညာရပ်ကုထုံးများ (Regenerative Medicine) ဟူ၍ ၂ မျိုးရှိပြီး ပြန်လည်ဆန်းသစ်ထားသည့်ကုထုံးများတွင် Cell Therapy၊ Gene Therapy၊ Tissue Engineering နှင့် ၎င်းတို့ကို ပေါင်းစပ်ထားသည့် Advanced Therapy Medicinal Products (ATMPs) နှင့် မော်လီကျူးနှင့် ဇီဝဆေးဝါးများ ပါဝင်ပါသည်။ **ထုတ်လုပ်မှု**တွင် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ Telemedicine နှင့် Bioinformatics တို့ပါဝင်သည့် ဒစ်ဂျစ်တယ်ကျန်းမာရေးနှင့် လူသုံးဆေးဝါးများ ထုတ်လုပ်ခြင်းတို့ ပါဝင်ပြီး **သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု**တွင် Pharmacogenomics၊ လက်တွေ့စမ်းသပ်ခန်းများနှင့် ဆေးဝါးသစ်များစမ်းသပ်ရာဖွေခြင်းတို့ ပါဝင်ပါသည်။ (Board of Investment, 2021)

ပြည်တွင်းလိုအပ်ချက်

၁၆၁။ ထိုင်းနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုကဏ္ဍနှင့် စျေးကွက်ကို အောက်ပါအချက်များကြောင့် အားပေးမြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်သည်-

(က) **အစိုးရ၏ မူဝါဒပိုင်း ချမှတ်ဖော်ဆောင်ခြင်း**။ ထိုင်းနိုင်ငံအား အာရှနှင့် ကမ္ဘာတစ်ဝန်း ကျန်းမာရေးဆိုင်ရာအချက်အချာကျသောထိပ်တန်းနေရာနှင့် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများကို နိုင်ငံခြားသို့ အဓိကတင်ပို့နိုင်သည့်အခြေပြုနေရာအဖြစ် ကြိုးပမ်းဆောင်ရွက်ရန်။

(ခ) **အသက်အရွယ်ကြီးသူများ များပြားလာခြင်း**။ ထိုင်းနိုင်ငံ၏ UHC ကြောင့် နိုင်ငံ၏ ပျမ်းမျှလူ့သက်တမ်းသည် ၂၀၀၀ ပြည့်နှစ်၌ ၇၀.၆၂ နှစ်ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၇၇.၁၅ နှစ်အထိ တစ်ဖြည်းဖြည်း တိုးတက်လာသည့် အတွက် ၆၀ နှင့်အထက် သက်ကြီးလူဦးရေသည် ၂၀၂၀ ပြည့်နှစ်တွင် စုစုပေါင်းလူဦးရေ၏ ၂၀ ရာခိုင်နှုန်းရှိရာမှ ၂၀၃၀ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်း

တိုးတက်နိုင်ကြောင်း (Boomfueng et. al., 2019) နှင့် ၂၀၃၅ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းအထိ တိုးတက်နိုင်ချေရှိကြောင်း Global Innovation Index 2019 ၏ ဖော်ပြချက်အရ တိုးပွားလာသည့် သက်ကြီးလူဦးရေအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ရန် (The Economist Intelligence Unit, 2020; International Trade Administration, 2021)။

(ဂ) **ရောဂါဖြစ်ပွားမှုများပြားလာခြင်း။** ကူးစက်တက်သောရောဂါများနှင့် မကူးစက်နိုင်သောရောဂါများဖြစ်ပွားမှု များပြားလာပြီး အထူးသဖြင့် အသက်အရွယ်ကြီးသူများတွင် ပိုမိုအဖြစ်များသည့် ရောဂါများဖြစ်သော နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ ကင်ဆာနှင့် ဆီးချိုရောဂါနှင့် ကူးစက်လွယ်သော တုပ်ကွေးရောဂါများ ဖြစ်ပွားမှုများပြားလာခြင်းတို့ကို ထိန်းချုပ်နိုင်ရန်။

(ဃ) **ဆေးကုသမှုခံယူလိုသည့် နိုင်ငံခြားခရီးသွားများ များပြားလာခြင်း။** ထိုင်းနိုင်ငံအစိုးရ၏ အာရှနှင့် ကမ္ဘာ့ထိပ်တန်း ကျန်းမာရေးဆိုင်ရာအချက်အချာကျသောနေရာတစ်ခု ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်မှုကြောင့် ကိုဗစ် - ၁၉ ကပ်ရောဂါမတိုင်မီက ထိုင်းနိုင်ငံသို့ နိုင်ငံတကာမှ ဆေးကုသမှုခံယူလိုသည့် ခရီးသွားများသည် တစ်နှစ်လျှင် ဘျမ်းမျှအားဖြင့် ၃ သန်းလာရောက်ကြခဲ့ကြပြီး ကိုဗစ် - ၁၉ ကပ်ရောဂါကာလအလွန်တွင် ခရီးသွားများ ပိုမိုလာရောက်နိုင်ချေရှိသည့်အတွက် ဆေးရုံများနှင့် ဆေးကုသမှု ပိုင်းဆိုင်ရာအရည်အသွေးကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ရန်။

(င) **ဆေးဝါးများ၊ ကျန်းမာရေးသုံးပစ္စည်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပိုမိုအဆင့်မြှင့်တင်ရန်လိုအပ်လာခြင်း။** ထိုင်းနိုင်ငံ၌ သက်ကြီးလူဦးရေများပြားလာခြင်း၊ ကိုဗစ် - ၁၉ ကဲ့သို့သော ကပ်ရောဂါနှင့် ရာသီတုပ်ကွေးများဖြစ်ပွားခြင်း၊ ဆေးဘက်ဆိုင်ရာနိုင်ငံခြားခရီးသွားများ ပိုမိုလာရောက်နိုင်ချေရှိခြင်းတို့ကြောင့် Thailand 4.0 နှင့်အညီ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်မှုပိုင်းတွင် ဆန်းသစ်တီထွင်မှုနှင့် သုတေသနပြုလုပ်ခြင်းဖြင့် အဆင့်မြှင့်တင်ထုတ်လုပ်ရန်။

(စ) **ဆေးရုံအသစ်များ တည်ထောင်ရန် ပိုမိုရင်းနှီးမြှုပ်နှံလာခြင်း။** ဖွံ့ဖြိုးတိုးတက်လာသည့် ကျန်းမာရေးကဏ္ဍနှင့် စျေးကွက်လိုအပ်ချက်ကြောင့် တည်ရှိဆဲ ဆေးရုံတည်ထောင်သူများသည် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် ဆေးရုံ

အသစ်များ တည်ထောင်ရန်နှင့် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်ရန်။

ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှု

၁၆၂။ ထိုင်းနိုင်ငံသည် ဖော်ပြပါလိုအပ်ချက်များနှင့်အညီ ဆေးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းများအတွက် ခိုင်မာသည့်စွေးကွက်တစ်ခုဖြစ်လာသောကြောင့် ထိုင်းနိုင်ငံကို ခေတ်မီအခြေခံအဆောက်အအုံ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုများဖြင့် ထုတ်လုပ်မှုနှင့် လုပ်ငန်းလည်ပတ်မှုအခြေပြုနေရာအဖြစ် နိုင်ငံစုံတွင် လုပ်ကိုင်နေသည့်စီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်ဖိတ်ခေါ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည် (Board of Investment, 2021; World Investment Report, 2021)။ ၂၀၂၁ ခုနှစ် ပထမလေးလပတ်ကာလအတွင်း ထိုင်းနိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၁.၈၁ ဘီလီယံဝင်ရောက်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်အတွင်း လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့်ကဏ္ဍပြီးလျှင် **ဆေးဘက်ဆိုင်ရာကဏ္ဍ**သည် ဒုတိယမြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ခဲ့သည့်ကဏ္ဍအဖြစ် အမေရိကန်ဒေါ်လာ ၁.၃၂ ဘီလီယံ ရှိခဲ့ပြီး ကိုရီးယားနိုင်ငံမှ ဆေးဘက်ဆိုင်ရာကဏ္ဍတွင် အကျိုးတူပူပေါင်းဆောင်ရွက်မှုပုံစံဖြင့် အကြီးစားရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်ခဲ့ခြင်းကြောင့် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၃ ဆကျော် ပိုမိုဝင်ရောက်ခဲ့ခြင်းဖြစ်ပါသည်။ **ဇီဝနည်းပညာကဏ္ဍ**သည် ပဉ္စမမြောက်အများဆုံးဝင်ရောက်သည့်ကဏ္ဍဖြစ်ပြီး အမေရိကန်ဒေါ်လာ ၀.၆၃ ဘီလီယံ ဝင်ရောက်ခဲ့ပါသည်။ (Bio Spectrum Asia, 2021)

ကျန်းမာရေးစောင်ရှောက်မှုလုပ်ငန်းကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာခံစားခွင့်များ

၁၆၃။ ထိုင်းနိုင်ငံ၊ Board of Investment သည် ဆေးဝါးနှင့် ကျန်းမာရေးဆက်စပ်ပစ္စည်းများကို သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဖြင့် အဆင့်မြှင့်တင် ထုတ်လုပ်နိုင်မည့်လုပ်ငန်းများအတွက် Investment Promotion Act No. 2 B.E. 2534၊ No. 3 B.E. 2544 နှင့် No. 4 B.E. 2560 တို့နှင့်အညီ အခွန်ဆိုင်ရာခံစားခွင့်များနှင့် အခွန်မဟုတ်သောအခြားခံစားခွင့်များကို ဇယား (၁ - ၃ - ၃) ပါအတိုင်း ပံ့ပိုးပေးထားပါသည် (Asawachintachit, 2020; Board of Investment, 2021)။ ခံစားခွင့်များကို ပံ့ပိုးပေးရာတွင် Standard Incentives နှင့် Additional Incentives ဟူ၍ ၂ မျိုးရှိပြီး Standard Incentives တွင် ပါဝင်သည့် Activity- Based Incentives အတွက် လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို အများဆုံး ၈ နှစ်အထိနှင့် Technology-based Incentives တွင် Biotech၊ Nanotech၊ Advanced

Material Technology နှင့် Digital Technology တို့နှင့် စပ်လျဉ်းသည့်လုပ်ငန်းများအတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို ၁၀ နှစ်အထိ ခံစားခွင့်ပေးထားပါသည် (Board of Investment, 2021)။

၁၆၄။ Additional Incentives ၏ Merit-based Incentives အဖြစ် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာနှင့် သုတေသနဆိုင်ရာတက္ကသိုလ်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရန်ပုံငွေအထောက်အပံ့များ၊ အသိဉာဏ်ပစ္စည်းဆိုင်ရာလိုင်စင်ခများ၊ အဆင့်မြင့်နည်းပညာဆိုင်ရာသင်တန်းများ၊ ပြည်တွင်းဖြန့်ဖြူးရောင်းချသူများအတွက် ဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ်များနှင့် ထုတ်ကုန်နှင့် ထုတ်ပိုးမှုပုံစံ စသည်တို့ကို ပံ့ပိုးပေးထားပါသည်။ Additional Incentives ၏ Area-based Incentives အဖြစ် EEC တွင် ပါဝင်သည့် ပြည်နယ် ၃ ခု၊ အထူးစီးပွားရေးဇုန်များတည်ထောင်ထားသည့်ပြည်နယ် ၁၀ ခု၊ နိုင်ငံတောင်ဘက်ပိုင်းနယ်စပ်ရှိ ပြည်နယ်များ၊ ဝင်ငွေအနည်းဆုံးရရှိသည့်ပြည်နယ် ၂၀၊ စက်မှုဇုန်များ၊ သိပ္ပံနှင့် နည်းပညာဇုန်များ စသည်တို့တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ ဝင်ငွေခွန်ကင်းလွတ်ခွင့်များ ပံ့ပိုးပေးထားပါသည်။ (Asawachintachit, 2020)

၁၆၅။ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်သည့်ကဏ္ဍအတွက် Board of Investment က ပံ့ပိုးပေးထားသည့် အခွန်မဟုတ်သောအခြားခံစားခွင့်များမှာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူကို ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်ခွင့်ပေးခြင်း၊ မြေပိုင်ဆိုင်ခွင့်ပေးခြင်း၊ နိုင်ငံခြားငွေကြေးတွင် ကန့်သတ်ထားမှုမရှိခြင်းနှင့် အကြီးတန်းစီမံခန့်ခွဲသူနှင့် ကျွမ်းကျင်ပညာရှင်များအတွက် အလုပ်လုပ်ကိုင်ခွင့်နှင့် နေထိုင်ခွင့်ဗီဇာကို အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါသည် (Asawachintachit, 2020)။ ထိုင်းနိုင်ငံ၏ အဆင့်မြင့်နည်းပညာနှင့် စွမ်းဆောင်ရည်မြင့်မားစွာဖြင့် လာရောက်လုပ်ကိုင်သည့် အထူးကျွမ်းကျင်မှုရှိသောပညာရှင်များ၊ အဆင့်မြင့်စီမံခန့်ခွဲသူများ၊ စွမ်းဆောင်ရည်မြင့်မားသည့် ရင်းနှီးမြှုပ်နှံသူများနှင့် စွန့်ဦးလုပ်ငန်းရှင်များကို ဖိတ်ခေါ်နိုင်ရေးသည် မဟာဗျူဟာကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်သည့်အတွက် ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် **Smart Visa** ကို အစိုးရမှ ပံ့ပိုးပေးထားပါသည်။ Smart Visa ဖြင့် နေထိုင်ခွင့်ဗီဇာသက်တမ်းကို အများဆုံး ၄ နှစ်ပေးခြင်း၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် မလိုအပ်ဘဲ လုပ်ကိုင်ခွင့်ပြုခြင်း၊ ပြည်ဝင်ခွင့်ဗီဇာ ထပ်မံလျှောက်ထားရန် မလိုအပ်ခြင်းနှင့် ထိုင်းနိုင်ငံရှိ နိုင်ငံတကာလေဆိပ်များတွင် အထူးအမြန်ဝန်ဆောင်မှုပေးခြင်းတို့ကို ပံ့ပိုးပေးလျက်ရှိပါသည်။ (Asawachintachit, 2020)

ဇယား (၁ - ၃ - ၃)။ အခွန်ဆိုင်ရာခံစားခွင့်များနှင့် အခွန်မဟုတ်သောအခြားခံစားခွင့်များ

စဉ်	လုပ်ငန်းအမျိုးအစား	ခံစားခွင့်များ	နှစ်အရေအတွက်	စက်ပစ္စည်းများ တင်သွင်းခြင်းအပေါ် အကောက်ခွန် ကင်းလွတ်ခွင့်ပြုခြင်း	ပို့ကုန်အတွက် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများ အပေါ် အကောက်ခွန် ကင်းလွတ်ခွင့်ပြုခြင်း	အခွန်မဟုတ်သော အခြားခံစားခွင့်များ
၁။	ထိခိုက်နိုင်ချေမြင့်မားသည့် သိုမဟုတ် အဆင့်မြင့်နည်းပညာသုံးကျန်းမာရေးဆက်စပ်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်း[၇၄]	ဝင်ငွေခွန်ကင်းလွတ်ခွင့် (Corporate Income Tax - CIT exemption)	၈ နှစ်	✔	✔	✔
၂။	အခြားကျန်းမာရေးဆက်စပ်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်း ချည်မျှင်အသုံးပြုထုတ်လုပ်ခြင်းမရှိသည့်လုပ်ငန်း)	ဝင်ငွေခွန်ကင်းလွတ်ခွင့်	၅ နှစ်	✔	✔	✔
၃။	ချည်မျှင်အသုံးပြု၍ ကျန်းမာရေးဆက်စပ်ပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်း[၇၅]	ဝင်ငွေခွန်ကင်းလွတ်ခွင့်	၃ နှစ်	✔	✔	✔
၄။	ထိုင်းနိုင်ငံရှိ ဆန်းသစ်တီထွင်မှုဖြင့် ဆေးဘက်ဆိုင်ရာ သုတေသနပညာရှင်များနှင့် ပူးတွဲလုပ်ဆောင်ရမည့် သုတေသနအဖွဲ့အစည်းနှင့် လက်တွေ့သုတေသနဗဟိုဌာနများ တည်ထောင်ခြင်း	ဝင်ငွေခွန်ကင်းလွတ်ခွင့်	၈ နှစ်	✔	✔	✔
၅။	စာရင်းထုတ်ပြန်ထားသည့် ဆေးဝါးနှင့် ဆေးဝါးထုတ်လုပ်ရာတွင် လိုအပ်သည့် ပစ္စည်းအမျိုးအစားများ ထုတ်လုပ်ခြင်း	ဝင်ငွေခွန်ကင်းလွတ်ခွင့်	၈ နှစ်	✔	✔	✔
၆။	သတ်မှတ်ပြည်နယ်များတွင် ဆေးဘက်ဆိုင်ရာဗဟိုဌာနများနှင့် အဆင့်မြင့် ဆေးရုံများ တည်ထောင်ခြင်း	ဝင်ငွေခွန်ကင်းလွတ်ခွင့်	၈ နှစ်	✔	✔	✔
၇။	စာရင်းထုတ်ပြန်ထားသည့် တိုင်းရင်းဆေးဝါးအတွက် လိုအပ်သည့် ပစ္စည်းအမျိုးအစားများ ထုတ်လုပ်ခြင်း	ဝင်ငွေခွန်ကင်းလွတ်ခွင့်	၅ နှစ်	✔	✔	✔

[၇၄] ဥပမာ - X-Ray Machine၊ MRI Machine၊ CT Scan Machine & Implants တို့ကို ဆိုလိုခြင်းဖြစ်ပြီး ၎င်းအုပ်စုတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် တီထွင်ဆန်းသစ်မှုဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် သုတေသနနှင့် ဖွံ့ဖြိုး တိုးတက်မှုနှင့် တီထွင်ဆန်းသစ်မှု မပါဝင်သည့်လုပ်ငန်းများ နှစ်မျိုးလုံး အကျုံးဝင်ပါသည်။

[၇၅] ဥပမာ - ဆေးရုံသုံးဝတ်စုံများ၊ ဆေးရုံသုံးပိတ်ထည်များ၊ ခေါင်းဆောင်းများ၊ ပါးစပ်နှာခေါင်းစည်းများနှင့် မျက်နှာဖုံးများ၊ ပိတ်ကျဲစနှင့် ဂွမ်းစများ ထုတ်လုပ်သည့်လုပ်ငန်းများ အကျုံးဝင်ပါသည်။

စဉ်	လုပ်ငန်းအမျိုးအစား	ခံစားခွင့်များ	နှစ်အရေအတွက်	စက်ပစ္စည်းများ တင်သွင်းခြင်းအပေါ် အကောက်ခွန် ကင်းလွတ်ခွင့်ပြုခြင်း	ပို့ကုန်အတွက် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများ အပေါ် အကောက်ခွန် ကင်းလွတ်ခွင့်ပြုခြင်း	အခွန်မဟုတ်သော အခြားခံစားခွင့်များ
၈။	ထိုင်းနိုင်ငံတိုင်းရင်းဆေးပညာဆိုင်ရာဗဟိုဌာနများ တည်ထောင်ခြင်း	ဝင်ငွေခွန်ကင်းလွတ်ခွင့်	၅ နှစ်	✔	✔	✔
၉။	ကျန်းမာရေးဆိုင်ရာသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းများ	ဝင်ငွေခွန်ကင်းလွတ်ခွင့်	၅ နှစ်	✔	✔	✔
၁၀။	နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ (Biotech၊ Nanotech၊ Advanced Material Technology နှင့် Digital Technology)	ဝင်ငွေခွန်ကင်းလွတ်ခွင့်	၁၀ နှစ်	✔	✔	✔
		၁ နှစ် ထပ်တိုးပေးခြင်း				
၁၁။	ကျန်းမာရေးဆိုင်ရာပြန်လည်ထူထောင်ရေးဗဟိုဌာနများ	-	-	✔	✔	✔
၁၂။	အရှေ့ဘက်ပိုင်း စီးပွားရေးစင်္ကြံ (EEC) တွင် သက်ရှိများ၏ မျိုးရိုးဗီဇနှင့် သိပ္ပံဆိုင်ရာသုတေသနစီမံကိန်းကို ဆောင်ရွက်သည့်လုပ်ငန်းများ	ဝင်ငွေခွန်လျှော့ချပေးခြင်း	၂ နှစ်အတွင်း ၅၀ ရာခိုင်နှုန်းအထိ	-	–	–
		(ယခင် ခွင့်ပြုထားသည့် ဝင်ငွေခွန်ကင်းလွတ်ခွင့်အပြင်)				
၁၃။	ဆန်းသစ်တီထွင်မှုဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ (ပြည်တွင်းရှိ လုပ်ငန်းများက သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် ရင်းနှီးမြှုပ်နှံမှုကို ထိုင်းဘတ်ငွေ အနည်းဆုံး သန်း ၂၀၀ တိုးမြှင့်ပါက သို့မဟုတ် လုပ်ငန်းလည်ပတ်ပြီး ပထမ ၃ နှစ်အတွင်း စုစုပေါင်း ရောင်းရငွေ၏ ၁ ရာခိုင်နှုန်းကို ပြန်လည်ရင်းနှီးမြှုပ်နှံပါက)	ဝင်ငွေခွန်ကင်းလွတ်ခွင့်	၁ နှစ် ထပ်တိုးပေးခြင်း	-	-	-
		အခွန်သက်သာခွင့် ပေးရန် စဉ်းစားပေးခြင်း	အများဆုံး ၁၃ နှစ် အထိ	-	-	-

အရင်းအမြစ် - Asawachintachit, 2020; Board of Investment: Thailand Investment Review, May 2021.

၁၆၆။ ၂၀၂၀ ပြည့်နှစ်တွင် Board of Investment သည် ကျန်းမာရေးဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍအတွက် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့်လုပ်ငန်းအမျိုးအစားဖြစ်သော ချည်မျှင်နှင့်ထုတ်လုပ်သည့်ကျန်းမာရေးသုံးပစ္စည်းများ၊ လျှပ်စစ်နှင့်ထိန်းချုပ်သည့် တိုင်းတာရေးပစ္စည်းအစိတ်အပိုင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလိုအပ်သည့်ပစ္စည်းများ၊ ချည်မျှင်နှင့် ရက်လုပ်ထားခြင်းမရှိသည့် ကျန်းမာရေးဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကျန်းမာရေးဆိုင်ရာဗဟိုဌာနများ ဖွင့်လှစ်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာအားဖြည့်ဓာတ်စာများ ထုတ်လုပ်ခြင်းစသည်တို့နှင့်သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုလျှောက်ထားလွှာ ၇၇ စောင်ကို လက်ခံရရှိခဲ့ပါသည် (Board of Investment, 2021)။

၁၆၇။ ကိုဗစ် - ၁၉ ကပ်ရောဂါ၏ သက်ရောက်မှုနှင့်စပ်လျဉ်း၍ နည်းပညာအခြေပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစာရင်းကို Ministry of Industry က ထုတ်ပြန်ခဲ့ပြီး အဆိုပါစာရင်းပါ လုပ်ငန်းများမှာ မှတ်ဉာဏ်တု (Artificial Intelligence - AI) နှင့် သတင်းအချက်အလက်နှင့် နည်းပညာနှင့်သက်ဆိုင်သည့်မူရင်းထုတ်ကုန်ပစ္စည်းများ (Product Prototype) ထုတ်လုပ်ခြင်းလုပ်ငန်း၊ Power Air Purifying Respirator (PAPR)၊ Ventilator Testers၊ Telemedicine System တို့နှင့်သက်ဆိုင်သည့်လုပ်ငန်းများ၊ အဆုတ်နှင့် သွားဘက်ဆိုင်ရာဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြန်လည်ထူထောင်ရေး၊ ရောဂါစမ်းသပ်ရှာဖွေခြင်းနှင့် ကုသခြင်းဆိုင်ရာလုပ်ငန်းတို့ဖြစ်ပါသည်။ သို့သော် Prototype ထုတ်လုပ်ခြင်းကို နိုင်ငံတွင်းရှိ တက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ လက်ရှိတွင် ဂျပန်နိုင်ငံမှ နည်းပညာမြင့် AI နှင့် စက်ရုပ်အသုံးပြုထုတ်လုပ်မှုလုပ်ငန်းကို လာရောက်ရင်းနှီးမြှုပ်နှံခဲ့ပြီး ထပ်မံ၍ AI နည်းပညာမြင့်အသက်ရှူနှုန်းနှင့် ကင်ဆာဖြစ်ပွားနိုင်ချေကို တိတိကျကျ စမ်းသပ်သိရှိနိုင်မည့်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ (Board of Investment, 2021)

၁၆၈။ ကိုဗစ် - ၁၉ ၏ သက်ရောက်မှုများကို ခံနိုင်ရည်ရှိစေရေးအတွက် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်သည့်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေး ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် (Asawachintachit, 2020)-

ဇယား (၁ - ၃ - ၄)။ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်သည့်ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆောင်ရွက်ချက်များ


လုပ်ငန်းအမျိုးအစား	ခံစားခွင့်များ	မှတ်ချက်
ကုန်ကြမ်းအဖြစ် ရက်လုပ်ထားခြင်း မရှိသော ချည်မျှင်ဖြင့် Surgical Masks သို့မဟုတ် ဆေးပစ္စည်းများ ထုတ်လုပ်ခြင်း	ကနဦး ခံစားခွင့်ပေးထားသည့် ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် Activity-Based Incentives အပြင် အဆိုပါ ဝင်ငွေခွန်ကင်းလွတ်ခွင့် ကာလ ကျော်လွန်ပြီး နောက်ထပ် ၃ နှစ်အတွက် ဝင်ငွေခွန် ၅၀ ရာခိုင်နှုန်းကို လျှော့ပေါ့ထမ်းဆောင်ခွင့်ပေးခြင်း	- ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ အဆိုပါခံစားခွင့်များကို လျှောက်ထားခွင့်ပြုခြင်း။ - ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မတိုင်မီ ဝင်ငွေစတင် ရရှိနိုင်မည့် ထုတ်လုပ်မှုဖြစ်ခြင်း။ - ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း စုစုပေါင်းထုတ်လုပ်မှု၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်းကို ပြည်တွင်း၌ ဖြန့်ဖြူးခြင်း သို့မဟုတ် လျှဒါန်းခြင်း။
ဆေးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်ခြင်း		
Active Pharmaceutical Ingredients (API) ထုတ်လုပ်ခြင်း		
စာရင်းထုတ်ပြန်ထားသည့် ဆေးဝါးများ ထုတ်လုပ်ခြင်း		
ဇီဝနည်းပညာအသုံးပြု ထုတ်လုပ်သည့် လုပ်ငန်းများ (အထူးသဖြင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ဆေးနှင့် ကျန်းမာရေးအထောက်အပံ့ပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာရောဂါရှာဖွေရေးကိရိယာများ ထုတ်လုပ်ခြင်း)		

အရင်းအမြစ် - Asawachintachit, 2020။

ထုတ်လုပ်မှု

၁၆၉။ ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာဆက်စပ်ပစ္စည်းများထုတ်လုပ်မှုကဏ္ဍတွင် လုပ်ကိုင်နေသည့်လုပ်ငန်းပေါင်း ၅၁၃ ခုအထိ ရှိပြီး ၎င်း၏ ၈၀ ရာခိုင်နှုန်းမှ ၉၆ ရာခိုင်နှုန်းသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းများအနက် ထုတ်လုပ်မှုလုပ်ငန်း ၂၈ ရာခိုင်နှုန်း၊ ဖြန့်ဖြူးမှုလုပ်ငန်း ၂၃ ရာခိုင်နှုန်း၊ သွင်းကုန်လုပ်ငန်း ၁၇ ရာခိုင်နှုန်း၊ ပို့ကုန်လုပ်ငန်း ၉ ရာခိုင်နှုန်း၊ လိုအပ်သည့်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်မှုလုပ်ငန်း ၈ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း ၇ ရာခိုင်နှုန်း ဖြစ်ပါသည် (Board of Investment, 2021)။

ပုံ (၁ - ၃ - ၃)။ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာဆက်စပ်ပစ္စည်းလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသည့်လုပ်ငန်းများ



အရင်းအမြစ် - Board of Investment: Thailand Investment Review, May 2021.

၁၇။ ထိုင်းနိုင်ငံရှိ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများသည် တစ်ခါသုံးကျန်းမာရေးဆိုင်ရာပစ္စည်းများကို ၄၃ ရာခိုင်နှုန်း၊ ကာလကြာရှည်ခံသည့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ၂၈ ရာခိုင်နှုန်း၊ အခြားအထောက်အကူပြုပစ္စည်းများ ၆ ရာခိုင်နှုန်း၊ စမ်းသပ်စစ်ဆေးသည့်ကိရိယာများ ၆ ရာခိုင်နှုန်းနှင့် အခြားပစ္စည်းများ ၁၈ ရာခိုင်နှုန်းတို့ကို ထုတ်လုပ်ကြခြင်းဖြစ်သည်။ အဆိုပါထုတ်လုပ်မှုစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့်ကို ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချခြင်းဖြစ်ပြီး ကျန်ပမာဏကို နိုင်ငံခြားသို့ တင်ပို့ခြင်းဖြစ်သည်။ Ministry of Industry၊ Medical Devices Intelligence Unit ၏ ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ်တွင် ပြည်တွင်း၌ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာဆက်စပ်ပစ္စည်းများအနက် ရာဘာလက်အိတ် ထုတ်လုပ်မှုသည် ၁၇ ရာခိုင်နှုန်း၊ ဆေးထိုးပြွန်နှင့် ဆေးထိုးအပ်သည် ၂ ရာခိုင်နှုန်းနှင့် အခြားသည် ၈ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပြီး မျက်စိမှန်ဘီလူးထုတ်လုပ်မှုသည် လျော့ကျခဲ့ပါသည်။ Ministry of Higher Education, Science, Research and Innovation ၏ ခန့်မှန်းချက်အရ ထိုင်းနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍသည် ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအတွင်း တိုးတက်ခဲ့ပြီး အာဆီယံဒေသတွင်း၌

ကျန်းမာရေးဆိုင်ရာပစ္စည်းများကို အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်လာခဲ့ပါသည်။ (Board of Investment, 2021)

၁၇၁။ International Trade Administration (၂၀၂၁) ၏ အချက်အလက်များအရ ထိုင်းနိုင်ငံတွင် ဆေးဘက်နှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများအဖြစ် ကိုဗစ် - ၁၉ ကပ်ရောဂါကို ကာကွယ်ကုသရာတွင် အသုံးပြုသည့်ပစ္စည်းများဖြစ်သော ရောဂါရှာဖွေစမ်းသပ်ပစ္စည်းများ၊ N95 Mask၊ PPE၊ Sterilizer၊ Ventilator နှင့် High-flow Oxygen Therapy၊ In Vitro Diagnostic Devices (IVD)၊ ကျန်းမာရေးသတင်းအချက်အလက်နည်းပညာ (အထူးသဖြင့် Telemedicine နှင့် အဝေးရောက်လူနာများကို စောင့်ကြပ်ကြည့်ရှုခြင်း)၊ နှလုံးသွေးကြောဆိုင်ရာ ပစ္စည်းများ၊ သွားဘက်ဆိုင်ရာပစ္စည်းများ၊ အရေပြားကုသရေးဆိုင်ရာပစ္စည်းများ၊ လျှပ်စစ် သုံးရောဂါစမ်းသပ်ရှာဖွေရေးပစ္စည်းများ၊ အာရုံကြောနှင့်ခွဲစိတ်ပစ္စည်းကိရိယာများ၊ မျက်စိနှင့် မျက်မှန်ဆိုင်ရာပစ္စည်းကိရိယာများ၊ အရိုးနှင့် အရိုးကျိုးကုသမှုပစ္စည်းကိရိယာများ၊ ပြန်လည် ထူထောင်ရေးသုံးပစ္စည်းကိရိယာများ၊ အသက်ရှူလမ်းကြောင်းကုထုံးဆိုင်ရာပစ္စည်းများနှင့် Ultrasound နှင့် X-ray ပစ္စည်းများအများဆုံး ထုတ်လုပ်ခြင်းဖြစ်ပါသည်။

၁၇၂။ လက်ရှိတွင် ထိုင်းနိုင်ငံ၌ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာထုတ်လုပ်မှုကွင်းဆက် တစ်လျှောက် လုပ်ငန်းလည်ပတ်လျက်ရှိသည့် လုပ်ငန်းရှင်ပေါင်း ၁၅၀၀ ခန့်ရှိပြီး ၎င်းတို့သည် နိုင်ငံ၏ စက်မှုလုပ်ငန်းထုတ်လုပ်မှုကွင်းဆက်ကို အထောက်အပံ့ပြုနိုင်သည့် အဆင့်မြင့် ကုန်ကြမ်းအရည်အသွေးရရှိစေရေးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ Krungsri Research Intelligence ၏ အစီရင်ခံစာအရ ထိုင်းနိုင်ငံ၏ စုစုပေါင်းစက်မှုလုပ်ငန်းထုတ်လုပ်မှုကွင်းဆက် ယှဉ်ပြိုင်နိုင်စွမ်းအဆင့်သည် နိုင်ငံပေါင်း ၆၄ နိုင်ငံအနက် ၃၅ နိုင်ငံမြောက်နေရာနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းသည် ၁၁ နိုင်ငံမြောက်နေရာတွင် ရပ်တည်လျက် ရှိပါသည်။ အလိုအလျောက်ထုတ်လုပ်သည့်နည်းပညာသုံးနှင့် စက်ရုပ်ကို အသုံးပြု၍ ထုတ်လုပ် သည့်လုပ်ငန်းများ (Automation & Robotics)၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဇီဝနည်းပညာနှင့် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းများ အပါအဝင် ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ၏ အရည်အသွေးကို ထိန်းချုပ် ခြင်းနှင့် မြှင့်တင်ခြင်းတို့ဖြင့် ထိုင်းနိုင်ငံ၏ ထုတ်လုပ်မှုယှဉ်ပြိုင်နိုင်စွမ်းသည် ဒေသတွင်း၌ ဦးဆောင်လျက်ရှိပါသည် (Board of Investment, 2021)။

ဆေးဝါးနှင့် ဇီဝဆေးဝါးများထုတ်လုပ်မှုနှင့် အလားအလာ

၁၇၃။ ဆေးဝါးများထုတ်လုပ်ခြင်းကို အဓိကအားဖြင့် Primary[၇၆]၊ Intermediate[၇၇] နှင့် Finished Generic Drugs[၇၈] (or Chemical Formula) ဟူ၍ အဆင့် ၃ ဆင့်ဖြင့် ခွဲခြားနိုင်ပါသည်။ ထိုင်းနိုင်ငံရှိ ဆေးဝါးထုတ်လုပ်သူအများစုသည် နောက်ဆုံးအဆင့်ဖြစ်သည့် Finished Generic Drugs ကို ထုတ်လုပ်သူများဖြစ်သည်။ ထို့ကြောင့် အဆိုပါဆေးဝါးများထုတ်လုပ်ရန်အတွက် လိုအပ်သည့်ပါဝင်ပစ္စည်းများကို ၉၀ ရာခိုင်နှုန်းအထိ နိုင်ငံခြားမှ တင်သွင်းရခြင်းဖြစ်ပြီး နာကျင်ကိုက်ခဲမှုကို သက်သာစေသည့်ဆေးဝါးများနှင့် ဖျားနာရောဂါများကို ကုသသည့် ဆေးဝါးများကို အများဆုံးထုတ်လုပ်ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်သည့် Thai Food Drug and Administration (TFDA) ၏ အချက်အလက်များအရ ပြည်တွင်းရှိ ဆေးဝါးထုတ်လုပ်သူ ၁၄၄ တို့သည် Good Manufacturing Practice (GMP) လက်မှတ်ကို ရရှိထားကြသည်။ ထိုင်းနိုင်ငံတွင် ဆေးဝါးများထုတ်လုပ်ရန်အတွက် လိုအပ်သည့် ပါဝင်ပစ္စည်းများဖြစ်သော Aluminum Hydroxide၊ Aspirin၊ Sodium Bicarbonate နှင့် Deferiprone စသည်တို့ကို ပြည်တွင်း၌ ထုတ်လုပ်သည့် ထုတ်လုပ်သူအရေအတွက်သည် ၅ ရာခိုင်နှုန်းခန့်သာရှိပြီး ၎င်းတို့သည် ပြည်တွင်း၌ Finished Generic Drugs ထုတ်ရန် အဆိုပါ ပါဝင်ပစ္စည်းများကို သွင်းအားစုအဖြစ် အများအပြား ထုတ်လုပ်ကြခြင်းဖြစ်သည်။ (Krugsri Research, 2020)

---

[၇၆] This involves R&D of new medicines.

[၇၇] This involves the production of ingredients to be combined to make the final product. These ingredients are either active or inert, and are normally added to speed up chemical reaction. The ingredients manufactured in this stage are normally already available in the market but require special processing techniques to produce the desired chemical reaction or to change the molecular structure of existing chemicals, which normally require advanced technology and a large investment.

[၇၈] The active ingredients are imported and mixed to produce a range of finished products including tablets, liquid medicines, capsules, creams, powders and injectable medicines.


ပုံပြဂရပ် (၁ - ၃ - ၄)။ ဆေးဝါးထုတ်လုပ်ပုံအဆင့် ၃ ဆင့်



အရင်းအမြစ် - Figure 2: Stages of Pharmaceuticals Production, Industry Outlook 2020-2022: Pharmaceuticals. Krugsri Research, 2020. https://www.krungsri.com/en/research/industry/industry-outlook/Chemicals/phamaceuticals/IO/io-pharmaceuticals-20-th.

၁၇၄။ ထိုင်းနိုင်ငံတွင် အဓိကဆေးဝါးထုတ်လုပ်သူအုပ်စု ၂ မျိုးရှိပြီး ပထမအုပ်စုသည် နိုင်ငံပိုင်အဖွဲ့အစည်းများဖြစ်သည့် Government Pharmaceutical Organization (GPO) နှင့် တပ်မတော်ဆေးဝါးထုတ်လုပ်မှုစက်ရုံဖြစ်ပြီး ဒုတိယအုပ်စုသည် ပုဂ္ဂလိကထုတ်လုပ်သူများ ဖြစ်သည်။ ထိုင်းနိုင်ငံ၏ Patent Act B.E. 2522 (1979) နှင့် ၎င်းကို ပြင်ဆင်သည့်ဥပဒေများ နှင့် Drug Act B.E. 2510 (1967) နှင့် ၎င်းကို ပြင်ဆင်သည့်ဥပဒေများသည် ဆေးဝါးထုတ်လုပ်မှုကို ထိန်းချုပ်ကြီးကြပ်သည့်ဥပဒေများဖြစ်ပါသည်။ Drug Act B.E. 2510 သည် နိုင်ငံတွင်း ဆေးဝါးထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ရောင်းချခြင်းနှင့် ဈေးကွက်ဖြန့်ချီခြင်းတို့တွင် စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် ထုတ်ပြန်ထားသည့်ဥပဒေဖြစ်ပြီး TFDA သည် အဆိုပါစည်းမျဉ်းစည်းကမ်းများကို လုပ်ငန်းများက လိုက်နာဆောင်ရွက်ခြင်းရှိ မရှိ ကြီးကြပ်ခြင်းဖြစ်သည်။ (Krugsri Research, 2020)

ပုံပြဂရပ် (၁ - ၃ - ၅)။ ထိုင်းနိုင်ငံရှိ ဆေးဝါးထုတ်လုပ်သူများ



အရင်းအမြစ် - Figure 3: Pharmaceuticals Manufacturers in Thailand, Industry Outlook 2020-2022: Pharmaceuticals. Krugsri Research, 2020. https://www.krungsri.com/en/research/industry/industry-outlook/Chemicals/ phamaceuticals/IO/io-pharmaceuticals-20-th.

၁၇၅။ ထိုင်းနိုင်ငံ၏ UHC သည် နိုင်ငံတွင်းရှိ လူဦးရေ၏ ၉၉.၇၈ ရာခိုင်နှုန်းအထိ အသုံးပြုခွင့်ရရှိသည့်အတွက် နိုင်ငံတွင်း၌ ထုတ်လုပ်သည့် ဆေးဝါးများ၏ ၉၀ ရာခိုင်နှုန်းခန့်ကို နိုင်ငံတွင်း၌ပင် အသုံးပြုခြင်းဖြစ်သည်။ အဆိုပါဆေးဝါးများကို ပြည်တွင်း၌ ဖြန့်ချီရာတွင် ဆေးရုံများသို့ ဖြန့်ချီခြင်းနှင့် ဆရာဝန်၏ ညွှန်ကြားချက်မပါဘဲ ဝယ်ယူနိုင်သည့်ဆေးများ (OTC)[၇၉] ကို ဆေးဆိုင်များသို့ ဖြန့်ချီခြင်း စသည့် အဓိကနည်းလမ်း ၂ မျိုးဖြင့် ဖြန့်ချီခြင်း ဖြစ်သည်။ ပြည်တွင်းဈေးကွက်စုစုပေါင်းတန်ဖိုး၏ ၈၀ ရာခိုင်နှုန်း (အစိုးရဆေးရုံများသို့ ၆၀ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကဆေးရုံများသို့ ၂၀ ရာခိုင်နှုန်း) ကို ဆေးရုံများသို့ ဖြန့်ချီခြင်းနှင့် ကျန် ပမာဏ ၂၀ ရာခိုင်နှုန်းကို ဆေးဆိုင်များသို့ ဖြန့်ချီခြင်းဖြစ်သည်။ (Krugsri Research, 2020)


၁၇၆။ ၂၀၁၉ ခုနှစ်တွင် နိုင်ငံတွင်း ရာသီတုပ်ကွေးဖြစ်ပွားမှု များပြားလာခြင်း၊ လေထုညစ်ညမ်းမှုကြောင့် ခုခံအားကျဆင်းသည့်လက္ခဏာများ ဖြစ်ပေါ်လာခြင်း၊ မကူးစက်နိုင်သော ရောဂါများဖြစ်ပွားသူအရေအတွက် များပြားလာခြင်းတို့ကြောင့် ပြည်တွင်းဆေးဝါးလိုအပ်ချက် မြင့်တက်လာပြီး ဆေးရုံသို့ ဖြန့်ဖြူးသည့် ဆေးဝါးများအနက် Original or Patented Drugs[၈၀]

[၇၉] Over-the-Counter (OTC) Medicines

[၈၀] Original drugs or patented drugs are medicines that have gone through the lengthy research & development (R&D) process, and therefore would involve significant production cost. Manufacturers of

သည် +၄.၉ ရာခိုင်နှုန်း၊ Generic Drugs[၈၁] သည် +၄.၀ ရာခိုင်နှုန်းနှင့် OTC သည် +၃.၇ ရာခိုင်နှုန်းအထိ ဖြန့်ဖြူးရောင်းချခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆေးဝါးဝယ်ယူမှုများပြားလာသည့် အတွက် အစိုးရနှင့် ပုဂ္ဂလိကဆေးရုံများသည် ပြည်တွင်းထုတ် Generic Drugs များကို ပိုမို အသုံးပြုလာခြင်းဖြစ်သည်။ (Krugsri Research, 2020)

ပုံပြဂရပ် (၁ - ၃ - ၆)။ ထိုင်းနိုင်ငံ၏ ဆေးဝါးစျေးကွက် (၂၀၁၉ ခုနှစ်)




အရင်းအမြစ် - Figure 6: Pharmaceuticals Markets (2019), Industry Outlook 2020-2022: Pharmaceuticals. Krugsri Research, 2020. https://www.krungsri.com/en/research/industry/industry-outlook/Chemicals/phamaceuticals/IO/io-pharmaceuticals-20-th.

---

original drugs are normally given a 20-year patent protection and when the patent expires, other manufacturers are then allowed to produce those medicines.


[၈၁] Generic drugs are copies of original drugs that are typically manufactured under a trademark or brand name but do not have patent protection. Generic drugs normally contain active ingredients that are identical to those found in original drugs for which patent protection has expired. Since the production of generic drugs does not usually require expensive inputs or costly R&D and clinical trials, production cost is typically lower than for original drugs.

ပုံပြဂရပ် (၁ - ၃ - ၇)။ မကူးစက်နိုင်သောနာတာရှည်ရောဂါဖြစ်ပွားမှုအခြေအနေ




အရင်းအမြစ် - Figure 12: Prevalence of Non-communicable Diseases in Thailand (% Share of all diseases), Industry Outlook 2020-2022: Pharmaceuticals. Krugsri Research, 2020. https://www.krungsri.com/en/research/industry/industry-outlook/Chemicals/phamaceuticals/IO/io-pharmaceuticals-20-th.

ပုံပြဂရပ် (၁ - ၃ - ၈)။ ပြည်တွင်းခ္ဒ ဆေးဝါးများ ရောင်းချရမှုအခြေအနေ



အရင်းအမြစ် - Figure 10: Domestic Pharmaceuticals Sales, Industry Outlook 2020-2022: Pharmaceuticals. Krugsri Research, 2020. https://www.krungsri.com/en/research/industry/industry-outlook/Chemicals/phamaceuticals/IO/io-pharmaceuticals-20-th.

ပုံပြဂရပ် (၁ - ၃ - ၉)။ ပြည်တွင်းခ္ဒ ဆေးဝါးအမျိုးအစားအလိုက် ရောင်းချရမှုအခြေအနေ




အရင်းအမြစ် - Figure 11: Domestic Pharmaceuticals Sales by Products, Industry Outlook 2020-2022: Pharmaceuticals. Krugsri Research, 2020. https://www.krungsri.com/en/research/industry/industry-outlook/Chemicals/ phamaceuticals/IO/io-pharmaceuticals-20-th.

ကုန်သွယ်မှု

၁၇၇။ ထိုင်းနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုယှဉ်ပြိုင်နိုင်စွမ်းသည် ပို့ကုန်တင်ပို့မှုနှင့်စပ်လျဉ်း၍ ကမ္ဘာတွင် အဆင့် ၂၀၊ အာရှတွင် အဆင့် ၆ နှင့် အာဆီယံတွင် စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံပြီးလျှင် အဆင့် ၃ ဖြင့် ရပ်တည်လျက်ရှိပါသည် (Board of Investment, 2021)။ ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ထိုင်းနိုင်ငံမှ ဆေးဝါးများ ပြည်ပသို့ တင်ပို့မှုသည် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ၈ ရာခိုင်နှုန်းခန့်သာရှိပြီး ၂၀၁၉ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းခန့် တင်ပို့နိုင်ခဲ့သည် (Krugsri Research, 2020)။ ၂၀၂၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၏ ဆေးနှင့် ကျန်းမာရေးဆိုင်ရာဆက်စပ်ပစ္စည်းများ နိုင်ငံခြားသို့ စုစုပေါင်းတင်ပို့မှုသည် အမေရိကန် ဒေါ်လာ ၅ ဘီလီယံခန့်ရှိပြီး ၎င်းတို့အနက် လက်အိတ်ကို ၅၂ ရာခိုင်နှုန်းဖြင့် အများဆုံးတင်ပို့ခြင်းဖြစ်ကာ ဒုတိယအများဆုံးတင်ပို့မှုမှာ မျက်စိမှန်ဘီလူး၊ ဆေးထိုးပြွန်နှင့် ဆေးထိုးအပ်၊ ဆေးသွင်းပိုက်နှင့် ဆေးသွင်းပြွန်တို့ဖြစ်သည်။ အဓိကတင်ပို့သည့်နိုင်ငံများမှာ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံတို့ဖြစ်ပါသည် (Board of Investment, 2021)။

ပုံပြဂရပ် (၁ - ၃ - ၁၀)။ ထိုင်းနိုင်ငံ၏ ဆေးဝါးပို့ကုန်နှင့် သွင်းကုန်အခြေအနေ




အရင်းအမြစ် - Figure 9: Thai Pharmaceuticals Imports & Exports, Industry Outlook 2020-2022: Pharmaceuticals. Krugsri Research, 2020. https://www.krungsri.com/en/research/industry/industry-outlook/Chemicals/ phamaceuticals/IO/io-pharmaceuticals-20-th.

ဇယား (၁ - ၃ - ၅)။ ထိုင်းနိုင်ငံမှ ဆေးဝါးများ တင်သွင်းသည့် နိုင်ငံများနှင့် သွင်းကုန်တန်ဖိုး

နိုင်ငံ	ရှယ်ယာ (%)			တိုးတက်မှု (%)		
	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၁၇	၂၀၁၈	၂၀၁၉
ဂျာမနီနိုင်ငံ	၁၄.၁	၁၅.၃	၁၄.၃	၂.၂	၁၄.၈	-၁၃.၅
အမေရိကန်နိုင်ငံ	၇.၉	၇.၉	၈.၄	၂.၆	၆.၀	-၁.၄
အိန္ဒိယနိုင်ငံ	၆.၈	၈.၀	၈.၁	၃.၄	၂၆.၀	-၅.၈
ပြင်သစ်နိုင်ငံ	၇.၆	၇.၁	၇.၇	၁၃.၆	-၁.၅	၀.၃
ဂျပန်နိုင်ငံ	၅.၅	၆.၄	၇.၅	၆.၈	၂၄.၃	၇.၂
ဗြိတိန်နိုင်ငံ	၅.၄	၄.၃	၄.၁	၇.၆	-၁၆.၂	၄.၁
အီတလီနိုင်ငံ	၅.၈	၅.၅	၃.၉	၆.၄	-၀.၁	၆.၁
တရုတ်နိုင်ငံ	၃.၇	၂.၉	၂.၇	-၂၄.၄	-၁၇.၆	-၁၃.၁
အခြား	၄၃.၁	၄၂.၆	၄၃.၃	၆.၉	၄.၉	-၁၀.၄
စုစုပေါင်း	၁၀၀	၁၀၀	၁၀၀	၃.၇	၆.၁	-၇.၂

အရင်းအမြစ် - Table 1: Thai Pharmaceuticals Imports (by value), Industry Outlook 2020-2022: Pharmaceuticals. Krugsri Research, 2020. https://www.krungsri.com/en/research/industry/industry-outlook/Chemicals/ phamaceuticals/IO/io-pharmaceuticals-20-th.

ပုံပြဂရပ် (၁ - ၃ - ၁၁)။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ထိုင်းနိုင်ငံမှ တင်ပို့သည့် ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများ (အမျိုးအစားအလိုက်/အမေရိကန်ဒေါ်လာသန်းပေါင်း)




	တစ်ခါသုံးပစ္စည်းများ	ကာလကြာရှည်ခံသည့်ပစ္စည်းများ	အခြားအထောက်အကူပြုနှင့် စမ်းသပ်စစ်ဆေးသည့်ပစ္စည်းများ
၂၀၁၅	၂၃၈၇.၈၄	၄၄၃.၉၈	၄.၅၀
၂၀၁၆	၂၄၈၁.၆၈	၄၇၃.၆၀	၇.၇၂
၂၀၁၇	၂၆၂၆.၉၈	၄၉၆.၄၅	၁၃.၇၅
၂၀၁၈	၂၇၅၃.၅၄	၅၀၈.၄၂	၃၈.၆၈
၂၀၁၉	၂၈၇၄.၇၃	၃၃၆.၃၂	၄၆.၄၃

အရင်းအမြစ် - Figure 12: Exports from Thailand for Medical Devices by Type, Industry Outlook 2020-2022: Medical Devices. Krugsri Research, 2020. https://www.krungsri.com/en/research/industry/industry-outlook/Other-Industries/Medical-Devices/IO/medical-devices.

၁၇၈။ ၂၀၂၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၏ ဆေးနှင့် ကျန်းမာရေးဆိုင်ရာဆက်စပ်ပစ္စည်းများ၏ သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂.၆ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့တွင် အဆင့် ၂၈၊ အာရှတွင် အဆင့် ၆ နှင့် အာဆီယံတွင် အဆင့် ၃ ဖြင့် ရပ်တည်လျက်ရှိသည်။ အများဆုံးတင်ပို့သည့် ပစ္စည်းများမှာ ကာလကြာရှည်ခံသည့် ကျန်းမာရေးသုံးပစ္စည်းများဖြစ်သော X-Ray စက်များ၊ Ultrasound စက်များနှင့် Electrocardiogram – ECG စက်များဖြစ်ပြီး စုစုပေါင်းသွင်းကုန်တန်ဖိုး၏ ၄၀ ရာခိုင်နှုန်းရှိပါသည်။ တစ်ခါသုံးကျန်းမာရေးဆိုင်ရာပစ္စည်းများတင်သွင်းမှုသည် စုစုပေါင်းသွင်းကုန်တန်ဖိုး၏ ၄၃ ရာခိုင်နှုန်းဖြစ်ပြီး ကျန်းမာရေးသုံးပစ္စည်းများကို အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ အများဆုံးတင်သွင်းခြင်းဖြစ်သည်။ (Board of Investment, 2021)

ပုံပြဂရပ် (၁ - ၃ - ၁၂)။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ထိုင်းနိုင်ငံသို့ တင်သွင်းသည့် ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများ (အမျိုးအစားအလိုက်/အမေရိကန်ဒေါ်လာသန်းပေါင်း)



	တစ်ခါသုံးပစ္စည်းများ	ကာလကြာရှည်ခံသည့်ပစ္စည်းများ	အခြားအထောက်အကူပြုနှင့် စမ်းသပ်စစ်ဆေးသည့်ပစ္စည်းများ
၂၀၁၅	၇၂၁.၂၉	၇၅၆.၅၇	၂၆၅.၈၅
၂၀၁၆	၇၆၇.၅၇	၈၅၂.၅၀	၃၀၁.၀၄
၂၀၁၇	၈၀၃.၂၅	၇၈၅.၄၈	၃၂၁.၈၇
၂၀၁၈	၈၇၄.၄၆	၈၀၆.၅၂	၃၅၇.၂၄
၂၀၁၉	၈၆၅.၃၃	၉၁၂.၁၀	၃၅၈.၇၄


အရင်းအမြစ် - Figure 13: Imports to Thailand of Medical Devices by Type, Industry Outlook 2020-2022: Medical Devices. Krugsri Research, 2020. https://www.krungsri.com/en/research/industry/industry-outlook/Other-Industries/Medical-Devices/IO/medical-devices.

ဇယား (၁ - ၃ - ၆)။ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ၏ ထုတ်လုပ်မှု၊ ပို့ကုန်၊ သွင်းကုန်နှင့် ပြည်တွင်းသုံးစွဲမှုအခြေအနေ (အမေရိကန်ဒေါ်လာသန်းပေါင်း)

အကြောင်းအရာ	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁ (ခန်းမှန်းချက်)
စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု	၃,၉၀၉	၃,၉၃၅	၃,၈၈၀	၃,၇၂၉
စုစုပေါင်းပို့ကုန်	၂,၇၃၆	၂,၇၅၄	၂,၇၁၆	၂,၆၀၇
စုစုပေါင်းသွင်းကုန်	၅,၁၂၃	၅,၂၇၅	၅,၁၈၀	၄,၉၇၃
အမေရိကန်နိုင်ငံမှ သွင်းကုန်	၇၁၂	၇၈၄	၇၃၁	၇၀၂
စုစုပေါင်းပြည်တွင်းသုံးစွဲမှု	၆,၇၄၄	၆,၉၆၄	၆,၇၆၁	၆,၄၀၄

အရင်းအမြစ် - International Trade Administration. 2021. Thailand Medical Equipment. https://www.trade.gov/country-commercial-guides/thailand-medical-equipment.

ပုံပြဂရပ် (၁ - ၃ - ၁၃)။ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ၏ ထုတ်လုပ်မှု၊ ပို့ကုန်၊ သွင်းကုန်နှင့် ပြည်တွင်းသုံးစွဲမှုအခြေအနေ (အမေရိကန်ဒေါ်လာသန်းပေါင်း)



အရင်းအမြစ် - International Trade Administration. 2021. Thailand Medical Equipment. https://www.trade.gov/country-commercial-guides/thailand-medical-equipment.

၁၇၉။ ထို့ကြောင့် ထိုင်းနိုင်ငံသည် အများဆုံးတင်သွင်းရသည့် အဆင့်မြင့်နည်းပညာသုံး ကျန်းမာရေးပစ္စည်းများကို Medical Device Act B.E. 2551 နှင့် TFDA အောက်ရှိ Medical Device Control Division ၏ ကြီးကြပ်မှုဖြင့် ပြည်တွင်း၌ နည်းပညာမြင့်တီထွင်ထုတ်လုပ်နိုင်ရေးနှင့် ကမ္ဘာ့တန်ဖိုးကွင်းဆက်တွင် ပါဝင်ချိတ်ဆက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို မြှင့်တင်နေခြင်းဖြစ်သည် (Board of Investment, 2021)။ Krungsri Research Center ၏ အချက်အလက်များအရ ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ပြည်တွင်း၌ ကျန်းမာရေးဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှုသည် ၇ ရာခိုင်နှုန်းအထိ တိုးတက်လာပြီး နိုင်ငံခြားတင်ပို့မှုသည် ၆ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ပြည်တွင်း၌ ကျန်းမာရေးဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှုသည် ၇ ရာခိုင်နှုန်း မြင့်တက်လာနိုင်ပြီး နိုင်ငံခြားတင်ပို့မှုသည် ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ချေရှိကြောင်း Krungsri Research Center က ခန့်မှန်းထားပါသည်။ (Board of Investment, 2021)

အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်

၁၈၀။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ Patent Act B.E. 2522၊ ၎င်းကို ပြင်ဆင်သည့် Patent Act B.E. 2535 နှင့် Patent Act B.E. 2542 တို့သည် ဆေးဝါးအသစ်များထုတ်လုပ်နိုင်သည့်လုပ်ငန်းများ၏ မူပိုင်ခွင့်ကို အကာအကွယ်ပေးခြင်းဖြစ်ပြီး Department of Intellectual Property က ကြီးကြပ်ခြင်းဖြစ်သည် (Krugsri Research, 2020)။ ထိုင်းနိုင်ငံသည် World Trade Organization (WTO)၊ World Intellectual Property Organization (WIPO) နှင့် Patent Cooperation Treaty (PCT) တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး Trade-Related Aspects of Intellectual Property Rights (TRIPS) သဘောတူစာချုပ်ပါ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာနိုင်ငံတကာစံသတ်မှတ်ချက်များကို လိုက်နာကျင့်သုံးလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့် လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းစဉ်အတွက် International Patent Classification (IPC) စနစ်ကို အသုံးပြုခြင်းဖြစ်သည် (Theerachat, n.d.)။

၁၈၁။ ဆေးဝါးများအတွက် A61P[၈၂] နှင့် A61K[၈၃] ဟူ၍ မူပိုင်ခွင့်အမျိုးအစား (၂) မျိုး ခွဲခြားထားပြီး လျှောက်ထားသည့်မူပိုင်ခွင့်သည် Novelty၊ Inventive Step နှင့် Industrial Applicability စသည့် လိုအပ်ချက် ၃ ချက်နှင့် ပြည့်စုံမှသာ အဆိုပါမူပိုင်ခွင့်အား အပြည့်အဝ အကာအကွယ်ပေးခြင်းဖြစ်သည်။ သို့သော် ထိုင်းနိုင်ငံ၏ ပြည်သူ့ကျန်းမာရေးမူဝါဒအရ မူပိုင်ခွင့်ဖြင့် တင်သွင်းသည့်ဆေးဝါးများ၏ လိုအပ်ချက်ကို မူပိုင်ခွင့်သက်တမ်းကုန်ဆုံးပြီးနောက် နိုင်ငံတွင်းရှိ ထုတ်လုပ်သူများက ထုတ်လုပ်သည့်ဆေးဝါးများနှင့် ချိန်ညှိခြင်းဖြစ်ပါသည်။ မူပိုင်ခွင့်သက်တမ်းကုန်ဆုံးပြီးနောက် နိုင်ငံတွင်းရှိ ထုတ်လုပ်သူများက ထုတ်လုပ်သည့် ဆေးဝါးများအနက် ဆီးချိုနှင့် သွေးတိုးရောဂါများ၊ ပဋိဇီဝဆိုင်ရာရောဂါများနှင့် ကင်ဆာရောဂါများအတွက် အများဆုံးထုတ်လုပ်ခြင်းဖြစ်ပါသည် (Theerachat, n.d.)။

ဆေးသုတေသန

၁၈၂။ ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် Health Systems Research Institute ၌ ကျန်းမာရေးနှင့်သက်ဆိုင်သည့်စီးပွားရေးကဏ္ဍများတွင် သုတေသနဆိုင်ရာစွမ်းဆောင်ရည်များနှင့် လိုအပ်သည့်ရန်ပုံငွေများကို စနစ်တကျတည်ထောင်၍ ဆေးပညာရပ်ဆိုင်ရာ လေ့လာမှုများနှင့် လက်တွေ့လုပ်ငန်းခွင်သင်တန်းများကို ဖွင့်လှစ်ပို့ချကာ သုတေသနပိုင်းဆိုင်ရာ ကျွမ်းကျင်မှုမှတစ်ဆင့် ထိုင်းနိုင်ငံ၏ ချမှတ်သည့်မူဝါဒပိုင်းကို ခိုင်မာမှုရှိစေရေးအတွက်

---

[၈၂] A61P - Specific therapeutic activity of chemical compounds or medical preparations

[၈၃] A61K – Drug or other biological compositions and body treating compositions

ဆောင်ရွက်ခဲ့ပါသည် (World Health Organization, 2015)။ ထိုင်းနိုင်ငံသည် ဆေးပညာရပ်နယ်ပယ်တွင် သုတေသနဆိုင်ရာစွမ်းဆောင်ရည်များကို မြှင့်တင်နိုင်ရန်အတွက် အစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍ၊ အဆင့်မြင့်တက္ကသိုလ်များနှင့် ဆေးဘက်ပညာဆိုင်ရာသုတေသနပညာရှင်များနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည် (Board of Investment, 2021)။

၁၈၃။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မြောက်ဘက်ရှိ Pathum Thani Province တွင် ပုဂ္ဂလိကကဏ္ဍဆန်းသစ်တီထွင်မှုနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်နိုင်ရန်အတွက် ထိုင်းနိုင်ငံ၏ ပထမဆုံးသော သိပ္ပံနှင့် နည်းပညာဧရိယာအဖြစ် Thailand Science Park (TSP) ကို ၂၀၀၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ TSP တွင် သုတေသနဌာန ၄ ခုကို ဖွင့်လှစ်ခဲ့ပြီး စမ်းသပ်စစ်ဆေးမှုဆိုင်ရာဝန်ဆောင်မှုများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအထောက်အပံ့၊ ဘဏ္ဍာငွေအထောက်အပံ့နှင့် စီးပွားရေးလုပ်ငန်းများအတွက် အထောက်အပံ့တို့ကို ပံ့ပိုးပေးခြင်းဖြစ်သည်။ TSP တွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၎းရမ်းအသုံးပြုခွင့်နေရာ၊ မြေ၎းရမ်းအသုံးပြုခွင့်၊ အဆင့်မြင့် ICT အခြေခံအဆောက်အအုံနှင့် ကွန်ဗင်းရှင်းဌာနတို့ကိုပါ ပံ့ပိုးပေးထားပါသည်။ (Netherlands Embassy in Bangkok, 2018).

၁၈၄။ ထိုင်းနိုင်ငံသည် ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Sirirat Hospital of Mahidol University၊ Ramathibodi Hospital of Mahidol University၊ Srinakharinwirot Univeristy၊ Khon Kaen University၊ Chiang Mai University၊ Prince of Songkla University၊ Chulalongkorn University၊ National Nanotechnology Centre၊ Health Systems Research Institute (HSRI)၊ Department of Medical Sciences၊ Chulabhorn Research Institute၊ National Science and Technology Development Agency (NSTDA) မှ တည်ထောင်ထားသည့် ဗဟိုဌာန ၄ ခုဖြစ်သော National Centre for Genetic Engineering and Biotechnology၊ National Metal and Materials Technology Centre၊ National Electronics and Computer Technology Centre စသည့် သုတေသနဌာနများနှင့် တက္ကသိုလ်များကို တည်ထောင်ထားရှိပါသည် (Netherlands Embassy in Bangkok, 2018)။

၁၈၅။ အစိုးရသည် Thailand 4.0 နှင့်အညီ ပြည်တွင်းဆန်းသစ်တီထွင်မှုကို အလေးထားမြှင့်တင်၍ သုတေသနနှင့် ဆန်းသစ်တီထွင်မှုအတွက် လိုအပ်သည့်အဆောက်အအုံနှင့် ပစ္စည်းများကို ရယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံအဆင့် စမ်းသပ်စစ်ဆေးသည့်ဗဟိုဌာနများ၊ ဆေးသုတေ

သနဓါတ်ခွဲခန်းများနှင့် အဆင့်မြင့်နည်းပညာ အထူးစီးပွားရေးဇုန်ကို ထိုင်းနိုင်ငံ၏ EEC တွင် တည်ထောင်ထားရှိပါသည် (Board of Investment, 2021)။ ထိုင်းနိုင်ငံအစိုးရသည် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထားဆောင်ရွက်မည့်နယ်ပယ်များမှာ HIV၊ ကြက်ငှက်တုပ်ကွေးနှင့် တုပ်ကွေးရောဂါများနှင့်ပတ်သက်သည့် ကာကွယ်ဆေးစမ်းသပ်ထုတ်လုပ်ခြင်းကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည် (Krungsri Research, 2020)။ EEC ၌ ကင်ဆာရောဂါ၊ Non-Invasive Prenatal Testing (NIPT)[၈၄] နှင့် ရှားပါးရောဂါများနှင့်စပ်လျဉ်း၍ မျိုးရိုးဗီဇဆိုင်ရာသုတေသနများကို အဓိကပြုလုပ်သွားမည်ဖြစ်သည် (Board of Investment, 2021)။

၁၈၆။ ထို့ပြင် EEC ရှိ Thailand Genome Sequencing Center သည် အရှေ့တောင်အာရှနှင့် ၎င်းကို ကျော်လွန်သည့် နေရာများမှ လူနာများအတွက် ဆေးကုသဝန်ဆောင်မှုများ ပေးနေသည့် ဗဟိုဌာနဖြစ်ပါသည်။ နောက်ထပ် Genome Sequencing Center တစ်ခုကို Chonburi ပြည်နယ်ရှိ Burapha University တွင် တည်ထောင်ရန် စီစဉ်လျက်ရှိပြီး မျိုးရိုးဗီဇ ၅၀၀၀၀ ၏ DNA ကို ဓါတ်ခွဲစမ်းသပ်နိုင်မည့် ဓါတ်ခွဲခန်းပါရှိမည်ဖြစ်သည်။ အဆိုပါမျိုးရိုးဗီဇများ၏ အချက်အလက်များကို မျိုးရိုးဗီဇဆိုင်ရာစာကြည့်တိုက်တစ်ခု တည်ထောင်၍ Health Systems Research Institute ၏ ကြီးကြပ်မှုအောက်၌ ထားရှိမည်ဖြစ်သည်။ အဆိုပါ စာကြည့်တိုက်သည် ဆေးဝါးနှင့်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာပစ္စည်းများကို အရည်အသွေးမြင့်ထုတ်လုပ်နိုင်ရန်အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အာဆီယံတွင် မျိုးရိုးဗီဇဆိုင်ရာအချက်အလက်များကို အသုံးပြုနိုင်မည့်ပထမဆုံး Database နှင့် စာကြည့်တိုက်ဖြစ်လာမည်ဖြစ်သည်။ Genome Sequencing Center နှင့် စာကြည့်တိုက်အတွက် ရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန်ဒေါ်လာသန်း ၅၀ လိုအပ်မည်ဖြစ်ရာ ထိုင်းနိုင်ငံအစိုးရက ပမာဏတစ်ဝက်ကို ရန်ပုံငွေထည့်ဝင်ပေးရန်နှင့် ကျန်တစ်ဝက်ကို ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားမည်ဖြစ်သည်။ (Board of Investment, 2021)

ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ချက်

၁၈၇။ ထိုင်းနိုင်ငံအစိုးရသည် ကိုဗစ် - ၁၉ ကပ်ရောဂါ ဖြစ်ပွားစေသည့် SARS-CoV-2 ဗိုင်းရပ်စ်ပိုးကို တားဆီးကာကွယ်နိုင်မည့်ကာကွယ်ဆေးကို နိုင်ငံတွင်းရှိ ဇီဝဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများက ထုတ်လုပ်နိုင်ရေးအတွက် အားပေးမြှင့်တင်လျက်ရှိရာ Chulalongkorn

[၈၄] Noninvasive prenatal testing (NIPT), sometimes called noninvasive prenatal screening (NIPS), is a method of determining the risk that the fetus will be born with certain genetic abnormalities. This testing analyzes small fragments of DNA that are circulating in a pregnant woman's blood. https://medlineplus.gov/genetics/understanding/testing/nipt/.

University ၏ ဆေးပညာဌာနရှိ ကာကွယ်ဆေးသုတေသနဗဟိုဌာနမှ ဆေးဘက်ဆိုင်ရာ သုတေသနပညာရှင်များသည် ၂၀၂၁ ခုနှစ် ဩဂုတ်လအတွင်း Messenger RNA (mRNA) နည်းပညာသုံး SARS-CoV-2 ဗိုင်းရပ်စ်ပိုးကို တားဆီးကာကွယ်နိုင်မည့် ကာကွယ်ဆေးကို လူသားများတွင် ဒုတိယအဆင့် စမ်းသပ်မှုကို ပြုလုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကာ အဆိုပါစမ်းသပ်မှုအောင်မြင်ပါက SARS-CoV-2 ဗိုင်းရပ်စ်ပိုး၏ ဗီဇမျိုးကွဲအသစ်များကို တားဆီးကာကွယ်နိုင်မည့် ChulaCOV19 ကာကွယ်ဆေးအဖြစ် ၂၀၂၂ နှစ်လယ်ပိုင်းတွင် အရေအတွက် ပမာဏများစွာ ထုတ်လုပ်သွားမည်ဖြစ်သည်။ (Board of Investment, 2021)

၁၈၈။ ထိုင်းနိုင်ငံအစိုးရသည် အာဆီယံနိုင်ငံများအတွင်း ကာကွယ်ဆေးမူရင်းများကို စမ်းသပ်ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသုတေသနအဖွဲ့အစည်းများအား အမေရိကန်ဒေါ်လာသန်းပေါင်း ၉၀ တန်ဖိုးရှိ ထောက်ပံ့ကြေးအစီအစဉ်ကို National Vaccine Institute မှတစ်ဆင့် ပေးအပ်နိုင်ရေးအတွက် ၂၀၂၁ ခုနှစ် အစောပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါအစီအစဉ်ကို ရရှိသည့်လုပ်ငန်းများနှင့် သုတေသနဌာနများမှာ BioNet-Asia Co., Ltd.၊ Siam Bioscience Co., Ltd.၊ Baiya Phytopharm Co., Ltd.၊ King Mongkut's University of Technology Thonburi၊ National Science and Technology Development Agency၊ Chulalongkorn University ၏ ဆေးပညာဌာနရှိ Vaccine Research Center နှင့် National Primate Research Center၊ GPO နှင့် GPO-Merieux Biological Products တို့ဖြစ်ပါသည်။ (Board of Investment, 2021)

ဇယား (၁ - ၃ - ၇)။ နိုင်ငံတွင်းရှိ ဇီဝဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများ၏ ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်မှု

Siam Bioscience Co., Ltd.။ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးကို ထုတ်လုပ်ရန် လိုင်စင်ရရှိထားသည့် ဖြိတိန်နိုင်ငံ အခြေစိုက် AstraZeneca နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ထိုင်းနိုင်ငံအခြေစိုက် Siam Bioscience Co., Ltd. က ထုတ်လုပ်သည့် ကာကွယ်ဆေးကို AstraZeneca ၏ သတ်မှတ်ထားသည့် ဥရောပနှင့် အမေရိကန်နိုင်ငံတို့ရှိ ဓါတ်ခွဲခန်းများတွင် အရည်အသွေးစမ်းသပ်မှု အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း AstraZeneca ဘက်က ကြေညာခဲ့သည်။ AstraZeneca နှင့် Siam Bioscience Co., Ltd. တို့အကြား ပူးပေါင်းဆောင်ရွက်မှုအရ အရှေ့တောင်အာရှတွင် ကာကွယ်ဆေးလိုအပ်ချက်ကို ပြည့်မီစေရန်အတွက် ကာကွယ်ဆေး သန်း ၂၀၀ ကို ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။
BioNet-Asia Co., Ltd.။ ကိုဗစ် - ၁၉ ရောဂါကို ကာကွယ်နိုင်မည့် DNA-based ကာကွယ်ဆေးကို ထုတ်လုပ်နိုင်ရေးအတွက် လက်ရှိတွင် ဒုတိယအကြိမ်မြောက် လက်တွေ့စမ်းသပ်မှုအဆင့်ကို ရောက်ရှိနေပြီဖြစ်ပါသည်။
Baiya Phytopharm Co., Ltd.။ Chulalongkorn University ၏ ဆေးဝါးသိပ္ပံဌာနနှင့်ပူးပေါင်း၍ အပင်၏ သစ်ရွက်များမှ ဘက်တီးရီးယားများကို အသုံးပြုကာ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဓါတ်ခွဲခန်းတွင် တိရစ္ဆာန်များဖြင့် စမ်းသပ်မှုအောင်မြင်ခဲ့ပြီး လူသားများဖြင့် စမ်းသပ်မှုကို ၂၀၂၂ ခုနှစ်တွင် စတင်မည်ဖြစ်သည်။

အရင်းအမြစ် - Board of Investment: Thailand Investment Review, May 2021။

တိုင်းရင်းဆေးကဏ္ဍမြှင့်တင်မှု

၁၈၉။ MoPH သည် ၁၉၈၉ ခုနှစ်တွင် ထိုင်းနိုင်ငံတိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာနကို တည်ထောင်ခဲ့ပြီး တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာမူဝါဒများနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၃ ခုနှစ်တွင် အဆိုပါဗဟိုဌာနကို Institute of Thai Traditional Medicine အဖြစ် ပြောင်းလဲခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် Protection and Promotion of Thai Traditional Medicine Knowledge Act B.E. 2542 (1999) ကို ထုတ်ပြန်ခဲ့ပါသည် (DTAM, 2016)။ Drug Act B.E. 2510 အရ ဆေးအမျိုးအစားကို Modern Drug[၈၅] နှင့် Traditional Drug ဟူ၍ ၂ မျိုး ခွဲခြားထားပြီး Traditional Drug တွင် Traditional Drug (TD) နှင့် Scientifically Developed HD (SDHD) ဟူ၍ ထပ်မံခွဲခြားထားပါသည် (Kwankhao et al., 2020)။ Modern Drug မှ တိုင်းရင်းဆေးဝါးထုတ်ကုန်များကို Modern Drug နှင့် ခွဲခြားနိုင်ရန်နှင့် တိုင်းရင်းဆေး ထုတ်လုပ်မှုကဏ္ဍအတွက် စည်းမျဉ်းစည်းကမ်းများ ခိုင်မာအားကောင်းလာစေရန်အတွက် Herbal Product Act B.E. 2562 ကို ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည် (Kwankhao et al., 2020)။

၁၉၀။ ၂၀၀၂ ခုနှစ်တွင် MoPH သည် Institute of Thai Traditional Medicine နှင့် အခြားသက်ဆိုင်သည့်ဌာန ၂ ခုတို့ကို ပူးပေါင်း၍ Department for Development of Thai Traditional and Alternative Medicine (DTAM) ကို တည်ထောင်ခဲ့ပြီး တိုင်းရင်းဆေးဝါးများ နှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများပြုလုပ်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် တွင် DTAM သည် Thai Traditional Medicine Research Institute ကို တည်ထောင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် နိုင်ငံ၏ ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်မှုစီမံချက်တွင် တိုင်းရင်းဆေးဝါး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည် (DTAM, 2016)။ ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ တိုင်းရင်းဆေးကဏ္ဍကို မြှင့်တင်ရန်အတွက် ပထမဆုံးသော Master Plan on Thai Herbal Development (2017-2021) ကို ရေးဆွဲ ချမှတ်ခဲ့ပါသည်။ (Kwankhao et al., 2020)


၁၉၁။ MoPH သည် Laws on Drugs B.E. 2559" (2016) အရ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ခြင်းဆိုင်ရာစံသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခဲ့ပြီး ပရဆေး

[၈၅] Modern drug means **a drug that contain active ingredients whose composition, formula, purity are determined and are qualified for medicinal use**, including injectable drugs derived from herbal ingredients, drugs that combine active ingredients and herbal ingredients whose safety and efficacy have been proven.

နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းကို တိုင်းရင်းဆေးထုတ်လုပ်ရောင်းချရမည့် ပမာဏနှင့် အန္တရာယ်ရှိနိုင်သောတိုင်းရင်းဆေး (သောက်ဆေး၊ လိမ်းဆေးနှင့် ထိုးဆေး) တို့ကို Good Manufacturing Practice-Pharmaceutical Inspection Co-operation Scheme (GMP-PIC/S) နှင့်အညီ တစ်နှစ်လျှင် ထိုင်းဘတ်သန်း ၂၀ ကျော်တန်ဖိုးခန့်သာ ထုတ်လုပ်ရန်နှင့် အန္တရာယ်မဖြစ်နိုင်သောသောက်ဆေးနှင့် လိမ်းဆေးများကို Fundamental Manufacturing Practice (FMP) နှင့်အညီ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ရန် သတ်မှတ်ထားပါသည်။ (Kwankhao et al., 2020)

၁၉၂။ အစိုးရပိုင် GPO၊ Defense Pharmaceutical Factory (DPF) နှင့် MoPH အောက်ရှိ အချို့သောဆေးရုံများသည်လည်း တိုင်းရင်းဆေးဝါးများကို ထုတ်လုပ်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအထိ TFDA ၏ အချက်အလက်များအရ တိုင်းရင်းဆေးထုတ်လုပ်သည့် လုပ်ငန်းပေါင်း ၇၁ ခုရှိပြီး ၄၇ ခုသည် GMP-PIC/S အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး ၂၄ ခုသည် FMP အသိအမှတ်ပြုလက်မှတ်ရရှိထားပါသည်။ ပြည်တွင်းတိုင်းရင်းဆေးဝါးထုတ်လုပ်မှုတန်ဖိုးသည် ၁၀ ကျော်ကာလအတွင်း တိုးတက်လာခဲ့ပြီး တင်သွင်းမှုတန်ဖိုးသည် ကာလတူအတွင်း ပုံမှန်အခြေအနေမှာပင် ရှိနေပါသည် (Kwankhao et al., 2020)။ လက်ရှိတွင် NLEM တွင် တိုင်းရင်းဆေးဝါးစာရင်းသည် ၇၄ မျိုး (၁၀ ရာခိုင်နှုန်းခန့်) ပါဝင်ပါသည် (Kwankhao et al., 2020)။ ထိုင်းနိုင်ငံမှ တိုင်းရင်းဆေးဝါးထုတ်ကုန်များကို ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဩစတြေးလျနိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချခြင်းဖြစ်ပြီး တရုတ်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ တူရကီနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ အများဆုံးတင်သွင်းခြင်းဖြစ်သည် (University of the Thai Chamber of Commerce, 2012)။


ပုံပြဂရပ် (၁ - ၃ - ၁၄)။ ၂၀၀၈ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း တိုင်းရင်းဆေးဝါးထုတ်လုပ်မှုနှင့် တင်သွင်းမှု



အရင်းအမြစ် - Figure 2 Production and import value of HMP for human during 2008-2016, The Current Situation of the Herbal Medicinal Product System in Thailand. Kwankhao et al., (2020).

၁၉၃။ ထိုင်းနိုင်ငံအတွက် တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် ပရဆေးကုန်ကြမ်း ရရှိနိုင်မည့် အရေအတွက်နှင့် အရည်အသွေးသည် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ တိုင်းရင်းဆေးဝါးထုတ်လုပ်ရန်အတွက် လိုအပ်သည့် အချို့သောကုန်ကြမ်းများသည် ထိုင်းနိုင်ငံမှ ထွက်ရှိသည့် ပင်းရင်းမျိုးစိတ်များမဟုတ်သည့်အတွက် တင်သွင်းရပြီး ထုတ်လုပ်မှုအရေအတွက်နှင့် လိုအပ်ချက်သည် အမြဲပြောင်းလဲမှုရှိနေသည့်အတွက် လိုအပ်သည့် ပရဆေးကုန်ကြမ်းများ၏ စျေးနှုန်းများသည်လည်း တည်ငြိမ်မှုမရှိဘဲ မကြာခဏ ပြောင်းလဲမှုများရှိနေပါသည်။ ထို့ပြင် Thailand 4.0 နှင့်အညီ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် ဆန်းသစ်တီထွင်မှုနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် Master Plan on Thai Herbal Development (2017-2021) အရ ဆောင်ရွက်ခဲ့သည့် စီမံကိန်းများနှင့် ဘတ်ဂျက်အသုံးပြုမှုကို ပုံပြဂရပ် (၂၆) ပါအတိုင်း တွေ့ရှိရပါသည်။ သို့သော် အဆိုပါ Master Plan အတွက် ရန်ပုံငွေအထောက်အပံ့နည်းပါးမှုသည် စီမံကိန်းပါ လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ရန် အခက်အခဲဖြစ်စေပြီး ပြီးပြည့်စုံသောဆန်းစစ်အကဲဖြတ်မှုကို လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပါ။ (Kwankhao et al., 2020)

ပုံပြဂရပ် (၁ - ၃ - ၁၅)။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း သုတေသနစီမံကိန်းများ ဆောင်ရွက်မှုနှင့် ဘတ်ဂျက်အသုံးပြုမှုအခြေအနေ



အရင်းအမြစ် - Figure 3 Number of research projects on Thai medicinal plants and budget during 2014-2018, The Current Situation of the Herbal Medicinal Product System in Thailand. Kwankhao et al., (2020).

၁၉၄။ ထိုင်းနိုင်ငံမှ ထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးထွက်ကုန်များသည် လက်ရှိတွင် နိုင်ငံ၏ အခြေခံဆေးဝါးကုသမှုလိုအပ်ချက်တစ်ခုသာဖြစ်ပြီး အစိုးရအနေဖြင့် နိုင်ငံ၏ ရည်မှန်းချက်နှင့်အညီ အနောက်တိုင်းဆေးဘက်ပညာရပ်နှင့် ဆေးဝါးနှင့် ကျန်းမာရေးသုံး ပစ္စည်း ထုတ်လုပ်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်မှုကိုသာ အလေးထားဆောင်ရွက်လျက်ရှိခြင်း ကြောင့် တိုင်းရင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍနှင့် ကုသမှုတွင် ပရဆေးကုန်ကြမ်းများ၏ အရည်အသွေး၊ ထုတ်ကုန်များ၏ အရည်အသွေးနှင့် တိုင်းရင်းဆေးကျွမ်းကျင်သူများ၏ အရည်အသွေးကို မြှင့်တင်နိုင်ရန်အတွက် အစိုးရ၏ ခိုင်မာသောမူဝါဒများ ချမှတ်ရန်နှင့် ဘဏ္ဍာငွေအထောက်အပံ့များ ထောက်ပံ့ပေးရန်လိုအပ်ပါသည်။

သုံးသပ်ချက်

၁၉၅။ ထိုင်းနိုင်ငံသည် ၎င်း၏ ပင်မမူဝါဒဖြစ်သည့် UHC ကို အပြည့်အဝအကောင်အထည် ဖော်နိုင်ရန်နှင့် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်းဆေးပညာရပ်ဆိုင်ရာအချက်အချာနေရာ အဖြစ် မြှင့်တင်နိုင်ရေးအတွက် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို မြှင့်တင်ရာတွင် နိုင်ငံ၏ အသုံးစရိတ်ပမာဏများစွာကို အသုံးပြု၍ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ၊ ဆေး ပညာရပ်ဆိုင်ရာ၊ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းထုတ်လုပ်ခြင်းဆိုင်ရာနှင့် ဆေးဘက် ဆိုင်ရာခရီးသွားလုပ်ငန်းကဏ္ဍတို့ကို ပူးတွဲမြှင့်တင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါ သည်။

၁၉၆။ UHC ၏ အောင်မြင်မှုကို ကြည့်ပါက ထိုင်းနိုင်ငံ၏ ပျမ်းမျှလူသက်တမ်းသည် တစ်ဖြည်းဖြည်းတိုးတက်လာခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ၇၀.၆၂ နှစ် ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၇၇.၁၅ နှစ်အထိ တိုးတက်လာခဲ့သည် (World Bank Database, 2021)။ Global Innovation Index 2019 ၏ ဖော်ပြချက်အရ ၂၀၁၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံစုစုပေါင်းလူဦးရေ ၆၈ သန်း၏ ၁၁.၉ ရာခိုင်နှုန်းခန့်သည် အသက် ၆၀ နှင့်အထက် အရွယ်များဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် စုစုပေါင်းလူဦးရေ၏ ၂၀ ရာခိုင်နှုန်းရှိကာ ၂၀၃၀ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်း တိုးတက်နိုင် ကြောင်း (Boomfueng et. al., 2019) နှင့် ၂၀၃၅ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းအထိ တိုးတက် နိုင်ချေရှိကြောင်း The Economist Intelligence Unit (2020) နှင့် International Trade Administration (2021) တို့က ခန့်မှန်းထားပါသည်။

၁၉၇။ ကိုဗစ် - ၁၉ ကပ်ရောဂါမတိုင်မီက ထိုင်းနိုင်ငံသို့ နိုင်ငံတကာမှ ဆေးကုသမှုခံယူလို သည့် ခရီးသွားများသည် တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ၃ သန်း လာရောက်ကြပါသည် (Board of Investment, 2021)။ ၂၀၁၉ ခုနှစ်တွင် နိုင်ငံတကာမှ ဆေးကုသမှုခံယူလိုသည့် ခရီးသွားများ လာရောက်မှုအရေအတွက်သည် ၃.၅ သန်းရှိခဲ့ပြီး ၎င်းတို့အသုံးပြုခဲ့သည့် စုစုပေါင်းအသုံးစရိတ် သည် အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံရှိခဲ့ပါသည် (International Trade Administration, 2021)။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ် - ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် နိုင်ငံခြားခရီးသွား အရေအတွက်သည် ၁ သိန်းအောက်သို့ ကျဆင်းသွားနိုင်ပြီး အထူးသဖြင့် ဆေးဘက်နှင့် ကျန်းမာရေးဆိုင်ရာခရီးသွားများ လာရောက်နိုင်မည်ဟု ခန်းမှန်းထားပါသည် (Laing Buisson News, 2020)။ သို့သော် နိုင်ငံ၏ ကမ္ဘာ့ထိပ်တန်းဆေးဘက်ဆိုင်ရာအချက်အချာနေရာအဖြစ် တည်ထောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ချက်၊ တိုးတက်လာမည့်နိုင်ငံ၏ ဆေးပညာအဆင့် အတန်းနှင့် ဝန်ဆောင်မှုများကြောင့် ကိုဗစ် - ၁၉ ကပ်ရောဂါကာလအပြီး နောက်ပိုင်းတွင် ဆေးဘက်ဆိုင်ရာနှင့် ဆေးကုသမှုခံယူလိုသည့် နိုင်ငံတကာခရီးသွားများလာရောက်မှုသည်

တစ်နှစ်လျှင် ၁၄ ရာခိုင်နှုန်းအထိ မြင့်တက်နိုင်ချေရှိပြီး နိုင်ငံတွင်းရှိ ပုဂ္ဂလိကနှင့် အစိုးရ ဆေးရုံစုစပေါင်း ၁၃၀၀ ကျော်အထိ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိနိုင်အောင် ဆောင်ရွက်နိုင်ချေရှိပါသည် (The Economist Intelligence Unit, 2020)။

ဆက်လက်ဆောင်ရွက်နိုင်ချေရှိသည့်လုပ်ငန်းစဉ်များ

၁၉၈။ eHealth Strategy (၂၀၁၇-၂၀၂၆) ၏ လမ်းပြမြေပုံပါ ဆောင်ရွက်ချက်များကို ၁၀ နှစ်ကြာအကောင်အထည်ဖော်ပြီး နောက် ၅ နှစ်တာကာလ (၂၀၂၇ ခုနှစ် -၂၀၃၁ ခုနှစ်) အတွင်း မော်လီကျူးအသစ်များ စမ်းသပ်ခြင်း၊ ဦးစားပေးကုထုံများနှင့် ကာကွယ်ဆေးအမျိုးအစား သစ်များ ထုတ်လုပ်ခြင်း၊ ဇီဝဆေးဝါးသစ်များ စမ်းသပ်ထုတ်လုပ်ခြင်း၊ ဆေးဘက်ဆိုင်ရာ အထောက်အပံ့ပြုစုစက်ရုပ်နှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများထုတ်လုပ်ခြင်း၊ ခန္ဓာကိုယ်အတွင်း ထည့်သွင်းနိုင်သည့်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အလိုအလျောက်ရောဂါရှာဖွေစမ်းသပ်သည့် ပစ္စည်းများထုတ်လုပ်ခြင်း၊ ရောဂါကုထုံးများနှင့်သက်ဆိုင်သည့်အထူးတကွသိုလ် တည်ထောင်ခြင်း စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လျာထားသတ်မှတ်ထားပါသည် (MoPH, 2017)။

၁၉၉။ ထိုင်းနိုင်ငံသည် ပြီးခဲ့သည့်နှစ်များအတွင်း ဇီဝဆေးဝါးထုတ်လုပ်မှုစွမ်းဆောင်ရည် လျင်မြန်စွာ တိုးတက်လာခြင်းကြောင့် ဇီဝဆေးဝါးထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်နိုင်ရေး အတွက် အစိုးရမှ စည်းမျဉ်းစည်းကမ်းပြုပြင်ပြောင်းလဲမှုများနှင့် မူဝါဒပိုင်းဆိုင်ရာပံ့ပိုးပေးမှု များအပြင် နိုင်ငံခြားမှ ပညာရှင်များနှင့် သုတေသနပညာရှင်များကို ဖိတ်ခေါ်၍ ပူးပေါင်း ဆောင်ရွက်လျက်ရှိသောကြောင့် အဆိုပါကဏ္ဍအတွက် ပြည်တွင်းပညာရှင်များနှင့် သုတေ သနပညာရှင်များ၏ စွမ်းဆောင်ရည်ပိုမိုမြင့်မားစွာ မွေးထုတ်ပေးရန်အပြင် နိုင်ငံခြားသုတေ သနပညာရှင်များကို ဖိတ်ခေါ်၍ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာကို အလေးထား ဖော်ဆောင်နိုင်ချေရှိပါသည်။ (The Economist Intelligence Unit, 2020)

၂၀၀။ Thailand 4.0 နှင့်အညီ ဆေးပညာရပ်ဆိုင်ရာကုထုံးများနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အားပေးမြှင့်တင်ခြင်းဖြင့် EEC ကို အောင်မြင်စွာ အကောင်အထည်ဖော် တည်ထောင်၍ Genome Sequencing Center နှင့် စာကြည့်တိုက်တို့ကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသုတေ သနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် SARS-CoV-2 ဗိုင်းရပ်စ်ပိုး၏ ဗီဇမျိုးကွဲအသစ်များကို တားဆီးကာကွယ်နိုင်မည့် ChulaCOV19 ကာကွယ်ဆေးအဖြစ် ၂၀၂၂ နှစ်လယ်ပိုင်းတွင် အရေအတွက် ပမာဏများစွာ ထုတ်လုပ်သွားမည်ဖြစ်သည်။ ဇီဝနည်းပညာ ပိုင်းသည် ကမ္ဘာတစ်ဝန်းတွင် ရင်းနှီးမြှုပ်နှံမှုများ အလျင်အမြန် တိုးတက်လာသောကဏ္ဍ

တစ်ခုဖြစ်လာသည်နှင့်အမျှ ထိုင်းနိုင်ငံ၏ ဆေးပညာရပ်ဆိုင်ရာကမ္ဘာ့ထိပ်တန်းအချက်အချာ နေရာ ဖြစ်လာရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ကမ္ဘာ့တစ်ဝှမ်းမှ ရင်းနှီးမြှုပ်နှံမှုများနှင့် ထွန်းသစ်စလုပ်ငန်းများ ပေါင်းစပ်ခြင်းမှတစ်ဆင့် ဧဝနည်းပညာကဏ္ဍကို ဦးစားပေးဖြင့်တင်နိုင်ချေရှိပါသည် (The Economist Intelligence Unit, 2020)။

အသုံးစရိတ်

၂၀၁။ ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံစုစုပေါင်းလူဦးရေ၏ ၆၅ နှစ်အထက်ဦးရေသည် ၁၄ ရာခိုင်နှုန်းအထိ မြင့်တက်နိုင်ပြီး ကျန်းမာရေးအတွက် စုစုပေါင်းအသုံးစရိတ်သည် GDP ၏ ၃.၉ ရာခိုင်နှုန်းဖြင့် တစ်နှစ်လျှင် လူတစ်ဦးအတွက် ပျမ်းမျှကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၂၈၆ ရှိမည်ဖြစ်ပါသည် (The Economist Intelligence Unit, 2020)။ ထို့ပြင် ကိုဗစ် - ၁၉ ကပ်ရောဂါအတွင်း ထိုင်းနိုင်ငံအစိုးရသည် နိုင်ငံ GDP ၏ ၉.၆ ရာခိုင်နှုန်းခန့်ရှိသော ထိုင်းဘတ် ၁.၅ ထရီလီယံကို အသုံးပြုခဲ့ပြီးဖြစ်သည် (International Monetary Fund, 2021)။ ထို့ကြောင့် ထိုင်းနိုင်ငံသည် ပုံမှန်ကျန်းမာရေးအသုံးစရိတ်သုံးစွဲမှုမြင့်မားခြင်းနှင့် ကိုဗစ် - ၁၉ ကပ်ရောဂါအတွက် အသုံးစရိတ်များကြောင့် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ၂၀၂၁ ခုနှစ် ပထမလေးလပတ်ကာလအတွင်း -၂.၆ အထိ ကျဆင်းခဲ့ပါသည် (World Bank, 2021b)။ သို့သော် ထိုင်းနိုင်ငံ၏ စုစုပေါင်းကျန်းမာရေးအသုံးစရိတ်သည် ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၇.၉ ဘီလီယံ တိုးမြင့်အသုံးပြုနိုင်ကြောင်း BMI Research က ဖော်ပြထားပါသည်။ ၂၀၄၀ ပြည့်နှစ်တွင် ၄.၇ ရာခိုင်နှုန်းအထိ အသုံးပြုနိုင်ချေရှိပြီး ကျန်းမာရေး စောင့်ရှောက်မှုကို အထူးအလေးထားဆောင်ရွက်လျက်ရှိခြင်းကြောင့် ထိုင်းနိုင်ငံ၏ လူသက်တမ်းသည် ပို၍ တိုးတက်လာနိုင်မည့်အနေအထားဖြစ်ပါသည် (The Economist Intelligence Unit, 2020)။

စိန်ခေါ်မှုများ

၂၀၂။ ၂၀၁၁ ခုနှစ်၌ ထိုင်းနိုင်ငံ၏ ပြည်နယ် ၇၇ ခုအနက် ပြည်နယ် ၆၆ ခုတွင် ရေကြီးမှုကို ဆိုးရွားစွာခံစားရပြီး လူ ၁၀၀၀ ကျော် သေဆုံးခဲ့ကာ ပျက်ဆီးဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံနှင့် ၅၀ ဘီလီယံအကြား ရှိခဲ့ပါသည်။ Global Climate Risk Index 2019 အရ နိုင်ငံပေါင်း ၁၈၀ အနက် ထိုင်းနိုင်ငံသည် ရာသီဥတုနှင့် သဘာဝဘေးန္တရာယ်ထိခိုက်မှုအများဆုံး ခံစားရသည့်အဆင့် ၁၀ တွင် ရှိနေပါသည်။ ပင်လယ်ရေမျက်နှာပြင်နှင့် အပူချိန်မြင့်တက်လာခြင်းနှင့်အတူ ဘန်ကောက်မြို့သည် တစ်နှစ်လျှင် ၀.၈ လက်မအထိ နစ်မြုပ်လျက်ရှိခြင်းကြောင့် နောက် ၁၅ နှစ်တွင် သဘာဝဘေးအန္တရာယ်ကို ဆိုးရွားစွာ ထိခိုက်ခံစားနိုင်ချေရှိခြင်းသည်လည်း ထိုင်းနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပြီး ၂၀၃၅ ခုနှစ်တွင် ပိုမိုများပြား

လာမည့် ထိုင်းနိုင်ငံ၏ သက်ကြီးလူဦးရေသည် အဆိုပါဘေးန္တရာယ်များ၏ သက်ရောက်မှုကို အများဆုံးခံစားရနိုင်ချေရှိပါသည်။

၂၀၃။ UHC သည် ထိုင်းနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရသည်။ သို့သော် UHC အရ မည်သည့်အသက်အရွယ်မဆို ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းနှင့် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ပံ့ပိုးပေးခြင်းဖြစ်သော်လည်း ကျောက်ကပ်အစားထိုးကုသမှု၊ ကင်ဆာကုထုံးနှင့် ပင်မဆဲလ်အစားထိုးခြင်း စသည်တို့သည် ကုန်ကျစရိတ်မြင့်မားသော ဝန်ဆောင်မှုများဖြစ်ခြင်း၊ သက်ကြီးလူဦးရေများပြားလာသည်နှင့်အမျှ မကူးစက်နိုင်သော ရောဂါများဖြစ်သည့် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါ၊ နှလုံးသွေးကြောနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားမှုသည် တဖြည်းဖြည်း မြင့်တက်လာခြင်း တို့သည် အစိုးရဘဏ္ဍာငွေအသုံးပြုမှုအပေါ် များစွာသက်ရောက်မှု ရှိစေပါသည်။

၂၀၄။ တစ်ဖက်တွင်လည်း အစိုးရ၏ ဘဏ္ဍာငွေအသုံးပြုမှုဥပဒေမူဘောင်၌ ထိုသို့ အသုံးစရိတ်မြင့်တက်လာမှုကို ထိန်းချုပ်နိုင်မည့်နည်းလမ်းကို ခိုင်မာစွာ ချမှတ်ထားခြင်းမရှိသည့် စနစ်ဖြစ်သောကြောင့် ရန်ပုံငွေများ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးသည်လည်း ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါသည် (Sumriddetchkajorn et al., 2019)။ ထို့ကြောင့် အစိုးရအနေဖြင့် စဉ်ဆက်မပြတ်လည်ပတ်နိုင်သော ရန်ပုံငွေတစ်ရပ် (Sustainable Health Fund) ထူထောင်နိုင်မည့်မူဝါဒများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

၂၀၅။ ထိုင်းနိုင်ငံသည် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်သည့်ကဏ္ဍ အပါအဝင် ထုတ်လုပ်မှုကဏ္ဍကို အဆင့်မြင့်နည်းပညာဖြင့် အားပေးမြှင့်တင်သည့် နိုင်ငံဖြစ်သည့်အတွက် ထိုင်းနိုင်ငံ၏ Thailand 4.0 ကို အကောင်အထည်ဖော်နိုင်ရန် အခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ်ကိုပါ မြှင့်တင်ရန် လိုအပ်ပါသည်။ လက်ရှိတွင် ထိုင်းနိုင်ငံ၏ **AI Readiness** သည် ၁၉၄ နိုင်ငံအနက် အဆင့် ၅၆ ဖြစ်သည့်အတွက် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်မှုကဏ္ဍနှင့် ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ အပါအဝင် လုပ်သားအခြေပြုထုတ်လုပ်မှုကဏ္ဍတွင် အလိုအလျောက်စက်ပစ္စည်းများ တပ်ဆင်အသုံးပြုမှုသည် လုပ်သားများအတွက် အတိုင်းအတာတစ်ခုအထိ ထိခိုက်လာနိုင်ချေရှိသည့်အတွက် ထုတ်လုပ်သည့်ကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍအကြား လုပ်သားချိန်ညှိနိုင်ရေးသည်လည်း အစိုးရအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်စေပါသည်။

၂၀၆။ ထို့ပြင် ထိုင်းနိုင်ငံသည် ၎င်း၏ **တန်ဖိုးကွင်းဆက်ကို ထုတ်လုပ်မှုအခြေပြု စီးပွားရေးမှ အသိပညာအခြေပြုစီးပွားရေးစနစ်**သို့ မြှင့်တင်ရာတွင် အထူးသဖြင့် ကျန်းမာရေးကဏ္ဍ၊ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်မှုကဏ္ဍတွင် ကျွမ်းကျင်ပညာရှင်များ၊ သုတေသနပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ရွှေ့ပြောင်းလာမှုသည် ပြည်တွင်းရှိ စွမ်းဆောင်ရည် ပြည့်ဝသည့် အလားတူလူ့စွမ်းအားအရင်းအမြစ်များအတွက် ယှဉ်ပြိုင်မှုများ ဖြစ်လာစေခြင်းသည်လည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး အစိုးရအနေဖြင့် နိုင်ငံတွင်းရှိ လူ့စွမ်းအား အရင်းအမြစ်ကို ပိုမိုတိုးမြှင့်နိုင်မည့် မူဝါဒပိုင်းဆိုင်ရာဆောင်ရွက်ချက်အချို့ကို ချမှတ် ဆောင်ရွက်ရန် လိုအပ်ပါသည်။

၂၀၇။ တစ်ဖက်တွင်လည်း အဆင့်မြင့်နည်းပညာသုံးဆေးဘက်ဆိုင်ရာပစ္စည်းများကို အရေအတွက်များစွာ တင်သွင်းနေရခြင်းကြောင့် ၎င်းတို့ကို ပြည်တွင်း၌ အဆင့်မြင့် ထုတ်လုပ် နိုင်ရေးအတွက် ပြည်တွင်းစွမ်းဆောင်ရည်၊ အသိပညာနှင့် ဆန်းသစ်တီထွင်မှုတို့ဖြင့် ကာလရှည် စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်မှာလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုင်းနိုင်ငံအနေဖြင့် ယခုအချိန်အထိ ဆန်းသစ်တီထွင်မှုနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပြည်တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်မှုများနှင့် အရင်းအနှီး များစွာကို ရင်းနှီးမြှုပ်နှံထားသော်လည်း Primary Drugs နှင့် Intermediate Drugs တို့ကို ထုတ်လုပ်နိုင်ခြင်း မရှိသေးဘဲ Finished Generic Drugs ကိုသာ ထုတ်လုပ်နိုင်သည့်အဆင့် သာ ရှိနေသဖြင့် Primary Drugs နှင့် Intermediate Drugs တို့ကို ထုတ်လုပ်နိုင်သည့် အဆင့်အထိ ပြည်တွင်းစွမ်းဆောင်ရည်ကို တိုးမြှင့်ရန်လိုအပ်မည်ဖြစ်သည်။

၂၀၈။ ထို့ပြင် Primary Drugs နှင့် Intermediate Drugs ကို ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်းရှိ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာစည်းမျဉ်းစည်းကမ်းနှင့် ဥပဒေမူဘောင်များကို လည်း ပိုမိုအားကောင်ခိုင်မာမှုရှိအောင် ဆောင်ရွက်၍ လာရောက်လုပ်ကိုင်မည့် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ၏ မူပိုင်ခွင့်ကို ပိုမိုအကာအကွယ်ပေးနိုင်အောင်နှင့် အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းစဉ်များတွင် စိစစ်အကဲဖြတ်သူများ၏ စွမ်းဆောင်ရည် ပိုမို တိုးတက်စေအောင် ဆောင်ရွက်၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာခံစားခွင့်များကိုလည်း မဟာဗျူဟာ ကျကျ ပံ့ပိုးပေးသင့်ပါသည်။

၂၀၉။ ထို့ကြောင့် ထိုင်းနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းကဏ္ဍတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုမှု၊ ဆန်းသစ်တီထွင်မှုနှင့် သုတေသန နှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် ရန်ပုံငွေထောက်ပံ့ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေးအတွက်

ခံစားခွင့်များပံ့ပိုးပေးခြင်းနှင့် ပြည်တွင်းပြည်ပပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများကို ဦးစားပေး မြှင့်တင်ခြင်းအပြင် နိုင်ငံ၏ အဓိကလိုအပ်ချက်ဖြစ်သည့် မူရင်းထွက်ကုန်ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်အားပေးမြှင့်တင်ခြင်းဖြင့် အစိုးရ၏ ထိပ်တန်းဆေးဘက်ဆိုင်ရာ အချက်အချာနေရာအဖြစ် ဖော်ဆောင်မည့်မျှော်မှန်းချက်ကို အပြည့်အဝ အကောင်အထည် ဖော်နိုင်မည်ဖြစ်သည်။

အခန်း (၂)

နိုင်ငံတကာနှင့် ဒေသတွင်းအဆင့် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ အလားအလာကို လေ့လာသုံးသပ်ခြင်း

အခန်း (၂)

နိုင်ငံတကာနှင့် ဒေသတွင်းအဆင့် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ အလားအလာကို လေ့လာသုံးသပ်ခြင်း

ယေဘုယျဖော်ပြချက်

၂၁၀။ သမိုင်းကြောင်းအရ ဆေးဝါးများသည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ မရှိမဖြစ် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ပြီး နာမကျန်းမှု ကြောင့် ဆေးရုံများ၌ နေထိုင်ရမည့်အချိန်ကို လျှော့ချခြင်းဖြင့် လူနေမှုဘဝကို တိုးတက်ကောင်းမွန်စေရန် ပံ့ပိုးပေးလျက်ရှိပါသည်။ သင့်တော်သောဆေးဝါးများ လက်လှမ်းမီခြင်းသည် ဆက်စပ်စီးပွားရေးညွှန်းကိန်းများအပေါ် သိသိသာသာ အကျိုးသက်ရောက်မှုရှိစေပြီး အရည်အသွေးအာမခံမှုရှိသောဆေးဝါးများ၊ ကာကွယ်ဆေးများနှင့် ဆေးဘက်ဆိုင်ရာကိရိယာများသည် ကျန်းမာရေးစနစ်အတွက် အခြေခံတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်လာသည့်ရောဂါများ၊ ကူးစက်ရောဂါများအတွက် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းများသည် ကမ္ဘာတွင် အလျင်မြန်ဆုံး တိုးတက်လာခြင်းဖြစ်ပါသည်။

၂၁၁။ ကမ္ဘာတွင် ပထမဆုံးသော ဓာတုဆေးဝါးကို ၁၈၉၇ ခုနှစ်တွင် စတင်ဖော်ထုတ်နိုင်ခဲ့ပြီး ထိုအချိန်မှစ၍ ကျန်းမာရေးဆိုင်ရာပြဿနာများအတွက် ဆေးဝါးများဖွံ့ဖြိုးတိုးတက်လာခြင်းကို အံ့သြဖွယ်တွေ့မြင်လာရပါသည်။[၈၆] လွန်ခဲ့သည့်ကာလများက လူအသက်သေဆုံးမှုကို ဖြစ်စေခဲ့သော တီဗီ၊ အဆုတ်ရောင်ကွဲသို့ ရောဂါများအား ကုသနိုင်၊ လျော့ပါးစေနိုင်သည့် ဆေးဝါးများအား ယနေ့အခါတွင် လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ပြီဖြစ်ပါသည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် အသစ်ဖြစ်ပေါ်လာသည့် ရောဂါများအတွက် ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုများရှိနေဆဲဖြစ်ကာ ဆေးဝါးကဏ္ဍအတွက် စိန်ခေါ်မှုများသည် စဉ်ဆက်မပြတ် ဆက်လက်တည်ရှိလျက်ရှိနေပါသည်။

ကမ္ဘာတွင် ဖြစ်ပွားလျက်ရှိသည့် ရောဂါများနှင့် သေဆုံးမှုနှုန်း

၂၁၂။ WHO ၏ ဖော်ပြချက်အရ မကူးစက်နိုင်သောရောဂါဖြစ်ပွားမှုသည် ကမ္ဘာတွင် အများဆုံးဖြစ်၍ တစ်ကမ္ဘာလုံးအတိုင်းအတာအရ သေဆုံးမှုနှုန်းများကို လေ့လာကြည့်ရာ ၂၀၁၉ ခုနှစ်တွင် သေဆုံးမှုဖြစ်စေသော အဓိကအကြောင်းအရင်း ၁၀ ခုအနက် ၇ ခုသည် မကူးစက်နိုင်သောရောဂါများဖြစ်ကြပြီး စုစုပေါင်းသေဆုံးမှုနှုန်း၏ ၇၄ ရာခိုင်နှုန်းတွင် ရှိနေ

[၈၆] https://www.who.int/health-topics/medicines#tab=tab_3

ပါသည်။[၈၇] လူဦးရေ၊ ရောဂါဖြစ်ပွားမှုအခြေအနေနှင့် စီးပွားရေးအပြောင်းအလဲတို့သည် ဆေးဝါးစျေးကွက်၏ ပြောင်းလဲတိုးတက်မှုကို ဖြစ်ပေါ်စေပါသည်။ ကမ္ဘာ့လူဦးရေသည် ၂၀၁၀ ပြည့်နှစ်၌ ၆.၉ ဘီလီယံ၊ ၂၀၁၅ ခုနှစ်တွင် ၇.၃ ဘီလီယံ နှင့် ၂၀၂၀ ခုနှစ်တွင် ၇.၇ ဘီလီယံအထိ ရှိလာပါသည်။[၈၈] အသက်အရွယ်အိုမင်းမှုနှုန်းမှာ ၂၀၁၈ ခုနှစ်တွင် ၄၇၇.၄ သန်း (၇.၃ ရာခိုင်နှုန်း) မှ ၂၀၂၀ ပြည့်နှစ်၌ ၇၁၉.၄ သန်း (၉.၄ ရာခိုင်နှုန်း) ခန့်အထိ တိုးမြင့်လာသည်ဖြစ်ရာ လူငယ်ဦးရေထက် သက်ကြီးလူဦးရေနှုန်းတိုးလာခြင်းသည် ဆေးဝါးသုံးစွဲမှုနှုန်းကို မြင့်တက်စေပါသည်။ အသက် ၇၅ နှစ်အထက် သက်ကြီးရွယ်အို ၅ ဦးတွင် ၄ ဦးနှုန်းဖြင့် ဆေးအညွှန်းအသုံးပြုကြသည်ဖြစ်ရာ ဆေးဝါးလိုအပ်ချက်ကို သိသိသာသာ မြင့်တက်လာစေကြောင်း WHO ၏ World Local Production Forum တွင် ဖော်ပြထားသည်။[၈၉]

၂၁၃။ ထို့ပြင် ယခင်ဖြစ်ပွားခဲ့သည့် ရောဂါပိုးများမှ ပုံစံပြောင်းကူးစက်ရောဂါပိုးများကြောင့် ဆေးဘက်ဆိုင်ရာပြဿနာရပ်များသည် နေရာဒေသမရွေး ဖြစ်ပေါ်လျက်ရှိရာ အသစ်အသစ်သော ကာကွယ်ဆေးများ၊ ကုသဆေးဝယ်လိုအားများ ဆက်လက်ကြီးမားလာပြီး ဆေးဝါးကဏ္ဍအခွင့်အလမ်း ပိုမိုတိုးမြင့်လာပါသည်။ ကိုဗစ် - ၁၉ ကပ်ရောဂါကာလ ၂၀၂၁ ခုနှစ် ဆေးဝါးအသုံးပြုမှုအခြေအနေကို ကြည့်ပါက ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆေးဝါးအသုံးပြုမှု ပိုမိုများပြားလာပြီး IQVIA's 2019 Global Use of Medicine အစီရင်ခံစာအရ ၂၀၂၁ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၁.၄ ထရီလီယံအထိ အသုံးပြုနိုင်ကြောင်း ခန့်မှန်းထားပါသည် (Kruglyak, 2021)။ တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ဆန်းသစ်တီထွင်သည့် နည်းပညာများဖြင့် ဆေးဝါးသစ်များ ထုတ်လုပ်သည့် စျေးကွက်တွင် ဦးဆောင်လျက်ရှိပြီး ၂၀၂၃ ခုနှစ်အထိ ဆေးဝါးအသုံးပြုမှုသည် ဆက်လက်များပြားလာနိုင်ကြောင်း ခန့်မှန်းထားပါသည် (Kruglyak, 2021)။

ကမ္ဘာ့ဆေးဝါးစျေးကွက်အခြေအနေနှင့် တိုးတက်မှုအလားအလာ

၂၁၄။ ကမ္ဘာ့ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများစျေးကွက်ပမာဏသည် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၁၉၈၉၆၀ ရှိခဲ့ရာမှ ၂၀၂၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၅၇၆၄၃၀ အထိ ရောက်ရှိနိုင်ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း နှစ်စဉ်စုစုပေါင်းတိုးတက်မှုနှုန်း (CAGR[၉၀]) သည် ၄.၀ ရာခိုင်နှုန်းအထိ ရှိနိုင်ကြောင်း Industry

---

[၈၇] https://www.who.int/news-room/fact-sheets/detail/the-top-10-causes-of-death

[၈၈] https://www.macrotrends.net/countries/WLD/world/world-population

[၈၉] World Local Production Forum, https://www.who.Int

[၉၀] CAGR - Compound Annual Growth Rate

Research က ခန့်မှန်းထားပါသည် (Industry Research, 2021)။ ကမ္ဘာ့ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများ၏ ဈေးကွက်တန်ဖိုးသည် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၄၅၆.၈ ဘီလီယံနီးပါးရှိခဲ့ပြီး ၂၀၁၅ ခုနှစ်မှစတင်၍ CAGR သည် ၃.၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။ အဆိုပါဈေးကွက်သည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၂.၀ ဘီလီယံ၊ ၇.၇ ရာခိုင်နှုန်း အထိ မြင့်တက်နိုင်ချေရှိပြီး ၂၀၂၅ ခုနှစ်မှစ၍ CAGR သည် ၅.၅ ရာခိုင်နှုန်းဖြင့် ခန့်မှန်းပါက ၂၀၃၀ ပြည့်နှစ်တွင် ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၆၃.၂ ဘီလီယံအထိ မြင့်တက်နိုင်ချေရှိပါသည် (The Business Research Company, 2021)။ ဆေးရုံဆေးခန်းများဈေးကွက်သည် ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများကို နောက်ဆုံးအသုံးပြုသည့်နေရာများဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် အဆိုပါပစ္စည်းများ အသုံးပြုသည့်တန်ဖိုးသည် ၈၈.၇ ရာခိုင်နှုန်းရှိပြီး ရောဂါရှာဖွေစမ်းသပ်သည့် ဗဟိုဌာနများ၌ အဆိုပါပစ္စည်းများအသုံးပြုမှုသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း CAGR ၉.၂ ရာခိုင်နှုန်းရှိလာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည် (The Business Research Company, 2021)။

၂၁၅။ ဒေသအလိုက် ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းဈေးကွက်တိုးတက်မှုရှိသည့် နိုင်ငံများမှာ အာရှပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ မြောက်အမေရိကတွင် အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံ၊ တောင်အမေရိကတွင် ဘရာဇီးလ်နိုင်ငံ၊ အနောက်ဥရောပတွင် ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ဗြိတိန်နိုင်ငံ၊ အရှေ့ဥပရောပတွင် ရုရှားနိုင်ငံတို့ ဖြစ်သည်ကို တွေ့ရပါသည် (The Business Research Company, 2021)။ ထုတ်လုပ်နိုင်မည့် ကျန်းမာရေးသုံးပစ္စည်းအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် (The Business Research Company, 2021) -

(က) In-Vitro Diagnostics၊
(ခ) Dental Equipment၊
(ဂ) Ophthalmic Devices၊
(ဃ) Diagnostic Equipment၊
(င) Hospital Supplies၊
(စ) Cardiovascular Devices၊
(ဆ) Surgical Equipment၊
(ဇ) Patient Monitoring Devices၊
(ဈ) Orthopedic Devices၊

(ည) Diabetes Care Devices၊

(ဋ္ဌ) Nephrology and Urology Devices၊

(ဌ) ENT Devices၊


(ဍ) Anesthesia and Respiratory Devices၊

(ဎ) Neurology Devices၊

(ဏ) Wound Care Devices။

၂၁၆။ ၂၀၁၉ ခုနှစ်တွင် ကျန်းမာရေးအသုံးစရိတ် အများဆုံး အသုံးပြုခဲ့သည့်နိုင်ငံများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် (OECD Data, 2020) -

ပုံပြဂရပ် (၂ - ၁)။ ၂၀၁၉ ခုနှစ်တွင် ကျန်းမာရေးအသုံးစရိတ်ကို အများဆုံး အသုံးပြုခဲ့သည့်နိုင်ငံများ (USD/capita)



အရင်းအမြစ် - OECD Data. (2020). Health Spending. https://data.oecd.org/healthres/health-spending.htm.

၂၁၇။ ကိုဗစ် - ၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံအများအပြားတွင် ကျန်းမာရေးအသုံးစရိတ်များ တိုးမြှင့်လာခဲ့ပြီး ကျန်းမာရေးအသုံးစရိတ်အနက် ဇီဝဆေးဝါးထွက်ကုန်များအတွက် အသုံးစရိတ်သည် အတက်အကျမရှိဘဲ ပုံသေဖြစ်နေပါသည်။ ကမ္ဘာ့ GDP တွင် ဇီဝဆေးဝါးထုတ်လုပ်မှုကဏ္ဍ၏ စုစုပေါင်းပါဝင်မှုသည် အမေရိကန်ဒေါ်လာ ၁၈၃၈ ဘီလီယံရှိပြီး ကမ္ဘာတစ်ဝန်းတွင် အဆိုပါကဏ္ဍရှိ Generic Medicine ထုတ်လုပ်မှုတွင် လုပ်ကိုင်နေသူပေါင်း ၅.၅ သန်းခန့်ရှိပါသည်။ လက်ရှိ ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေပြုသည့် ကာကွယ်ဆေးထုတ်လုပ်မှုများ၊ ကုသမှုများနှင့် ရောဂါရှာဖွေ

စမ်းသပ်မှုအပြင် အခြားရောဂါများကြောင့် ဇီဝဆေးဝါးများရောင်းချရမှုသည် ဆက်လက်တိုးတက်လာနိုင်ချေရှိပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေပြုသည့် ဆေးဘက်ဆိုင်ရာနည်းပညာများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာနိုင်ချေရှိပါသည်။ ထို့ပြင် အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်သည် ဆန်းသစ်တီထွင်မှုကို အားပေးသည့် မောင်းနှင်အားတစ်ခုဖြစ်သည့်အတွက် နိုင်ငံများအနေဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာဥပဒေမူဘောင်များကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ထားခြင်းဖြင့် ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာသုံးပစ္စည်းများအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်မြှင့်တင်နိုင်မည်ဖြစ်သည် (International Federation of Pharmaceutical Manufacturers & Associations, 2021)။

သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု

၂၁၈။ ဆေးဘက်ဆိုင်ရာသုတေသနပညာရှင်များသည် ဆေးဝါးများနှင့် ကာကွယ်ဆေးများကို ထုတ်လုပ်နိုင်ရန်အတွက် ၁၀ နှစ်မှ ၁၅ နှစ်ကြာ Compounds[၉၀] စမ်းသပ်မှုကို ပြုလုပ်ကြရသည့်အတွက် ၂၀၁၈ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ဇီဝဆေးဝါးဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အမေရိကန်ဒေါ်လာ ၁၇၉ ဘီလီယံ အသုံးပြုခဲ့ခြင်းကြောင့် ဆေးဝါးအသစ်အမျိုးပေါင်း ၆၂ မျိုး ထွက်ရှိခဲ့ပါသည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု အဆင့်အလိုက် Compounds ၈၀၀၀ ကျော်ပြုလုပ်ခဲ့ခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း ကင်ဆာရောဂါအတွက် ဆေးဝါး ၂၇၄၀ မျိုး၊ ခုခံအားကောင်းစေသည့်ဆေးဝါး ၁၅၃၅ မျိုး၊ အာရုံကြောဆိုင်ရာဆေးဝါး ၁၄၉၈ မျိုးနှင့် ကူးစက်ရောဂါကာကွယ်ဆေး ၁၂၁၃ မျိုးတို့ကို ထုတ်လုပ်နိုင်ခဲ့ပါသည် (International Federation of Pharmaceutical Manufacturers & Associations, 2021)။


ကာကွယ်ဆေးထုတ်လုပ်ခြင်း

၂၁၉။ ကိုဗစ် - ၁၉ ကပ်ရောဂါကို ကာကွယ်တားဆီးရန်အတွက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအထိ ကာကွယ်ဆေးထုတ်လုပ်ခွင့်လျှောက်ထားမှုသည် ၃၅ ခုအထိ ရှိခဲ့ပြီး စမ်းသပ်မှုအဆင့်အလိုက်မှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည် (International Federation of Pharmaceutical Manufacturers & Associations, 2021) –

---

[၉၀] Compounds used as medicines are most often organic compounds, which are often divided into the broad classes of small organic molecules (e.g., atorvastatin, fluticasone, clopidogrel) and "biologics" (infliximab, erythropoietin, insulin glargine), the latter of which are most often medicinal preparations of proteins (natural and recombinant antibodies, hormones etc.).

ပုံပြဂရပ် (၂ - ၂)။ ကိုဗစ် - ၁၉ ကပ်ရောဂါကာကွယ်ဆေးကို သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့် စမ်းသပ်ထုတ်လုပ်မှုအခြေအနေ



အရင်းအမြစ် - International Federation of Pharmaceutical Manufacturers & Associations. (2021). The Pharmaceutical Industry and Global Health. https://www.ifpma.org/wp-content/uploads/2021/04/IFPMA-Facts-And-Figures-2021.pdf

၂၂၀။ ၂၀၂၁ ခုနှစ် မတ်လအထိ USFDA နှင့် European Medicines Agency (EMA) တို့က ကာကွယ်ဆေးထုတ်လုပ်ရန် ခွင့်ပြုခဲ့သည့်ကုမ္ပဏီများမှာ Pfizer-BioNTech၊ Janssen၊ Moderna နှင့် AstraZeneca တို့ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအထိ ကာကွယ်ဆေးထုတ်လုပ်မှုအတွက် စာချုပ်ပေါင်း ၂၃၄ ခုနှင့် ကာကွယ်ဆေးဖြန့်ဖြူးမှုအတွက် စာချုပ်ပေါင်း ၁၁၀ ခုအထိ ချုပ်ဆိုခဲ့ပြီးဖြစ်သည် (International Federation of Pharmaceutical Manufacturers & Associations, 2021)။

ဒစ်ဂျစ်တယ်စျေးကွက်ဖြန့်ချီရေးနည်းလမ်း

၂၂၁။ ၂၀၂၀ ခုနှစ် မတိုင်ခင်အထိ ဆေးဝါးထုတ်လုပ်သည့်ကုမ္ပဏီများသည် ဒစ်ဂျစ်တယ်စျေးကွက်ဖြန့်ချီရေးနည်းလမ်းကို သိသိသာသာ အသုံးပြုခြင်း မရှိခဲ့သော်လည်း ကိုဗစ် - ၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားသည့်အချိန်အတွင်း ဒစ်ဂျစ်တယ်စျေးကွက်ဖြန့်ချီရေးနည်းလမ်းသည် နည်းလမ်းသစ်တစ်ခုအဖြစ် အဆိုပါကုမ္ပဏီများတွက် အရေးပါသည့်နည်းလမ်းတစ်ခု ဖြစ်လာခဲ့ပါသည် (Kruglyak, 2021)။

ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းကဏ္ဍ ဈေးကွက်မြှင့်တင်ရေး အတွက် တွန်းအားပေးသည့်အချက်

၂၂၂။ ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းကဏ္ဍ ဈေးကွက်မြှင့်တင်ရေးအတွက် အဓိကတွန်းအားပေးသည့်အချက်မှာ ကိုဗစ် - ၁၉ ကမ္ဘာ့ကပ်ရောဂါကဲ့သို့သော ပြင်းထန်သည့်ကူးစက်ရောဂါများ ရုတ်တရက်ဖြစ်ပွားခြင်းဖြစ်သည်။ အဆိုပါ ဈေးကွက်တဖြည်းဖြည်းမြင့်တက်လာရသည့် အချက်များမှာ ပုံမှန်အားဖြင့် ကျန်းမာရေး စောင့်ရှောက်မှုအခြေခံအဆောက်အအုံအရေအတွက် တိုးတက်လာခြင်း၊ သက်ကြီးလူဦးရေ အလျင်အမြန် တိုးတက်လာခြင်း၊ ဈေးကွက်ပေါ်ထွန်းစနိုင်ငံများတွင် စီးပွားရေးတိုးတက် လာခြင်း၊ အဆင့်မြင့်နည်းပညာများ အလျင်အမြန် တိုးတက်လာခြင်းနှင့် ကျန်းမာရေးအသုံး စရိတ်များ တိုးမြှင့်သုံးစွဲခြင်းတို့ကြောင့် ဖြစ်ပါသည်။ လက်ရှိတွင် နာတာရှည်ရောဂါများ အဖြစ်များလာခြင်း၊ ကူးစက်ဖျားနာမှုများ ဖြစ်ပွားခြင်းသည်လည်း အဆိုပါဈေးကွက်တိုးတက် ရေးကို တွန်းအားပေးသည့်အချက်များဖြစ်ပါသည်။ ဥပမာ - ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဆေးရုံသုံးပစ္စည်းများ၊ ရောဂါရှာဖွေစမ်းသပ်ကိရိယာများ၊ Ventilator များ လိုအပ်ချက်သည် မြင့်တက်လာပြီး ၂၀၂၀ ပြည့်နှစ် ပထမ ၃ လအတွင်း ကိုဗစ် - ၁၉ ကပ်ရောဂါ ရှာဖွေစမ်းသပ် ကိရိယာများကို ရောင်းချမှုသည် အမေရိကန်ဒေါ်လာ ၂.၂ ဘီလီယံအထိ ရှိခဲ့ပါသည်။ ယခု ကဲ့သို့ကူးစက်ပျံနှံ့မှုများကို ဆက်လက်တားဆီးကာကွယ်ရန် လိုအပ်သည့်အတွက် အဆိုပါ လိုအပ်ချက်သည် ကမ္ဘာတစ်ဝန်းတွင် ဆက်လက်မြင့်တက်နိုင်ချေရှိပါသည်။ (The Business Research Company, 2021)

ကမ္ဘာ့ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတွင် တွေ့ကြုံရနိုင်သည့်စိန်ခေါ်မှုများ

၂၂၃။ ကမ္ဘာ့ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတွင် တွေ့ကြုံရနိုင်သည့်စိန်ခေါ်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ထုတ်လုပ်မှုစရိတ်မြင့်မားခြင်း။** အချို့သောဈေးကွက်ဝင် ဆေးဝါးအသစ်များ ထုတ်လုပ်သည့်စရိတ်သည် တစ်နှစ်လျှင် ၁၈ ရာခိုင်နှုန်းအထိ မြင့်တက်နိုင်ကြောင်း ခန့်မှန်းထားပါသည် (Kruglyak, 2021)။

(ခ) **ဆေးညွှန်းဖြင့် ဝယ်ရသည့်ဆေးဝါးများ၏ ဝယ်လိုအား လျော့ကျခြင်း။** ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းပါသောအိမ်ထောင်စုများသည် ဈေးကြီးသောဆေးများကို ဝယ်ယူရန် ငွေကြေးအခက်အခဲရှိသကဲ့သို့ အခြေခံလူတန်းစားများအတွက် ဆရာဝန်ညွှန်ကြားမှုမရှိဘဲ ကုန်ကျစရိတ် နည်းပါး

သည့်နည်းပညာများဖြင့် ထုတ်လုပ်သည့်ဆေးဝါးများကို စျေးကွက်တွင် ဝယ်ယူနိုင်သည့်အတွက် ဆေးညွှန်းဖြင့် ဝယ်ရသည့်ဆေးများ၏ ဝယ်လိုအား သည် ကျဆင်းလာခြင်းဖြစ်သည် (Kruglyak, 2021)။

(ဂ) **စျေးကွက်တွင် နေရာရရှိရန် ခက်ခဲခြင်း**။ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် ယခင်လိုင်စင်ရရှိပြီးသား ဖြစ်သည့် ဆေးဝါးများကြောင့် အမေရိကန်နိုင်ငံနှင့် ဥရောပရှိ အဆိုပါဆေးဝါးနှင့် တူညီသည့် ဆေးဝါးများ (Biosimilars) ကို စရိတ်မြင့်မားစွာဖြင့် အရည်အသွေးမြင့်ထုတ်လုပ်သော်လည်း စျေးကွက်တွင် နေရာရရှိရန် ခက်ခဲခြင်းဖြစ်သည်။ Biosimilars ထုတ်လုပ်ခြင်းသည် ၂၀၁၃ ခုနှစ် နောင်းပိုင်းတွင် အရှိန်အဟုန်တိုးတက်လာခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင် အဆိုပါဆေးဝါးများ၏ စျေးကွက်ရပ်တည်နိုင်မှုသည် ကျဆင်းခဲ့ပါသည်။ အမေရိကန်နိုင်ငံ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် အဆိုပါဆေးဝါးများ ထုတ်လုပ်မှုသည် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံ ဆုံးရှုံးနိုင်ချေရှိကြောင်း ခန့်မှန်းထားပါသည် (Kruglyak, 2021)။

(ဃ) **Cybersecurity ဆိုင်ရာခြိမ်းခြောက်မှုများ**။ အဆင့်မြင့်ဒစ်ဂျစ်တယ်နည်းပညာများ တိုးတက်လာမှုကြောင့် ဆေးဝါးထုတ်လုပ်သည့်ကုမ္ပဏီများ၏ အချက်အလက်များအပေါ် Cybersecurity ဆိုင်ရာခြိမ်းခြောက်မှုသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါသည်။ ဆေးဝါးထုတ်လုပ်သည့်ကုမ္ပဏီများ၏ ၈၉ ရာခိုင်နှုန်းခန့်သည် Cyber တိုက်ခိုက်မှုများကို ခံရပြီး ၂၀၁၇ ခုနှစ်တွင် ဆုံးရှုံးမှုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၁.၃ ဘီလီယံရှိခဲ့ပါသည် (Kruglyak, 2021)။

ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းကဏ္ဍတိုးတက်ရေးကို နှောင့်နှေးစေသည့်အချက်

၂၂၄။ ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းကဏ္ဍအတွက် တိုးတက်ရေးကို နှောင့်နှေးစေသည့်အဓိကအချက်မှာ **စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာပြောင်းလဲမှု**ဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာပြောင်းလဲမှုသည် အနာဂါတ်တွင် စျေးကွက်တိုးတက်ရေးကို နှောင့်နှေးစေသည့်အချက်ဖြစ်ပြီး ဆေးဝါးအသစ်ထုတ်လုပ်ရာတွင် ကုန်ကျစရိတ်ကို မြင့်တက်စေသည်။ ဥပမာ - စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာပြောင်းလဲမှုနှင့် တင်းကျပ်သောအတည်ပြုမှုလုပ်ငန်းစဉ်များကြောင့် ဆေးဝါထုတ်လုပ်မှုကို နှောင့်နှေးစေပြီး ဝင်ငွေရရှိမှုနှောင့်နှေးခြင်းနှင့် ဝင်ငွေဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ဥပမာ - USFDA

သည် Endoscopy ကဲ့သို့သောပစ္စည်းများ၏ လုံခြုံစိတ်ချရမှုအတွက် လက်တွေ့စမ်းသပ်သည့်အချက်အလက်များ ထပ်မံတောင်းခံခြင်းနှင့် ကနဦးဈေးကွက် အတည်ပြုချက်ရရှိရန်အတွက် ဆယ်စုနှစ်တစ်ခုကျော် အချိန်ယူခဲ့ရခြင်းတို့ကြောင့် ထုတ်လုပ်မှုကို နှောင့်နှေးစေပါသည် (The Business Research Company, 2021)။

၂၂၅။ ဆေးဘက်ဆိုင်ရာနည်းပညာများတိုးတက်လာခြင်းသည် ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းကဏ္ဍတိုးတက်ရေးအတွက် အလားအလာကောင်းတစ်ခုဖြစ်ပါသည်။ ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် လူအချင်းချင်း ထိတွေ့မှုမရှိဘဲ နည်းပညာအကူအညီဖြင့် လူနာကိုရောဂါရှာဖွေစမ်းသပ်စောင့်ကြည့်သော နည်းလမ်းများဖြစ်သည့် ဝတ်ဆင်၍ရသော ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ၊ လူနာကို စောင့်ကြည့်သည့် အဝေးထိန်းကိရိယာနှင့် Electronic Health Record တို့ကို တွင်ကျယ်စွာ အသုံးပြုလာသည်ကို တွေ့ရှိရပါသည် (The Business Research Company, 2021)။

၂၂၆။ ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ၏ လိုအပ်ချက်သည် မြင့်တက်ခဲ့ခြင်းသည် ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်သူများ၏ ထုတ်လုပ်မှုလိုင်းများကို ပြောင်းလဲရန် တွန်းအားပေးသည့် လမ်းကြောင်းတစ်ခုဖြစ်စေပါသည်။ ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်သည့်ကုမ္ပဏီများသည် ကိုဗစ် - ၁၉ ကပ်ရောဂါကို တားဆီးကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများဖြစ်သော လက်သန့်ဆေးရည်၊ Face Mask၊ PPE နှင့် Ventilator စသည်တို့သည် လိုအပ်ချက်မြင့်တက်လာသည့်အတွက် ထုတ်လုပ်မှုကုမ္ပဏီများသည် ၎င်းတို့၏ ထုတ်လုပ်မှုလိုင်းများကို ပြောင်းလဲ၍ အဆိုပါပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည် (The Business Research Company, 2021)။

ဇယား (၂ - ၁)။ ထုတ်လုပ်မှုလိုင်းများကို ပြောင်းလဲခဲ့သည့် နမူနာကုမ္ပဏီများ

ကုမ္ပဏီ	ယခင်ထုတ်လုပ်မှုလိုင်း	ယခုထုတ်လုပ်မှုလိုင်း
AirCo	Liquor	Hand Sanitizer
INKSmith (Canada)	Design and Tech Tools accessible for Kids	Face Shield
Massachusetts-based Markforged and Formlabs	3D-printing	PPE၊ Face Shield နှင့် Nasal Swab
Brooklyn-based Voodoo	Brooklyn-based Voodoo	PPE

အရင်းအမြစ် - The Business Research Company, 2021။

အခွင့်အလမ်းများ


၂၂၇။ ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများဈေးကွက်တွင် လာမည့်နှစ်များအတွင်း ရောဂါစမ်းသပ်ရာဖွေသည့် ကိရိယာများရောင်းချမှုသည် ထိပ်တန်းသို့ ရောက်ရှိနိုင်ပြီး ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့နှစ်စဉ်ရောင်းရငွေ အမေရိကန်ဒေါ်လာ ၃၃.၆ ဘီလီယံအထိ ရရှိနိုင်ကြောင်းနှင့် ဆေးရုံဆေးခန်းသုံးပစ္စည်းများရောင်းချမှုသည် ၂၀၂၅ ခုနှစ်တွင် ၁၈၁.၉ ဘီလီယံအထိ ရရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။ အဆိုပါနှစ်အထိ ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများဈေးကွက်သည် အမေရိကန်နိုင်ငံတွင် ၅၅.၇ ဘီလီယံအထိ ရောက်ရှိနိုင်ပါသည်။ ကိုဗစ် - ၁၉ ကပ်ရောဂါကာလအတွင်းနှင့် ကိုဗစ်အလွန်ကာလတွင် ဆေးဘက်နှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်သည့်ကုမ္ပဏီများသည် ဆေးဘက်ဆိုင်ရာသုံးပစ္စည်းများဖြစ်သည့် တစ်ခါသုံးပစ္စည်းများ၊ လူအချင်းချင်းထိတွေ့မှုမရှိနိုင်သော ရောဂါစမ်းသပ်ရာဖွေစောင့်ကြည့်နိုင်မည့် ပစ္စည်းများ၊ ဝတ်ဆင်၍ ရသောပစ္စည်းများ၊ အလွယ်တကူသယ်ယူသွားနိုင်သည့်ပစ္စည်းများ၊ ကိုယ်တိုင်စမ်းသပ်ရာဖွေနိုင်မည့်ပစ္စည်းများ၊ အခြေခံဆေးဘက်ဆိုင်ရာပစ္စည်းများကို အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများအချင်းချင်း အကျိုးတူပူးပေါင်း၍သော်လည်းကောင်း ထုတ်လုပ်နိုင်မည့်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။ (The Business Research Company, 2021)

အာဆီယံဒေသတွင်း ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍအလားအလာကို လေ့လာသုံးသပ်ခြင်း

၂၂၈။ အာဆီယံဒေသတွင်း သက်ကြီးရွယ်အိုလူဦးရေသည် ဒေသတွင်းဆေးဝါးဈေးကွက်ကို ပြောင်းလဲစေပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် အသုံးစရိတ်တိုးတက်လာခြင်းသည် ဆေးဝါးကဏ္ဍအတွက် အခွင့်အလမ်းဖြစ်ပါသည်။ အရှေ့တောင်အာရှဆေးဝါးဈေးကွက်တွင် နှစ်စဉ်ဝင်ငွေတိုးတက်မှုမှာ လွန်ခဲ့သော ၅ နှစ်ခန့်ကထက် ၁၁ ရာခိုင်နှုန်း တိုးတက်လာပါသည်။ အဆိုပါတိုးတက်မှုနှုန်းသည် ကမ္ဘာပေါ်၌ ဆေးဝါးဈေးကွက်တိုးတက်မှု အမြန်ဆုံးဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် အာဆီယံနိုင်ငံများ၏ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ကုန်သွယ်မှုအခြေအနေကို ပုံပြဂရပ် (၂ - ၃)၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အာဆီယံဒေသတွင်းနှင့် အာဆီယံပြင်ပဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများကုန်သွယ်မှု အခြေအနေကို ပုံပြဂရပ် (၂ - ၄) နှင့် ၂၀၁၉ ခုနှစ်အတွင်း ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ အာဆီယံဒေသနှင့် အများဆုံးကုန်သွယ်ခဲ့သည့် ကုန်သွယ်ဖက်နိုင်ငံများကို ပုံပြဂရပ် (၂ - ၅) တို့ဖြင့် ဖော်ပြအပ်ပါသည်[၈၂]။


[၈၂] https://data.aseanstats.org/dashboard/imts.hs2

ပုံပြဂရပ် (၂ - ၃)။ ၂၀၁၉ ခုနှစ် အာဆီယံနိုင်ငံများ၏ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ကုန်သွယ်မှုအခြေအနေ




အရင်းအမြစ် - https://data.aseanstats.org/dashboard/imts.hs2။

ပုံပြဂရပ် (၂ - ၄)။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အာဆီယံဒေသတွင်းနှင့် အာဆီယံပြင်ပ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများကုန်သွယ်မှုအခြေအနေ



အရင်းအမြစ် - https://data.aseanstats.org/dashboard/imts.hs2။

ပုံပြဂရပ် (၂ - ၅)။ ၂၀၁၉ ခုနှစ်အတွင်း ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ အာဆီယံဒေသနှင့် အများဆုံး ကုန်သွယ်ခဲ့သည့် ကုန်သွယ်ဖက်နိုင်ငံများ



အရင်းအမြစ် - https://data.aseanstats.org/dashboard/imts.hs2။

၂၂၉။ အာဆီယံစာရင်းအင်းစာစောင် (၂၀၂၀) အရ ဥရောပနိုင်ငံ ၂၈ နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အာဆီယံသို့ တင်သွင်းသည့် အများဆုံးကုန်ပစ္စည်း ၁၀ မျိုးအနက် ဆေးဝါးပစ္စည်းပါဝင်မှုရာခိုင်နှုန်း[၉၃] ကို အောက်ပါအတိုင်းဖြစ်ပါသည်-

ဇယား (၂ - ၂)။ တင်သွင်းမှုအများဆုံးကုန်ပစ္စည်း ၁၀ မျိုးအနက် ဆေးဝါးပစ္စည်းပါဝင်မှု

ခုနှစ်	ဥရောပနိုင်ငံ ၂၈ နိုင်ငံ			အိန္ဒိယနိုင်ငံ		
	အမေရိကန်ဒေါ်လာ သန်းပေါင်း	ရာခိုင်နှုန်း	အဆင့် နံပါတ်	အမေရိကန်ဒေါ်လာ သန်းပေါင်း	ရာခိုင်နှုန်း	အဆင့် နံပါတ်
၂၀၁၈ ခုနှစ်	၆၄၂၅.၇	၅	၄	၁၀၅၂.၃	၃.၅	၈
၂၀၁၉ ခုနှစ်	၇၂၈၇.၅	၅.၈	၄	၁၀၅၂.၃	၃.၇	၉

အရင်းအမြစ် - https://www.aseanstats.org/wp-content/uploads/2020/12/ASYB_2020.pdf။

၂၃၀။ BMI ၏ သုတေသနအရ အာဆီယံ၏ ဆေးဘက်ဆိုင်ရာပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းသည် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဘီလီယံ ကျော်ထုတ်လုပ်မည်ဟု ခန့်မှန်းခဲ့ပါသည်။ ဒေသတွင်းနိုင်ငံများက ပြဋ္ဌာန်းထားသောလုပ်ထုံးလုပ်နည်းများကို လိုက်နာ

[၉၃] https://www.aseanstats.org/wp-content/uploads/2020/12/ASYB_2020.pdf.

ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံအုပ်စုသည် ASEAN Medical Device Directive (AMDD) ကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါညွှန်ကြားချက်တွင် ဆေးဘက်ဆိုင်ရာ ပစ္စည်းထုတ်လုပ်သူများသည် ပစ္စည်းထုတ်လုပ်သည့်မည်သည့်နိုင်ငံတွင်မဆို အဆိုပါပစ္စည်းကို မှတ်ပုံတင်ရန်ဖြစ်ပါသည်။ ယခုအချိန်တွင် အဆိုပါညွှန်ကြားချက်များကို စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သာ လိုက်နာလျက်ရှိပါသည်။[၉၄] ဆေးဝါးစစ်ဆေးမှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Pharmaceutical Inspection Co-operation Scheme) တွင် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှာ အဖွဲ့ဝင်များဖြစ်ကြပြီး ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှာ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် စိတ်ဝင်စားလျက်ရှိပါသည်။ အဆိုပါအစီအစဉ်မှာ ဆေးဝါးစစ်ဆေးမှုတွင် အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် ဟန်ချက်ညီသည့်လုပ်ငန်းစဉ်များဖြစ်စေရန်၊ စစ်ဆေးသူများအတွက် သင်တန်းများပေးရန်၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုအဆင်ပြေစေရန် ရည်ရွယ်ပါသည်။

၂၃၁။ လက်ရှိတွင် အာဆီယံသည် ဆေးဘက်ဆိုင်ရာနည်းပညာ၊ ဇီဝဆေးဝါးနှင့် ဓာတုပစ္စည်းများထုတ်လုပ်သည့်တန်ဖိုးမြှင့်ကဏ္ဍများတွင် အတန်ငယ်နည်းပါးသည့် အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ သို့ရာတွင် ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်အပြောင်းအလဲများသည် အာဆီယံနိုင်ငံများက ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများထုတ်လုပ်သူများကို ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းဈေးကွက် ချဲ့ထွင်လာစေရန် အခွင့်အလမ်းများဖန်တီးပေးနေသည်။ အာဆီယံဒေသတွင်းရှိ ဆေးဘက်ဆိုင်ရာနည်းပညာနှင့် ဇီဝဆေးဝါးထုတ်ကုန်ဈေးကွက်သည် နှစ်စဉ် ၈ ရာခိုင်နှုန်းခန့် တိုးတက်လာပြီး ၂၀၂၄ ခုနှစ်တွင် စုစုပေါင်းဒေါ်လာ ၅၃ ဘီလီယံအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားပါသည်။ ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားသည့်ကာလအတွင်း တစ်ကိုယ်ရည်အကာအကွယ်သုံးပစ္စည်းများနှင့် ဆေးဝါးများပြတ်လပ်ခြင်းနှင့် ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်ခြင်းတို့ကို ရှောင်ရှားရန်အလို့ငှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသတွင်းကြံ့ခိုင်သည့်ထောက်ပံ့ရေးကွင်းဆက်ဖန်တီးနိုင်ရန် လိုအပ်မည်ဖြစ်သည်။[၉၅]

၂၃၂။ အရှေ့တောင်အာရှတွင် စီးပွားရေးတိုးတက်လာမှုနှင့်အတူ နိုင်ငံတစ်နိုင်ငံချင်းစီ၏ ကျန်းမာရေးအသုံးစရိတ်နှင့် တစ်ဦးကျအသုံးစရိတ်များ တိုးတက်လာပြီး ဆေးဝါးမှ ရရှိသော

---

[၉၄] https://www.aseanbriefing.com/news/investing-in-aseans-healthcare-sector-new-opportunities-after covid-19/

[၉၅] https://www.bcg.com/publications/2021/asean-manufacturing

ဝင်ငွေမှာလည်း တိုးတက်လာပါသည်။ အာဆီယံ၏ ဆေးဝါးထုတ်လုပ်ခြင်းကဏ္ဍသည် ကမ္ဘာလုံးဆိုင်ရာစျေးကွက်၏ ၂.၂ ရာခိုင်နှုန်းရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံ တန်ဖိုးရှိပါသည်။ Generic Drug များသည် ဒေသတွင်းဆေးဝါးထုတ်လုပ်ခြင်းကဏ္ဍ၏ ရာခိုင်နှုန်းအများစုဖြစ်နေပါသည်။ သို့သော် ဒေသတွင်း၌ Active Pharmaceutical Ingredients (APIs) ကို ထုတ်လုပ်နိုင်သည့် ကုမ္ပဏီအနည်းငယ်သာရှိသည့်အတွက် ကုန်ကြမ်းအများစုကို တရုတ် နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ တင်သွင်းလျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဆေးဝါးထုတ်လုပ်ရန် ပါဝင်ပစ္စည်း ၉၀ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းပြီး အဆိုပါရာခိုင်နှုန်း၏ ထက်ဝက်မှာ တရုတ်နိုင်ငံမှ တင်သွင်းခြင်းဖြစ်ပါသည်။ ထိုင်းနိုင်ငံ FDA ၏ အချက်အလက်များအရ GMP နှင့် ပြည်တွင်းဆေးဝါးထုတ်လုပ်သူ ၁၄၂ ဦးတွင် ၅ ရာခိုင်နှုန်းသာ APIs ကို ထုတ်လုပ်နိုင်ပါသည်။ ထို့ကြောင့် ဒေသတွင်း ဆေးဝါးစျေးကွက်ကို ချဲ့ထွင်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံအသီးသီး၏ အစိုးရအဖွဲ့အစည်းများနှင့် ကုမ္ပဏီများအနေဖြင့် Multinational Life Science ကုမ္ပဏီကြီးများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်သင့်ပါသည်။

ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံပါဝင်မှု

၂၃၃။ မြန်မာနိုင်ငံသည် ပြည်တွင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် အမျိုးသားထုတ်လုပ်မှုစွမ်းဆောင်ရည်နှင့် ဥပဒေမူဘောင်များဖွံ့ဖြိုးတိုးတက်လာစေရေး၊ မြန်မာနိုင်ငံတွင် ဆေးဝါးထုတ်လုပ်မှုကို အထောက်အပံ့ဖြစ်စေမည့် GMP စံချိန်စံညွှန်းနှင့်ပတ်သက်၍ အသိပညာတိုးပွားစေရေး၊ ဒေသတွင်း ဆေးဝါးထုတ်လုပ်မှုနှင့် နည်းပညာပိုင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် လိုက်လျောညီထွေဖြစ်စေရေး၊ ကုန်သွယ်မှုဆိုင်ရာအဟန့်အတားများကို ဖယ်ရှားကာ ဒေသတွင်းဆေးဝါးပစ္စည်းစျေးကွက်၏ လုံခြုံမှု၊ ထိရောက်မှုနှင့် အရည်အသွေးကောင်းမွန်မှုတို့အတွက် ဒေသတွင်းအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းအဖွဲ့ (Pharmaceutical Product Working Group-PPWG)

၂၃၄။ အာဆီယံသည် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ (ASEAN Free Trade Area - AFTA) ကို အထောက်အပံ့ပြုနိုင်ရန်၊ အာဆီယံဒေသတွင်း ကုန်သွယ်မှုများ အဆင်ပြေချောမွေ့စေရန်အတွက် ကုန်သွယ်မှုဆိုင်ရာနည်းပညာအဟန့်အတားများကို လျှော့ချနိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့် စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာအာဆီယံလုပ်ငန်းညှိနှိုင်းမှုကော်မတီ (ASEAN Consultative Committee on Standards and Quality - ACCSQ) ကို ဖွဲ့စည်း၍ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းအဖွဲ့ အပါအဝင် ၎င်းကော်မတီ၏ အောက်တွင်

လုပ်ငန်းအုပ်စုအဖွဲ့ ၁၁ ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည် (Abhishek Ton gia, 2018)။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းအဖွဲ့၏ အာဆီယံဒေသတွင်း ဆေးဝါးထုတ်လုပ်မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို လိုက်လျောညီထွေဖြစ်စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာနည်းပညာအဟန့်အတားများကို ဖယ်ရှားကာ အာဆီယံဆေးဝါးပစ္စည်းဈေးကွက်၏ လုံခြုံမှု၊ ထိရောက်မှု၊ အရည်အသွေးကောင်းမွန်မှုကို သေချာစေရန် အောက်ပါလုပ်ငန်းများကို အာဆီယံဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်-

(က) လက်ရှိ အသုံးပြုနေသည့် နည်းပညာပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လိုအပ်ချက်များကို ဆွေးနွေးခြင်း။

(ခ) နိုင်ငံတကာနည်းပညာပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြားဒေသများကို လေ့လာခြင်း။

(ဂ) အာဆီယံဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများနှင့်သက်ဆိုင်သော နည်းပညာပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်ခြင်း။

(ဃ) အာဆီယံနိုင်ငံများအကြား အပြန်အလှန်အသိအမှတ်ပြုမှုဆိုင်ရာ သဘောတူညီချက်ရရှိ၍ နည်းပညာပိုင်းဆိုင်ရာစာရွက်စာတမ်းများလိုအပ်ချက်များ တပြေးညီ ဖြစ်စေရေးပူးပေါင်းဆောင်ရွက်ခြင်း။

မဟာမဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုစီမံကိန်း

၂၃၅။ မြန်မာနိုင်ငံသည် GMS အဖွဲ့ဝင်ဖြစ်သည်နှင့်အညီ ၂၀၁၆ ခုနှစ်တွင် Asia Development Bank (ADB) အကူအညီဖြင့် စတင်ခဲ့သည့် GMS ကျန်းမာရေးလုံခြုံမှု စီမံကိန်းတွင် အောက်ပါရလဒ်များကိုရရှိရန် GMS အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်-

(က) နယ်စပ်ဒေသ ကူးစက်ရောဂါထိန်းချုပ်မှုများ တိုးတက်စေရန်။

(ခ) အမျိုးသားအဆင့် ရောဂါဖြစ်ပွားမှုကို တုန့်ပြန်သည့်စနစ်များ အားကောင်းလာစေရန်။

(ဂ) ဓာတ်ခွဲခန်းဗန်ဆောင်မှုများနှင့် ဆေးရုံများတွင် ကူးစက်ရောဂါများကာကွယ်ရေးနှင့် ထိန်းချုပ်နိုင်မှု တိုးတက်လာစေရန်။

၂၃၆။ မဲခေါင်မြစ်ဝှမ်းဒေသကျန်းမာရေးလုံခြုံမှုစီမံကိန်းသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ် အထိ နှစ်နှစ်ကျော်ကြာမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အဆိုပါစီမံကိန်းမှ ကုသမှု မြှင့်တင်ရေး၊ စွန့်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေး၊ လိုအပ်သောပစ္စည်းများ ဝယ်ယူရေး၊ ရောဂါကူးစက်မှုကာကွယ်နိုင်ရေးလုပ်ငန်းကို ဖြည့်ဆည်းရေး၊ ဆက်စပ်ရောဂါကူးစက်မှု ထိန်းချုပ်မှုကို အဆင့်မြှင့်တင်ရေး၊ ကြပ်မတ်ကုသဆောင်များကို အဆင့်မြှင့်တင်ရေး၊ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေး၊ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရေး၊ ဆေးရုံအဆောက်အအုံ ထိန်းသိမ်းပြုပြင်ရေးနှင့် သင်တန်းပို့ချရေးတို့တွင် GMS အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။[၉၆] ထို့ပြင် GMS ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့သည် GMS နိုင်ငံများ၏ ပကတိကျန်းမာရေးအခြေအနေများကို သိရှိနားလည်၍ အနာဂတ်အတွက် လိုအပ်သည့်အထောက်အပံ့များ သတ်မှတ်နိုင်ရန်အတွက် WHO ၏ အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသရုံးခွဲများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည် (GMS,2020)။

၂၃၇။ မြန်မာနိုင်ငံအနေဖြင့် အခြား GMS အဖွဲ့ဝင်နိုင်ငံများနှင့် ကိုဗစ် - ၁၉ ကပ်ရောဂါထိန်းချုပ်ကာကွယ်ရန်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး GMS ၏ ကျန်းမာရေးလုံခြုံမှုစီမံကိန်းမှတစ်ဆင့် ADB သည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများတွင် ပြည်သူ့ကျန်းမာရေးလုံခြုံမှုအာမခံချက်ရှိစေရန်နှင့် ကိုဗစ် - ၁၉ ကပ်ရောဂါခြိမ်းခြောက်မှုမှ ကာကွယ်နိုင်ရန်အတွက် အထောက်အပံ့များပေးလျက်ရှိသည်။ ADB သည် အသက်အန္တရာယ်မှ ကာကွယ်နိုင်ရန် မရှိမဖြစ်လိုအပ်သည့် ကျန်းမာရေးဆက်စပ်ကိရိယာများကို အလျင်အမြန် ပို့ဆောင်နိုင်ရန်အတွက် ကျန်းမာရေးလုံခြုံမှုစီမံကိန်းအောက်တွင် ဘင်္ဂလားဒေ့ရှ်များကို ခွဲဝေသတ်မှတ်ချထားပေးမှုအခြေအနေကို ဇယား (၂ - ၃) တွင် ဖော်ပြထားပါသည် (GMS,2020)။

[၉၆] https://news-eleven.com/article/176155

ဇယား (၂ - ၃)။ ကိုဗစ် - ၁၉ ကပ်ရောဂါကို တုံ့ပြန်ရန် မရှိမဖြစ်လိုအပ်သည့် ကျန်းမာရေး ဆက်စပ်ကိရိယာများ အလျင်အမြန်ဖြန့်ဝေပေးခြင်း ထောက်ပံ့ငွေခွဲဝေမှု

စဉ်	အကျိုးဝင်သည့်နိုင်ငံ	ရန်ပုံငွေ (US$)	အထောက်အပံ့များ
၁။	ကမ္ဘောဒီးယားနိုင်ငံ	၂၆၉,၀၀၀	နယ်စပ်ဒေသများတွင် အသုံးပြုရန် အပူချိန်တိုင်းကိရိယာများ။
၂။	လာအိုနိုင်ငံ	၆၀၀,၀၀၀	အပူချိန်တိုင်းကိရိယာများ၊ PPE ၊ အနီအောက်ရောင် ခြည်သုံး အပူချိန်တိုင်းကိရိယာ၊ ဘက်တီရီးယား၊ ဗိုင်းရပ်စ်နှင့် ပိုးမွှား သန့်စင်သည့်စက်များ၊ ဓါတ်စမ်းပစ္စည်းများ၊ Real-time Polymerase Chain Reaction (PCR) စက်များ။
၃။	မြန်မာနိုင်ငံ	၆,၆၀၀,၀၀၀	အပူချိန်တိုင်းကိရိယာများ၊ PPE၊ ဓါတ်ခွဲခန်းသုံးကိရိယာများ၊ အထူးကြပ်မတ်ကုသဆောင်သုံး အသက်ရှူကိရိယာများ။
၄။	ဗီယက်နမ်နိုင်ငံ	၅၀၀,၀၀၀	အရေးပေါ်တုံ့ပြန်ဆောင်ရွက်ချက်များ။

အရင်းအမြစ် - Greatermekong.org(GMS Supports Lower Mekong Countries in Rapid Delivery of Essential Medical Equipment)

၂၃၈။ GMS မဟာဗျူဟာမြောက်မှုဘောင်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ဒေသတွင်း ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံပါဝင်သည့် GMS အဖွဲ့ဝင်နိုင်ငံများအတွက် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည်။ ဒေသတွင်းကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုများကို မြင့်တင်ရန် ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (၂၀၁၉ - ၂၀၂၃) ကို အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးဌာနများက အတည်ပြုခဲ့သည်။ ထို့ပြင် သတ္တမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး (၂၀၂၁) တွင် မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် မဟာဗျူဟာမူဘောင် ၂၀၃၀ နှင့် GMS ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးစီမံချက် (၂၀၂၁-၂၀၂၃) ကို အတည်ပြုချမှတ်ခဲ့ပါသည်။[၉၇] အဆိုပါ အတည်ပြုချက်များမှတစ်ဆင့် အနာဂတ်တွင် မြန်မာအပါအဝင် မဟာမဲခေါင်ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများအကြား ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ဘင်းမ်စတက်တိုင်းရင်းဆေးဝါးပူးပေါင်းဆောင်ရွက်မှုကွန်ယက် (BIMSTEC Network of National Centres of Coordination in Traditional Medicine)

၂၃၉။ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သည့် ဘင်းမ်စတက်အဖွဲ့ကြီး၏ ၂၀၀၃ ခုနှစ်တွင် ကျင်းပသည့် ပထမအကြိမ်ထိပ်သီးအစည်းအဝေးပွဲတွင် ပြည်သူ့ကျန်းမာရေးကဏ္ဍ၊ အထူးသဖြင့် တိုင်းရင်းဆေးဝါးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရန်၊ အဖွဲ့ဝင်နိုင်ငံများအကြား တိုင်းရင်းဆေးဝါးပူးပေါင်းဆောင်ရွက်မှုကွန်ယက် တည်ထောင်ရန်

[၉၇] https://myanmar.gov.mm/web/guest/news-media/news/latest-news/-/asset_publisher/idasset354/content.

သဘောတူညီချက်နှင့်အညီ အဆိုပါကွန်ယက်ကို အဖွဲ့ဝင်နိုင်ငံများ၏ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ဌာနများဖြင့် ဖွဲ့စည်းခဲ့ကာ ပြည်သူ့ကျန်းမာရေးကဏ္ဍ၏ ဦးဆောင်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံက အတွင်းရေးမှူးချုပ်ရုံးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်(Faculty of Traditional Medicine, BIMSTEC)။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါကွန်ယက်တွင် တိုင်းရင်းဆေးဝါးကဏ္ဍ အသိပညာဗဟုတုတိုးပွားစေရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားကျန်းမာရေးစနစ်တွင် တိုင်းရင်းဆေးဝါးကဏ္ဍဝန်ဆောင်မှုများထောက်ပံ့နိုင်ရေး၊ ဆေးဖက်ဝင်အပင်များနှင့် ဖော်စပ်ထားသော ဆေးဝါးထုတ်ကုန်များဖွံ့ဖြိုးတိုးတက်လာစေရေး၊ တိုင်းရင်းဆေးဝါးနှင့်ပတ်သက်သည့်သင်တန်းများနှင့် သုတေသနလုပ်ငန်းများ တိုးပွားလာစေရေးတို့တွင် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အခန်း (၃)

မြန်မာနိုင်ငံ၏ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍကို လေ့လာခြင်း

အခန်း (၃)

မြန်မာနိုင်ငံ၏ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍကို လေ့လာခြင်း

ယေဘုယျဖော်ပြချက်

၂၄၀။ မြန်မာနိုင်ငံ၏ လူဦးရေသည် လက်ရှိ World Population Review ၏ Myanmar Population 2021 live အရ ၂၀၂၁ ခုနှစ်တွင် ၅၄.၈၃ သန်းဟု ခန့်မှန်းခဲ့ပြီး ၀.၆၇ ရာခိုင်နှုန်း တိုးတက်ခြင်းဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေသည် ၅၁.၉၉ သန်းရှိရာမှ တဖြည်းဖြည်းတိုးတက်လာခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပျမ်းမျှလူသက်တမ်းသည် ၂၀၁၈ ခုနှစ် တွင် ၆၆.၇၆ နှစ် ဖြစ်ပြီး ၂၀၁၇ ခုနှစ်ထက် ၀.၆၃ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်တွင် ၆၆.၉၆ နှစ် ဖြစ်ပြီး ၂၀၁၈ ခုနှစ်ထက် ၀.၃၁ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၆၇.၁၇ နှစ် ဖြစ်ပြီး ၂၀၁၉ ခုနှစ်ထက် ၀.၃ ရာခိုင်နှုန်း၊ ၂၀၂၁ ခုနှစ်တွင် ၆၇.၃၇ နှစ် ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်ထက် ၀.၃ ရာခိုင်နှုန်း အသီးသီးတိုးတက်လာခဲ့ပါသည်။[၉၁]

၂၄၁။ ၂၀၁၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ကမ္ဘာ့ကျန်းမာရေးအဆင့် သတ်မှတ် ချက်များအရ နိုင်ငံပေါင်း ၁၈၅ နိုင်ငံအနက်မှ မြန်မာနိုင်ငံ၏ ပျမ်းမျှလူသက်တမ်းအဆင့်သည် ၁၃၀ ဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံ၏ ပျမ်းမျှသက်တမ်းမှာ ၆၆.၈ နှစ် (အမျိုးသားအတွက် ပျမ်းမျှသက်တမ်းမှာ ၆၄.၅ နှစ်နှင့် အမျိုးသမီးများအတွက် ပျမ်းမျှသက်တမ်းမှာ ၆၈.၉ နှစ်) ဖြစ်ပါသည်။ သို့သော် ကုလသမဂ္ဂ၏ အချက်အလက်များအရ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကဲ့သို့သော အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နိုင်ငံ၏ ပျမ်းမျှလူသက်တမ်းသည် နိမ့်ကျလျက်ရှိပါသည်။[၉၂] ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းအရ အသက်ငါးနှစ်အောက်ကလေး သေဆုံးနှုန်းသည် အရှင်မွေးကလေး ၁၀၀၀ မွေးလျှင် ၇၂ ယောက်၊ တစ်နှစ်အောက် ကလေးသေဆုံးနှုန်းသည် အရှင်မွေးကလေး ၁၀၀၀ လျှင် ၆၂ ယောက်ရှိနေပါသည်။ မိခင်သေဆုံးမှုနှုန်းမှာ မိခင် ၁ သိန်းတွင် ၁၇၂ ဦး သေဆုံးလျက်ရှိရာ အာဆီယံနိုင်ငံများတွင် သေဆုံးမှုအမြင့်ဆုံးဖြစ်ပါသည်။

၂၄၂။ မြန်မာနိုင်ငံတွင် အဖြစ်များသော မကူးစက်နိုင်သောရောဂါများမှာ ဦးနှောက် သွေးကြောပြတ်ခြင်း၊ သွေးကြောပိတ်ခြင်း၊ နှလုံးရောဂါ၊ နှလုံးနှင့်သက်ဆိုင်သောရောဂါ၊ အသည်းရောဂါ၊ အဆုတ်ရောဂါ၊ တုပ်ကွေးရောဂါ၊ အဆုတ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊

---

[၉၁] https://www.macrotrends.net/countries/MMR/myanmar/life-expectancy.

[၉၂] https://www.worldlifeexpectancy.com/myanmar-life-expectancy.

ပန်းနာရင်ကျပ်ရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုး၊ ဌက်ဖျားရောဂါ၊ HIV/AIDS ရောဂါများဖြစ်ပြီး အဆိုပါရောဂါများအတွက် လိုအပ်သောဆေးဝါးအများစုမှာ ကမ္ဘာ့နိုင်ငံအသီးသီးမှ တင်သွင်းနေရသော ဆေးဝါးများပင်ဖြစ်ကြသည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း၏ အချက်အလက်များအရ မကူးစက်နိုင်သောရောဂါများဖြစ်သော နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောပေါက်ရောဂါ၊ ကင်ဆာရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါများကြောင့် သေဆုံးမှုသည် ၂၀၁၀ ပြည့်နှစ်မှစတင်၍ မြင့်တက်လာပြီး ၂၀၁၈ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

၂၄၃။ မကူးစက်နိုင်သောရောဂါများကြောင့် ဆေးရုံတက်ရောက်ကုသမှုများမှာ ၂၀၁၄ ခုနှစ်တွင် ၄၁ ရာခိုင်နှုန်းမှ ၂၀၁၇ ခုနှစ်တွင် ၃၈ ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ်တွင် ၃၉ ရာခိုင်နှုန်း ရှိပါသည်။ ကင်ဆာရောဂါကြောင့် ၂၀၁၇ ခုနှစ်တွင် အတွင်းလူနာ ၂.၆ ရာခိုင်နှုန်း ရှိပြီး ၂၀၁၉ ခုနှစ်တွင် ၃ ရာခိုင်နှုန်းကျော် ရှိလာပါသည်။ ကင်ဆာရောဂါတွင် အဆုတ်နှင့် လေပြွန်ကင်ဆာမှာ အများဆုံးဖြစ်ပွားပြီး၊ အသည်းနှင့် သည်းခြေအိတ်ကင်ဆာမှာ ဒုတိယနှင့် အစာအိမ်ကင်ဆာမှာ တတိယအများဆုံးဖြစ်ပြီး အမျိုးသားလူနာများတွင် ဖြစ်ပွားလျက်ရှိပါသည်။ ၂၀၁၉ ခုနှစ်တွင် ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာနှင့် အဆုတ်နှင့် လေပြွန်ကင်ဆာတို့မှာ အမျိုးသမီးများတွင် ဖြစ်ပွားမှုများပြားလျက်ရှိပါသည်။[၁၀၀] ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ်တွင် မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီး ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ရေးလုပ်ငန်းများကိုလည်း နိုင်ငံတကာစံညွှန်းများနှင့်အညီ စီမံချက်ရေးဆွဲ၍ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဖြစ်ပွားခဲ့သော Measles Outbreak ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သောရာသီတုပ်ကွေးရောဂါ H1N1 ဖြစ်ပွားမှုကိုလည်းကောင်း အချိန်တိုအတွင်း အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။[၁၀၁]

၂၄၄။ မြန်မာနိုင်ငံတွင် အဖြစ်များသော ကူးစက်နိုင်သောရောဂါများမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါ၊ သွေးလွန်တုတ်ကွေးရောဂါ၊ တီဗီရောဂါ၊ ဌက်ဖျားရောဂါ၊ HIV-AIDS နှင့် ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားမှုနှုန်းသည် အာဆီယံဒေသတွင်းနိုင်ငံများအကြားတွင် သေဆုံးမှုနှုန်းမှာ ဒုတိယအများဆုံးဖြစ်နေပါသည်။ ၂၀၁၉ ခုနှစ်၌ ကူးစက်နိုင်သောရောဂါများအနက် ဗိုင်းရပ်စ်ရောဂါပိုးမွှားကြောင့် ဖြစ်ပွားသောရောဂါများသည် အဖြစ်အများဆုံးရောဂါဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဒုတိယ၊

---

[၁၀၀] Four Year Achievement (May 2020).

[၁၀၁] Four Year Achievement (May 2020).

သွေးလွန်တုပ်ကွေးရောဂါသည် တတိယနှင့် အဆုတ်တီဘီရောဂါသည် စတုတ္ထအများဆုံး ဖြစ်ပွားခဲ့ပါသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများသည် ၂၀၁၉ ခုနှစ်တွင် ဆေးရုံတက်လူနာ ၇ ရာခိုင်နှုန်းရှိပြီး အဖြစ်များသောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများမှာ နမိုးနီးယား၊ ပန်းနာရင်ကြပ်၊ လေပြွန်ရောင်ရမ်းခြင်းနှင့် နာတာရှည်အသက်ရှူလမ်းကြောင်း ပိတ်ဆို့ခြင်းတို့ဖြစ်ပါသည်။ ကူးစက်နိုင်သောရောဂါများကြောင့် စုစုပေါင်းသေဆုံးမှုနှုန်းသည် ၂၀၁၂ ခုနှစ်တွင် ၂၂.၅ ရာခိုင်နှုန်းရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၁၄ ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ်တွင် ၁၃ ရာခိုင်နှုန်းခန့်သို့ ကျဆင်းလာပြီး ကျန်းမာရေးဝန်ဆောင်မှုကောင်းမွန်လာသည့် လက္ခဏာများပင် ဖြစ်ကြောင်း ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့အထိ လေးနှစ်တာကာလအတွက် ထုတ်ပြန်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန၏ အစီအရင်ခံစာအရ သိရှိရပါသည်။[၁၀၂]

မြန်မာနိုင်ငံတွင် လက်ရှိရင်ဆိုင်နေရသော ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားမှုအခြေအနေ

၂၄၅။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့သော ကိုဗစ် - ၁၉ ကပ်ရောဂါသည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံနှံ့ကူးစက်လျက်ရှိရာ ကိုဗစ် - ၁၉ ကပ်ရောဂါ၏ မျိုးရိုးဗီဇပြောင်းလဲကူးစက်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက အမြဲစောင့်ကြည့်လေ့လာသုံးသပ်လျက်ရှိပါသည်။ လက်ရှိအချိန်အထိ ကိုဗစ် - ၁၉ ကပ်ရောဂါ၏ မျိုးရိုးဗီဇ (Variant of Concern - VOC) ၅ မျိုးရှိသည်ကို တွေ့ရှိပြီး ယင်းမျိုးရိုးဗီဇ ၅ မျိုးမှာ Alpha၊ Beta၊ Gamma၊ Delta နှင့် Mu တို့ ဖြစ်ကြပါသည်။ ၎င်းတို့အနက် ဖြစ်ပွားနေသော ကိုဗစ် - ၁၉ ကပ်ရောဂါ မျိုးရိုးဗီဇပိုး ၃ မျိုးမှာ ဇြတိန်တွင် စတင်တွေ့ရှိခဲ့သည့် Alpha၊ တောင်အာဖရိကတွင် တွေ့ရှိခဲ့သည့် Beta နှင့် အိန္ဒိယတွင် စတင်ဖြစ်ပွားခဲ့သည့် Delta တို့သည် မြန်မာနိုင်ငံသို့ ကူးစက်ပျံနှံ့ခဲ့ပါသည်။ Alpha သည် နိုင်ငံပေါင်း ၁၉၃ နိုင်ငံ၊ Beta သည် ၁၄၁ နိုင်ငံ၊ Gamma သည် ၉၁ နိုင်ငံနှင့် လက်ရှိရင်ဆိုင်နေရသော Delta သည် ၁၇၀ နိုင်ငံထိ ကူးစက်ပျံနှံ့လျက်ရှိပါသည်။ သို့သော် မျိုးရိုးဗီဇအသစ်ဖြစ်သည့် Muသည် လက်ရှိ ၃၉ နိုင်ငံတွင် ကူးစက်ပျံနှံ့လျက်ရှိပြီး ကမ္ဘာနိုင်ငံအသီးသီး၌ ဖြစ်ပွားမှုနည်းပါးနေသော်လည်း ကိုလမ်ဘီယာနိုင်ငံတွင် ၃၉ ရာခိုင်နှုန်းနှင့် အီကွေဒေါနိုင်ငံတွင် ၁၃ ရာခိုင်နှုန်း ကူးစက်ပျံနှံ့လျက်ရှိနေပါသည်။[၁၀၃] ကူးစက်မှုအနည်းငယ်သာဖြစ်ပွားခဲ့သည့် ကိုဗစ် - ၁၉ ကပ်ရောဂါ မျိုးရိုးဗီဇကွဲအချို့မှာ ကမ္ဘာ့နိုင်ငံအများအပြားတွင် ဖြစ်ပွားခဲ့သည့် (Eta)၊ အမေရိကန်နိုင်ငံတွင် စတင်

---

[၁၀၂] Four Year Achievement (May 2020).

[၁၀၃] https://www.theguardian.com/world/2021/sep/01/who-monitoring-new-coronavirus-variant-named-mu.

တွေ့ရှိရသည့် Lota၊ ပီရူးနိုင်ငံတွင် တွေ့ရသည့်ရောဂါပိုးမှာ (Lumbda) နှင့် အိန္ဒိယနိုင်ငံတွင် စတင်တွေ့ရှိသည့် Kappa တို့ဖြစ်ပြီး မှာ Kappa ရောဂါပိုးသည် မြန်မာနိုင်ငံတွင် ကူးစက်မှု ပျံ့နှံ့ခဲ့သည်ကို တွေ့ရှိရပါသည်။

၂၄၆။ မြန်မာနိုင်ငံတွင် ကိုဗစ် - ၁၉ ကပ်ရောဂါ ပထမလှိုင်းကို ၂၀၂၀ ပြည့်နှစ် မတ်လ နောက်ဆုံးအပတ်တွင် လည်းကောင်း၊ ဒုတိယလှိုင်းကို ဩဂုတ်လ နောက်ဆုံးအပတ်တွင် လည်းကောင်း ခံစားခဲ့ရပြီး တတိယလှိုင်းရိုက်ခတ်ခြင်း ကို ၂၀၂၁ ခုနှစ် ဇွန်လ ပထမအပတ်မှ စတင်ပြီး မြန်မာပြည်သူပြည်သားများ သိသိသာသာ ခံစားရခဲ့ရပါသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့အထိ မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ကိုဗစ် - ၁၉ ကပ်ရောဂါ ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း ၃၆၅၃၅၆၂ ဦး၊ အတည်ပြုပိုးတွေ့လူနာစုစုပေါင်း ၄၀၂၆၄၀ ဦး၊ ပိုးတွေ့သေဆုံးလူနာ ၁၅၄၉၀ ဦး၊ ပိုးတွေ့ပြန်လည်သက်သာလာသော လူနာ ၃၅၃၈၁၁ ဦးနှင့် လက်ရှိစောင့်ကြည့်လူနာ စုစုပေါင်း ၁၅၅၈၁ ဦးအထိ ရှိသည်ကို ကျန်းမာရေးဝန်ကြီးဌာန ကြေညာချက်အရ သိရှိရပါသည်။[၁၀၄]

မူဝါဒနှင့် မျှော်မှန်းချက်

၂၄၇။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍသည် မြန်မာနိုင်ငံ၏ ဦးစားပေးကဏ္ဍတစ်ခု အဖြစ် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)[၁၀၅] အရ မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ် နောက်ဆုံးထား၍ လူတိုင်းလက်လှမ်းမှီအသုံးပြုနိုင်သောကျန်းမာရေးစနစ်ရရှိရန် ရည်မှန်းထားပြီး MSDP ၏ မဏ္ဍိုင် ၃ - ပြည်သူများနှင့် ကမ္ဘာမြေအောက်ရှိ ပန်းတိုင် ၄ - ၂၁ ရာစု လူ့အဖွဲ့အစည်းအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအရ ချမှတ်ထားသည့် မဟာဗျူဟာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **မဟာဗျူဟာ (၄-၂)**။ ဆင်းရဲနွမ်းပါးသူများကို အလေးထားသည့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် ကျန်းမာရေးဝန်ဆောင်မှုစနစ်များ ခိုင်မာအားကောင်းရေး။

---

[၁၀၄] www.mohs.gov.mm.

[၁၀၅] https://myanmareiti.org/sites/myanmareiti.org/files/publication_docs/myanmar_sustainable_development_plan_2018-2030_mm.pdf.

(ခ) **မဟာဗျူဟာ (၄-၃)**။ သဟဇာတဖြစ်ပြီး စနစ်များ၏ ခြုံငုံချိတ်ဆက်မှုကို အခြေခံသော ဘဝသက်တမ်းတစ်လျှောက်လုံး လူမှုဘဝ ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး။

(ဂ) **မဟာဗျူဟာ (၄-၄)**။ ဘေးကင်း၍ အာဟာရမျှတသည့် စားနပ်ရိက္ခာ ဖူလုံမှုရှိစေရန်အတွက် တိုးမြှင့်ဆောင်ရွက်ရေး။

၂၄၈။ မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသများတွင် ဆေးရုံ၊ ဆေးပေးခန်းများ လုံလောက်စေရေး၊ အခြေခံဆေးဝါးများ၊ ဆေးပစ္စည်းများ ထောက်ပံ့နိုင်စေရေးစသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးမူဝါဒကို (၁၉၉၃) ခုနှစ်တွင်လည်းကောင်း၊ အမျိုးသားဆေးဝါးမူဝါဒကို (၂၀၁၅) တွင်လည်းကောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်းကို (၂၀၁၇-၂၀၂၁) ကို (၂၀၁၆) ခုနှစ်တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးဝါးဝယ်ယူမှုနှင့် ထောက်ပံ့ရေးကွင်းဆက်စီမံခန့်ခွဲမှု အားကောင်းစေခြင်း အပါအဝင် ဆေးဝါးများလက်လှမ်းမှီမှုတိုးတက်စေရန်အတွက် အမျိုးသားဆေးဝါးမူဝါဒ (၂၀၁၅) ကို ချမှတ်အကောင်အထည်ဖော်သော်လည်း မရှိမဖြစ်လိုအပ်သောဆေးဝါးများ ဝယ်ယူနိုင်မှု၊ လုံခြုံမှု၊ ထိရောက်မှုနှင့် အရည်အသွေးနိမ့်ပါးသော ဆေးဝါးများတို့ကို တိုက်ဖျက်ရန် စသည့် အရေးကြီးသောစိန်ခေါ်မှုများ ရှိနေခြင်းကြောင့်လည်းကောင်း၊ အမျိုးသားဆေးဝါးမူဝါဒ (၂၀၁၅) ကို အကောင်အထည်ဖော်မည့် အစီအစဉ်မပါရှိခြင်းကြောင့်လည်းကောင်း အမျိုးသားဆေးဝါးမူဝါဒကို ပြန်လည်ဆန်းစစ်ကာ အမျိုးသားဆေးဝါးမူဝါဒ (၂၀၁၈ - ၂၀၂၁) နှင့် ယင်းမူဝါဒ၏ မဟာဗျူဟာနှင့် အကောင်အထည်ဖော်ခြင်းအစီအစဉ်ကို ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။[၁၀၆]

၂၄၉။ အမျိုးသားဆေးဝါးမူဝါဒနှင့် ၎င်း၏ အကောင်အထည်ဖော်ရေးအစီအစဉ်သည် လူတိုင်းလက်လှမ်းမှီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှုမူဝါဒ (Universal Health Coverage - UHC) ၏ ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီစေရေး ပံ့ပိုးပေးလျက်ရှိသည့် အမျိုးသားကျန်းမာရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖွံ့ဖြိုးလာခြင်းဖြစ်သည်။ အမျိုးသားဆေးဝါးမူဝါဒ၏ **ရည်မှန်းချက်ပန်းတိုင်မှာ** မြန်မာပြည်သူများအားလုံး ကျန်းမာစေရေးဖြစ်ပြီး **မျှော်မှန်းချက်**မှာ မြန်မာပြည်သူများအတွက် အရည်အသွေးကောင်းမွန်ပြီး မရှိမဖြစ် လိုအပ်သောဆေးဝါးများ၊ ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုများနှင့် တိုးတက်သော

[၁၀၆] National Medicines Policy.

ကျန်းမာရေးရလဒ်များ ရရှိစေရေးဖြစ်သည်။ အမျိုးသားဆေးဝါးမူဝါဒ၏ **ရည်ရွယ်ချက်** ၃ ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မရှိမဖြစ် လိုအပ်သောဆေးဝါးများ လက်လှမ်းမှီမှု၊ ရရှိနိုင်မှုနှင့် တတ်နိုင်မှုများ သေချာစေရန်။

(ခ) ဆေးဝါးအားလုံး ဘေးကင်းလုံခြုံမှု၊ ထိရောက်မှုနှင့် အရည်အသွေး သေချာစေရန်နှင့် အရည်သွေးမပြည့်မီသောဆေးဝါးအတုများအား တိုက်ဖျက်ရန်။

(ဂ) ဆေးဝါးများကို ဆင်ခြင်တုံတရားဖြင့် အသုံးပြုမှုကို မြှင့်တင်ရန်။

၂၅၀။ အမျိုးသားဆေးဝါးမူဝါဒကို အောက်ပါမဟာဗျူဟာ ၅ ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆိုပါမဟာဗျူဟာ (၅) ရပ်ကို ထိရောက်စွာ အကောင်အထည်နိုင်ရန်အတွက် ဆေးဝါးရရှိရေးနှင့် ဖြန့်ဖြူးရေးစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ အရည်အသွေး၊ လုံခြုံစိတ်ချရမှုနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် ဆေးဝါးရွေးချယ်ခြင်းနှင့် ဆင်ခြင်တုံတရားဖြင့် အသုံးပြုခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့ စသည့် လုပ်ငန်းအဖွဲ့ (၃) ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်-

(က) **မဟာဗျူဟာ (၁)**။ မရှိမဖြစ် လိုအပ်သောဆေးဝါးများ လက်လှမ်းမှီမှု၊ ရရှိနိုင်မှု၊ ဈေးနှုန်းသက်သာမှုနှင့် ဝယ်ယူနိုင်မှုတို့ကို တိုးတက်စေခြင်း။

(ခ) **မဟာဗျူဟာ (၂)**။ ဆေးဝါးများ၏ အရည်အသွေး၊ လုံခြုံမှုနှင့် ထိရောက်မှုကို မြှင့်တင်ခြင်းနှင့် အရည်အသွေးမမီသော ဆေးဝါးအတုများကို တိုက်ဖျက်ခြင်း။

(ဂ) **မဟာဗျူဟာ (၃)**။ ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများနှင့် သာမန်ပြည်သူများ အကြား ဆေးဝါးများကို ကျိုးကြောင်းဆီလျော်စွာ အသုံးပြုခြင်းကို တိုးတက်စေခြင်း။

(ဃ) **မဟာဗျူဟာ (၄)**။ ကျန်းမာရေးကဏ္ဍ၏ ဌာနများအားလုံး၌ ဆေးဝါးစီမံခန့်ခွဲမှုတွင် လူ့စွမ်းအားအရင်းအမြစ် အားကောင်းစေခြင်း။

(င) **မဟာဗျူဟာ (၅)**။ အမျိုးသားဆေးဝါးမူဝါဒ အကောင်အထည်ဖော်မှုနှင့် တိုးတက်စေရန်အတွက် သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းခြင်းနှင့် အကဲဖြတ်ခြင်း။

၂၅၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများအားလုံး လက်လှမ်းမှီ အသုံးပြုနိုင်သော ကျန်းမာရေးစနစ်ရရှိစေရန်အတွက် ပြဋ္ဌာန်းထားသည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးဆိုင်ရာဥပဒေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်[၁၀၇]-

(က) Myanmar Medical Degree Act (India Act VII) (၁၉၁၆)၊

(ခ) ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၂)၊

(ဂ) အမျိုးသားဆေးဝါးဥပဒေ (၁၉၉၂)၊

(ဃ) ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ (၁၉၉၅)၊

(င) တိုင်းရင်းဆေးဝါးဥပဒေ (၁၉၉၆)၊

(စ) သွေးနှင့်သွေးလှူဒါန်းမှုဥပဒေ (၂၀၀၃)၊

(ဆ) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ (၂၀၀၇)၊

(ဇ) ဓာတုနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်တားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃)၊

(ဈ) အမျိုးသားဆေးဝါးဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၄)၊

(ည) တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄)၊

(ဋ) ကိုယ်အင်္ဂါလှူဒါန်းခြင်းဆိုင်ရာဥပဒေ (၂၀၁၅)၊

(ဌ) မြန်မာကြက်ခြေနီအသင်းဥပဒေ (၂၀၁၅)၊

(ဍ) မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (၂၀၁၅)၊

(ဎ) မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ (၂၀၁၉)၊

(ဏ) မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၀)။

မြန်မာနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်


၂၅၂။ နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံပြည်သူများ ကျန်းမာရေးဗဟုသုတတိုးပွားလာပြီး ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုလက်လှမ်းမှီသုံးစွဲနိုင်ရေးအတွက် အခြားနိုင်ငံများကဲ့သို့ နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအသုံးစရိတ်ကို တိုးမြှင့်သုံးစွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်ကို အစိုးရအသုံးစရိတ်နှင့် ပုဂ္ဂလိကအသုံးစရိတ် ဟူ၍ နှစ်ပိုင်းခွဲခြားထားပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အစိုးရကျန်းမာရေးအသုံးစရိတ်၏ နှစ်စဉ်တိုးတက်မှုနှုန်းမှာ ၈.၅ ရာခိုင်နှုန်းရှိပါသည်။ သို့သော် ၂၀၁၆ ခုနှစ်တွင်

[၁၀၇] ကျန်းမာရေးဝန်ကြီးဌာန

အစိုးရကျန်းမာရေးစောင့်ရှောက်မှုအသုံးစရိတ်မှာ စုစုပေါင်းဘတ်ဂျက်၏ ၆ ရာခိုင်နှုန်း၊ ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၇၄၁ သန်းခန့်ဖြစ်ပြီး လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀ သာ သုံးစွဲသဖြင့် အာဆီယံနိုင်ငံများတွင် အနည်းဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပါသည်။ နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအသုံးစရိတ် ခွဲဝေချထားမှုကို ၂၀၁၇ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲသွားရန် ရည်မှန်းထားပါသည်[၁၀၈]။

၂၅၃။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာသည့်လူဦးရေနှင့်အတူ ရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်း မြင့်တက်လာသည်အတွက် ကျန်းမာရေးအသုံးစရိတ်များကို ထိရောက်စွာ အသုံးပြုရန် လိုအပ်လာပါသည်။ ကမ္ဘာ့ဘဏ်မှ ၂၀၂၁ ခုနှစ်တွင် ထုတ်ပြန်ထားသော မြန်မာနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်ဆိုင်ရာအချက်အလက်များအရ မြန်မာနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်သည် ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၂၅၅.၄ သန်းမှ အမေရိကန်ဒေါ်လာ ၃၂၁.၆ သန်းအထိ တိုးမြှင့်ခဲ့ပြီး ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးအသုံးစရိတ်ကိုလည်း အမေရိကန်ဒေါ်လာ ၅၂.၆၂ မှ ၅၉.၂ အထိ တိုးမြှင့်သုံးစွဲလာကြပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ GDP တွင် ပါဝင်သည့် ကျန်းမာရေးအသုံးစရိတ်ကို ၄.၄ % မှ ၄.၈ % အထိ တိုးမြှင့်သုံးစွဲလာခဲ့သည်ကို ပုံပြဂရပ် (၃ - ၁) ဖြင့် ဖော်ပြအပ်ပါသည်။

ပုံပြဂရပ် (၃ - ၁)။ တစ်ဦးကျဝင်ငွေအပေါ် ကျန်းမာရေးအသုံးစရိတ်
(၂၀၀၀ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း)



အရင်းအမြစ် - World Bank Database.

[၁၀၈] Regulatory and Market Profile of Myanmar, Pharmaceutical Export Promotion Council of India, Augus, 2018.

ဆေးဝါးအသုံးစရိတ်

၂၅၄။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံ၏ ဆေးဝါးသုံးစွဲမှုသည် သိသိသာသာမြှင့်တက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ဆေးဝါးအသုံးစရိတ်သည် အစိုးရနှင့် ပုဂ္ဂလိကတို့၏ အသုံးစရိတ် (၂) မျိုးစလုံးမှ ကုန်ကျသည့်စရိတ်များဖြစ်ပြီး ပုဂ္ဂလိကမှ ကုန်ကျသည့်စရိတ်သည် ပိုမိုများပြားနေသည်ကို တွေ့ရှိရပါသည်။ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ဆေးဝါးအသုံးစရိတ်ကို စုစုပေါင်းကျန်းမာရေးအသုံးစရိတ်၏ ၄၅ ရာခိုင်နှုန်းမှ ၄၉ ရာခိုင်နှုန်းအတွင်း သုံးစွဲမှုရှိသော်လည်း ၂၀၁၆ ခုနှစ်မှစ၍ စုစုပေါင်း ကျန်းမာရေးအသုံးစရိတ်၏ ၄၀ ရာခိုင်နှုန်းခန့်ကို သုံးစွဲထားပါသည်[၁၀၉]။ ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်အလိုက် ကျန်းမာရေးအသုံးစရိတ်၏ ဆေးဝါးအသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်းကို အောက်ဖော်ပြပါဇယားဖြင့် ဖော်ပြအပ်ပါသည်။


ဇယား (၃ - ၁)။ ကျန်းမာရေးအသုံးစရိတ်အပေါ် ဆေးဝါးအသုံးစရိတ် ပါဝင်မှုရာခိုင်နှုန်း

စဉ်	ခုနှစ်	ကျန်းမာရေးအသုံးစရိတ်အပေါ် ဆေးဝါးအသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်း	စဉ်	ခုနှစ်	ကျန်းမာရေးအသုံးစရိတ်အပေါ် ဆေးဝါးအသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်း
၁။	၂၀၀၀	၄၅.၂၀	၁၁။	၂၀၁၀	၄၁.၇၀
၂။	၂၀၀၁	၄၆.၁၀	၁၂။	၂၀၁၁	၄၃.၃၀
၃။	၂၀၀၂	၄၅.၈၀	၁၃။	၂၀၁၂	၃၇.၂၀
၄။	၂၀၀၃	၄၇.၂၀	၁၄။	၂၀၁၃	၃၉.၆၀
၅။	၂၀၀၄	၄၆.၆၀	၁၅။	၂၀၁၄	၄၃.၇၀
၆။	၂၀၀၅	၄၉.၅၀	၁၆။	၂၀၁၅	၄၂.၅၀
၇။	၂၀၀၆	၄၄.၆၀	၁၇။	၂၀၁၆	၄၀.၁၀
၈။	၂၀၀၇	၄၆.၀၀	၁၈။	၂၀၁၇	၃၉.၅၀
၉။	၂၀၀၈	၄၆.၄၀	၁၉။	၂၀၁၈	၃၉.၄၀
၁၀။	၂၀၀၉	၄၄.၅၀			

အရင်းအမြစ် - Myanmar National Health Account (2012-2013) and Myanmar National Health Accounts, Health Expenditure Report (2016-2018)။

[၁၀၉] Myanmar National Health Account (2012-2013), Myanmar National Health Account (2014-2015) and Myanmar National Health Accounts, Health Expenditure Report (2016-2018).

ပုံပြဂရပ် (၃ - ၂)။ ကျန်းမာရေးအသုံးစရိတ်အပေါ် ဆေးဝါးအသုံးစရိတ် ပါဝင်မှုအချိုးပြပုံ



အရင်းအမြစ် - Myanmar National Health Account (2012-2013) and Myanmar National Health Accounts, Health Expenditure Report (2016-2018)။

ရောဂါနှင့် ကျန်းမာရေးအခြေအနေအလိုက် ငွေကြေးသုံးစွဲမှု

၂၅၅။ ပြည်သူလူထု၏ ကျန်းမာရေးစနစ်ကောင်းမွန်မှုသည် လူဦးရေနှင့် ရောဂါဖြစ်ပွားမှု အခြေအနေနှင့် ဆက်စပ်လျက်ရှိပါသည်။ ၂၀၁၇ ခုနှစ်တွင် ရောဂါအလိုက် ကျန်းမာရေး အသုံးစရိတ်သည် ကူးစက်ရောဂါ၊ ကပ်ရောဂါနှင့် ကပ်ပါးရောဂါအတွက် စုစုပေါင်း ကျန်းမာရေးအသုံးစရိတ်၏ ၂၄ ရာခိုင်နှုန်း၊ HIV/AIDS ရောဂါအတွက် ၃ ရာခိုင်နှုန်း၊ တီဗီ ရောဂါအတွက် ၂.၃ ရာခိုင်နှုန်း၊ ငှက်ဖျားရောဂါအတွက် ၂ ရာခိုင်နှုန်း၊ နှလုံးသွေးကြောဆိုင်ရာ ရောဂါအတွက် ၂၂ ရာခိုင်နှုန်း၊ မျိုးဆက်ပွား ကျန်းမာရေးအတွက် ၁၄ ရာခိုင်နှုန်းနှင့် ဒဏ်ရာရသူအတွက် ၆ ရာခိုင်နှုန်း ရှိပါသည်[၁၁၀]။ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ရောဂါ အမျိုးအစားအလိုက် ကျန်းမာရေးကုန်ကျစရိတ်များကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

[၁၁၀] Myanmar National Health Accounts, Health Expenditure Report 2016-2018.

ဇယား (၃ - ၂)။ ရောဂါအမျိုးအစားအလိုက် ကျန်းမာရေးကုန်ကျစရိတ်များ (၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ)

စဉ်	ရောဂါအမျိုးအစားများ/ ရောဂါအခြေအနေများ	၂၀၁၆		၂၀၁၇		၂၀၁၈	
		ကျပ် (သန်း)	%	ကျပ် (သန်း)	%	ကျပ် (သန်း)	%
၁။	ကူးစက်ရောဂါနှင့် ကပ်ပါးရောဂါများ	၈၈၄,၅၀၁	၂၃.၃	၉၉၅.၄၅၇	၂၃.၇	၁,၀၆၂,၅၂၃	၂၃.၄
၂။	မျိုးဆက်ပွားကျန်းမာရေး	၅၄၉,၈၅၈	၁၄.၅	၆၀၂,၈၂၂	၁၄.၃	၆၇၄,၂၇၈	၁၄.၈
၃။	အာဟာရချို့တဲ့ခြင်းကြောင့် ဖြစ်ပွားသည့် ရောဂါများ	၁၃,၇၇၆	၀.၄	၂၂,၆၀၉	၀.၅	၃၆,၅၃၉	၀.၈
၄။	မကူးစက်နိုင်သော ရောဂါများ	၈၃၉,၅၂၈	၂၂.၁	၉၃၅,၉၀၃	၂၂.၃	၁,၀၂၈,၉၈၈	၂၂.၆
၅။	ဒဏ်ရာများ	၂၆၃,၇၂၄	၆.၉	၂၉၄,၀၁၉	၇.၀	၃၂၂,၃၇၂	၇.၁
၆။	သီးခြားမဟုတ်သည့်ရောဂါ	၁၄၃,၀၈၂	၃.၈	၁၅၈,၄၇၈	၃.၈	၁၂၅,၇၇၇	၂.၈
၇။	အခြားသောရောဂါနှင့် အခြေအနေများ	၁,၁၀၀,၅၅၂	၂၉.၀	၁,၁၉၂,၄၁၈	၂၈.၄	၁,၂၉၆,၁၀၈	၂၈.၅
	စုစုပေါင်း	**၃,၇၉၅,၀၂၁**	**၁၀၀**	**၄,၂၀၁,၇၀၆**	**၁၀၀**	**၄,၅၄၆,၅၈၅**	**၁၀၀**

အရင်းအမြစ် - Myanmar National Health Accounts, Health Expenditure Report 2016-2018။

၂၅၆။ အိမ်ထောင်စုများ၏ ကိုယ်ငွေကိုယ်ပေးကျန်းမာရေးအသုံးစရိတ်ပုံစံ (Out of Pocket Payment - OOP) သည် ကျန်းမာရေးဆိုင်ရာအဓိကငွေကြေးရင်းမြစ်တစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ ၂၀၁၈ ခုနှစ်တွင် OOP သည် စုစုပေါင်းကျန်းမာရေးအသုံးစရိတ်၏ ၇၆.၄၈ ရာခိုင်နှုန်းအထိ ရှိပါသည်[၁၁၁]။ ပြည်သူများသည် OOP စရိတ်များအဖြစ် ဆေးဝါးနှင့် ဆေးဝါးဆိုင်ရာပစ္စည်းများကို ဝယ်ယူရေးတွင် အဓိက သုံးစွဲကြရပါသည်။ ၂၀၁၈ ခုနှစ်တွင် နိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်စုစုပေါင်း အနက် ပြည်ပလူနာများ၏ စုစုပေါင်းအသုံးစရိတ်သည် ၄၅.၄ ရာခိုင်နှုန်းနှင့် အတွင်းလူနာများ ၏ စုစုပေါင်းအသုံးစရိတ်သည် ၂၇.၅ ရာခိုင်နှုန်း ရှိပါသည်။ မြန်မာနိုင်ငံရှိ အိမ်ထောင်စု ၁၆ ရာခိုင်နှုန်းသည် ၎င်းတို့ စုစုပေါင်းအသုံးစရိတ်အနက် ၁၀ ရာခိုင်နှုန်းကို ကျန်းမာရေး အသုံးစရိတ်အဖြစ် သုံးစွဲနေရပါသည် (Hui Sin Teo, Myanmar Health Financing System Assessment, 2018)။ ပြည်သူတစ်ဦးချင်းစီ၏ ပျမ်းမျှ OOP အသုံးစရိတ်သည် ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၄၇ ဖြစ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၆ ဆကျော် တိုးမြှင့် သုံးစွဲခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်တွင် ပြည်သူတစ်ဦးချင်းစီ၏ ပျမ်းမျှ OOP အသုံးစရိတ် သည် အမေရိကန်ဒေါ်လာ ၂၃၅၆ ရှိခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်အထိ ပြည်သူတစ်ဦး ချင်းစီ၏ နှစ်အလိုက် ပျမ်းမျှ OOP အသုံးစရိတ်ကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


[၁၁၁] Myanmar National Health Accounts, Health Expenditure Report 2016-2018.

ဇယား (၃ - ၃)။ ကိုယ့်ငွေကိုယ်ပေးကျန်းမာရေးအသုံးစရိတ်

စဉ်	ခုနှစ်	ပမာဏ (အမေရိကန် ဒေါ်လာသန်း)	စဉ်	ခုနှစ်	ပမာဏ (အမေရိကန် ဒေါ်လာသန်း)
၁။	၂၀၀၀	၁၇၃.၀၀	၁၁။	၂၀၁၀	၈၀၁.၀၀
၂။	၂၀၀၁	၁၈၂.၀၀	၁၂။	၂၀၁၁	၁၀၄၇.၀၀
၃။	၂၀၀၂	၂၆၉.၀၀	၁၃။	၂၀၁၂	၁၄၂၄.၀၀
၄။	၂၀၀၃	၂၅၅.၀၀	၁၄။	၂၀၁၃	၁၃၆၈.၀၀
၅။	၂၀၀၄	၂၆၀.၀၀	၁၅။	၂၀၁၄	၁၈၁၇.၀၀
၆။	၂၀၀၅	၃၀၀.၀၀	၁၆။	၂၀၁၅	၂၂၉၀.၀၀
၇။	၂၀၀၆	၃၀၄.၀၀	၁၇။	၂၀၁၆	၂၃၅၆.၀၀
၈။	၂၀၀၇	၃၉၂.၀၀	၁၈။	၂၀၁၇	၂၃၃၈.၀၀
၉။	၂၀၀၈	၅၈၇.၀၀	၁၉။	၂၀၁၈	၂၄၃၁.၀၀
၁၀။	၂၀၀၉	၇၄၉.၀၀			

အရင်းအမြစ် - Global Health Expenditure Database (data extracted 1 August) (http://apps.who.int/nha/database, accessed 1 August 2021)။

ပုံပြဂရပ် (၃ - ၃)။ ကိုယ့်ငွေကိုယ်ပေးကျန်းမာရေးအသုံးစရိတ်



အရင်းအမြစ် - Global Health Expenditure Database (data extracted 1 August) (http://apps.who.int/nha/database, accessed 1 August 2021)။

မြန်မာနိုင်ငံ၏ ဆေးဝါးလိုအပ်ချက်

၂၅၇။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအမျိုးသားထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာအခြေခံရလဒ်များအရ မြန်မာနိုင်ငံရှိ ဆေးရုံများတွင် မဖြစ်မနေလိုအပ်သည့် ဆေးဝါးနှင့် ဆေးဝါးရရှိမှုသည် ၇၅ ရာခိုင်နှုန်းဖြစ်ပြီး ဆေးဝါးမရရှိမှုသည် ၂၅ ရာခိုင်နှုန်းရှိခဲ့ပါသည် (Tolliver, 2014)။ နိုင်ငံပိုင်ဆေးဝါးစက်ရုံများသည် ပြည်တွင်းဆေးဝါးလိုအပ်ချက်၏ ၁၅ ရာခိုင်နှုန်းကိုသာ ထောက်ပံ့ပေးနိုင်ပါသည်။ ပြည်သူလူထုကျန်းမာရေးဝန်ဆောင်မှုစစ်တမ်းအရ မရှိမဖြစ်လိုအပ်သည့်

ဆေးဝါးများအတွက် ဆေးဝါးထောက်ပံ့ပေးနိုင်မှုအခြေအနေကို ဇယား (၃ - ၄) တွင် ဖော်ပြထားပါသည်။ အဆိုပါစစ်တမ်းအရ ရန်ကုန်မြို့ရှိ မြောက်ဥက္ကလာပဆေးရုံတွင် ပြင်ပလူနာများအတွက် ဆေးဝါးထောက်ပံ့မှုကို အပြည့်အဝပံ့ပိုးပေးနိုင်ခဲ့ခြင်းမရှိသည်ကိုတွေ့ရှိရပါသည်။ ဆေးရုံဝန်းအတွင်းရှိ ဆေးဆိုင်တွင်သာ ပြင်ပလူနာဌာန၏ ဆေးညွှန်းအတိုင်း ဆေးနှင့် ဆေးဝါးများ ဝယ်ယူရန်အတွက် ဆေးဆိုင်တွင် ဆေးဝါး ၉၆ ရာခိုင်နှုန်း ဖြန့်ဖြူးပေးထားပါသည်။

ဇယား (၃ - ၄)။ မရှိမဖြစ်လိုအပ်သော အရေးကြီးသည့် ဆေးဝါးများနှင့် ထောက်ပံ့မှုနှင့် ဆေးဝါးပြတ်လပ်မှုဇယား

စဉ်	ဆေးရုံ/ဆေးခန်းအမျိုးအစား	ရာခိုင်နှုန်း
၁။	ပြည်သူ့ဆေးရုံကြီးများ	
	ဆေးဝါးများပြတ်တောက်မှု	၂၄ %
	မရှိမဖြစ်လိုအပ်သည့်ဆေးဝါးထောက်ပံ့မှု	၈၀ %
၂။	မြို့နယ်ဆေးရုံများ	
	ဆေးဝါးများပြတ်တောက်မှု	၁၉ %
	မရှိမဖြစ်လိုအပ်သည့်ဆေးဝါးထောက်ပံ့မှု	၇၅ %
၃။	အခြေခံကျန်းမာရေးစောင့်ရှောက်မှုဌာန	
	ဆေးဝါးများပြတ်တောက်မှု	၁၈ %
	မရှိမဖြစ်လိုအပ်သည့်ဆေးဝါးထောက်ပံ့မှု	၅၉ %

အရင်းအမြစ် - Medicines in Health Care Delivery, Myanmar, Situation Analysis, October, 2014။

၂၅၈။ ဇယား (၃ - ၄) ၌ ဆေးဝါးထောက်ပံ့နိုင်မှုရာခိုင်နှုန်းကို ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်သည့်အမျိုးသားအဆင့် မရှိမဖြစ်လိုအပ်သည့်ဆေးအမျိုးအစားများစာရင်း (National List of Essential Medicines - NLEM) (၂၀၁၀) အနက် NLEM စာရင်းထုတ်ပြန်ရေးအဖွဲ့၏ ရွေးချယ်ထားသော အောက်ပါအမျိုးအစား ၂၂ မျိုးကို အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်သည်-

ဇယား (၃ - ၅)။ အမျိုးသားအဆင့် မရှိမဖြစ်လိုအပ်သည့် ဆေးအမျိုးအစားများ

စဉ်	ဆေးအမျိုးအမည်	စဉ်	ဆေးအမျိုးအမည်
၁။	Caps/Tabs of amoxicillin	၁၂။	Ibuprofen
၂။	Ciprofloxacin	၁၃။	Omeprazole
၃။	Cotrimoxazole	၁၄။	Diazepam
၄။	Metronidazole	၁၅။	Frusemide
၅။	Albendazole or Mebendazole	၁၆။	Oral rehydration solution
၆။	Amlodipine	၁၇။	Salbutamol Nebulizer solution
၇။	Enalapril	၁၈။	Antibiotic eye/ear drops
၈။	Ferrous/Folic acid	၁၉။	Benzyl benzoate lotion
၉။	Glibenclamide	၂၀။	Atropine injection
၁၀။	Metformin	၂၁။	Hydrocortisone injection
၁၁။	Paracetamol	၂၂။	Normal saline intravenous fluid

အရင်းအမြစ် - Medicines in Health Care Delivery, Myanmar, Situation Analysis, October, 2014။

၂၅၉။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း NLEM စာရင်း (၂၀၁၀) ကို အုပ်စု (၄) စုဖြင့် ထုတ်ပြန်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် NLEM စာရင်း (၂၀၁၆) ကို ထုတ်ပြန်ခဲ့ပါသည်[၁၁၂]။ အဆိုပါ NLEM စာရင်းကို အုပ်စု (၆) စုဖြင့် ခွဲခြားထားပြီး ၎င်းတို့တွင် ဆေးအမျိုးအစားပေါင်း ၄၈၆ မျိုး ပါဝင်ပါသည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်အနေဖြင့် ဆေးဝါးထောက်ပံ့မှုကို ဗဟို ထိန်းချုပ်ထားသည့် "Push" စနစ် ဗဟိုထိန်းချုပ်မှုလျော့ချသည့် "Pull" စနစ်သို့ ပြောင်းလဲ ခဲ့ပြီး ပြည်သူတစ်ဦးအတွက် ဆေးဝါးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၀.၂ မှ အမေရိကန် ၃ ဒေါ်လာ အထိ တိုးမြှင့်သုံးစွဲနိုင်ခဲ့ပြီး ဆေးဝါးရရှိမှုသည်လည်း တိုးတက်လာခဲ့ပါသည်[၁၁၃]။

ဖြစ်ရပ်လေ့လာချက်

ကမ္ဘောဒီးယားနိုင်ငံ၏ မရှိမဖြစ်လိုအပ်သည့် ဆေးအမျိုးအစားစာရင်း

ကမ္ဘောဒီးယားနိုင်ငံ၏ မရှိမဖြစ်လိုအပ်သည့်ဆေးဝါးစာရင်း (၂၀၁၈) အရ ကမ္ဘောဒီးယားနိုင်ငံတွင် မရှိမဖြစ် လိုအပ်သည့် ဆေးဝါးအုပ်စု ၁၃ ခုရှိပြီး ဆေးဝါးအုပ်စုခွဲပေါင်း ၇၄ ခု ရှိပါသည်။ ဆေးဘက်ဆိုင်ရာမရှိမဖြစ်အသုံးလိုသည့်ပစ္စည်း အမျိုးအစားများမှာ စုစုပေါင်း ၂၃၀ ရှိပါသည်။[၁၁၄]

လာအိုနိုင်ငံ၏ မရှိမဖြစ်လိုအပ်သည့် ဆေးအမျိုးအစားစာရင်း

လာအိုနိုင်ငံ၏ မရှိမဖြစ်လိုအပ်သည့်ဆေးဝါးစာရင်း (၂၀၁၈) အရ လာအိုနိုင်ငံတွင် မရှိမဖြစ် လိုအပ်သည့် ဆေးဝါးအုပ်စု ၂၅ ခုရှိပြီး အဓိကဆေးဝါးအုပ်စုခွဲပေါင်း ၈၃ ခုရှိပါသည်။[၁၁၅] ဆေးဘက်ဆိုင်ရာမရှိမဖြစ်အသုံးလိုသည့် ပစ္စည်းအုပ်စု ၇ မျိုးရှိပြီး အမျိုးအစားပေါင်း ၂၃ မျိုးနှင့် ဆေးကုသမှုအတွက် လိုအပ်သည့် ဦးစားပေးထုတ်ကုန်စာရင်း ၁၁ မျိုး ရှိပါသည်။ [၁၁၆]

အရင်းအမြစ် - Cambodia's Essential Medicine List, 9th Edition (2018) နှင့် Laos's Essential Medicine List (2019)။

၂၆၀။ မြန်မာနိုင်ငံရှိ နိုင်ငံပိုင်ဆေးဝါးစက်ရုံ ၂ ရုံ၊ ပုဂ္ဂလိကပိုင်ဆေးဝါးစက်ရုံ ၉ ရုံတို့အနက် ကိုဗစ် - ၁၉ ကပ်ရောဂါကို ကုသနိုင်သည့် ဆေးဝါးများထုတ်လုပ်မှုစက်ရုံ (၇) ရုံတွင် နိုင်ငံပိုင် စက်ရုံ ၂ ရုံနှင့် ပုဂ္ဂလိကစက်ရုံ ၅ ရုံတို့ပါဝင်ပြီး ၎င်းတို့အနက် သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် Alidac Health care Myanmar စက်ရုံတွင် ဝန်ထမ်းများ ကိုဗစ် - ၁၉ ကပ်ရောဂါ ကူးစက်ခံရခြင်းနှင့် အမှာစာများများပြားနေခြင်းတို့ကြောင့် အချိန်မှီ ဆေးဝါးမထုတ်လုပ်နိုင် ခြင်းနှင့် ပြည်တွင်းစက်ရုံ (၄) ရုံတို့တွင် ကိုဗစ် - ၁၉ ရောဂါကုသရာ၌ အသုံးပြုရမည့် ဆေးဝါး

[၁၁၂] National List of Essential Medicines (2016)

[၁၁၃] Medicines in Health Care Delivery, Myanmar, Situation Analysis, October, 2014.

[၁၁၄] Cambodia Essential Medicine List, 9th Edition, 2018.

[၁၁၅] Laos's Essential Medicine List (2019).

[၁၁၆] List of priority products of Laos.

များ မထုတ်လုပ်နိုင်ခြင်း[၁၁၇] တို့ကြောင့် ကိုဗစ် - ၁၉ ကပ်ရောဂါအတွက် ဆေးဝါးလိုအပ်ချက်များ မြင့်တက်လာခဲ့ပါသည်။

၂၆၁။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ် ဩဂုတ်လ စာရင်းများကို အခြေခံ၍ ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားမှု ပိုးတွေ့လူနာသစ်သည် တစ်ရက်လျှင် ပျမ်းမျှ ၃၀၀၀ ကျော်ရှိပြီး၊ မြန်မာနိုင်ငံ၏ လူဦးရေတစ်သိန်းတွင် ၅.၇ ရာခိုင်နှုန်းမှာ ကိုဗစ် - ၁၉ ကပ်ရောဂါ ခံစားနေရပါသည်။ ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားမှုမှာ ၃၅ ရာခိုင်နှုန်း၊ သေဆုံးမှုမှာ ၃ ရာခိုင်နှုန်းနှင့် ပြန်လည်ကောင်းမွန်လာသူမှာ ၇၀ ရာခိုင်နှုန်းရှိပါသည်။ ထို့ကြောင့် တစ်လလျှင် ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားမှုမှာ လူဦးရေတစ်သိန်းတွင် ၅၇၆ ဦးကူးစက်နိုင်ကြောင်း ခန့်မှန်းတွက်ချက်ထားပါသည် (Zaw, August, 2021)။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လက်ရှိအသုံးနေသော ကုထုံးအပေါ် အခြေခံ၍ ကိုဗစ် - ၁၉ လူနာတစ်ယောက်အတွက် ဆေးဝါးလိုအပ်ချက် (ခန့်မှန်း) ကို ဇယား (၃ - ၆) ပါ အတိုင်း တွက်ချက်ထားပါသည်-

ဇယား (၃ - ၆)။ ကိုဗစ် - ၁၉ လူနာတစ်ယောက်အတွက် ခန့်မှန်းဆေးလိုအပ်ချက်

စဉ်	ဆေးအမျိုးအစား	အရေအတွက်
၁။	Oral Paracetamol (500 mg) tds x ၁၀ ရက်	ဆေးပြား ၃၀
၂။	Oral Azithromycin (500 mg) x ၁၀ ရက်	ဆေးပြား ၁၀
၃။	Oral Cefixime (200 mg) x ၁၀ ရက်	ဆေးပြား ၂၀
၄။	Oral Augmentin (625 mg) x ၁၀ ရက်	ဆေးပြား ၃၀
Server Patient (ပြင်းထန်လူနာ) (အောက်ဆီဂျင် < 93%, RR> 30/min, Pulmonary infiltration> 50% on chest imaging)		
၅။	IV CS 1 (1 g) 12 hrly ၁၀ ရက်စာအတွက်	ပုလင်း ၂၀
၆။	IV Levofloxacin (500 mg) od x ၅ ရက်	၁၀ ပုလင်း
၇။	IV Dexamethasone (6 mg) bd x ၅ ရက် Followed by 6 mg od x ၅ ရက် (or) Oral Dexamethasone 6 mg od x ၁၀ ရက်	၁၅ ampoules ၄ မီလီဂရမ် ဆေးပြား ၁၅ ပြား ၀.၅မီလီဂရမ်ဆေးပြား၁၂၀ပြား
၈။	IV Omeprazole (40 mg) od 12 hrly x ၁၀ ရက် (or) Oral Omeprazole (20 mg) od x ၁၀ ရက်	ပုလင်း ၂၀၊ ၁၀ ထောင့်
Very Severe Patient		
၉။	SC Enoxaprin (0.4/ 0.6 ml) od x ၁၄ ရက်	၁၄ ပုလင်း
	(or) SC Fondaparinux (0.5 ml) od x ၁၄ ရက်	၁၄ ပုလင်း
၁၀။	IV Remdesivir (100 mg) 2 vials stat followed by1 vial od x ၄ ရက်	၆ ပုလင်း
၁၁။	Favipiravir (1600 mg) bd followed by (800) mg for (800) mg x ၇ ရက်	၂၀၀ မီလီဂရမ် ဆေးပြား ၃၆၀
၁၂။	Antiplatelet Aspirin (80 mg) od x ၁၄ ရက်	၁၄ ပြား
၁၃။	Interleukin- 6 Inhibitor	-

အရင်းအမြစ် - Dr Aung Zaw, Drugs need to be produced and imported for COVID-19 in August, 2021, Power Point Presentation။

[၁၁၇] Dr Aung Zaw, Drugs need to be produced and imported for COVID-19 in August, 2021 Power Point Presentation.

၂၆၂။ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုနှင့် ပိုးတွေ့နှုန်းအပေါ် အခြေခံ၍ ခန့်မှန်းလူနာ ၃၀၀,၀၀၀ ဦး ကူးစက်ဖြစ်ပွားလျှင် သာမန်နှင့် အသင့်အတင့်လူနာများမှာ ၈၀ ရာခိုင်နှုန်း၊ ပြင်းထန်လူနာ ၁၅ ရာခိုင်နှုန်းနှင့် အလွန်ပြင်းထန်လူနာ ၅ ရာခိုင်နှုန်းဖြစ်မည်ဟု ခန့်မှန်း၍ အောက်ပါအတိုင်း ဆေးဝါး လိုအပ်မည်ဖြစ်ကြောင်း တွက်ချက်ထားပါသည်-

ဇယား (၃ - ၇)။ ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားမှုအခြေအနေအရ ဆေးဝါးလိုအပ်ချက်

စဉ်	ဖြစ်ပွားမှုအခြေအနေနှင့် ဆေးအမျိုးအမည်	လူနာတစ်ဦးအတွက် ကုန်ကျမည့် ဆေးအရေ အတွက်	ခန့်မှန်းလူနာ အရေအတွက်	စုစုပေါင်း ဆေးလိုအပ်ချက်
	သာမန်နှင့်အသင့်အတင့်			
၁။	Oral Paracetamol + Cetrizine + Mucolytic	၃၀	၃၀၀,၀၀၀	၉,၀၀၀,၀၀၀
၂။	Oral Azithromycin (or)	၅	၂၄၀,၀၀၀	၁,၂၀၀,၀၀
	Oral Cefixime (or)	၂၀	၂၄၀,၀၀၀	၄,၈၀၀,၀၀
	Oral Augmentin	၃၀	၂၄၀,၀၀၀	၇,၂၀၀,၀၀၀
	ပြင်းထန်လူနာ			
၃။	Inj Cs 1	၂၀	၄၅,၀၀၀	၉၀၀,၀၀၀
၄။	Inj Levofloxacin	၁၀	၄၅,၀၀၀	၄၅၀,၀၀၀
၅။	Inj Dexamethasone	၁၅	၃၀,၀၀၀	၄၅၀,၀၀၀
၆။	Oral Dexamethasone (4 mg) (or)	၁၅	၁၅,၀၀၀	၂၂၅,၀၀၀
	Oral Dexamethasone (0.5 mg) (or)	၁၂၀	၁၅,၀၀၀	၁,၈၀၀,၀၀၀
	Oral Prednisolone 40 mg (or)	၁၀	၁၅,၀၀၀	၁၅၀,၀၀၀
	Oral Methyl Prednisolone 16 mg	၂၀	၁၅,၀၀၀	၃၀၀,၀၀၀
၇။	Inj Omeprazole	၂၀	၄၅,၀၀၀	၉၀၀,၀၀၀
၈။	Oral Omeprazole (20 mg) (or)	၁၀	၄၅,၀၀၀	၄၅၀,၀၀၀
	Oral Pantoprazole (40 mg)	၁၀	၄၅,၀၀၀	၄၅၀,၀၀၀
	အလွန်ပြင်းထန်လူနာ			
၉။	Enoxaparin / Fondaprinux	၁၄	၁၅,၀၀၀	၂၁၀,၀၀၀
၁၀။	Remdesivir	၆	၁၅,၀၀၀	၉၀,၀၀၀
၁၁။	Aspirin	၁၄	၁၅,၀၀၀	၂၁၀,၀၀၀
၁၂။	Favipiravir	၃၆	၁၅,၀၀၀	၅၄၀,၀၀၀

အရင်းအမြစ် - Dr Aung Zaw, Drugs need to be produced and imported for COVID-19 in August, 2021, Power Point Presentation.

ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှု

၂၆၃။ မြန်မာနိုင်ငံတွင် ဆေးနှင့် ဆေးဝါးပစ္စည်းလိုအပ်ချက်၏ ၁၅ ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ ထုတ်လုပ်နိုင်ပြီး ကိုဗစ် - ၁၉ ကပ်ရောဂါ ဖြစ်ပွားမှုအပါအဝင် ဆေးနှင့် ဆေးပစ္စည်းများ လိုအပ်ချက်မြင့်တက်လာမှုအရ ဆေးနှင့် ဆေးဝါးပစ္စည်းများ၏ ၈၅ ရာခိုင်နှုန်းခန့်ကို ပြည်ပမှ တင်သွင်းနေရခြင်းဖြစ်သည်။ ပြည်တွင်းထုတ်လုပ်မှုကို ကြည့်မည်ဆိုပါက နိုင်ငံပိုင်ဆေးဝါးစက်ရုံ (၂) ရုံနှင့် ပုဂ္ဂလိကပိုင်ဆေးဝါးစက်ရုံ (၉) ရုံ၊ စုစုပေါင်း ဆေးဝါးစက်ရုံ (၁၁) ရုံရှိ၍ နိုင်ငံပိုင်ဆေးဝါးစက်ရုံ (၂) ရုံမှာ ဆေးဝါး စက်ရုံ (အင်းစိန်)နှင့် ဆေးဝါးစက်ရုံ (အင်ရောင်း) တို့ဖြစ်ပြီး ပုဂ္ဂလိကဆေးဝါးစက်ရုံများအနက် မြန်မာနိုင်ငံသားကုမ္ပဏီ (၆) ခုနှင့် နိုင်ငံခြားကုမ္ပဏီ (၃) ခု ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပါသည်။ ဆေးဝါးထုတ်လုပ်မှုကဏ္ဍအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု (၈) ခုကို အမေရိကန်ဒေါ်လာ ၅၄.၈၃၁ သန်းအပါအဝင် ကျပ် ၈၇၂၃၃.၉၉၀ သန်း ခွင့်ပြုပေးခဲ့ပါသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုအဖြစ် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းကဏ္ဍတွင် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၁.၄၃ ရာခိုင်နှုန်း[၁၁၈] သာ ဝင်ရောက်ခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုပုံစံများဖြင့် ဗီယက်နမ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှု ၂ ခုအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ သန်းကို ခွင့်ပြုပေးခဲ့ပါသည်။

၂၆၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြစ်သည့် Alidac Healthcare Myanmar Company Limited နှင့် Zifam Pyrex Myanmar Company Limited တို့သည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း၌လည်းကောင်း၊ RVK Myanmar Co., Ltd. သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့်လည်းကောင်း လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ RVK Myanmar Co., Ltd. သည် ၂၀၁၆ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ပိုင် မြန်မာ့ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) အား ငှားရမ်း၍ ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုရန် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တင်ပြထားခြင်းဖြစ်ပါသည်။ ထို့ပြင် ရီရှင်းကုမ္ပဏီလီမိတက် (Yee Shin Co., Ltd.) သည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရန်ကုန် - ပြည်လမ်း၊ (၃၆) မိုင်ရှိ တပ်မတော်ဆေးဝါးစက်ရုံ (မှောင်ဘီ) ၏ မြေ၊ စက်ရုံနှင့် ဝန်ထမ်းအိမ်ရာ အပါအဝင် စုစုပေါင်းမြေ ၆၁.၃၈ ဧကအား BOT စနစ်ဖြင့် ငှားရမ်းပြီး WHO ၏ GMP

[၁၁၈] ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (၂၀၂၁)


စနစ်နှင့်အညီ ခေတ်မီသောက်ဆေး၊ စားဆေးနှင့် ဆေးဝါးမျိုးစုံ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ၂၀၁၅ ခုနှစ်တွင် တင်ပြပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခဲ့ရှိပါသည်။ ပြည်တွင်းဆေးဝါးစက်ရုံ (၁၁) ရုံအနက် ဆေးဝါးစက်ရုံ (အင်းစိန်) သည် အမေရိကန်ဒေါ်လာ ၉၉.၄ သန်းဖြင့် ရင်းနှီးမြှုပ်နှံမှုအများဆုံး ထည့်ဝင်ထားသည့်စက်ရုံ ဖြစ်ပါသည်။ ဒုတိယအများဆုံးအဖြစ် Yee Shin Co., Ltd. က အမေရိကန်ဒေါ်လာ ၃၉.၈၂ သန်းနှင့် တတိယအများဆုံးအဖြစ် ဆေးဝါးစက်ရုံ (အင်ရောင်း) က အမေရိကန်ဒေါ်လာ ၃၂ သန်း ရင်းနှီးမြှုပ်နှံထားပါသည်။ နိုင်ငံပိုင်ဆေးဝါးစက်ရုံ (၂) ရုံ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၁.၄ သန်းဖြစ်ပြီး ၎င်းပမာဏသည် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၄၉ ရာခိုင်နှုန်းကျော်ရှိပါသည်။ ပြည်တွင်းရှိ ဆေးဝါးစက်ရုံများ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား (၃ - ၈)။ ပြည်တွင်းဆေးဝါးစက်ရုံများ၏ ၂၀၂၀ ပြည့်နှစ်အထိ ရင်းနှီးမြှုပ်နှံမှု အခြေအနေ

စဉ်	အမည်	ရင်းနှီးမြှုပ်နှံမှုပမာဏ US$ (သန်း)	မှတ်ချက်
၁။	ဆေးဝါးစက်ရုံ(အင်းစိန်)	၉၉.၄၀	Stat Owned Enterprise
၂။	ဆေးဝါးစက်ရုံ (အင်ရောင်း)	၃၂ .၀၀	State Owned Enterprise
၃။	Alidac Healthcare Myanmar	၂၅.၀၀	Foreign (SEZ)
၄။	Fame Pharmaceuticals	၄.၀၀	Local (MIC)
၅။	Myanmar Jick-Young Co., Ltd	၄.၅၀	Local (MIC)
၆။	Pacific Medical Industries Ltd.	၂၀.၀၀	Local (MIC)
၇။	Progress Biochem Co., Ltd	၀.၆၈	Local (MIC)
၈။	RVK Myanmar Co., Ltd.	၂၅.၀၀	Foreign (MIC)
၉။	Treasure Pharma Co., Ltd	၁.၀၀	Local
၁၀။	Yee Shin Co., Ltd.	၃၉.၈၂	Local (MIC)
၁၁။	Zifam Pyrex Myanmar Co., Ltd	၁၅.၀၀	Foreign (SEZ)
	စုစုပေါင်း	**၂၆၆.၄၀**	

အရင်းအမြစ် - မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (၂၀၂၀)။

ပုံပြဂရပ် (၃ - ၄)။ ပြည်တွင်းဆေးဝါးစက်ရုံများ၏ ရင်းနှီးမြှုပ်နှံမှုအချိုး (ရာခိုင်နှုန်း)



အရင်းအမြစ် - မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (၂၀၂၀)။

၂၆၅။ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ ၂၀၂၀ ခုနှစ် စာရင်းများအရ ပြည်တွင်းဆေးဝါးစက်ရုံများ၏ ထုတ်လုပ်မှုပမာဏစုစုပေါင်းမှာ ဆေးပြားဆေးတောင့် ၉၃၅၄.၆ သန်း၊ Liquid ၂၈.၄၃၁ သန်း၊ Biological Product ၁၁၇.၆ သန်း၊ Ointment ၀.၅၅ သန်း၊ Powder ၁၂၈.၆၄ သန်း၊ တစ်ခါသုံးဆေးထိုးအပ် ၁၅၇.၅ သန်း ဖြစ်ပါသည်။ ၎င်းတို့အနက် RVK Myanmar Co., Ltd. က ဆေးပြား၊ ဆေးတောင့်၊ Pharmaceutical Solids စုစုပေါင်း ၄၆၇၅ သန်း ထုတ်လုပ်လျက်ရှိပြီး ၎င်းပမာဏသည် ပြည်တွင်းဆေးပြား၊ ဆေးတောင့်ထုတ်လုပ်မှုစုစုပေါင်း၏ ထက်ဝက်ကျော်ရှိပါသည်။ Pharmaceutical Ointment များကို ဆေးဝါးစက်ရုံ (အင်းစိန်) နှင့် Fame Pharmaceuticals ကုမ္ပဏီတို့ကလည်းကောင်း၊ တစ်ခါသုံးဆေးထိုးအပ် (Disposable Syringe) များကို Myanmar Jick- Young ကုမ္ပဏီကလည်းကောင်း၊ Powder များကို Pacific Medical Industries Ltd. ကလည်းကောင်း အဓိကထုတ်လုပ်လျက်ရှိပါသည်။


ဇယား (၃ - ၉)။ ပြည်တွင်းဆေးဝါးစက်ရုံများ၏ ထုတ်လုပ်မှုပမာဏ (အရေအတွက်)

	ဆေးဝါးထုတ်လုပ်မှုပမာဏ (အရေအတွက်-သန်း)					
ပြည်တွင်းဆေးဝါး ထုတ်လုပ်သည့် စက်ရုံများ	Tablets & Capsules	Liquids (Oral & External)	Cream & Ointment	Disposable Syringe	Injection, Infusion & Biological Products	Powder
ဆေးဝါးစက်ရုံ(အင်းစိန်)	၁၀၀၈.၀၀	၀.၇၀	၀.၀၅	-	၄၅.၂၀	၀.၆၂
ဆေးဝါးစက်ရုံ(အင်ရောင်း)	-	-	-	၇.၅၀	၃၇.၀၀	၀.၃၂
Alidac Healthcare	၅၀၀.၀၀	-	-	-	-	-
Fame Pharmaceutical	၅၀၈.၀၀	၀.၂၄	၄၈၆၀.၀၀	-	-	-
Myanmar Jick-Young	-	-	-	၁၅၀.၀၀	-	-
Pacific Medical	၅၆၃.၆၀	၁.၃၈	-	-	-	၅၇.၇၀
Progress Biochem	-	၀.၆၆၁	-	-	-	-
RVK Myanmar Co., Ltd.	၄၆၇၅.၀၀	၂၂.၅၀	-	-	၁၉.၂	၅၅.၀၀
Treasure Pharma	-	၁.၅၀	-	-	-	-
Yee Shin Co., Ltd.	၁၀၀၀.၀၀	၀.၇၅	-	-	၁၂.၀၀	-
Zifam Pyrex	၁၁၀၀.၀၀	၀.၇၀	-	-	၄.၂၀	၀.၇၀
စုစုပေါင်း	**၉၃၅၄.၆၀**	**၂၈.၄၃၁**	**၄၈၆၀.၀၅**	**၁၅၇.၅၀**	**၁၁၇.၆၀**	**၁၂၈.၆၄**

အရင်းအမြစ် - မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (၂၀၂၀)။

၂၆၆။ ဆေးဝါးစက်ရုံ (အင်းစိန်) မှ ဆေးပြား၊ ဆေးတောင့်၊ လိမ်းဆေး၊ ထိုးဆေး၊ သွေးကြောသွင်းဆေးရည်၊ ကာကွယ်ဆေး၊ ပဋိဇီဝဆေး၊ မေးခိုင်ကာကွယ်ဆေးနှင့် မြွေဆိပ်ဖြေဆေးများကိုလည်းကောင်း၊ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး) မှ အသည်းရောင်အသားဝါရောဂါကာကွယ်ဆေးများကိုလည်းကောင်း၊ ဆေးဝါးစက်ရုံ (အင်ရောင်း) မှ ထိုးဆေး၊ သွေးကြောသွင်းဆေးရည်၊ မျက်စဉ်းဆေး၊ ဆေးမှုန့်များကိုလည်းကောင်း နှစ်စဉ် ထုတ်လုပ်လျက်ရှိပါသည်။ ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်ဆေးဝါးစက်ရုံများမှ Pharmaceutical Solids ကို ၂၇၂,၀၀၀ ကီလိုဂရမ်ထုတ်လုပ်ခဲ့ရာမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ၈၅၀,၀၀၀ ကီလိုဂရမ်အထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ထုတ်လုပ်မှုအများဆုံးအဖြစ် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ၉၇၄,၀၀၀ ကီလိုဂရမ် ထုတ်လုပ်နိုင်ခဲ့ပါသည်။


ပုံပြဂရပ် (၃ - ၅)။ Pharmaceutical Solids ထုတ်လုပ်မှုပမာဏ
(၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ)



အရင်းအမြစ် - ဗဟိုစာရင်းအင်းအဖွဲ့ (Myanmar Statistical Year Book- 2015 2016, 2017, 2018)။

၂၆၇။ Pharmaceutical Liquids ကို ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာနှစ်တွင် လီတာ ၃၅၄,၀၀၀ ထုတ်လုပ်ခဲ့ရာမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် လီတာ ၇၉၁,၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ထုတ်လုပ်မှုအနည်းဆုံးအဖြစ် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် လီတာ ၁၇၀,၀၀၀ သာ ထုတ်လုပ်နိုင်ခဲ့ပါသည်။


ပုံပြဂရပ် (၃ - ၆)။ Pharmaceutical Liquids ထုတ်လုပ်မှုပမာဏ
(၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ)



အရင်းအမြစ် - ဗဟိုစာရင်းအင်းအဖွဲ့ (Myanmar Statistical Year Book- 2015, 2016, 2017, 2018)။

၂၆၈။ ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်မှုကိုကြည့်ပါက နှစ်စဉ်အရေအတွက်များပြားစွာ ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆေးပြား၊ ဆေးတောင့် ၁၀၀၉ သန်းအထိ ထုတ်လုပ်နိုင်ခဲ့ပြီး အဓိအားဖြင့် ဆေးဝါးစက်ရုံ (အင်းစိန်) တွင် ထုတ်လုပ်ခြင်းဖြစ်ပါသည်။


ပုံပြဂရပ် (၃ - ၇)။ ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်မှုပမာဏ
(၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ)



အရင်းအမြစ် - ဗဟိုစာရင်းအင်းအဖွဲ့ (Myanmar Statistical Year Book- 2015, 2016, 2017, 2018)။

၂၆၉။ Biological Products များကို ယခင်က အရေအတွက်အနည်းငယ်သာ ထုတ်လုပ်နိုင်ခဲ့သော်လည်း နိုင်ငံပိုင်စက်ရုံအချို့တွင် ထုတ်လုပ်မှုလိုင်းများ တိုးချဲ့နိုင်ခဲ့သဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် သုံးဆအထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပါသည်။


ပုံပြဂရပ် (၃ - ၈) - Biological Products ထုတ်လုပ်မှုပမာဏ
(၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ)



အရင်းအမြစ် - ဗဟိုစာရင်းအင်းအဖွဲ့ (Myanmar Statistical Year Book- 2015, 2016, 2017, 2018)။

၂၇၀။ Sterile Product များကို ဆေဝါးစက်ရုံ (အင်ရောင်း) တွင် အဓိကထုတ်လုပ်လျက်ရှိပြီး ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာနှစ်တွင် ပုလင်းပေါင်း ၂၃ သန်းကျော်မှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ၄၁ သန်းကျော်အထိ ထုတ်လုပ်နိုင်ခဲ့ပါသည်။

ပုံပြဂရပ် (၃ - ၉)။ Sterile Product ထုတ်လုပ်မှုပမာဏ (၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ)



အရင်းအမြစ် - ဗဟိုစာရင်းအင်းအဖွဲ့ (Myanmar Statistical Year Book- 2015, 2016, 2017, 2018)။

၂၇၁။ မြန်မာနိုင်ငံသည် ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ဆေးကို ထုတ်လုပ်နိုင်ခြင်း မရှိသေးသော်လည်း ရောဂါဖြစ်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်မည့်ဆေးဝါးများကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်အတွက် ဆေးဝါးစက်ရုံ (အင်းစိန်) မှ Paracetemol Tablet (၈) သိန်းအား ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ပြီး Azithromicin Tablet 500 mg၊ Dexemethasone Tablet/ Injection၊ Asprin 80 mg Tablet တို့ကို ဆက်လက်ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ဆေးဝါးစက်ရုံ (အင်ရောင်း) တွင် Cefepin Injection ထုတ်လုပ်နိုင်ရေးကို ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကပိုင်ဆေးဝါးစက်ရုံ (၅) ရုံတို့က Paracetamol Tablets၊ Levaflaxacin Infusion၊ Omeprezole Capsules၊ Favipac၊ Cetirizine Tablet၊ Cevit Tablet နှင့် Amoxicillin များအနက် အချို့သောဆေးဝါးကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်[၁၁၉]။

၂၇၂။ နိုင်ငံတော်အနေဖြင့် ကိုဗစ် - ၁၉ ကပ်ရောဂါ မဖြစ်ပွားမီကတည်းက ကြုံတွေ့နေရသည့် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုဆိုင်ရာအခက်အခဲများနှင့် ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားပြီး ထပ်မံရင်ဆိုင်ရသည့်စီးပွားရေးထိခိုက်မှုများ၊ အကြပ်အတည်းများကို **SMART Programme** လမ်းစဉ် (၅) ရပ်ဖြစ်သော လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းလွယ်ကူချောမွေ့စေခြင်း (S - Streamlining and Simplifying Procedures)၊ အွန်လိုင်းဝန်ဆောင်မှုများကို

[၁၁၉] နိုင်ငံပိုင်စက်ရုံ (၂) ရုံနှင့် ပြည်တွင်းပုဂ္ဂလိကပိုင်ဆေးဝါးစက်ရုံ ၅ ရုံတို့၏ ကိုဗစ် - ၁၉ ကပ်ရောဂါကာကွယ်ကုသဆေးဝါးများ ထုတ်လုပ်နိုင်မှုနှင့် ပတ်သက်၍ သုံးသပ်တင်ပြချက်။

ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်းနှင့် စီးပွားရေးအဟန့်အတားများကို လျော့နည်းစေခြင်း (M - Maximizing Online Services and Minimizing Barriers to Business)၊ စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်ပြီးနောက်ပိုင်း ဝန်ဆောင်မှုပေးခြင်းများကို ကောင်းမွန်အောင်ဆောင်ရွက် ခြင်း (A - Assuring After-care Services)၊ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာဝန်ထုပ်ဝန်ပိုးများကို လျှော့ချခြင်း (R – Reducing Regulatory Burden) နှင့် ပွင့်လင်းမြင်သာမှု အားကောင်းလာ စေခြင်း (T–Transparency Enhancement) တို့ကို အခြေခံ၍ ဖြေရှင်းနိုင်ရေးအတွက် ပံ့ပိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂၇၃။ ထို့ပြင် ကျန်းမာရေးကဏ္ဍသည် နိုင်ငံ၏ အဓိက ဦးစားပေးမြှင့်တင်ရမည့်အရေးကြီး ကဏ္ဍတစ်ခုဖြစ်သကဲ့သို့ ကျန်းမာရေးအထောက်အကူပြု လုပ်ငန်းများကဏ္ဍသည် ကိုဗစ် - ၁၉ ကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများ ပြန်လည်ကုစားနိုင်ရေးအပေါ် အထောက်အကူ ပြုနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ခဲ့သည့် ဦးစားပေးမြှင့်တင် ရမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍ (၆) ခုအနက် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ထို့ကြောင့် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းများကို ဦးစားပေးကဏ္ဍတစ်ခု အဖြစ် အားပေးမြှင့်တင်ရန်အတွက် နိုင်ငံတော်က ဦးတည်ဆောင်ရွက်လျက်ရှိခြင်းနှင့် နိုင်ငံ၏ ဆေးဝါးဈေးကွက်ကို ပိုမိုကောင်းမွန်ပြီး ပိုမိုစိတ်ချရသော ဆေးဝါးများ ထုတ်လုပ်ခြင်းဖြင့် ဈေးကွက်ချဲ့ထွင်လာနိုင်သည့် အလားအလာများစွာ ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်သည် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းကို လုပ်ကိုင်လိုသူများအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) နှင့်အညီ ရင်းနှီး မြှုပ်နှံမှုအခွင့်အလမ်းများကို အခွန်ဆိုင်ရာကင်းလွတ်ခွင့်၊ သက်သာခွင့်များနှင့် အခွန်မဟုတ် သည့် အခြားခံစားခွင့်များဖြင့် တစ်ဖက်ပါအတိုင်း ပံ့ပိုးပေးထားပါသည်-

ဇယား (၃ - ၁၀)။ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများ အပါအဝင် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍနှင့် သက်ဆိုင်သောလုပ်ငန်းများအတွက် ရရှိနိုင်သည့် အခွန်ဆိုင်ရာကင်းလွတ်ခွင့်၊ သက်သာခွင့်များနှင့် အခွန်မဟုတ်သည့် အခြားခံစားခွင့်များ

စဉ်	လုပ်ငန်းအမျိုးအစား	ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်			စက်ပစ္စည်းများ တင်သွင်းခြင်း အပေါ် အကောက်ခွန် ကင်းလွတ်ခွင့်ပြုခြင်း		ပို့ကုန်အတွက် တင်သွင်းသည့် ကုန်ကြမ်းများအပေါ် အကောက်ခွန် ကင်းလွတ်ခွင့်ပြုခြင်း	အခွန်မဟုတ်သည့် အခြားခံစားခွင့်များ	
		ဇုန် (၁)	ဇုန် (၂)	ဇုန် (၃)	တည်ဆောက်/ ပြင်ဆင်မှု ကာလအတွင်း	ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ လုပ်ကိုင်ခြင်း		မြေ/ အဆောက်အအုံ အသုံးပြုခွင့်	ပစ္စည်း တန်ဖိုး လျော့တွက် နှုန်းထား (၁.၅ ဆ)
၁။	ဆေးဝါးများ၊ ဆေးဝါးဆိုင်ရာ ဓာတုဗေဒ ပစ္စည်းနှင့် ရုက္ခဗေဒဆိုင်ရာ ထုတ်ကုန်များ ထုတ်လုပ်ခြင်း	၇ နှစ်	၅ နှစ်	၃ နှစ်	✔	✔	✔	✔	✔
၂။	တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း	၇ နှစ်	၅ နှစ်	၃ နှစ်	✔	✔	✔	✔	✔
၃။	ဆေးဝါးကုသခြင်းနှင့် ဆိုင်သော အထောက်အကူပြု တန်ဆာပလာများ ထုတ်လုပ်ခြင်း	၇ နှစ်	၅ နှစ်	၃ နှစ်	✔	✔	✔	✔	✔
၄။	ကျန်းမာရေး ဝန်ဆောင်မှုဆိုင်ရာ အထောက်အကူပြု လုပ်သား လေ့ကျင့်မွေးထုတ်ရေး လုပ်ငန်း	၇ နှစ်	၅ နှစ်	၃ နှစ်	✔	✔	-	✔	✔
၅။	ဆေးရုံလုပ်ငန်း	၇ နှစ်	၅ နှစ်	၃ နှစ်	✔	✔	-	✔	✔
၆။	ရောဂါရှာဖွေရေးလုပ်ငန်း	၇ နှစ်	၅ နှစ်	၃ နှစ်	✔	✔	-	✔	✔
၇။	တိုင်းရင်းဆေးရုံလုပ်ငန်း	၇ နှစ်	၅ နှစ်	၃ နှစ်	✔	✔	-	✔	✔
၈။	ပုဂ္ဂလိက ဆေးခန်းလုပ်ငန်း	၇ နှစ်	၅ နှစ်	၃ နှစ်	✔	✔	-	✔	✔
၉။	ဆေးပညာနှင့် ဆေးဝါးသုတေသန ဖွံ့ဖြိုးမှု လုပ်ငန်း	၇ နှစ်	၅ နှစ်	၃ နှစ်	✔	✔	-	✔	✔

စဉ်	လုပ်ငန်းအမျိုးအစား	ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်			စက်ပစ္စည်းများ တင်သွင်းခြင်း အပေါ် အကောက်ခွန် ကင်းလွတ်ခွင့်ပြုခြင်း		ပို့ကုန်အတွက် တင်သွင်းသည့် ကုန်ကြမ်းများအပေါ် အကောက်ခွန် ကင်းလွတ်ခွင့်ပြုခြင်း	အခွန်မဟုတ်သည့် အခြားခံစားခွင့်များ	
		ဇုန် (၁)	ဇုန် (၂)	ဇုန် (၃)	တည်ဆောက်/ ပြင်ဆင်မှု ကာလအတွင်း	ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ လုပ်ကိုင်ခြင်း		မြေ/ အဆောက်အအုံ အသုံးပြုခွင့်	ပစ္စည်း တန်ဖိုး လျော့တွက် နှုန်းထား (၁.၅ ဆ)
၁၀။	တိုင်းရင်းဆေးသုတေသနနှင့် ဓာတ်ခွဲ လုပ်ငန်း	၇ နှစ်	၅ နှစ်	၃ နှစ်	✔	✔	-	✔	✔
၁၁။	ပြည်ပနိုင်ငံများရှိ ဆေးရုံများသို့ လူနာများ ပို့ဆောင်ခြင်းလုပ်ငန်း (နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ခြင်း အတွက်သာ ခွင့်ပြုခြင်း)[၁၂၀]	၇ နှစ်	၅ နှစ်	၃ နှစ်	-	-	-	✔	✔

အရင်းအမြစ် - အမိန့်ကြော်ငြာစာအမှတ် (၁၃/ ၂၀၁၇)၊ (၁-၄-၂၀၁၇)၊ ဦးစားပေးမြှင့်တင်မည့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍများသတ်မှတ်ခြင်း၊ အမိန့်ကြော်ငြာစာအမှတ် (၁၅/ ၂၀၁၇)၊ (၁၀-၄-၂၀၁၇)၊ ကန့်သတ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသတ်မှတ်ခြင်း။

မှတ်ချက် - ကာကွယ်ဆေးများထုတ်လုပ်ခြင်းလုပ်ငန်းသည် စက်မှုဝန်ကြီးဌာန၏ အတည်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဂ္ဂလိကဆေးရုံလုပ်ငန်း၊ ပုဂ္ဂလိကအထွေထွေကျန်းမာရေးလုပ်ငန်း၊ ပုဂ္ဂလိကနယ်လှည့်ကျန်းမာရေးလုပ်ငန်း၊ ပုဂ္ဂလိကသူနာပြုစုရေးဂေဟာ၊ ပုဂ္ဂလိကတိုင်းရင်းဆေးရုံလုပ်ငန်း၊ ပုဂ္ဂလိက တိုင်းရင်းဆေးခန်းလုပ်ငန်း၊ ပုဂ္ဂလိက တိုင်းရင်းဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ တိုင်းရင်းဆေးဝါးကုန်ကြမ်းပစ္စည်း (ပရဆေး) ရောင်းဝယ်ရေးလုပ်ငန်း၊ တိုင်းရင်းဆေးဖက်ဝင် အပင်များစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ တိုင်းရင်းဆေးသုတေသနနှင့် ဓာတ်ခွဲလုပ်ငန်း၊ ရောဂါကာကွယ်ဆေးနှင့် စမ်းသပ်ပစ္စည်းသုတေသနလုပ်ငန်းတို့သည် ကျန်းမာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်ဖြစ်သည်။[၁၂၁]

---

[၁၂၀] အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇)၊ ကန့်သတ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသတ်မှတ်ခြင်း၊ (ဂ)၊ ပြည်တွင်းရှိ လူပုဂ္ဂိုလ်တစ်ဦးဦး (သို့မဟုတ်) နိုင်ငံသားပိုင်လုပ်ငန်းတစ်ခုခုနှင့် ပူးပေါင်း၍ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

[၁၂၁] အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇)၊ ကန့်သတ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသတ်မှတ်ခြင်း၊ (ဃ)၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ရယူ၍ ဆောင်ရွက်နိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

ဖြစ်ရပ်လေ့လာချက်

ကမ္ဘောဒီးယားနိုင်ငံ၏ ကျန်းမာရေးကဏ္ဍနှင့် သက်ဆိုင်သောလုပ်ငန်းများ အတွက် ဝင်ငွေခွန်ဆိုင်ရာကင်းလွတ်ခွင့်၊ သက်သာခွင့်ဆိုင်ရာခံစားခွင့်များ

ကမ္ဘောဒီးယားနိုင်ငံတွင် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ရရှိရန်အတွက် ကင်းလွတ်ခွင့်၊ သက်သာခွင့်ရရှိခံစားခွင့်ရှိသော ရင်းနှီးမြှုပ်နှံမှုအမျိုးအစားများတွင် ပါဝင်ရန်လိုအပ်ပြီး အဆိုပါလုပ်ငန်းအတွက် အနည်းဆုံးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရမည့် ပမာဏသတ်မှတ်ချက်ပြည့်မီမှသာ ကင်းလွတ်ခွင့်၊ သက်သာခွင့် ရရှိခံစားနိုင်မည်ဖြစ်သည်။[၁၂၂] ကမ္ဘောဒီးယားနိုင်ငံ၌ တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ခေတ်မီဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းတို့တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့် ခံစားရရှိနိုင်ရန်အတွက် သတ်မှတ်ထားသော အနည်းဆုံးရင်းနှီးမြှုပ်နှံရမည့်ပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ကမ္ဘောဒီးယားနိုင်ငံတွင် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ရရှိရန်အတွက် အနည်းဆုံး ရင်းနှီးမြှုပ်နှံရမည့် ပမာဏသတ်မှတ်ချက်

ရင်းနှီးမြှုပ်နှံသည့်နယ်ပယ်	အနည်းဆုံးရင်းနှီးမြှုပ်နှံရမည့်ပမာဏ
တိုင်းရင်းဆေးဝါးထုတ်လုပ်သည့်လုပ်ငန်း	အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀
ခေတ်မီဆေးဝါးထုတ်လုပ်သည့်လုပ်ငန်း	အမေရိကန်ဒေါ်လာ ၁,၀၀၀,၀၀၀

ကမ္ဘောဒီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် ရရှိခံစားနိုင်သည့် နှစ်အပိုင်းအခြားကို အစပျိုးနှစ် + ၃ နှစ် + N နှစ် ဟူသော ပုံသေနည်းအတိုင်း တွက်ချက်ရမည်ဟု ဖော်ပြထားသည်။[123] အစပျိုးနှစ်ဆိုသည့် ရင်းနှီးမြှုပ်နှံမှု၏ ဝင်ငွေစတင် ရရှိ သည့် နှစ်နောက်ပိုင်း ၃ နှစ်နှင့် အမြတ်ငွေ စတင်ရရှိသည့် ပထမနှစ်အနက် ပိုစောသောနှစ်ကို ဆိုလိုပြီး N နှစ်ဆိုသည်မှာ ကမ္ဘောဒီးယားနိုင်ငံ၏ ငွေကြေးစီမံခန့်ခွဲမှုဥပဒေတွင် ဖော်ပြထားသော နှစ်အပိုင်းအခြားကို ဆိုလိုသည်ဟု ဖော်ပြထားရာ N နှစ်နှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၅ သန်းအောက်ဖြစ်ပါက N နှစ်သည် သုညဖြစ်ပြီး ၅ သန်းမှ သန်း ၂၀ အတွင်းသည် ၁ နှစ်ဖြစ်ကာ သန်း ၂၀ ထက်ကျော်လွန်ပါက N နှစ်သည် ၂ နှစ် ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။[၁၂၄] သို့ဖြစ်ပါ၍ ကမ္ဘောဒီးယားနိုင်ငံတွင် ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် ရရှိနိုင်သော အများဆုံးနှစ်အပိုင်းအခြားမှာ ၉ နှစ်ဖြစ်ပြီး အနည်းဆုံးရရှိနိုင်သော နှစ်အပိုင်းအခြားမှ ၄ နှစ်ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘောဒီးယားနိုင်ငံ၏ ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပေးသည့်စနစ်တွင်လည်း ရင်းနှီးမြှုပ်နှံမှု ပိုမိုကြီးမားပါက ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် ပိုမိုရရှိမည့် ပုံစံမျိုးပေးအပ်လျက်ရှိသည်ကို တွေ့ရှိနိုင်ပါသည်။

အရင်းအမြစ် - http://www.cambodiainvestment.gov.kh/investment-scheme/investment-incentives.html॥

[၁၂၂] Cambodia Investment Guidebook – 2013.

[၁၂၃] Law on Investment of the Kingdom of Cambodia – 1944.

[၁၂၄] Law on Financial Management of Kingdom of Cambodia – 2019.

ဖြစ်ရပ်လေ့လာချက်

လာအိုနိုင်ငံ၏ ကျန်းမာရေးကဏ္ဍနှင့်သက်ဆိုင်သောလုပ်ငန်းများအတွက် ဝင်ငွေခွန်ဆိုင်ရာကင်းလွတ်ခွင့်၊ သက်သာခွင့်ဆိုင်ရာခံစားခွင့်များ

လာအိုနိုင်ငံတွင်း၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်လုပ်ငန်းများအားလုံးကို ဖွံ့ဖြိုးမှုဇုန်အမျိုးအစား (၂) ခုခွဲခြား၍ ဝင်ငွေခွန်၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ပေးအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံနည်းတူ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့် လုပ်ငန်းကဏ္ဍများ သတ်မှတ်ဖော်ထုတ်ထားရာ ဆေးဝါးထုတ်လုပ်ခြင်း၊ ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်ခြင်းနှင့် တိုင်းရင်းဆေးဝါးလုပ်ငန်းတို့သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့် လုပ်ငန်းကဏ္ဍများတွင် ပါဝင်လျက်ရှိပါသည်။[၁၂၅] အဆိုပါဦးစားပေးကဏ္ဍများ၌ ပါဝင်သည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းအတွက် ထပ်ဆောင်းဝင်ငွေခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်များကိုပါ ပံ့ပိုးပေးသည့်အတွက် စုစုပေါင်းရရှိနိုင်မည့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

လာအိုနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းအတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့် ပေးအပ်နေမှုခြေအနေ

ဇုန်	ဝင်ငွေခွန် ကင်းလွတ်ခွင့် သက်သာခွင့်	ထပ်ဆောင်းဝင်ငွေခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်
ဇုန် (၁) - (ဆင်းရဲနွမ်းပါး၍ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု မရှိသေးသည့် နေရာဒေသများ)	၁၀ နှစ်	၅ နှစ် (စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအတွက်)
ဇုန် (၂) - (ဖွံ့ဖြိုး၍ ရင်းနှီးမြှုပ်နှံမှုအတွက် အခြေခံအဆောက်အအုံ တိုးတက်ပြီးနေရာဒေသများ)	၄ နှစ်	၃ နှစ် (စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအတွက်)

ထို့ကြောင့် လာအိုနိုင်ငံတွင် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းများအတွက် အများဆုံးရရှိနိုင်မည့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ကာလမှာ ၁၅ နှစ် ဖြစ်၍ အနည်းဆုံးရရှိခံစားနိုင်သည့် ကင်းလွတ်ခွင့်၊ သက်သာခွင့်ကာလမှာ ၇ နှစ်ဖြစ်ပါသည်။

အရင်းအမြစ် - http://investlaos.gov.la/why-laos/incentive/။

၂၇၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျန်းမာရေးဆက်စပ်ပစ္စည်းထုတ်လုပ်သည့် မြန်မာနိုင်ငံသားကုမ္ပဏီ (၂) ခုနှင့် နိုင်ငံခြားကုမ္ပဏီ (၅) ခုကို ခွင့်ပြုပေးခဲ့ပါသည်။ ထို့ပြင် ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း ကျန်းမာရေးသုံးပစ္စည်းများ ပြတ်လပ်မှုမရှိစေရန်အတွက် CMP စနစ်ဖြင့် လုပ်ငန်းအမျိုးမျိုး ဆောင်ရွက်နေသည့်ကုမ္ပဏီများအား ကိုဗစ် - ၁၉ ကာကွယ်ကုသရန် လိုအပ်သည့် ပစ္စည်းများဖြစ်သော Mask နှင့် PPE များကို မူလလုပ်ငန်းတည်နေရာတွင် ထုတ်ကုန်တိုးမြှင့်သည့်အနေဖြင့် ထုတ်လုပ်ရောင်းချရန် ဖြေလျှော့ပေးခဲ့ပါသည်။ Mask နှင့် PPE များ

[125] http://investlaos.gov.la/why-laos/incentive/

တိုးချဲ့ထုတ်လုပ်ရန်အတွက် အောက်ပါလုပ်ငန်းများတွင် နိုင်ငံခြားကုမ္ပဏီ ၁၀ ခု နှင့် မြန်မာနိုင်ငံသားကုမ္ပဏီ ၁ ခု တို့ကို ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်[၁၂၆]-

(က) ဆေးဝါးသုံးအရက်ပြန် ဖျော်စပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း။

(ခ) ဆေးရုံသုံးသံထည်ကုတင်ရောင်းချခြင်းလုပ်ငန်း။

(ဂ) ဆေးဂွမ်းနှင့် ဆေးပတ်တီးလိပ် စသည့်ကျန်းမာရေးသုံးပစ္စည်း ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း။

(ဃ) ခွဲစိတ်ခန်းသုံး (တစ်ခါသုံး) ဝတ်စုံနှင့် ကျန်းမာရေးသုံးဆက်စပ်ဝတ်စုံများ ထုတ်လုပ်ခြင်းလုပ်ငန်း။

(င) ကိုဗစ် - ၁၉ ရောဂါကို ကာကွယ်ကုသရာတွင် အသုံးပြုသည့်ပစ္စည်းများဖြစ်သည့် Surgical Mask၊ PPE ဝတ်စုံများထုတ်လုပ်ခြင်းလုပ်ငန်း။

ငါးဆူတောင်ဆေးဝါးစက်မှုဇုန်

၂၇၅။ နိုင်ငံ၏ ပြည်တွင်းဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိသောဆေးဝါးများကို ထုတ်လုပ်နိုင်ရန်နှင့် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန်ရည်ရွယ်၍ မြန်မာ့ဆေးဝါးလုပ်ငန်းနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ **ငါးဆူတောင်ဆေးဝါးစက်မှုဇုန်** (Nga Zu Taung Pharmaceutical Complex Project) ကို အစိုးရ - ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (Public Private Partnership-PPP) စီမံကိန်းအဖြစ် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အထိ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည် (Project Bank, PB-ID-1303)။ ငါးဆူတောင်ဆေးဝါးစက်မှုဇုန်တွင် ဆေးဝါးကုန်ကြမ်းစက်ရုံ (Active Pharmaceutical Ingredient Plant)၊ ကင်ဆာရောဂါကုစက်ရုံ၊ ဆေးပြား၊ ဆေးတောင့်ထုတ်စက်ရုံ၊ ထိုးဆေးထုတ်စက်ရုံ၊ သွေးကြောသွင်းဆေးများထုတ်လုပ်သည့်စက်ရုံ၊ ဆေးဝါးသုံးပစ္စည်းများထုတ်လုပ်သည့်စက်ရုံတို့ ပါဝင်မည်ဖြစ်သည်။

၂၇၆။ အဆိုပါဆေးဝါးစက်မှုဇုန်ကို တည်ဆောက်ပြီးစီးပါက ပြည်တွင်းဆေးဝါး ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းခန့် တိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်ပြီး နိုင်ငံခြားမှ ဆေးဝါးတင်သွင်းမှု အမေရိကန်ဒေါ်လာသန်းပေါင်း ၂၀၀ ခန့် သက်သာလာမည်ဖြစ်သည်။ ထို့ပြင် တည်ဆောက်ရေးကာလအတွင်း ပြည်တွင်းအလုပ်အကိုင် ၅၀၀၀ ခန့်နှင့် လုပ်ငန်းများ စတင်လည်ပတ်ချိန်

[၁၂၆] ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (၂၀၂၁)။

တွင် အလုပ်အကိုင် ၇၀၀ ခန့် ဖန်တီးပေးနိုင်ခြင်း၊ မြန်မာနိုင်ငံတွင် ပထမဆုံးဆေးဝါးကုန်ကြမ်းထုတ်လုပ်မှုစတင်ဆောင်ရွက်နိုင်ခြင်း၊ ပြည်ပသွင်းကုန်အစားထိုးနိုင်ခြင်း၊ ပြည်တွင်းဆေးဝါးထုတ်လုပ်မှု နည်းပညာတိုးမြှင့်နိုင်ခြင်းတို့ကြောင့် နိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

ကုန်သွယ်မှု

၂၇၇။ မြန်မာနိုင်ငံ၏ ဆေးဝါးကဏ္ဍသည် သွင်းကုန်များပေါ်တွင် အဓိကအားထားနေရပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သွင်းကုန်ဆိုင်ရာအချက်အလက်များအရ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာထုတ်ကုန်များ၏ ၈၅ ရာခိုင်နှုန်းကို နိုင်ငံခြားဈေးကွက်များမှ တင်သွင်းနေရပါသည်။ မြန်မာနိုင်ငံ၏ ဆေးဝါးထုတ်ကုန်များ တင်သွင်းမှုတန်ဖိုးသည် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၂၃.၇၁ သန်းရှိရာမှ ကမ္ဘာ့တစ်ဝန်း၌ ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဆေးဝါးများနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လိုအပ်ချက်များပြားလာသဖြင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် သွန်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၇၈.၂၃၆ သန်းအထိ မြင့်တက်ခဲ့ပါသည်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇွန်လ) အတွင်း သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၉၇.၄၅၉ သန်းခန့်ရှိပါသည်။

ဇယား (၃ - ၁၁)။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇူလိုင်လ) အတွင်း နိုင်ငံအလိုက် ဆေးဝါးများ တင်သွင်းခဲ့သည့် သွင်းကုန်တန်ဖိုး

စဉ်	နိုင်ငံ	သွင်းကုန်တန်ဖိုး (US$ in million)	စုစုပေါင်း၏ ရာခိုင်နှုန်း
၁။	အိန္ဒိယနိုင်ငံ	၁၈၄.၉၁	၄၆.၃၂
၂။	အင်ဒိုနီးရှားနိုင်ငံ	၂၈.၉	၇.၂၄
၃။	ကိုရီးယားနိုင်ငံ	၂၈.၇၉	၇.၂၁
၄။	ပြင်သစ်နိုင်ငံ	၂၇.၁၁	၆.၇၉
၅။	ထိုင်းနိုင်ငံ	၂၇.၀၅	၆.၇၈
၆။	ဂျာမနီနိုင်ငံ	၂၆.၅၂	၆.၆၄
၇။	ဘယ်လ်ဂျီယံနိုင်ငံ	၁၆.၉	၄.၂၃
၈။	တရုတ်နိုင်ငံ	၁၂.၂	၃.၀၆
၉။	ဗီယက်နမ်နိုင်ငံ	၈.၂၃	၂.၀၆
၁၀။	အမေရိကန်နိုင်ငံ	၆.၃၃	၁.၅၉
၁၁။	နယ်သာလန်နိုင်ငံ	၆.၂၈	၁.၅၇
၁၂။	ဂျပန်နိုင်ငံ	၄.၆၅	၁.၁၆
၁၃။	ဖိလစ်ပိုင်နိုင်ငံ	၄.၁၇	၁.၀၄
၁၄။	မလေးရှားနိုင်ငံ	၃.၅၅	၀.၈၉
၁၅။	အခြား ၇ နိုင်ငံ	၁၃.၅၃	၃.၃၉
	စုစုပေါင်း	**၃၉၉.၂၄**	**၁၀၀**

အရင်းအမြစ် - ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၂၇၈။ ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာသွင်းကုန်များ၏ ၄၆ ရာခိုင်နှုန်းခန့်ကို အိန္ဒိယနိုင်ငံမှ အဓိကတင်သွင်းနေရပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံမှ တင်သွင်းသည့် သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၈၄.၉၁ သန်းရှိပါသည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ (တိုင်ပေ)၊ ထိုင်းနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှလည်း တင်သွင်းလျက်ရှိပါသည်။

ဆေးနှင့် ဆေးပစ္စည်းတင်သွင်းမှုအခြေအနေ


၂၇၉။ ပြည်တွင်းဆေးဝါးလိုအပ်ချက်အရ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဆေးဝါးနှင့် ဆေးပစ္စည်းများကို တင်သွင်းမှုသည် နှစ်စဉ်မြင့်တက်ခဲ့ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ကိုဗစ် - ၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ဆေးဝါးနှင့် ဆေးပစ္စည်းတင်ပို့မှုသည် သိသိသာသာမြင့်တက်ခဲ့ပါသည်။ ပြည်တွင်းလိုအပ်ချက်အရ နှစ်စဉ်ဆေးဝါးနှင့် ဆေးပစ္စည်းအမျိုးအစားပေါင်း ၅၀၀၀ နီးပါးကို ပြည်ပမှ ဝယ်ယူနေရခြင်းဖြစ်ပါသည်။ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် (ဇွန်လ) အထိ ပြည်ပနိုင်ငံများမှ ဆေးနှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ဇယား (၃ - ၁၂)။ နှစ်အလိုက် ဆေးနှင့် ဆေးပစ္စည်းတင်သွင်းမှု

စဉ်	ဘဏ္ဍာနှစ်	သွင်းကုန်ပမာဏ (US$ in Million)
၁။	၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်	၂၂၅.၇၉၄
၂။	၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်	၂၇၁.၇၅၂
၃။	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်	၂၅၁.၃၃
၄။	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်	၃၅၃.၂၆၄
၅။	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်	၂၈၀.၃၁၉
၆။	၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်	၄၀၄.၁၉၆
၇။	၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်	၅၃၁.၁၂၂
၈။	၂၀၁၈ ခုနှစ် (မီနီဘတ်ဂျက်)	၂၈၈.၅၃၂
၉။	၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်	၆၂၃.၇၁
၁၀။	၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်	၆၇၈.၂၃၆
၁၁။	၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇွန်လအထိ)	၃၉၇.၄၅၉
စုစုပေါင်း		**၄၃၀၅.၇၁၄**

အရင်းအမြစ် - ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (၂၀၂၁)။

ပုံပြဂရပ် (၃ - ၁၀)။ နှစ်အလိုက် ဆေးနှင့် ဆေးပစ္စည်းတင်သွင်းမှု



အရင်းအမြစ် - ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (၂၀၂၁)။

ကိုဗစ် - ၁၉ ကပ်ရောဂါအတွက် ပြည်ပမှ ကုန်ကြမ်းတင်သွင်းရန်လိုအပ်ချက်

၂၈၀။ ၂၀၂၁ ခုနှစ် ဇွန်လမှစ၍ ကိုဗစ် - ၁၉ တတိယလှိုင်းရိုက်ခက်မှုကြောင့် နိုင်ငံအတွင်း ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးနှင့် ကုသဆေးများအတွက် ဆေးဝါးသုံးစွဲမှု မြင့်တက်လာသည်နှင့်အမျှ နိုင်ငံတော်ပိုင်စက်ရုံ (၂) ရုံနှင့် ပုဂ္ဂလိုပိုင် စက်ရုံ (၅) ရုံတို့က ကိုဗစ် - ၁၉ ရောဂါကုသဆေးဝါများကို ထုတ်လုပ်နေသော်လည်း ကိုဗစ် - ၁၉ ကပ်ရောဂါ ကုသရန်အတွက် အဓိကလိုအပ်သည့် Cough Syrup (100 ml) ဆေး၊ Azithromycin 500၊ Dexamethasone Tab နှင့် Dexamethasone Injection ဆေးဝါးများထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပြတ်လပ်မှုဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ပမှ တင်သွင်းရန် လိုအပ်လာပါသည်။ ထို့ပြင် Amoxicillin + Clavu 375mg/625 mg၊ Azithromycin 500 mg၊ Amoxicillin + Clavu 1.2 G Inj၊ Cefoperazone + Sulbactam 1 G inj၊ Imipenem 1 G၊ Mepropenem 1 G Inj၊ Favipiavir 400 mg နှင့် Remdesivir 100mg Inj တို့ကိုလည်း ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်း မရှိသည့်အတွက် ပြည်ပမှ တင်သွင်းရန် လိုအပ်လာခြင်းဖြစ်ပါသည်[၁၂၇]။

[၁၂၇] Dr Aung Zaw, Power Point Presentation, Drugs need to be produced and imported for COVID-19 in August, 2021.

ဆေးနှင့် ဆေးပစ္စည်းတင်ပို့မှုအခြေအနေ

၂၈၁။ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းဆေးဝါးစက်ရုံများမှ ထုတ်လုပ်သည့် ဆေးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများကို ပြည်ပနိုင်ငံများသို့လည်း တင်ပို့လျက်ရှိရာ တူရကီ၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၉ နိုင်ငံသို့ ၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံအလိုက် ဆေးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းတင်ပို့ခဲ့မှုအခြေအနေကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်[၁၂၈]-

ဇယား (၃ - ၁၃)။ နိုင်ငံအလိုက် ဆေးနှင့်ဆေးဘက်ဆိုင်ရာပစ္စည်းများ တင်ပို့ခဲ့မှုအခြေအနေ

စဉ်	နိုင်ငံ	၂၀၁၆ ခုနှစ်	၂၀၁၇ ခုနှစ်	၂၀၁၈ ခုနှစ်	၂၀၁၉ ခုနှစ်	၂၀၂၀ ပြည့်နှစ်
		(အမေရိကန်ဒေါ်လာသန်းပေါင်း)				
၁။	တူရကီနိုင်ငံ	၀	၀	၀	၀	၂၇၇
၂။	မလေးရှားနိုင်ငံ	၁၅	၆၆	၇၃	၃၅	၃၉
၃။	စင်ကာပူနိုင်ငံ	၈၃	၂	၈	၂၂	၂၆
၄။	ကူဝိတ်နိုင်ငံ	၀	၀	၂၂	၇၉	၃၆
၅။	ဘင်္ဂလားဒေ့ရှ်နိုင်ငံ	၃၀	၁	၁၄	၀	၂၃
၆။	ဂျပန်နိုင်ငံ	၀	၁၇	၄၀	၀	၀
၇။	ကနေဒါနိုင်ငံ	၄၅	၀	၀	၀	၀
၈။	ယူအေအီးနိုင်ငံ	၂၈	၀	၀	၀	၀
၉။	ပါကစ္စတန်နိုင်ငံ	၀	၂၅	၀	၀	၀
၁၀။	တရုတ်နိုင်ငံ	၀	၁	၆	၁	၁၅
၁၁။	ဟောင်ကောင်	၀	၀	၀	၀	၁၇
၁၂။	အမေရိကန်နိုင်ငံ	၀	၀	၁	၉	၅
၁၃။	လူဇီးယားနိုင်ငံ	၀	၀	၀	၀	၈
၁၄။	ရုရှားနိုင်ငံ	၀	၀	၈	၀	၀
၁၅။	ဩစတြေးလျနိုင်ငံ	၀	၀	၁	၁	၃
၁၆။	အိန္ဒိယနိုင်ငံ	၅	၀	၀	၀	၀
၁၇။	ထိုင်းနိုင်ငံ	၀	၀	၄	၀	၀
၁၈။	ကိုရီးယားနိုင်ငံ	၁	၀	၂	၀	၀
၁၉။	ကမ္ဘောဒီးယားနိုင်ငံ	၀	၀	၁	၀	၀
စုစုပေါင်း		၂၀၇	၁၁၂	၁၈၀	၁၄၇	၄၄၉

အရင်းအမြစ် - International Trade Center, Trade Map Database, (data extracted September 5, 2021), https://www.trademap.org။

[၁၂၈] International Trade Center, Trade Map Database.

မြန်မာနိုင်ငံ၏ ဆေးဝါးဈေးကွက်အခြေအနေ

၂၈၂။ မြန်မာနိုင်ငံ၏ ပြည်တွင်းဆေးဝါးထုတ်လုပ်မှု နည်းပါးသည့်အတွက် မြန်မာ့ဆေးဝါးဈေးကွက်သည် ပြည်ပမှ တင်သွင်းမှုအပေါ် များစွာမှီခိုနေရပြီး ဆေးဝါးလိုအပ်ချက်အရ ဆေးဝါးဈေးကွက်၏ ၈၅ ရာခိုင်နှုန်းသည် ပြည်ပမှ တင်သွင်းမှုများဖြစ်ပြီး အိန္ဒိယနိုင်ငံသည် စုစုပေါင်းတင်သွင်းမှု၏ ၄၅ ရာခိုင်နှုန်းကို နေရာယူထားပါသည်။ အိန္ဒိယနိုင်ငံမှ ဆေးများသည် အခြားနိုင်ငံများမှ ဆေးများနှင့်နှိုင်းယှဉ်ပါက ဈေးသက်သာသည့်အတွက် နိုင်ငံတွင်း၌ အသုံးများခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ ၂၀၁၇ ခုနှစ် မတ်လအထိ ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် ဆေးပစ္စည်းရောင်းချသည့် ပြည်တွင်းကုမ္ပဏီ ၁၁၆၃ ခု၊ နိုင်ငံခြားကုမ္ပဏီ ၂၆ ခုနှင့် ဆေးဆိုင် ၃၂၁၄ ဆိုင်ရှိပြီး ဆေးနှင့် ဆေးပစ္စည်းများ၏ ၆၀ ရာခိုင်နှုန်းကို ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် အဓိကထားဖြန့်ဖြူးရောင်းချခြင်းဖြစ်ပါသည်။ နိုင်ငံတွင်းရှိ ဆေးနှင့် ဆေးပစ္စည်းထုတ်လုပ်မှုဈေးကွက်ကို အဓိက ဦးဆောင်နေသော ဆေးဝါးဖြန့်ဖြူးရောင်းချသည့် နိုင်ငံခြားကုမ္ပဏီများမှာ DKSH Business Unit Healthcare၊ Maxxcare၊ GE Healthcare၊ Sun pharmaceuticals၊ Dr. Reddy၊ Cipla နှင့် Ranbaxy တို့ဖြစ်ပြီး ပြည်တွင်းကုမ္ပဏီများမှာ Fame pharmaceutical၊ San Lwin Trading Company၊ AA medical product၊ GETZ Pharma limited နှင့် TAJ Pharma limited တို့ ဖြစ်ကြပါသည်။ (Maung, 2019)

၂၈၃။ မြန်မာနိုင်ငံ၏ တိုးတက်လာသည့် ဆေးနှင့် ဆေးပစ္စည်းဈေးကွက်နှင့်အညီ ဆေးဝါးအသုံးစရိတ်သည် ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၆၀ သန်းမှ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၄၄ သန်းအထိ မြင့်တက်လာခဲ့ပြီး BMI သုတေသနစာတမ်း (၂၀၁၇) အရ မြန်မာနိုင်ငံ၏ ဆေးဝါးဈေးကွက်သည် ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၅၆ သန်းခန့် တန်ဖိုးရှိပါသည်။ နှစ်စဉ် ၁၁ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်း အထိ တိုးတက်ခဲ့သော်လည်း မြန်မာနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်သည် အာဆီယံနိုင်ငံများတွင် အနိမ့်ဆုံးအဆင့်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နိုင်ငံ၏ ဆေးနှင့် ဆေးပစ္စည်းဈေးကွက်အတွက် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁.၁၂ ဘီလီယံအထိ သုံးစွဲသွားရန် မျှော်မှန်းထားပါသည်[၁၂၉]။

[၁၂၉] https://pharmatechexpo.org/download/BROCHURE-PHARMATECH%20MYANMAR'22.pdf.

ဖြစ်ရပ်လေ့လာချက်


ဗီယက်နမ်နိုင်ငံ၏ ဆေးဝါးအသုံးစရိတ်

Fitch Solutions ၏ ခန့်မှန်းချက်အရ ဗီယက်နမ်နိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်သည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံခန့်၊ စုစုပေါင်း ကျန်းမာရေးအသုံးစရိတ်၏ ၃၉.၁ ရာခိုင်နှုန်းရှိပြီး နိုင်ငံ GDP ၏ ၆.၆ ရာခိုင်နှုန်းရှိပါသည်။ ၂၀၂၂ ခုနှစ်တွင် နိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံ၏ ဆေးဆက်ဆိုင်ရာပစ္စည်းဈေးကွက်

ဗီယက်နမ်နိုင်ငံ၏ ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာ ဈေးကွက်သည် အာရှပစိဖိတ်ဒေသတွင် ၉ ခုမြောက် အကြီးဆုံးဈေးကွက်အဖြစ် တည်ရှိပြီး အဆိုပါဈေးကွက်ရှိ ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာ ၉၀ ရာခိုင်နှုန်းကျော်မှာ ဂျပန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ အဓိကတင်သွင်းထားခြင်းဖြစ်ပါသည်။ လက်ရှိတွင် ဗီယက်နမ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာန (MOH) ၏ ခွင့်ပြုချက်ဖြင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းအရေအတွက် ၅၀ ခန့်ရှိပြီး ၎င်းတို့သည် ပြည်တွင်းဈေးကွက်၏ ၁၀ ရာခိုင်နှုန်းရှိပါသည်။[၁၃၀] ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ဆေးဝါးဈေးကွက်တန်ဖိုးမှာ ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၆.၆ ဘီလီယံ တန်ဖိုးရှိပြီး အဆိုပါဈေးကွက်သည် ၂၀၁၇-၂၀၂၈ ခုနှစ်အတွင်း တစ်နှစ်လျှင် ပျဉ်းမျှ ၁၀ ရာခိုင်နှုန်းခန့် ဆက်လက် တိုးတက်လာမည်ဟု ခန့်မှန်းထားကြပါသည်။[၁၃၁] ဗီယက်နမ်နိုင်ငံ HCMC Medical Equipment Association ၏ ဖော်ပြချက်အရ ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် ပြည်ပမှ အမေရိကန်ဒေါ်လာ သန်း ၁၁၀၀ တန်ဖိုးရှိ ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ တင်သွင်းခဲ့ပြီး အများဆုံးတင်သွင်းသည့်ပစ္စည်းများမှာ X-ray၊ Ultrasound။ Magnetic Resonance Imaging နှင့် Computed Tomography Scanners ကဲ့သို့ ရောဂါရှာဖွေရေးနှင့် ခွဲစိတ်ခန်းတို့တွင် အသုံးပြုသည့်ပစ္စည်းများ ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆေးဝါးနှင့် ဆေးဆက်ဆိုင်ရာပစ္စည်းများ၏ ဈေးကွက်အခြေအနေ (၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်)



အရင်းအမြစ် - https://www.amchamvietnam.com/wp-content/uploads/2021/02/ENG-AmCham-Healthcare-Committee-Whitebook-25082020.pdf.

[၁၃၀] Sector Briefing Healthcare Report, http://www.ukabc.org.uk/wp-content/uploads/2019/04/Sector-Briefing-Healthcare-In-Vietnam-2019.pdf

[၁၃၁] 2020 Healthcare Committee White Book, American Chamber of Commerce Vietnam.

အသိညာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်

၂၈၄။ မြန်မာနိုင်ငံတွင် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင်လည်းကောင်း၊ မူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင်လည်းကောင်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ် မေလ ၂၄ ရက်နေ့တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ မူပိုင်ခွင့်ဥပဒေတွင် အကာအကွယ်ရရှိနိုင်သော တီထွင်မှုနှင့် အကာအကွယ်မရနိုင်သော တီထွင်မှု ၂ ရပ်လုံးကို အသေးစိတ်ဖော်ပြထားပါသည်။ မူပိုင်ခွင့်ဦးစီးဌာနကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်တွင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး အွန်လိုင်းမှတစ်ဆင့် ကုန်အမှတ်တံဆိပ်လျှောက်ထားနိုင်ရန်အတွက် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization - WIPO) က ပံ့ပိုးကူညီပေးသော အီလက်ထရောနစ် လျှောက်လွှာလက်ခံခြင်းစနစ် (WIPO FILE) ကို အသုံးပြု၍ ကုန်အမှတ်တံဆိပ်လျှောက်လွှာများကို မူပိုင်ခွင့်ဦးစီးဌာနက လက်ခံဆောင်ရွက်လျက်ရှိပါသည်။

၂၈၅။ တီထွင်မှုမူပိုင်ခွင့်ဆိုသည်မှာ တီထွင်မှုတစ်ခုကို အကာအကွယ်ပေးရန် တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ ခွင့်ပြုသည့်မူပိုင်ခွင့်ကို ဆိုပါသည်။ တီထွင်မှုမူပိုင်ခွင့်တွင် သက်ရှိများ၊ မျိုးရိုးဗီဇများ၊ ဇီဝရုပ်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ မူပိုင်ခွင့်ဥပဒေတွင် တိကျသောပြဋ္ဌာန်းချက်များ မပါရှိပါ။ ဆန်းသစ်တီထွင်၍ ထုတ်ကုန်သည့် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အသိညာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကောင်စီ၏ မူဝါဒအရ ၂၀၃၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ တီထွင်မှုမူပိုင်ခွင့် အကာအကွယ် မရရှိနိုင်သော တီထွင်မှုများအဖြစ် သတ်မှတ်ထားပါသည်။ တီထွင်မှုမူပိုင်ခွင့် အား ခွင့်ပြုပြီးပါက ယင်းတီထွင်မှုအတွက် လျှောက်လွှာတင်သွင်းသည့်နေ့မှ နှစ်ပေါင်း (၂၀) အထိ အကာအကွယ် ရရှိမည်ဖြစ်ပါသည်။ ထို့နောက် တီထွင်မှုမူပိုင်ခွင့်အား နှစ်စဉ်ထိန်းသိမ်းရန်အလို့ငှာ လျှောက်ထားသူသည် မူပိုင်ခွင့်ဌာနသို့ နှစ်စဉ်ကြေးပုံမှန်ပေးသွင်းရမည်ဖြစ်သည်။ အသေးစားတီထွင်မှုမူပိုင်ခွင့်သက်တမ်းသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့မှ ၁၀ နှစ်ဖြစ်ပါသည်။

မူပိုင်ခွင့်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ

၂၈၆။ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြည်တွင်းသက်ဆိုင်ရာအဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် အာဆီယံတီထွင်မှုမူပိုင်ခွင့်စစ်ဆေးခြင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (The ASEAN Patent

Examination Co-operation – ASPEC) သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပထမဆုံး ဒေသဆိုင်ရာတီထွင်မှုမူပိုင်ခွင့်လုပ်ငန်းခွဲဝေမှုအစီအစဉ်ဖြစ်ပါသည်။ ASPEC ၏ ရည်ရွယ်ချက်မှာ တီထွင်မှုမူပိုင်ခွင့်စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ရှုပ်ထွေးသောအဆင့်များကို လျှော့ချရန်၊ အချိန်ကုန်သက်သာစေရန်နှင့် စုံစမ်းစစ်ဆေးမှုဆိုင်ရာအရည်အသွေးများကို မြှင့်တင်ရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ အာဆီယံတီထွင်မှုမူပိုင်ခွင့်စစ်ဆေးခြင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၂၈၇။ မြန်မာနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန်နှင့် နည်းပညာလွှဲပြောင်းမှုတို့အပြင် စက်မှုဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်အတွက် မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်များ လိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကာကွယ်မှုကို ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးတိုးတက်မှု၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ခြင်းနှင့် ရေရှည်တွင် ပြည်တွင်းတီထွင်ဆန်းသစ်မှုနှင့် နည်းပညာမှုတို့ကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

တိုင်းရင်းဆေးကဏ္ဍ

၂၈၈။ ကျန်းမာရေးဝန်ကြီးဌာနက ပြုလုပ်သည့် မြန်မာနိုင်ငံလူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာအခြေခံအချက်အလက်စစ်တမ်း (၂၀၁၅ - ၂၀၁၆) အရ မြန်မာနိုင်ငံရှိ ၉၅ ရာခိုင်နှုန်းသော အိမ်ထောင်စုများသည် တိုင်းရင်းဆေးဝါးကို ယုံကြည်အားထားစွာသုံးစွဲကြကြောင်း သိရှိရပါသည်။ မြန်မာ့တိုင်းရင်းဆေးဝါးကဏ္ဍသည် အစိုးရနှင့် တိုင်းရင်းဆေးနယ်ပယ်မှ ပါဝင်ပတ်သက်သူများ၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုကြောင့် စျေးကွက်တွင် တိုးတက်ခဲ့ပြီး ယခင်အနောက်တိုင်းဆေးဝါးများ ရရှိရန် လက်လှမ်းမမှီသည့် ကျေးလက်နေပြည်သူတို့ သုံးစွဲရာမှ ယခုအခါ ခေတ်မီစူပါမားကက်များ၊ စတိုးဆိုင်များ၊ အနောက်တိုင်းဆေးခန်းနှင့် ဆေးရုံများတွင်ပါ ဝယ်ယူရရှိလာနိုင်သည့်အထိ တိုးတက်ရောက်ရှိခဲ့ပါသည်။[၁၃၂] ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ အချက်အလက်များအရ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် (ဧန်နဝါရီလအထိ) အတွင်း တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်းနှင့် လိုင်စင်ထုတ်ပေးမှုအခြေအနေကို ဇယား (၃ - ၁၄) ပါအတိုင်း တွေ့ရှိရပါသည်။[၁၃၃]

---

[၁၃၂] မြန်မာတိုင်းရင်းဆေးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ ဦးမောင်မောင်ဦး၏ မြန်မာ့တိုင်းရင်းဆေးဝါးနှင့် ပရဆေးကုန်ကြမ်းများ ပြည်တွင်း/ပြည်ပစျေးကွက်၌ ဖွံ့ဖြိုးတိုးတက်လာစေရေး စာတမ်း (၂၀၁၉)။

[၁၃၃] တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

ဇယား (၃ - ၁၄)။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်ထုတ်ပေးမှုအခြေအနေ

စဉ်	အကြောင်းအရာ	၂၀၁၆-၂၀၁၇ (ဧပြီလမှ မတ်လအထိ)	၂၀၁၇-၂၀၁၈ (ဧပြီလမှ မတ်လအထိ)	၂၀၁၈-၂၀၁၉ (ဧပြီလမှ မတ်လအထိ)	၂၀၁၉-၂၀၂၀ (ဧပြီလမှ ဇန်နဝါရီလအထိ)	စုစုပေါင်း
၁။	မှတ်ပုံတင် (အသစ်)	၁၉၈	၆၇၁	၅၄၉	၃၃၄	၁,၇၅၂
၂။	မှတ်ပုံတင် (သက်တမ်းတိုး)	၁,၀၂၆	၁,၃၈၅	၁,၆၁၉	၈၇၉	၄,၉၀၉
၃။	လိုင်စင် (အသစ်)	-	၈၅	၃၀၃	၁၀၂	၄၉၀
၄။	လိုင်စင် (သက်တမ်းတိုး) လိုင်စင်ဖြည့်စွက်	၃၁၃ ၆၀	၅၇၈ ၂၄၁	၆၄၅ ၂၉၅	၂၇၂ ၁၇၈	၁,၈၀၈ ၇၇၄
၅။	ကုန်ကြမ်းထောက်ခံချက်	၂၇၅	၃၁၈	၃၈၄	၂၆၉	၁,၂၄၆
၆။	GMP Certificate သက်တမ်းတိုး လက်မှတ်ထုတ်ပေးခြင်း	-	-	၂	-	၂

အရင်းအမြစ် - တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၂၈၉။ မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးစီမံကိန်း (Myanmar National Health Plan 2017-2021) တွင် **အရည်အသွေးမြင့်မားသော တိုင်းရင်းဆေးဝါးများထုတ်လုပ်ခြင်း**ကို ဆောင်ရွက်နိုင်ရန် ချမှတ်ထားပြီး[၁၃၄] မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ခြင်းကို အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့က ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံပိုင်တိုင်းရင်းဆေးဝါးစက်ရုံ (၂) ရုံဖြစ်သည့် ရန်ကုန်တိုင်းရင်းဆေးဝါးစက်ရုံနှင့် မန္တလေးတိုင်းရင်းဆေးဝါးစက်ရုံတို့သည် ဌာနသုံးတိုင်းရင်းဆေးဝါးနှင့် အရောင်းတိုင်းရင်းဆေးဝါးများကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ နိုင်ငံပိုင်တိုင်းရင်းဆေးရုံအပါအဝင် ဆေးရုံစုစုပေါင်း (၂၁၀) ရုံနှင့် ဆေးပေးခန်း (၄၄) ခန်းတို့အတွက် ဆေးဝါးများကို အမှန့်ပုံစံ၊ ဆေးပြားပုံစံဖြင့် အဓိကထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။ အဆိုပါဆေးဝါးစက်ရုံများမှ အရောင်းတိုင်းရင်းဆေးဝါးများကို ဆေးပြားပုံစံထုတ်လုပ်၍ ဘူးများဖြင့် ထုပ်ပိုးကာ အများပြည်သူသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ အတွင်း ဆေးပြား (၆၀၀၄၂ ဘူး) ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပါသည်။[၁၃၅]

၂၉၀။ တိုင်းရင်းဆေးပညာဦးစီးဌာန၏ အချက်အလက်များအရ နိုင်ငံပိုင်တိုင်းရင်းဆေးဝါးစက်ရုံများဖြစ်သည့် ရန်ကုန်တိုင်းရင်းဆေးဝါးစက်ရုံနှင့် မန္တလေးတိုင်းရင်းဆေးဝါးစက်ရုံတို့က ဇယား (၃ - ၁၅) တွင် ဖော်ပြထားသည့်ဆေးဝါးများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်-

---

[၁၃၄] မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)။

[၁၃၅] www.mohs.gov.mm

ဇယား (၃ - ၁၅)။ နိုင်ငံပိုင်တိုင်းရင်းဆေးဝါးစက်ရုံများက ထုတ်လုပ်လျက်ရှိသည့် ဆေးဝါးများ

စဉ်	ထုတ်လုပ်သည့်ဆေးဝါးအမျိုးအစား
၁။	အကြောဖြေဒဏ်ကြေဆေးများ
၂။	သွေးဆေး
၃။	သည်းခြေဆေး
၄။	မျက်စိအားတိုးဆေး
၅။	အမျိုးသမီးရောဂါနှင့်ပတ်သက်သောဆေးများ
၆။	အားတိုးဆေးများ
၇။	ကျောက်ကပ်ရောဂါအတွက်ဆေးများ
၈။	သွေးတိုးရောဂါအတွက်ဆေးများ
၉။	ဆီးချိုရောဂါအတွက်ဆေးများ
၁၀။	နှလုံးရောဂါနှင့်ပတ်သက်သောဆေးများ
၁၁။	အရိုးအဆစ်နှင့်ပတ်သက်သောဆေးများ

အရင်းအမြစ် - တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၂၉၁။ မြန်မာတိုင်းရင်းဆေးဥပဒေ ၂၀၁၉ အရ မြန်မာတိုင်းရင်းဆေးဝါးထုတ်လုပ်သူများသည် တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံခြင်းကို တိုင်းရင်းဆေးပညာဦးစီးဌာနသို့ တင်ပြဆောင်ရွက်ရပါသည်။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးဝါးများမှတ်ပုံတင်ခြင်းကို ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးချကာ အီလက်ထရောနစ်စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။[၁၃၆] မြန်မာတိုင်းရင်းဆေးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ အချက်အလက်များ (၂၀၂၁) အရ ပုဂ္ဂလိကကဏ္ဍတိုင်းရင်းဆေးဝါးထုတ်လုပ်မှုအနေဖြင့် ယခုအခါ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုလိုင်စင် (၃,၂၅၀) ကျော်နှင့် တိုင်းရင်းဆေးဝါးမှတ်ပုံတင် (၁၂,၀၀၀) ကျော်ကို ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနက ခွင့်ပြုခဲ့ပြီး အဆိုပါလုပ်ငန်းများအနက် ကမ္ဘာ့အဆင့်မီ GMP နှင့် ISO အဆင့် ရရှိပြီး နိုင်ငံခြားသို့ တင်ပို့ ရောင်းချနိုင်သည့် အနေအထားအထိ တက်လှမ်းနိုင်သည့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့် အဘထတိုင်းရင်းဆေးကို ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်စိစစ်ခွင့်ပြုချက်ဖြင့် ထိုင်းနိုင်ငံသို့ များစွာ တင်ပို့လျက်ရှိသည့်အပြင် ထိုင်းနိုင်ငံအတွင်း၌ပင် စက်ရုံခွဲတစ်ခု တည်ထောင်၍ ထုတ်လုပ်နိုင်မည့်အနေအထားတွင် ရောက်ရှိနေပြီဖြစ်ပါသည်။[၁၃၇]

---

[၁၃၆] www.mohs.gov.mm.

[၁၃၇] မြန်မာတိုင်းရင်းဆေးထုတ်လုပ်သူများနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌဦးမောင်မောင်ဦး၏ မြန်မာ့တိုင်းရင်းဆေးဝါးနှင့်ပရဆေးကုန်ကြမ်းများပြည်တွင်းပြည်ပစျေးကွက်၌ဖွံ့ဖြိုးတိုးတက်လာစေရေးစာတမ်း(၂၀၁၉)။

၂၉၂။ FAME Pharmaceuticals Industry Co., Ltd. ၏ အော်ဂင်းနစ်ဆေးဝါး ထုတ်လုပ်ခြင်းနှင့် ဦးသာရင်တိုင်းရင်းဆေးဝါးစက်ရုံတို့သည်လည်း GMP စံနှုန်းဖြင့် ဆေးဝါး များထုတ်လုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။[၁၃၈] ၂၀၂၁ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အချက်အလက်များအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆) နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် ရုပ်ပျိုတိုင်းရင်းဆေးဝါးထုတ်လုပ်ငန်းနှင့် FAME Pharmaceuticals Industry Co., Ltd. တို့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။[၁၃၉]

ဧယား (၃ - ၁၆)။ ပုဂ္ဂလိကတိုင်းရင်းဆေးဝါး ထုတ်လုပ်သည့်လုပ်ငန်းများက အဓိက ထုတ်လုပ်လျက်ရှိသည့်ဆေးဝါးများ

စဉ်	ထုတ်လုပ်သည့်ဆေးဝါးအမျိုးအစား	စဉ်	ထုတ်လုပ်သည့်ဆေးဝါးအမျိုးအစား
၁။	အစာအိမ်ရောဂါပျောက်ဆေး	၁၀။	အရိုးကြီးပေါင်းလိမ်းဆေး
၂။	သွေးချို၊ဆီးချိုကျဆေး	၁၁။	လေးဘက်နာပျောက်ဆေး
၃။	သွေးတိုးရောဂါပျောက်ဆေး	၁၂။	လျက်ဆား
၄။	မျက်စိအားတိုးဆေး	၁၃။	အမျိုးသမီးရောဂါအတွက်ဆေးများ
၅။	နှလုံးအားတိုးဆေး	၁၄။	သွေးသန့်ဆေး
၆။	အားတိုးဆေးများ	၁၅။	ကလေးသူငယ်နာပျောက်ဆေး
၇။	ကျောက်ကပ်ရောဂါအတွက်ဆေးများ	၁၆။	မဟာဖြေဆေး
၈။	ချောင်းဆိုးပျောက်ဆေး	၁၇။	ဒဏ်ကြေလိမ်းဆေး/ရှူဆေး
၉။	အကြောပြေဝမ်းမှန်ဆေး	၁၈။	အပူငြိမ်းဆေး

အရင်းအမြစ်- တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

ဆေးသုတေသန


၂၉၃။ သွင်းကုန်အစားထိုးအဖြစ် ဆေးဝါးနှင့် ဆေးပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ် နိုင်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ (Research and Development - R&D) သည် အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ အခြားစက်မှု လုပ်ငန်းများနှင့်နှိုင်းယှဉ်လျှင် ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများက ဆေးဝါးသစ်များကို ထုတ်လုပ်ရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသုံးစရိတ်ကို သိသိသာသာ သုံးစွဲကြပါသည်။ ၎င်းနှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး အသုံးစရိတ်သည် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံနီးပါးရှိပြီး ၂၀၁၂ ခုနှစ်

[၁၃၈] Myanmar Health System Review, Asia Pacific Observatory on Health Systems and Policies (2014).

[၁၃၉] ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

မှ ၂၀၂၆ ခုနှစ်အထိ ဆေးဝါးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာအသုံးစရိတ်ခန့်မှန်းခြေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်[၁၄၀]-

ပုံပြဂရပ် (၃ - ၁၁)။ ဆေးဝါးထုတ်လုပ်သည့်ကဏ္ဍ၏ ကမ္ဘာလုံးဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသုံးစရိတ် (အမေရိကန်ဒေါ်လာ ဘီလီယံ)



အရင်းအမြစ်-https://www.statista.com/statistics/309466/global-r-and-d-expenditure-for-pharmaceuticals/။

၂၉၄။ မြန်မာနိုင်ငံ၌ ဆေးဝါးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနက Joint Collaboration Research နှင့် Multicentric Research တို့ကို နိုင်ငံတကာတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဆောင်ရွက်လျက်ရှိသည်။ သုတေသနကျင့်ဝတ်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်ရေးနှင့်ပတ်သက်၍ ဆေးသုတေသနဦးစီးဌာန၊ သုတေသနစမ်းသပ်မှုဆိုင်ရာ ဆန်းစစ်သုံးသပ်ရေးအဖွဲ့ (Institutional Review Board) ကို ဖွဲ့စည်းပြီး ကူးစက်ရောဂါဆိုင်ရာသုတေသန၊ မကူးစက်နိုင်သည့်ရောဂါဆိုင်ရာသုတေသန၊ အာဟာရဆိုင်ရာသုတေသန၊ ကျန်းမာရေးစနစ်ဆိုင်ရာသုတေသန၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်သည့်ကျန်းမာရေးထိခိုက်မှုဆိုင်ရာသုတေသန၊ တိုင်းရင်းဆေးသုတေသန၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာသုတေသနများကို ဆန်းစစ်သုံးသပ်ဆောင်ရွက်ပေးလျက်ရှိပါသည်[၁၄၁]။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တို့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်ကို ဇယား (၃ - ၁၇) နှင့် ပုံပြဂရပ် (၃ -၁၂) တို့ဖြင့် ဖော်ပြအပ်ပါသည်။

---

[၁၄၀] https://www.statista.com/statistics/309466/global-r-and-d-expenditure-for-pharmaceuticals/


[၁၄၁] ဆေးသုတေသနဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

ဇယား (၃ - ၁၇)။ ဆေးသုတေသနဦးစီးဌာန၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် အသုံးစရိတ် (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်)

ဘဏ္ဍာနှစ်	သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအားလုံးအတွက် အသုံးစရိတ် (ကျပ်သန်း)	လုပ်ငန်းတစ်ခုအတွက် အနည်းဆုံးအသုံးပြုသည့် အသုံးစရိတ်(ကျပ်သန်း)	လုပ်ငန်းတစ်ခုအတွက် အများဆုံးအသုံးပြုသည့် အသုံးစရိတ်(ကျပ်သန်း)
၂၀၁၇ - ၂၀၁၈	၁,၀၀၀.၀၀၀	၀.၁၈၄	၃၃.၇၈၆
၂၀၁၈ (mini-budget)	၅၀၀.၀၀၀	၀.၄၀၀	၁၅.၀၀၀
၂၀၁၈ - ၂၀၁၉	၁,၃၀၀.၀၀၀	၀.၁၄၅	၂၉.၀၆၆

အရင်းအမြစ် - ဆေးသုတေသနဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

ပုံပြဂရပ် (၃ - ၁၂)။ ဆေးသုတေသနဦးစီးဌာန၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် အသုံးစရိတ် (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်)



အရင်းအမြစ် - ဆေးသုတေသနဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၂၉၅။ WHO အနေဖြင့် ဆေးဝါးထုတ်ကုန်များအတွက် ကောင်းမွန်သော သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကျင့်စဉ် (WHO Good Practices for Research and Development Facilities of Pharmaceutical Products) ကို ထုတ်ပြန်ရန် ဆောင်ရွက်လျက်ရှိပြီး[၁၄၂] အဆိုပါကျင့်စဉ်နှင့်အညီ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် ဆေးဝါးထုတ်လုပ်မှု ဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်နာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၂၉၆။ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ စီးပွားရေး

[၁၄၂] WHO good practices for research and development facilities of pharmaceutical products (Draft), July 2021.

ဖွံ့ဖြိုးတိုးတက်ရန် အမှန်တကယ်လိုအပ်၍ နိုင်ငံတော်အတွင်း ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန် စည်းကြပ်ထိုက်သော ဝင်ငွေမှ နုတ်ပယ်ခွင့် ရရှိခံစားနိုင်မည်ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆) ၏ ဥပဒေပုဒ်မ ၇၈ (ဂ) တွင် ဖော်ပြထားပါသည်။[၁၄၃] ထို့ပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ (၂၀၁၇) ၏ နည်းဥပဒေ ၁၀၂ တွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်း အထိ နုတ်ပယ်ခွင့်ပြုနိုင်သည်ဟု ဖော်ပြထားပါသည်။[၁၄၄]

ဖြစ်ရပ်လေ့လာချက်

အင်ဒိုနီးရှားနိုင်ငံ၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ပံ့ပိုးပေးမှုပုံစံ

အင်ဒိုနီးရှားနိုင်ငံတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအား ဝင်ငွေခွန်ကင်းလွတ်ခွင့် ၃၀၀ ရာခိုင်နှုန်းကို ရရှိခံစားနိုင်မည့် အစီအစဉ်တစ်ရပ်ကို ၂၀၁၉ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ပါက အောက်ပါကန့်သတ်ချက်များအတိုင်း ကင်းလွတ်ခွင့်နှင့် သက်သာခွင့်နှစ်ရပ်လုံးအတွက် စုပေါင်း၍ ၃၀၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တစ်ရပ်ရပ်ကိုလည်းကောင်း ရရှိခံစားခွင့်ရှိမည် ဖြစ်သည်[၁၄၅]-

(က) သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းအတွက် အမှန်တကယ်ကုန်ကျသောစရိတ် ၁၀၀ ရာခိုင်နှုန်း။

(ခ) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းသည် မူပိုင်ခွင့်နှင့် အပင်မျိုးကွဲဆိုင်ရာကာကွယ်ခြင်း အခွင့်အရေး (PVT Rights) ကို မှတ်ပုံတင် ထားရှိပါက အပိုနုတ်ယူ ခွင့် ၅၀ ရာခိုင်နှုန်း။

(ဂ) မူပိုင်ခွင့်နှင့် အပင်မျိုးကွဲဆိုင်ရာကာကွယ်ခြင်းအခွင့်အရေး (PVT Rights) ကို အင်ဒိုနီးရှားနိုင်ငံတွင်သာမက ပြည်ပနိုင်ငံများတွင်ပါ မှတ်ပုံတင်ထားပါက ၂၅ ရာခိုင်နှုန်း အပိုနုတ်ယူခွင့်။

(ဃ) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းမှ ရလဒ်များသည် အမှန်တကယ် စီးပွားဖြစ်လုပ်ကိုင်နိုင်သည့် အခြေအနေရောက်ရှိလာပါက ထပ်မံ ၁၀၀ ရာခိုင်နှုန်း အပိုထုတ်ယူခွင့်။

(င) အကယ်၍ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းသည် အင်ဒိုနီးရှားနိုင်ငံအစိုးရ၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းများ သို့မဟုတ် အဆင့်ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါက ၂၅ ရာခိုင်နှုန်း အပိုထုတ်ယူခွင့်။။။

အရင်းအမြစ် - https://taxnews.ey.com/news/2020-2819-indonesia-updates-tax-holiday-incentive-and-provides-guidance-for-300-percent-r-and-d-super-deduction။

---

[၁၄၃] မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)။

[၁၄၄] မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ် ၃၅/ ၂၀၁၇၊ (၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ရက်)။

[၁၄၅] https://taxnews.ey.com/news/2020-2819-indonesia-updates-tax-holiday-incentive-and-provides-guidance-for-300-percent-r-and-d-super-deduction

ဖြစ်ရပ်လေ့လာချက်

ထိုင်းနိုင်ငံ၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ပံ့ပိုးပေးမှုပုံစံ

ထိုင်းနိုင်ငံသည် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အလေးထားအားပေးမြှင့်တင်လျက်ရှိရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆောင်ရွက်ချက်တစ်ခုချင်းစီအတွက် အောက်ပါအတိုင်း ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ပံ့ပိုးပေးထားသည်ကို တွေ့ရှိရသည်-

ထိုင်းနိုင်ငံ၏ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ပေးအပ်နေသည့်အခြေအနေ

သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆောင်ရွက်ချက်	ရာခိုင်နှုန်း
ထိုင်းနိုင်ငံအတွင်း သုတေသန၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများကို In-house ပြုလုပ်ခြင်း၊ Out-source ပြုလုပ်ခြင်း သို့မဟုတ် နိုင်ငံ ရပ်ခြားမှ အဖွဲ့အစည်းများနှင့် R&D လုပ်ငန်းများ ပူးတွဲဆောင်ရွက်ခြင်း။	၃၀၀ ရာခိုင်နှုန်း
နည်းပညာနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေများတွင် လှူဒါန်းခြင်း၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများ၊ အထူးပြုသင်ကြားရေးဗဟိုဌာနများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းများ သို့မဟုတ် ထိုင်းနိုင်ငံအစိုးရ၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာအေဂျင်စီများတွင် ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BOI) ၏ ခွင့်ပြုချက် နှင့်အညီ လှူဒါန်းခြင်း။	၁၀၀ ရာခိုင်နှုန်း
ထိုင်းနိုင်ငံအတွင်း ဖော်ထုတ်သည့် နည်းပညာကို အမှန်တကယ် စီးပွားဖြစ် လုပ်ကိုင်နိုင်ရန်အတွက် ဉာဏ်ပစ္စည်းမူပိုင်ခွင့်ရယူခြင်း/မှတ်ပုံတင်ခြင်းစရိတ်များ။	၂၀၀ ရာခိုင်နှုန်း
အဆင့်မြင့်နည်းပညာလေ့ကျင့်သင်ကြားမှုများ။	၂၀၀ ရာခိုင်နှုန်း
ထိုင်းနိုင်ငံမှ ရုယ်ယာပိုင်ဆိုင်မှု ၅၁ ရာခိုင်နှုန်းရှိသည့် ဒေသတွင်းထောက်ပံ့မှုလုပ်ငန်းများအတွက် အဆင့်မြင့်နည်းပညာလေ့ကျင့်သင်ကြားမှုနှင့် နည်းပညာဆိုင်ရာအကူအညီပေးမှု။	၂၀၀ ရာခိုင်နှုန်း
ထိုင်းနိုင်ငံအတွင်း In-house သို့မဟုတ် Out-source ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့မှ ခွင့်ပြုသည့် ထုတ်ကုန်နှင့် ထုပ်ပိုးမှုဒီဇိုင်း။	၂၀၀ ရာခိုင်နှုန်း

ထို့ပြင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်မှုအတွက် ထပ်မံ၍ ဝင်ငွေခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်ကို ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်မှုကုန်ကျစရိတ်အပေါ် မူတည်၍ အများဆုံးသုံးနှစ်အထိ အောက်ပါသတ်မှတ်ချက်များအတိုင်း ပံ့ပိုးပေးလျက်ရှိပါသည်-

ထိုင်းနိုင်ငံ၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် ထပ်မံပေးအပ်မှုအခြေအနေ

သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ထည့်ဝင်မှုပမာဏ	ရရှိနိုင်မည့် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်နှစ်အပိုင်းအခြား
ရင်းနှီးမြှုပ်နှံမှု၏ ၁ ရာခိုင်နှုန်း သို့မဟုတ် ဘတ်သန်း ၂၀၀ ထက်မနည်းသော ပမာဏအနက် ပို၍ နည်းသောပမာဏ။	၁ နှစ်
ရင်းနှီးမြှုပ်နှံမှု၏ ၂ ရာခိုင်နှုန်း သို့မဟုတ် ဘတ်သန်း ၄၀၀ ထက် မနည်းသော ပမာဏအနက် ပို၍ နည်းသောပမာဏ	၂ နှစ်
ရင်းနှီးမြှုပ်နှံမှု၏ ၃ ရာခိုင်နှုန်း သို့မဟုတ် ဘတ်သန်း ၆၀၀ ထက် မနည်းသော ပမာဏအနက် ပို၍ နည်းသောပမာဏ	၃ နှစ်

အရင်းအမြစ် - A Guide to The Board of Investment 2020, Thailand Board of Investment။

၂၉၇။ ထို့ကြောင့် မြန်မာနိုင်ငံ၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအပေါ်တွင် ပေးအပ်လျက်ရှိသော အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များသည် အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့က ပံ့ပိုးပေးနေမှုနှင့်နှိုင်းယှဉ်ပါက နည်းပါးနေပြီး သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း

များ၏ လုပ်ဆောင်ချက်များအပေါ် မူတည်၍ ထပ်ပေါင်းပေးအပ်သည့်ခံစားခွင့်များကို ပံ့ပိုးပေးထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများထုတ်လုပ်မှု လုပ်ငန်းများကို အထိရောက် ဆုံးဆွဲဆောင်လိုပါက ၎င်းတို့အတွက် ပေးအပ်သည့် ခံစားခွင့်များကို ပိုမိုမြှင့်တင်ပေးအပ်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်သည့် နည်းလမ်းတစ်ရပ်ပင် ဖြစ်ပါသည်။

FAME Pharmaceuticals Industry Co., Ltd. ကို Case Study အဖြစ် လေ့လာခြင်း

ယေဘုယျဖော်ပြချက်

၂၉၈။ ပြည်တွင်းဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများအနေဖြင့် FAME Pharmaceuticals Industry Co., Ltd. (FAME ဆေးဝါးထုတ်လုပ်ရေး) သည် အရည်အသွေးမြင့်မားသည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ရာနှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် အပင်ကို အခြေခံသည့် နိုင်ငံတကာအဆင့်မီအော်ဂဲနစ်ဆေးဝါးများကို ထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်၍ အောင်မြင်မှုရရှိနေသည့် လုပ်ငန်းဖြစ်ပါသည်။ Fame Pharmaceuticals Industry Co., Ltd. သည် ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ် မနသ-၀၀၂/၂၀၁၁(ယာယီ) (၂၉-၁၂-၂၀၁၁) ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန်(၃)၊ မြေကွက်အမှတ် (၁၉-ခ၊၂၀) ရှိ မြေ (၂.၈၅၂) ဧကတွင် ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းစတင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ် မနသ-၁၁၂၆/၂၀၁၆ (၁၇-၂-၂၀၁၆) ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိခဲ့ပြီး စီးပွားဖြစ်စတင်ခဲ့ပါသည်။ လက်ရှိတွင် အော်ဂဲနစ်တိုင်းရင်းဆေးဝါး ၁၀၇ မျိုးအတွက် ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ရရှိထားပြီး ပြည်တွင်းပြည်ပဈေးကွက်သို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။[၁၄၆]

ဇယား (၃ - ၁၈)။ FAME Pharmaceuticals Industry Co., Ltd. ၏
ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက်အလက်များ

FAME Pharmaceuticals Industry Co., Ltd.			
၁။	ရင်းနှီးမြှုပ်နှံမှုပမာဏ	-	စုစုပေါင်း ကျပ် ၅,၄၂၅.၇၇ သန်း
၂။	ရင်းနှီးမြှုပ်နှံမှုပုံစံ	-	ရာနှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
၃။	စီးပွားဖြစ်စတင်သည့်နေ့	-	၂၃-၅-၂၀၁၆
၄။	အလုပ်အကိုင်ဖန်တီးပေးမှု	-	ပြည်တွင်း၀န်ထမ်း ၃၆၂ ဦး

အရင်းအမြစ် - ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ။


ထုတ်လုပ်သည့်ဆေးဝါးအမျိုးအစားများ

၂၉၉။ FAME မှ ထုတ်လုပ်သည့်ဆေးဝါးများမှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ သွေးနှင့်ပတ်သက်သောရောဂါများအတွက် အားဖြည့်ဆေးဝါးများ၊ အရိုးအဆစ်ရောဂါဆေးများ၊ အသက်ရှူလမ်းကြောင်းကျန်းမာရေးဆိုင်ရာဆေးများ၊ ဆီးနှင့်ပတ်သက်သော ရောဂါများအတွက် ဆေးဝါးများ၊ သဘာဝအားဖြည့်ဆေး၊ ဦးနှောက်အားဖြည့်ဆေးများ၊

[၁၄၆] ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မျက်လုံးအားဖြည့်ဆေး၊ အစာခြေစနစ်အတွက် ဆေးများ၊ ဆံပင်အားဖြည့်ဆေး၊ ပျားရည်နှင့် ပျားဝတ်မှုန်ဖြည့်စွက်အားဆေးများ၊ ကိုယ်ခံအားကို ထောက်ပံ့ပေးသောဆေးများ၊ အသား အရည်ထိန်းသိမ်းခြင်းအတွက် သဘာဝဆေးများ၊ ခံတွင်းနှင့် သွားကျန်းမာရေးအတွက် ဆေးဝါးများ၊ အမျိုးသမီးရောဂါများအတွက် ဆေးဝါးများကို ထုတ်လုပ်လျက်ရှိပါသည်။ ထုတ်လုပ်ရောင်းချလျက်ရှိသော ရောဂါအမျိုးအစားအလိုက်ဆေးဝါးများကို ပုံပြဂရပ် (၃ - ၁၃) တွင် ဖော်ပြထားပါသည်[၁၄၇]။

ပုံပြဂရပ် (၃ - ၁၃)။ ထုတ်လုပ်ရောင်းချလျက်ရှိသော ဆေးဝါးအမျိုးအစားအုပ်စုများ



ထုတ်လုပ်မှုနှင့် ပြည်တွင်းပြည်ပဖြန့်ဖြူးမှု

၃၀၈။ ဆေးဝါးများ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် စက်ပစ္စည်း၊ ဝန်ထမ်းအင်အား၊ ကုန်ကြမ်း အချိန်မှီရရှိမှုအပေါ် မူတည်၍ အလုပ်ချိန်အဆိုင်း (၂) ဆိုင်း သို့မဟုတ် (၃) ဆိုင်းထိ သတ်မှတ်ကာ ထုတ်လုပ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း FAME ဆေးဝါးထုတ်လုပ်ရေး၏ ထုတ်လုပ်မှုနှင့် ပြည်တွင်းပြည်ပဖြန့်ဖြူးမှုအခြေအနေကို ဇယား (၃ - ၁၉) ဖြင့်လည်းကောင်း၊ ရောဂါအမျိုးအစားအလိုက် ထုတ်လုပ်ရောင်းချခဲ့သည့်ဆေးဝါးများကို ဇယား (၃ - ၂၀) ဖြင့်လည်းကောင်း ဖော်ပြအပ်ပါသည်[၁၄၈]။

ဇယား (၃ - ၁၉)။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ထုတ်လုပ်မှုနှင့် ပြည်တွင်း၊ ပြည်ပဖြန့်ဖြူးမှုအခြေအနေ

ထုတ်လုပ်မှု (ဆေးဘူးသန်းပေါင်း)	ပြည်တွင်းရောင်းချမှု		ပြည်ပတင်ပို့မှု	
	အရေအတွက် (ဆေးဘူးသန်းပေါင်း)	ပမာဏ ကျပ်(သန်း)	အရေအတွက် (ဆေးဘူးသန်းပေါင်း)	ပမာဏ ကျပ်(သန်း)
၃.၈၇	၂.၉၁	၁၂၃၈၉.၀၃	၀.၀၅	၁၉၅၅.၉၆

အရင်းအမြစ် - FAME Pharmaceuticals Industry Co., Ltd. (၂၀၂၁)။

[၁၄၇] FAME Pharmaceuticals Industry Co., Ltd.

[၁၄၈] FAME Pharmaceuticals Industry Co., Ltd.


ဇယား (၃ - ၂၀)။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရောဂါအမျိုးအစားအလိုက် ထုတ်လုပ်ရောင်းချခဲ့သည့်ဆေးဝါးများ

စဉ်	ထုတ်လုပ်သည့်ဆေးဝါးများ	ပြည်တွင်းရောင်းချမှု		ပြည်ပသို့တင်ပို့မှု	
		အရေအတွက် (ဘူး)	တန်ဖိုး ကျပ်(သန်း)	အရေအတွက် (ဘူး)	တန်ဖိုး ကျပ် (သန်း)
၁။	Anti-Cancer Supplements	၁၆၀၄၆၈	၈၂၆၈.၁၄	၄၀၂၅	၁၆၄.၇၁
၂။	Anti-Diabetic Supplements	၄၈၇၈၈၂	၅၅၅၈.၆၁	၁၀၄၈	၃၇.၅၂
၃။	Anti-hypertensive Supplement	၃၃၄၅၂	၁၃၃၈.၀၈	၂၀၀	၆.၄၀
၄။	Antioxidant Supplements	၁၈၈၀၆၇	၇၃၃၇.၉၉	၃၈၇၅	၁၄၃.၁၉
၅။	Blood	၆၈	၃.၄၀	၀	၀.၀၀
၆။	Bone & Joint Supplements	၁၀၀၅၄၉	၄၉၂၆.၉၇	၅၄၀	၂၂.၇၆
၇။	Brain Supplements	၈၇၁၆	၁၄၁၃၄.၅၁	၂၃၂၅	၁၅၈.၁၈
၈။	Eye Supplements	၈၁၂၀၃	၄၂၉၀.၃၈	၆၂၅	၂၆.၄
၉။	Digestive Supplements	၄၃၇၇၇	၄၄၇၃.၁၀	၄၂၆၀	၂၂၀.၉၂
၁၀။	Hair	၁၇၄၅၃	၁၄၁၆.၂၀	၂၄၀၀	၁၁၁.၃၄
၁၁။	Heart Supplements	၉၃၀၈၅	၅၁၇၀.၄၂	၆၇၅	၂၈.၈
၁၂။	Honey & Bee Supplements	၁၁၄၉၄၁	၅၀၃၃.၀၆	၁၈၅၀	၁၁၀.၂၂
၁၃။	Immune Support	၄၂၅၅၇	၃၆၈၄.၇၄	၇၅၇၀	၄၀၀.၇၁
၁၄။	Kidney Support	၆၃၀၇၀၈	၃၀၆၅၁.၇၂	၁၇၂၃	၇၃.၉၇
၁၅။	Liver Support	၁၄၁၅၆၃	၈၂၄၈.၂၈	၇၅၀	၃၆
၁၆။	Men’s Health	၇၅၅၈၀	၄၈၇၇.၈၅	၅၀၅	၂၈.၄
၁၇။	Natural Antibiotics	၃၄၆၆၇	၇၈၁.၁၇	၁၀၅၂၀	၂၅၈.၈၉
၁၈။	Natural Skin Care	၃၇၇၈၅	၁၅၅၃.၉၃	၃၀၅	၁၁.၈
၁၉။	Oral Health	၁၁၀၃၉၀	၁၁၀၃.၉၀	၄၅၀	၃.၄
၂၀။	Respiratory Health	၁၆၇၄၈၈	၃၁၀၃.၁၄	၂၁၉၆	၃၄.၉၉
၂၁။	Urinary Tract Infection	၁၄၅၂၅	၁၀၁၆.၇၅	၇၅	၄.၂၀
၂၂။	Weight Management Support	၂၃၃၉၁	၁၁၆၉.၅၅	၂၀၀	၈.၀၀
၂၃။	Women’s Health	၂၉၇၃၂	၁၈၆၇.၁၇	၁၇၅	၈.၆

အရင်းအမြစ် - FAME Pharmaceuticals Industry Co., Ltd. (၂၀၂၁)။ **(မှတ်ချက် - FAME ဆေးဝါးထုတ်လုပ်ရေးမှ ထုတ်ကုန်များ၏ ဈေးနှုန်းအတိုင်းအတာမှာ အနိမ့်ဆုံး (၁၀၀) ကျပ်မှ အမြင့်ဆုံး (၂၅,၀၀၀) ကျပ်အထိ ဖြစ်ပါသည်။)**

၃၀၁။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း FAME ဆေးဝါးထုတ်လုပ်ရေးက ဆေးဝါးအမျိုးပေါင်း ၁၀၄ မျိုးကိုထုတ်လုပ်နိုင်ခဲ့ပြီး ၎င်းတို့အနက် ၉၅ မျိုးကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။ Nemoderm ၊ Nonifit Gold Russ၊ Curcumin၊ Noni Powder၊ Resveratrol၊ Ladymax၊ Noni Capsule၊ Herbicough၊ Rejuvir၊ Bee Pollen၊ Bromelain၊ Alfalfa၊ Noni Honey၊ Tomatec၊ Wheat grass Powder တို့ကို ပြည်ပသို့ အများဆုံးတင်ပို့နိုင်ခဲ့ပြီး ပုံပြဂရပ် (၃ - ၁၄) ဖြင့် ဖော်ပြအပ်ပါသည်။

ပုံပြဂရပ် (၃ - ၁၄)။ ပြည်ပသို့အများဆုံး တင်ပို့ခဲ့သည့် ဆေးဝါးအမျိုးအစားများ



အရင်းအမြစ် - FAME Pharmaceuticals Industry Co., Ltd. (၂၀၂၁)။

ပြည်ပတွင်ရုံး ခွဲဖွင့်လှစ်နိုင်မှု

၃၀၂။ FAME ဆေးဝါးထုတ်လုပ်ရေး၏ မိတ်ဖက်လုပ်ငန်းဖြစ်သော FAME Pharma Pte Ltd. သည် ၂၀၁၅ ခုနှစ် ဧန်နဝါရီလ ၁၀ ရက်နေ့တွင် စင်ကာပူနိုင်ငံ၊ ပင်နီဇူလားပလာဇာ (၄) လွှာရှိ ဆိုင်အမှတ် (၅၁) တွင် Showroom & Sale Center ကို စတင် ဖွင့်လှစ်၍ FAME ဆေးဝါးများကို ရောင်းချလျက်ရှိပါသည်။ FAME ဆေးဝါးထုတ်လုပ်ရေးမှ Exclusive Distributor အနေဖြင့် စင်ကာပူနိုင်ငံ၊ ရုရှားနိုင်ငံ၊ ကူဝိတ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် ပြင်သစ်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။

ဆေးဝါးကုန်ကြမ်းရရှိမှု

၃၀၃။ FAME ဆေးဝါးများထုတ်လုပ်မှုအတွက် လိုအပ်သည့် ကုန်ကြမ်းစုစုပေါင်းအနက် ၆၀ ရာခိုင်နှုန်းကို ပြင်ဦးလွင်ရှိ FAME Organic Pharming Project ရှိ ဆေးဖက်ဝင်အပင် ကုန်ကြမ်းများမှလည်းကောင်း၊ ၁၀ ရာခိုင်နှုန်းကို ပြည်တွင်းကုန်ကြမ်းရောင်းချသူများထံမှလည်းကောင်း ရရှိပြီး သွင်းကုန်တင်သွင်းမှုသည် ၃၀ ရာခိုင်နှုန်းဖြစ်ပါသည်။ တင်သွင်းရသော ကုန်ကြမ်းများမှာ ပြည်တွင်းစျေးကွက်တွင် မရရှိသော Capsule Shell များ၊ ဆေးပြားရိုက်ရာ

တွင် အသုံးပြုသော Excipients များဖြစ်သည့် Binders၊ Fillers နှင့် Active Herbal Medicament တို့ ဖြစ်ပါသည်။

သုတေသနဆောင်ရွက်မှု

၃၀၄။ ဆေးအာနိသင်အစွမ်းထက်မြက်၍ ဘေးဥပါဒ်ကင်းသောဆေးဝါးများကို ထုတ်လုပ်ရာတွင် သုတေသနပြုလုပ်ခြင်းသည်လည်း အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ FAME ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သောဆေးဝါးများ၏ ကျန်းမာရေးအခြေအနေအမျိုးမျိုးအပေါ် အကျိုးအာနိသင်များကို သိရှိနိုင်စေရန်အတွက် လူများ၊ တိရစ္ဆာန်များနှင့် ဓာတ်ခွဲခန်းအတွင်း စမ်းသပ်မှု စသည့် သုတေသနအမျိုးမျိုးကို ဆောင်ရွက်ပြီးမှသာ ထုတ်လုပ်ခြင်းဖြစ်ပါသည်။ ဆေးဝါးအသစ်များနှင့် လက်ရှိထုတ်လုပ်လျက်ရှိသော ဆေးဝါးများ၏ ဆေးဝါးဖော်စပ်ရေးသုတေသနများ (Formulation Research & Product Development) ကိုလည်း နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ဆေးဖက်ဝင်အပင်များတွင် ပါဝင်သော ဆေးဖက်ဝင်ဒြပ်ပေါင်းအမျိုးမျိုး၏ အာနိသင်များကို စမ်းသပ်စစ်ဆေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ FAME ဆေးဝါးများကို အသုံးပြုရာမှ ရလဒ်ကောင်းများ ထွက်ပေါ်လာသောဖြစ်စဉ်များကို စနစ်တကျ မှတ်တမ်းပြုစုထားရှိကာ အဆိုပါသုတေသနရလဒ်များကို နိုင်ငံတကာဆေးသုတေသနဂျာနယ်များတွင်လည်း ထည့်သွင်းဖော်ပြနိုင်ခဲ့ပါသည်။ သုံးစွဲသူများအနေဖြင့် FAME ဆေးဝါးများကို အသုံးပြုရာမှ ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာခဲ့လျှင် သတင်းပို့နိုင်သောစနစ် (Adverse Events Reporting System) ကို ပြုလုပ်ထားရှိပြီး စနစ်တကျမှတ်တမ်းတင်ခြင်းနှင့် ပြန်လည်ဖြေရှင်းပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် FAME ဆေးဝါးက အသုံးပြုလျက်ရှိသော ဆေးဖက်ဝင်အပင်ပေါင်း (၁၂၀) ၏ မျိုးရိုးဗီဇများကို သုတေသနပြုလုပ်နိုင်ရန် စတင်ဆောင်ရွက်လျက်ရှိပါသည်။

FAME Pharmaceuticals Industry Co., Ltd. ၏ အခက်အခဲများနှင့် စိန်ခေါ်မှုများ

၃၀၅။ ပြည်ပမှ ဆေးဝါးတင်သွင်းရာတွင် ပေးဆောင်ရသည့်အခွန်အခသည် ၁.၅ ဖြစ်သော်လည်း ပြည်တွင်းထုတ်လုပ်မှုအတွက် လိုအပ်သော ဆေးဝါးကုန်ကြမ်းများ တင်သွင်းရာတွင် HS Code ပေါ် မူတည်၍ ၃ - ၇.၅ ရာခိုင်နှုန်းအထိ ပေးဆောင်နေရသည့်အတွက် ပြည်ပမှ တင်သွင်းသောဆေးဝါးများနှင့် စျေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းတွင် အခက်အခဲဖြစ်ပါသည်။ ဆေးဝါးထုတ်လုပ်ရေးအတွက် လိုအပ်သော Good Manufacturing Practices (GMP) လက်မှတ်၊ Product Registration Renewal၊ ကုန်ကြမ်းထောက်ခံမှုနှင့် Certificate of Free Sale များကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ကြိုတင်ဆောင်ရွက်သော်လည်း အချိန်မှီ

မရရှိသည့်အတွက် ပြည်ပသို့ ဆေးဝါးတင်ပို့မှုနှင့် ကုန်ကြမ်းရရှိမှု နှောင့်နှေးသည့်စိန်ခေါ်မှုများကို ကြုံတွေ့နေရပါသည်။

FAME Pharmaceuticals Industry Co., Ltd. ၏ ပြည်ပစျေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်ခဲ့သည့် အဓိကအချက်များ

၃၀၆။ FAME ဆေးဝါးထုတ်လုပ်ရေးသည် အောက်ပါအဓိကအချက်များကြောင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သည်အထိ အောင်မြင်ခဲ့သည်ကို တွေ့ရှိရပါသည်-

(က) ဆန်းသစ်တီထွင်မှုပြုလုပ်ခြင်း (Innovation) (ဥပမာ - နိုင်ငံအတွင်းအရှိ ဆေးဖက်ဝင်အပင်များကို ရှာဖွေဖော်ထုတ်၍ သိပ္ပံနည်းကျဆေးဝါးထုတ်လုပ်နိုင်ရေး စတင်ဆောင်ရွက်ခဲ့နိုင်ခြင်း)။

(ခ) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွင် ဆောင်ရွက်ခြင်း (R&D) (ဥပမာ - FAME သုတေသနဌာနခွဲကို တည်ထောင်၍ ဆေးဝါးအသစ်များနှင့် ထုတ်လုပ်လျက်ရှိသော ဆေးဝါးများ၏ ဆေးဝါးဖော်စပ်ရေးသုတေသနများ (Formulation Research & Product Development) ကိုလည်း နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိခြင်း)။

(ဂ) နည်းပညာရရှိရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်ခြင်း (ဥပမာ- ယူအက်စ်သုတေသနဖောင်ဒေးရှင်း၊ ယူကေဆေးဘက်ဝင်အပင်နှင့် ဆေးဘက်ဆိုင်ရာသုတေသနအသင်း၊ ဂျာမနီ IGV သုတေသနအဖွဲ့အစည်းကဲ့သို့သော ကမ္ဘာတဝန်းရှိ နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများနှင့်ပူးတွဲ၍ ဆောင်ရွက်ခြင်း)။

(ဃ) ဆေးဝါးထုတ်လုပ်ရန် လိုအပ်သော နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များဖြစ်သည့် GMP၊ International Standard Organization-ISO၊ ISO 9001:2015 (Quality Management System)၊ ISO 14001:2015 (Environmental Management System)၊ ISO 45001:2018 (Occupational Health and Safety Management System) နှင့် Certified USDA Organic by the Australian Organic Certified Organization တို့ဖြင့် ကမ္ဘာ့အဆင့်မီထုတ်လုပ်မှုစနစ်ဖြင့် ထုတ်လုပ်ခြင်း။

(င) ကုန်ကြမ်းရရှိရေးအတွက် ကိုယ်ပိုင် Organic Farming Project ဖြင့် ဆောင်ရွက်ခြင်း။

(စ) ဈေးကွက်ထိုးဖောက်ရေးဗျူဟာ (Marketing Strategy) အားကောင်းခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာကို ထိရောက်စွာအသုံးပြုခြင်းမှတစ်ဆင့် လူမှုကွန်ယက်စာမျက်နှာ၊ ဝက်ဆိုဒ်များတွင် ဝယ်ယူအားပေးသူများနှင့် စဉ်ဆက်မပြတ် ထိတွေ့ခြင်းနှင့် Online Store တည်ထောင်ထားခြင်း။

အခန်း (၄)

မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် သုံးသပ်ချက်များနှင့် အကြံပြုချက်များ

အခန်း (၄)

မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် သုံးသပ်ချက်များနှင့် အကြံပြုချက်များ

သုံးသပ်ချက်များ

၃၀၇။ နိုင်ငံတော်အနေဖြင့် နိုင်ငံပိုင်ပြည်တွင်းဆေးဝါးကဏ္ဍနှင့် အခြားသောပုဂ္ဂလိက ဆေးဝါးကဏ္ဍ၏ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်မှုကို တိုးတက်စေရန်နှင့် နိုင်ငံတကာနှင့် ဒေသတွင်းစံချိန်စံနှုန်းများနှင့်အညီ အရည်အသွေးမြင့်မားသည့် ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် ဝန်းကျင်ကောင်းများ၊ စီမံကိန်းများ၊ မူဘောင်များနှင့် မဟာဗျူဟာများကို ချမှတ်၍ ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ လက်တွဲပြီး မြန်မာနိုင်ငံရှိဆေးဝါးကဏ္ဍကို ရေရှည်တည်တံ့ခိုင်မြဲအောင် အသွင်ပြောင်းလဲစေခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးကဏ္ဍကိုပါ တိုးတက်လာစေနိုင်ပါသည်။

၃၀၈။ သို့သော် မြန်မာနိုင်ငံ၏ လူ့သက်တမ်းသည် တစ်နှစ်ထက်တစ်နှစ် လျော့နည်းကျဆင်းလျက်ရှိခြင်း၊ မွေးဖွားနှုန်းနှင့် သေဆုံးမှုနှုန်းများ ကောင်းမွန်အောင် ထိန်းကျောင်းလျက်ရှိခြင်း၊ ကျန်းမာရေးကဏ္ဍ၏ အခြေခံအဆောက်အအုံပိုင်းတွင် ဆေးရုံဆေးခန်းလိုအပ်ချက်အပေါ် ပြည့်မီအောင် ဆောင်ရွက်လျက်ရှိသော်လည်း ခေတ်မီနည်းပညာဖြင့် ကုသသည့်ပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုနိုင်မှုအားနည်းနေသေးခြင်း၊ လူ့စွမ်းအား အရင်းအမြစ်ပိုင်းတွင် ရောဂါအထူးကုဆရာဝန်များ၊ သူနာပြုများ၊ ဘာသာရပ်အလိုက် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချက်ရှိနေခြင်းနှင့် ထပ်မံပြုစုပျိုးထောင်ပြီး အင်အားဖြည့်တင်းရန် လိုအပ်ချက်ရှိခြင်း၊ ဆေးကုသမှုအတွက် ပြည်တွင်းဆေးဝါးများ ထုတ်လုပ်နိုင်မှုနှင့် ပြည်ပတင်သွင်းမှုအခြေအနေကို ကြည့်ပါက ပြည်တွင်းထုတ်လုပ်သည့် ပမာဏ၏ ၁၅ ရာခိုင်နှုန်းခန့်သာ အသုံးပြုနိုင်၍ နှစ်စဉ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း လိုအပ်ချက်ကို ပြည်ပမှ ၈၅ ရာခိုင်နှုန်းခန့် တင်သွင်းနေရခြင်းဖြစ်သည်။

ဆေးဝါးသုံးစွဲမှုမျှော်မှန်းတန်ဖိုး

၃၀၉။ ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ဆေးဝါးသုံးစွဲမှု များပြားလာခြင်းကြောင့် ပြည်တွင်းရှိ ဆေးဝါးထုတ်လုပ်သည့်စက်ရုံများမှလည်း ဆေးဝါးများတိုးမြှင့်ထုတ်လုပ်လာခြင်းနှင့် ပြည်ပမှ ဆေးဝါးတင်ပို့မှုမှာလည်း တိုးမြှင့်လာကြပါသည်။ နိုင်ငံပိုင်ဆေးဝါးစက်ရုံ (၂) ရုံနှင့် ပုဂ္ဂလိက ပိုင်ဆေးဝါးစက်ရုံ (၈) ရုံတို့မှ ဆေးဝါးများထုတ်လုပ်သည့်အပြင် ကာကွယ်ရေးဝန်ကြီးဌာန

လက်အောက်ရှိ ဆေးသုတေသန၊ တပ်မတော်ဆေးဝါးစက်ရုံများနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းပိုင်လက်အောက်ရှိ ဆေးဝါးစက်ရုံများမှလည်း စစ်ဘက်သုံးဆေးဝါးများ၊ ၄င်္ဂါဖျားဆေး၊ ပတ်တီးနှင့် အထွေထွေ ဆေးဝါးအသုံးအဆောင်များ ထုတ်လုပ်လျက်ရှိပါသည်။ နိုင်ငံ၏ ဆေးဝါးလိုအပ်ချက်ကြောင့် ထုတ်ကုန်ဝယ်လိုအား မြင့်တက်နေသော်လည်း ဖွံ့ဖြိုးမှု နိမ့်ပါးသည့်စျေးကွက်များ၌ ပြည်တွင်းထုတ်လုပ်မှုနှင့်ဆန်းသစ်တီထွင်မှုတို့တွင် ကန့်သတ်ချက် များရှိနေပါသည်[၁၄၈]။ ပြည်တွင်းရှိ ဆေးဝါးထုတ်လုပ်သည့် နိုင်ငံပိုင်စက်ရုံ (၂) ရုံ အပြင် Fame ဆေးဝါးစက်ရုံတို့မှ ဆေးဝါးများတိုးမြှင့်ထုတ်လုပ်လာခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သော ဆေးဝါးစက်ရုံများမှလည်း ဆေးနှင့် ဆေးပစ္စည်းများ ထုတ်လုပ် သော်လည်း ပြည်ပမှ တင်သွင်းသည့် ဆေးဝါးပမာဏ ကျဆင်းခဲ့ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

၃၁၀။ ဆေးဝါးလိုအပ်ချက်ကို ပြည်တွင်းရှိ နိုင်ငံပိုင်ဆေးဝါးစက်ရုံများနှင့် ပုဂ္ဂလိကပိုင် ဆေးဝါးထုတ်လုပ်သည့် စက်ရုံများမှ ဆေးဝါးထုတ်လုပ်မှုမှ ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချမှုနှင့် ပြည်ပနိုင်ငံများက မိမိတို့နိုင်ငံ၏ ဝယ်လိုအားအရ တင်သွင်းကြသည့် ဆေးဝါးပမာဏများ အပေါ် တည်မှီနေပါသည်။ ဆေးဝါးလိုအပ်ချက်မျှော်မှန်းတန်ဖိုးသည် ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းဆေးဝါးသုံးစွဲမှုများကို အခြေခံ၍ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၉ - ၂၀၃၀ ဘဏ္ဍာနှစ်အထိ ဆေးဝါးလိုအပ်ချက်ကို ဇယား (၄ - ၂) ပါအတိုင်း တွက်ချက်ထားပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းသည် နှစ်စဉ် ၀.၇ ရာခိုင်နှုန်း တိုးတက်လာနိုင်သည့်အတွက် ၂၀၂၉ - ၂၀၃၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၈ သန်းနီးပါးရှိလာနိုင်မည်ဟု ကမ္ဘာ့ဘဏ်မှ ခန့်မှန်းထားပါသည်[၁၅၀]။ လူဦးရေတိုးတက်မှု မြင့်တက်ခြင်းနှင့်အတူ ဆေးဝါးသုံးစွဲမှုတိုးတက်မှုကို တွက်ချက်ရာ၌ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ ပြည်တွင်းရှိ ဆေးဝါးထုတ်လုပ်သည့် စက်ရုံ (၈) ရုံမှ ဆေးဝါး ထုတ်လုပ်မှုပမာဏနှင့် ပြည်ပနိုင်ငံများမှ တင်သွင်းသည့် ဆေးဝါးပမာဏ စုစုပေါင်းတန်ဖိုးကို ပြည်တွင်း၏ ဆေးဝါးသုံးစွဲမှုပမာဏအဖြစ် သတ်မှတ်တွက်ချက်မှုမှ ရရှိလာသော နှစ်စဉ် ဆေးဝါးသုံးစွဲမှု တိုးတက်မှုနှုန်းကို ပျမ်းမျှရယူပြီး နောင်ဖြစ်ပေါ်လာမည့် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၉ -၂၀၃၀ ဘဏ္ဍာနှစ်အထိ ဆေးဝါးသုံးစွဲမှုမျှော်မှန်းတန်ဖိုး တွက်ချက်ထား ခြင်းဖြစ်ပါသည်။ အဆိုပါတွက်ချက်မှုအရ ဆေးဝါးသုံးစွဲမှုသည် နှစ်စဉ် ၀.၁၇ ရာခိုင်နှုန်း တိုးတက်လာနိုင်သည့် အတွက် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၉ - ၂၀၃၀ ဘဏ္ဍာနှစ်အထိ ဆေးဝါးသုံးစွဲမှုမျှော်မှန်းတန်ဖိုးကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

---

[၁၄၈] Oxford Business Group, Global demand for local and imported pharmaceutical products is rising

[၁၅၀] Myanmar Population 2021 (Demographics, Maps, Graphs) (worldpopulationreview.com)

ဇယား (၄ - ၁)။ နှစ်အလိုက်ဆေးဝါးသုံးစွဲမှု
(၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ)

စဉ်	ဘဏ္ဍာနှစ်	ဆေးဝါးသုံးစွဲမှုတန်ဖိုး (အမေရိကန်ဒေါ်လာသန်း)	တိုးတက်မှုရာခိုင်နှုန်း
၁။	၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်	၂၃၇.၉၄၇	-
၂။	၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်	၂၈၅.၈၆၃	၀.၂
၃။	၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်	၂၇၃.၇၇၅	-၀.၀၄
၄။	၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်	၃၆၉.၁၃၇	၀.၃၅
၅။	၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်	၂၉၄.၅၈၂	-၀.၂
၆။	၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်	၄၂၆.၇၄၂	၀.၄၅
၇။	၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်	၅၇၃.၁၃၇	၀.၃၄
၈။	၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်	၆၆၄.၈၂၁	၀.၁၆
၉။	၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်	၇၂၈.၈၁	၀.၁
၁၀။	၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်	၈၂၅.၈၁၃	၀.၁၃


အရင်းအမြစ် - နှစ်အလိုက်ဆေးဝါးထုတ်လုပ်မှုနှင့် ဆေးနှင့် ဆေးပစ္စည်းသွင်းကုန်တန်ဖိုးများမှ တွက်ချက်ခြင်း။

ဇယား (၄ - ၂)။ ဆေးဝါးသုံးစွဲမှု မျှော်မှန်းတန်ဖိုး
(၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၉ - ၂၀၃၀ ဘဏ္ဍာနှစ်)

စဉ်	ဘဏ္ဍာနှစ်	ဆေးဝါးသုံးစွဲမှု မျှော်မှန်းတန်ဖိုး (အမေရိကန်ဒေါ်လာသန်း)
၁။	၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်	၈၂၇.၁၇၇
၂။	၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်	၈၂၈.၅၄၃
၃။	၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်	၈၂၉.၉၁၁
၄။	၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်	၈၃၁.၂၈၂
၅။	၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်	၈၃၂.၆၅၅
၆။	၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်	၈၃၄.၀၃
၇။	၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်	၈၃၅.၄၀၈
၈။	၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ်	၈၃၆.၇၈၇
၉။	၂၀၂၉ - ၂၀၃၀ ဘဏ္ဍာနှစ်	၈၃၈.၁၆၉

အရင်းအမြစ် -၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ ဆေးဝါးသုံးစွဲမှုအပေါ် အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

ပုံပြဂရပ် (၄ - ၁)။ နှစ်အလိုက် ဆေးဝါးသုံးစွဲမှု မျှော်မှန်းတန်ဖိုး
(၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၉ - ၂၀၃၀ ဘဏ္ဍာနှစ်)



အရင်းအမြစ် - ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ ဆေးဝါးသုံးစွဲမှုအပေါ် အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

၃၁၁။ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှစ၍ ၂၀၂၉ - ၂၀၃၀ ဘဏ္ဍာနှစ်အထိ ပြည်တွင်းခွဲ ဆေးဝါးလိုအပ်ချက်သည် နှစ်စဉ်မြင့်တက်နိုင်သည့် အလားအလာကြောင့် လက်ရှိပြည်တွင်းခွဲ ဆေးဝါးထုတ်လုပ်နေသည့် နိုင်ငံပိုင်စက်ရုံ (၂) ရုံနှင့် ပုဂ္ဂလိကပိုင်စက်ရုံ (၈) ရုံတို့မှ ဆေးဝါးထုတ်လုပ်မှုများကို လိုအပ်ချက်ပြည့်မီအောင် ပိုမိုထုတ်လုပ်သွားနိုင်ရန်နှင့် လက်ရှိတွင် ဆေးဝါးထုတ်လုပ်နိုင်ခြင်းမရှိသေးသော ပုဂ္ဂလိကဆေးဝါးစက်ရုံဖြစ်သည့် Zifam Pyrex Myanmar Co., Ltd. ရုံမှလည်း ဆေးဝါးများ မကြာမီထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းဆေးဝါးလိုအပ်ချက်ကြောင့် ပြည်ပနိုင်ငံများမှ တင်သွင်းသည့် စုစုပေါင်းပမာဏသည် ၈၀ ရာခိုင်နှုန်းဖြစ်ရာ ကိုဗစ် - ၁၉ ကပ်ရောဂါကာလအတွင်း ပြည်ပနိုင်ငံများမှလည်း ဆေးဝါးထုတ်လုပ်မှုကို မိမိတို့နိုင်ငံသုံးစွဲမှု ပိုလျှံမှုသာ အခြားသောနိုင်ငံများသို့ တင်ပို့ရောင်းချလေ့ရှိသဖြင့် ကိုဗစ် - ၁၉ ကပ်ရောဂါကာလအတွင်း ဆေးဝါးများနှင့် ဆေးပစ္စည်းကိရိယာများ ရှားပါး၍ ဈေးနှုန်းမြင့်တက်ခဲ့သည်ကို ကြုံတွေ့ရပြီး နောက် မိမိပြည်တွင်းခွဲပင် ဆေးဝါးများ ထုတ်လုပ်နိုင်ရေးသည် နိုင်ငံ၏ အရေးကြီးသော အခန်းကဏ္ဍ တစ်ရပ်ဖြစ်လာပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ရေ၊ မြေနှင့် ရာသီဥတု အနေထားအရ ပရဆေးပင်များစွာ အပါအဝင် ဇီဝနှင့် ရုက္ခမျိုးစုံမျိုးကွဲများ များပြားသည့် နေရာများရှိ၍ ဆေးဝါးကုန်ကြမ်းများ ထွက်ရှိထုတ်လုပ်နိုင်သည့်အခြေအနေတွင် ရှိနေပါသည်။ ၎င်းတို့ကို ဖော်ထုတ်၍ ဆေးဝါး

ထုတ်လုပ်ရန် ကုန်ကြမ်းအဖြစ် အကျိုးရှိစွာ အသုံးပြုနိုင်ပါက ဆေးဝါးထုတ်လုပ်သည့် စက်ရုံများအနေဖြင့် ကုန်ကြမ်းပစ္စည်း အချိန်မီရရှိနိုင်မည်ဖြစ်သည်။

၃၁၂။ ကူးစက်ရောဂါကာလသည် မည်မျှကြာရှည်မည်ကို မခန့်မှန်းနိုင်သည့်အတွက် ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို အနည်းဆုံးတစ်နှစ်စာခန့် လုံလောက်အောင် တင်သွင်းဖြည့်ဆည်းပေးရန် အစီအမံများလိုအပ်ပြီး အချို့ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို ပြည်ပမှ တင်သွင်းရန် ရေရှည်စိတ်မချရနိုင်သဖြင့် ပြည်တွင်း၌ ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို တိုးချဲ့ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။ ထိုအခြေအနေများကြောင့် ဆေးနှင့် ဆေးပစ္စည်းကိရိယာတင်သွင်းရေးမူဝါဒ (Import Policy)၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးမူဝါဒ (Pharmaceutical Production Policy) တို့ကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ၂ ရပ်စလုံးမှ ညှိနှိုင်း၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (Trade and Investment Plan) တွင် ထည့်သွင်းရေးဆွဲရန် လိုအပ်ပါသည်။

၃၁၃။ မြန်မာနိုင်ငံ၏ လက်ရှိပြည်တွင်းဆေးဝါးထုတ်လုပ်မှုအခြေအနေသည် နိုင်ငံပိုင် ဆေးဝါးလုပ်ငန်းစက်ရုံ (၂) ရုံနှင့် ပုဂ္ဂလိကပိုင်ဆေးဝါးစက်ရုံ (၉) ရုံတို့အနက် (၇) ရုံကသာ ကိုဗစ် - ၁၉ ကပ်ရောဂါကို ကာကွယ်ကုသနိုင်သည့် ဆေးဝါးများကို ထုတ်လုပ်နိုင်သည်ကို တွေ့ရှိရပြီး ကျန်သည့်စက်ရုံများသည် အခြားဆေးဝါးများသာ ထုတ်လုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်တွင်း၌ ဆေးဝါးထုတ်လုပ်ရန်အတွက် အဓိကတွေ့ကြုံနေရသော အခက်အခဲများမှာ နိုင်ငံတော်၏ ပစ္စည်းဝယ်ယူရေးဥပဒေ လုပ်ထုံးလုပ်နည်းများ၏ ရှုပ်ထွေးမှုများနှင့် ကြန့်ကြာမှုများကြောင့် ဆေးပစ္စည်းကုန်ကြမ်းတင်သွင်းရာတွင် အချိန်နောက်ကျမှုရရှိခြင်း၊ အဆိုပါဖြစ်စဉ်များကြောင့် ဈေးကွက်လိုအပ်ချက်နှင့် ပြည်သူ့ကျန်းမာရေးလိုအပ်ချက်များအရ လိုအပ်သောဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးရန် နှောင့်နှေးကြန့်ကြာမှုများရှိခြင်း၊ ပြည်ပမှ ဆေးဝါးကုန်ကြမ်းပစ္စည်းများ ဝယ်ယူတင်သွင်းရာတွင် နှစ်ရှည်စာချုပ်ချုပ်ဆိုဝယ်ယူမှုသာ ဈေးကွက်လိုအပ်ချက်အား အချိန်မီ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သဖြင့် လက်ရှိ အစိုးရပစ္စည်းဝယ်ယူမှုနှင့် ဘတ်ဂျက်သုံးစွဲမှုစနစ်တွင် ကျန်းမာရေးကဏ္ဍအတွက် အထူးပြုဖြေလျော့ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။ အောက်ပါအခက်အခဲများသည် ပြည်တွင်းပုဂ္ဂလိကပိုင်စက်ရုံများ အဓိကကြုံတွေ့ရနေရသည့် အခက်အခဲများဖြစ်သည်ကို လေ့လာသိရှိရပါသည်-

(က) ဆေးဝါးကုန်ကြမ်းနှင့် ထုပ်ပိုးပစ္စည်းများ တင်သွင်းမှုအတွက် အကောက်ခွန် ၃ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ ကောက်ခံမှုသည် ပြည်ပမှ တင်သွင်း

နေသည့် ဆေးဝါးကုန်ချောများအတွက် Free Trade Agreement များအရ အကောက်ခွန် သုညရာခိုင်နှုန်းဖြစ်ခြင်း။

(ခ) ပြည်တွင်းပုဂ္ဂလိကဆေးဝါးစက်ရုံများအနေဖြင့် FDA မှ အမျိုးသားဆေးဝါး ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသော WHO ၏ GMP စံချိန်စံနှုန်းကို လိုက်နာ၍ ဆေးဝါးများထုတ်လုပ်ရသည့်အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ များစွာကို မြှုပ်နှံထားရခြင်း။

(ဂ) မြန်မာနိုင်ငံတွင် ဆေးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အဆိုပါကဏ္ဍကို အဓိကကိုင်တွယ်ဆောင်ရွက်သည့် FDA အပါအဝင် ကျန်းမာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့အပြင် ဆက်စပ် ဌာနများမှ ဆေးပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်၊ ပြည်တွင်းထုတ်ဆေးပစ္စည်း မှတ်ပုံတင်လက်မှတ်၊ ဆေးပစ္စည်းတင်သွင်းခွင့်မှတ်တမ်းတင်လက်မှတ်၊ ဆေးဝါးထုတ်လုပ်သူလိုင်စင်၊ ဆေးဝါးမှတ်ပုံတင်လက်မှတ်များ အပါအဝင် လိုင်စင်/ပါမစ်ပေါင်း (၁၂) ခုခန့်ရယူရပါသည်။ ထို့ကြောင့် အဆိုပါလိုင်စင် ပါမစ်များကို တစ်ပေါင်းတစ်စည်းတည်း ပေးသည့်စနစ် (Medical License Package) သို့မဟုတ် One Stop Service တည်ထောင်ပေးရန် လိုအပ်ခြင်း။

၃၁၄။ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ တင်သွင်းမှုသည် နှစ်စဉ်အမေရိကန် ဒေါ်လာသန်း ၅၉၀ ခန့် ပိုမိုတင်သွင်းနေရသဖြင့် ပြည်တွင်းတွင် ဆေးဝါးထုတ်လုပ်မည့် စက်ရုံများ အဆင့်မြှင့်တင်တည်ဆောက်၍ ထုတ်လုပ်ရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖိတ်ခေါ်၍ ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးခြင်းဖြင့် သွင်းကုန်အစားထိုးထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး ပြည်ပသို့ ပေးချေးငွေများ လျော့ချနိုင်စေရေး ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နှစ်စဉ် ကျန်းမာရေးအသုံးစရိတ်များ၏ ပမာဏ ပိုမိုခွဲဝေပေးခဲ့သော်လည်း လုံလောက်မှု မရှိသဖြင့် ထပ်မံခွဲဝေပေးရန် လိုအပ်သကဲ့သို့ နည်းပညာမြင့် တီထွင်ထုတ်လုပ်ရမည့် ဆေးဝါး ပစ္စည်းများထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် ဘက်ပေါင်းစုံမှ လိုအပ်မည့်အစီအမံများ ဆက်လက်ဆောင်ရွက် ရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃၁၅။ မြန်မာနိုင်ငံ၏ ပြည်တွင်းလိုအပ်ချက်အရ ဆေးဝါးများထုတ်လုပ်ရန်နှင့် သွင်းကုန် အစားထိုးဆေးဝါးများကို ထုတ်လုပ်မည်ဆိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနက နှစ်စဉ် တင်သွင်းလျက်ရှိသော ဆေးဝါးအမျိုးအစားအလိုက် တင်သွင်းခဲ့မှုပမာဏ အပေါ် မူတည်၍ အဓိကထုတ်လုပ်ရမည့် ဆေးဝါးစာရင်းကို ဦးစားပေးရွေးချယ်ထုတ်လုပ်ရန်

လိုအပ်ပါကြောင်း၊ နိုင်ငံတကာမှ ဆေးဝါးထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖိတ်ခေါ်ပါက ဆေးဝါးထုတ်လုပ်မှုကဏ္ဍသည် ဆေးအမျိုးအစားအတွက် လိုအပ်သည့် နည်းပညာနှင့် ထုတ်လုပ်သည့်ဆေးအား အာမခံဆောင်ရွက်နိုင်သည့် Intellectual Property Right (IP) Law များနှင့် ချိတ်ဆက်မှတ်ပုံတင်ရသည့်အတွက် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ပြီး ဆေးဝါးများ အများဆုံးတင်ပို့ တင်သွင်းလှူဒါန်းလျက်ရှိသော တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့်ပူးပေါင်း၍ ပြည်တွင်းဆေးဝါးစက်ရုံများ၌ လိုအပ်သည့် ဆေးဝါးများကို ထုတ်လုပ်ခြင်း၊ သို့မဟုတ် အဆိုပါနိုင်ငံများမှ ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်သင့်ပါသည်။

၃၁၆။ ထို့ပြင် ထုတ်လုပ်မည့်ဆေးဝါးနှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားရာ၌ လက်ရှိကမ္ဘာ့နိုင်ငံရေးအခင်းအကျင်း၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒများကြောင့် လက်ရှိဖြစ်ပေါ်နေသော ကိုဗစ် - ၁၉ ရောဂါမျိုးကဲ့သို့ ရောဂါများဖြစ်ပေါ် လာနိုင်သော အလားအလာမျိုးရှိနိုင်သည့်အတွက် ဆေးဝါးကဏ္ဍဆိုင်ရာ သုတေသနပြုလုပ်ချက်များနှင့် လေ့လာသုံးသပ်ချက်များ၊ ကမ္ဘာ့ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများ၊ နည်းပညာအထောက်အပံ့ပေးနိုင်သည့် နိုင်ငံတကာနှင့် ပြည်တွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံ၍ ဆေးပညာဆိုင်ရာနည်းပညာနှီးနှောဖလှယ်ပွဲများ ပြုလုပ်ပြီး သုတေသနတွေ့ရှိချက်များအပေါ် လေ့လာသုံးသပ်ဆောင်ရွက်မည့် Team သို့မဟုတ် Institution တစ်ခုဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်သင့်ပါသည်။

အကြံပြုချက်များ

၃၁၇။ ထို့ကြောင့် ပြည်သူများအားလုံး လက်လှမ်းမီကျန်းမာရေးစောင့်ရှောက်မှုကို ပံ့ပိုးပေးနိုင်ရေးကို အထောက်အကူပြုနိုင်မည့်ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်သည့်ကဏ္ဍအတွက် မူဝါဒပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအချက်အလက်များလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်-

(က) ကျန်မာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးထောက်ပံ့မှုများကို ကိုယ့်စရိတ်ကိုယ်သာ သုံးစွဲရသည့် Out of Pocket Payment (OOP) အစီအစဉ်မှ ၂၀၃၀ ပြည့်နှစ်တွင် အခြေခံလူတန်းစားများအားလုံး အခမဲ့သုံးစွဲခွင့် ရရှိရေး ဆောင်ရွက်ရန်။

(ခ) အရည်အသွေးပြည့်မီပြီး စျေးနှုန်းသင့်တင့်သောဆေးဝါးများနှင့် ကျန်းမာရေးသုံးပစ္စည်းများကို ပြည်သူများ လက်လှမ်းမီ ရရှိသုံးစွဲနိုင်ရန်။

(ဂ) ဆေးဝါးထုတ်လုပ်ရာတွင် အဓိကလိုအပ်သော ကုန်ကြမ်းပစ္စည်းများအား လုံလောက်စွာရရှိနိုင်ရန်နှင့် ပြည်တွင်း၌သာ ကုန်ချောထုတ်လုပ်ပေးနိုင်ရေး ပြည်သူလူထုကျန်းမာရေးအတွက် လိုအပ်သောဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်ကို အပြည့်အဝ ထောက်ပံ့ပေးနိုင်ရန်။

(ဃ) မြန်မာနိုင်ငံတွင် အသုံးပြုလျက်ရှိသော ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းအများစုမှာ ပြည်ပမှ တင်သွင်းရသည့်အတွက် မူရင်းဈေးထက် မြင့်မားစွာ ရောင်းချနေခြင်းများအပေါ် နိုင်ငံတော်အနေဖြင့် ထိရောက်မှုရှိသော ဥပဒေမူဘောင်များနှင့် မူဝါဒများ တိုးမြှင့်ချမှတ်ဖော်ဆောင်ရန်။

(င) မကူးစက်နိုင်သောရောဂါ၊ ကူးစက်နိုင်သောရောဂါနှင့် မမျှော်လင့်သော ကပ်ရောဂါများ ဖြစ်ပွားမှုအပေါ် ကာကွယ်နှိမ်နင်းရေးနှင့် အရေးပေါ် အခြေအနေများအတွက် လိုအပ်သောအရည်အသွေး ပြည့်မီသည့် ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများအား ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ အခက်အခဲမရှိတင်သွင်းနိုင်ပြီး ပြည်တွင်း၌ လုံလောက်စွာဖြင့် ထိထိရောက်ရောက် ဖြန့်ဝေနိုင်ရန်။

(စ) ပြည်တွင်းဆေးဝါးများ ထုတ်လုပ်ရေးဆောင်ရွက်ရာတွင် စက်မှုဝန်ကြီးဌာနအောက်ရှိ ဆေးဝါးစက်ရုံများအား အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နိုင်ငံအတွက် အဓိကလိုအပ်နေသည့် ဦးစားပေးဆေးဝါးများကို ထုတ်လုပ်နိုင်မည့် Manufacturing Strategy၊ Vision၊ Goals၊ Benchmarks၊ Potential၊ Engagement၊ Partnership နှင့် Collaboration စသည့်တို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းအစီအစဉ်များကို ပြည်စုံအောင် ရေးဆွဲရန်။

(ဆ) ထို့ပြင် ဆေးနှင့် ဆေးပစ္စည်းကိရိယာ တင်သွင်းရေးမူဝါဒ (Import Policy)၊ ဆေးနှင့်ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးမူဝါဒ (Pharmaceutical Production Policy) တို့ကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ၂ ရပ်စလုံးက ညှိနှိုင်း၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Trade and Investment Plan) တွင် ထည့်သွင်းရေးဆွဲရန်။

(ဇ) ပြည်တွင်း ပုဂ္ဂလိကဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့်/သို့မဟုတ် နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ပြီး ဆေးဝါးအများဆုံးတင်သွင်းနေသည့်

တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းနှင့် နည်းပညာလွှဲပြောင်းမှုတို့ဖြင့် ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးနှင့် ပြည်ပနိုင်ငံများမှ တင်သွင်းမှုလျော့ချ၍ ပြည်တွင်းပိုလျှံမှုများအပေါ် ပြည်ပနိုင်ငံစျေးကွက်များသို့ တင်ပို့နိုင်ရေး ဆောင်ရွက်ရန်။

(စျ) ဆေးဝါးထုတ်လုပ်မှုနည်းပညာ၊ ရောဂါကုသမှုနည်းလမ်းများနှင့် ရောဂါရှာဖွေမှုစနစ်များကို အဆင့်မြှင့်တင်နိုင်ရေးနှင့် သုတေသနလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကွပ်ကဲမှုအောက် ဆေးဝန်ထမ်းညွှန်ကြားမှုဦးစီးဌာန၊ ဆေးမြန်မာနိုင်ငံဆေးကောင်စီတို့ ပူးပေါင်းပြီး Medical Research and Development ကို ထူထောင်၍ ပြည်တွင်း/ပြည်ပဆေးဝါးထုတ်လုပ်သူများ၊ ဆေးဘက်ဆိုင်ရာသုတေသနပညာရှင်များနှင့် နိုင်ငံတကာကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများဖြစ်သော WHO နှင့် နည်းပညာအကူအညီရရှိနိုင်မည့်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သုတေသနပြုလုပ်ပြီး Medical Industry ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရန်။

(ည) ဆေးဝါးကုသမှုအပိုင်းတွင် မြန်မာနိုင်ငံအနေဖြင့် လက်ရှိတည်ဆောက်ပြီးမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အထူးကုဆေးရုံများ၊ ရောဂါအမျိုးအစားအလိုက် ကုသပေးသည့် ဆေးရုံကြီးများနှင့် တပ်မတော်ဆေးရုံများ၌ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကုသခြင်းတို့တွင် ICT အခြေပြု/နည်းပညာအသုံးပြုကုသရေးဆိုင်ရာပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ရန်၊ ဆေးရုံများအချင်းချင်းတွင် Network Facilities များကို တပ်ဆင်ရန်၊ Tele-Medicine နည်းလမ်းဖြင့် ရောဂါရှာဖွေခြင်း၊ ကုသခြင်းနှင့် သုတေသနပြုခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ၎င်းမှတစ်ဆင့် ပြည်တွင်း/ ပြည်ပဆေးရုံများ၊ ဆေးဘက်ဆိုင်ရာပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။

(ဋ္ဌ) မြန်မာနိုင်ငံ၌ အမျိုးသားဆေးဝါးဥပဒေ (၂၀၁၄) နှင့် တိုင်းရင်းဆေးဝါးဥပဒေ (၁၉၉၆) အပါအဝင် ဆေးဝါးဆိုင်ရာဥပဒေများနှင့် ဆက်စပ်ဥပဒေများကို ခေတ်နှင့်အညီပြင်ဆင်သွားရန်နှင့် အတည်ပြုပြဋ္ဌာန်းခြင်းမပြုရသေးသည့် ဆေးပစ္စည်းကိရိယာဥပဒေ (မူကြမ်း) ကိုလည်း အမြန်ဆုံးအတည်ပြုပြဋ္ဌာန်းသွားရမည်ဖြစ်ပြီး ဆေးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများထုတ်လုပ်ရာတွင် အဓိကကျသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာဥပဒေများကို

ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းနှင့် လုပ်ထုံးလုပ်ထုံးများလည်း အမြန်ဆုံးဖွဲ့စည်းထုတ်ပြန် ဆောင်ရွက်သွားရန်။

(ဌ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၇) ကို ပြန်လည်ပြင်ဆင်ရန် လိုအပ်လျက်ရှိပြီး အမိန့်ကြော်ငြာစာ အသစ်တွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများထုတ်လုပ်မှုလုပ်ငန်း များ၊ ဆေးသုတေသနဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပိုမိုတိကျပြည့်စုံ စွာ ထည့်သွင်းသင့်ပြီး ငါးဆူတောင်ဆေးဝါးဇုန်အပြင် အခြားနိုင်ငံများကဲ့သို့ သုတေသနနှင့် ဆန်းသစ်တီထွင်မှုကို ရှေးရှုသည့် **အဆင့်မြင့်ဆေးဝါးဇုန် တည်ထောင်ခြင်း** စသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်း ဦးစားပေး မြှင့်တင်သည့်လုပ်ငန်းအဖြစ် ထည့်သွင်းရန်။

(ဍ) ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့သော FDA ကို ပြောင်းလဲလာသော ခေတ် စနစ်နှင့်အညီ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ၏ အရည်အသွေးကို စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ပြန်လည်ပြင်ဆင် ဖွဲ့စည်းရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ FDA ၏ ကော်မတီဝင်များနှင့် လုပ်ငန်း တာဝန်များကို ပြန်လည်သုံးသပ်၍ စနစ်တကျပြန်လည်ဖွဲ့စည်းရန်။[၁၅၁]

(ဎ) မြန်မာနိုင်ငံတွင် ဆေးဝါးထုတ်လုပ်ခြင်းကို အားပေးမြှင့်တင်နိုင်ရန်အတွက် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲခြင်း၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အားပေးခြင်း၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဓာတ်ခွဲကျွမ်းကျင်သူများကို ပြုစု ပျိုးထောင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် ခြင်း၊ ဆေးဝါးနှင့်ဆေးပစ္စည်းများအတွက် အာမခံရှိသော ဈေးကွက်ရရှိရေး ဆောင်ရွက်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ရန်။

သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုးတက်စေရန် ဆောင်ရွက်သင့်သည့်အချက်များ

၃၁၈။ မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ဆေးပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ၌ သုတေသန နှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုးတက်စေရန် ဆောင်ရွက်သင့်သည့်အချက်များကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

[151] www.mohs.gov.mm/Main/content/new

(က) ဦးစားပေးဆောင်ရွက်သင့်သည့် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း နယ်ပယ်သတ်မှတ်ခြင်း၊ ဆေးဝါးသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ် ချက်များဖော်ထုတ်ရန်။

(ခ) ဆေးဝါးထုတ်လုပ်မှု သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကောင်းမွန်သော အခြေအနေဖန်တီးပေးခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကျင့်ဝတ်နှင့်အညီ ဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးရန်။

(ဂ) ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများ၏ ဆန်းသစ်တီထွင်မှုစွမ်းဆောင်ရည် မြှင့်တင်ရန်။

(ဃ) ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများ နည်းပညာလွှဲပြောင်း ရရှိရေးအတွက် အားပေးမြှင့်တင်ခြင်း၊ အရည်အသွေးအာမခံနိုင်သော ဆေးဝါးသုတေသန လုပ်ငန်းများ ဖွံ့ဖြိုးစေရေး ဆောင်ရွက်ရန်။

(င) အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဆေးဝါးထုတ်လုပ်မှုသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ဆန်းသစ်တီထွင်မှုများ ပိုမိုများပြားလာစေရေးအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်ပတ်သက်သည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ပြန်လည်သုံးသပ်ရန်။

(စ) ဆေးဝါးထုတ်လုပ်မှု သုတေသနနှင့်ဖွံ့ဖြိုးရေးအတွက် သင့်လျော်သော ခံစားခွင့်အစီအစဉ်များကို ရှာဖွေဖော်ထုတ်အကောင်အထည်ဖော်ရန်။

(ဆ) ဆေးဝါးထုတ်လုပ်မှု သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက် အသုံးစရိတ်အတွက် ဘဏ္ဍာငွေခွဲဝေချထားမှု တိုးတက်စေရန် ဆောင်ရွက်ရန်။

(ဇ) ဆေးဝါးထုတ်လုပ်မှု သုတေသနလုပ်ငန်းများတွင် ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက် ပူးပေါင်းမှု ပိုမိုအားကောင်း အောင်ဆောင်ရွက်ခြင်း၊ နိုင်ငံ တကာ Research Organizations တို့နှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက ကဏ္ဍမှ အကျိုးတူ ပူးပေါင်းဆောင်ရွက်လာစေရေန် အားပေးမြှင့်တင်ရန်။

(ဈ) ဆေးဝါးထုတ်လုပ်မှု သုတေသနဆိုင်ရာ သတင်းအချက်အလက်စနစ် ထူထောင်ရန်။

(ည) ဆေးဝါးနှင့်ဆေးပစ္စည်းများ အရေးပေါ်နှင့် လတ်တလော လိုအပ်ချက်များကို ဖြည့်ဆည်းရန် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်ရန်။

နည်းပညာလွှဲပြောင်းမှုမြှင့်တင်နိုင်ရေး ဆောင်ရွက်သင့်သည့်အချက်များ

၃၁၉။ နည်းပညာလွှဲပြောင်းမှုမြှင့်တင်ဆောင်ရွက်နိုင်ရန် Technology Transfer Promotion Law ပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်ပြီး တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ Technology Transfer Law များကို နမူနာယူနိုင်ပါသည်။ နည်းပညာလွှဲပြောင်းမှု မြှင့်တင်ရေးကို ပံ့ပိုးပေးနိုင်သည့် အခြားအရေးပါသောမူဝါဒနှင့် ဥပဒေများမှာ Intellectual Property Law၊ Trade Secret Law၊ Policy and Law to Establish “Industrial Cluster” to Accelerate Technological Development နှင့် Law to Encourage Entrepreneurship as well as Venture Business တို့ဖြစ်ပါသည်။ နည်းပညာလွှဲပြောင်းမှုကို လက်တွေ့ဖြစ်ပေါ်စေရန်နှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်တွင်းလုပ်သားများအတွက် သက်မွေးပညာကျောင်းများ မြှင့်တင်ဆောင်ရွက်ခြင်း၊ တက္ကသိုလ်များနှင့် ကောလိပ်များ၏ နည်းပညာနှင့် သက်ဆိုင်သည့် ဘာသာရပ်အစီအစဉ်များတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်၍ သင်တန်းပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ Venture Fund ထူထောင်၍ သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာများ တည်ထောင်ခြင်း၊ နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်း၍ ပြည်တွင်းရှိ အင်ဂျင်နီယာများအား ပြည်ပသို့ အလုပ်သင်စေလွှတ်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ၏ အစိုးရများနှင့် ပူးပေါင်း၍ Technical Intern Training Program နှင့် Engineer Exchange Program များ စီစဉ်ဆောင်ရွက်ခြင်း၊ နည်းပညာတက္ကသိုလ်များတွင် နိုင်ငံခြားအင်ဂျင်နီယာများ လာရောက်၍ ဗဟုသုတများ ပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ တီထွင်မှုကို အားပေးရန် Championship Program အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ University-Industry-Government Collaboration ပြုလုပ်နိုင်ရန် အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်စေရေး ပထမအဆင့်အနေဖြင့် နည်းပညာများ တုပဆောင်ရွက်မှုစွမ်းရည်များ တိုးတက်လာစေရန် ပံ့ပိုးဆောင်ရွက်ခြင်း၊ အစိုးရအနေဖြင့် နည်းပညာသစ်များ ဝယ်ယူ၍ ပုဂ္ဂလိကကုမ္ပဏီ များသို့ လက်ဆင့်ကမ်းပေးနိုင်ရန် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃၂၀။ အဆင့်မြင့်ဆေးဝါးပစ္စည်းများ ထုတ်လုပ်ရာတွင် ကျွမ်းကျင်မှုရှိသောအရည်အချင်းပြည့်ဝန်ထမ်းများ ပြုစုပျိုးထောင်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်း၍ အတတ်ပညာ

သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်းတို့သာမက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာနှစ်နိုင်ငံ သဘောတူစာချုပ်များ၊ စီပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်များ၊ ဒေသတွင်း လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာသဘောတူစာချုပ်များတွင် နိုင်ငံအချင်းချင်း ကျွမ်းကျင် ပညာရှင်များ၊ အင်ဂျင်နီယာများ၊ အလုပ်သင်များ အပြန်အလှန်စေလွှတ်နိုင်မည့် "အတတ် ပညာ ဖလှယ်ရေးဆိုင်ရာအစီအစဉ်များ" ကိုလည်း ထည့်သွင်းသင့်ပါသည်။

မြန်မာတိုင်းရင်းဆေးဝါးထုတ်လုပ်မှုကို အားပေးမြှင့်တင်ရန်အတွက် ဆောင်ရွက်သင့်သည့် အချက်များ

၃၂။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ခွင့် လိုင်စင်လျှောက် ထားခြင်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်မှုသုတေသနလုပ်ငန်းများကို ယခင်ထက် ပိုမို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားဆောင်ရွက် ရန် လိုအပ်ပါသည်။ ထို့ကြောင့် GMP စံနှုန်းဖြင့် မြန်မာတိုင်းရင်းဆေးဝါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်း ဆေးဝါးထုတ်လုပ်မှုကဏ္ဍ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ဇယား (၄ - ၃) ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

ဇယား (၄ - ၃)။ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ

အားသာချက်	အားနည်းချက်
• လုံလောက်သောစိုက်ပျိုးမြေရှိခြင်း။ • ဆေးဖက်ဝင်အပင်များပေါများခြင်း၊ • အနောက်တိုင်းဆေးဝါးကို လက်လှမ်းမမီသည့် ဂျ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများသည် တိုင်းရင်းဆေးကို အသုံးပြုခြင်း။ • နိုင်ငံတော်၏ တိုင်းရင်းဆေးထုတ်လုပ်မှုဆိုင်ရာ ခိုင်မာသော မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း။	• အရည်အသွေးထိန်းချုပ်ခြင်း။ • သိပ္ပံနည်းကျဆေးဝါးထုတ်လုပ်ခြင်း။ • ဆေးဝါးထုတ်လုပ်ရန်လေ့လာမှုသုတေသနပြုခြင်း။ • ထုတ်လုပ်မှုနည်းပညာ၊ ထုတ်ပိုးမှုနည်းပညာ။ • အရင်းအနှီး။ • ဆန်းသစ်တီထွင်မှု။
အခွင့်အလမ်း	**စိန်ခေါ်မှုများ**
• နိုင်ငံတော်က အရည်အသွေးမီ တိုင်းရင်းဆေးဝါးများ ကို တိုးမြှင့်ထုတ်လုပ်ရန် အားပေးလျက်ရှိခြင်း။ • ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် နိုင်ငံအတွင်း၌ ဆေးဝါးလိုအပ်ချက် မြင့်မားလျက်ရှိခြင်း။ • ယုံကြည်စိတ်ချရပြီး အရည်အသွေးပြည့်မီသော တိုင်းရင်းဆေးဝါးများ လိုအပ်လျက်ရှိခြင်း။ • နှစ်စဉ်ဝယ်လိုအားတိုးတက်လျက်ရှိခြင်း။	• အနောက်တိုင်း ဆေးဝါးများနှင့် ဈေးကွက်တွင် ယှဉ်ပြိုင်ရခြင်း။ • ထုတ်လုပ်မှုကုန်ကျစရိတ်ကြောင့် ဈေးနှုန်းမြင့်တက် ခြင်း။ • ပြည်တွင်းတွင် မရရှိနိုင်သည့် ဆေးဝါးကုန်ကြမ်းများ ပြည်ပမှ တင်သွင်းရာတွင် စိန်ခေါ်မှုများ။ • အာနိသင် ထက်မြက်သည့် တိုင်းရင်းဆေးဝါးများ၊ အဖိုး ထိုက်တန်လှသည့် ဆေးဖက်ဝင်ပရဆေးပင်နှင့် ဆေးဖက်ဝင်သဘာဝသယံဇာတများကို ပြန်လည် ဖော်ထုတ်နိုင်ခြင်း။

၃၂၂။ နိုင်ငံတွင်းရှိ ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းအများစုသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် မိရိုးဖလာတစ်နိုင်တစ်ပိုင်လုပ်ငန်းများဖြစ်သည့်အတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး အာနိသင်ထက်မြက်သောတိုင်းရင်းဆေးဝါးများ ထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးစက်ရုံများပေါ်ထွက်လာရေး၊ သိပ္ပံနည်းကျထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာရေး၊ ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ကုသမှုတွင် အသုံးပြုသော ဆေးဝါးများထုတ်လုပ်နိုင်ရေးနှင့် GMP စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်မည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်လာရေးအတွက် အောက်ပါနည်းလမ်းတို့ဖြင့် မြှင့်တင်ဆောင်ရွက်သင့်ပါသည်-

(က) တိုင်းရင်းဆေးဝါးလုပ်ငန်းများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် - ၁၃/၂၀၁၇ (၁-၄-၂၀၁၇) အရ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍတွင် ဖော်ပြထားသည့် ဆေးဝါးများ၊ ဆေးဝါးဆိုင်ရာဓာတုဗေဒပစ္စည်းများ၊ ရုက္ခဗေဒဆိုင်ရာထုတ်ကုန်များ ထုတ်လုပ်ခြင်းတွင် ပါဝင်ပြီး တိုင်းရင်းဆေးဝါးထုတ်လုပ်သူလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ၊ ခံစားခွင့်များ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ရှင်းလင်းအသိပညာပေးရန် လိုအပ်ခြင်း။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ကုန်သွယ်ရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့နှင့် မြန်မာတိုင်းရင်းဆေးထုတ်လုပ်သူများ အပါအဝင် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ အခက်အခဲနှင့် စိန်ခေါ်မှုများကို ပူးပေါင်းရှာဖွေဖော်ထုတ်ကာ ပံ့ပိုးကူညီပေးရေးအစီအစဉ်များချမှတ်ရန် လိုအပ်ခြင်း။

(ဂ) တိုင်းရင်းဆေးဝါးစက်ရုံများကို ကွင်းဆင်းကြီးကြပ်စစ်ဆေး၍ အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားနည်းချက်နှင့် အားသာချက်များကို ဖော်ထုတ်ကာ ပံ့ပိုးအားပေးကူညီရန် လိုအပ်ခြင်း။

(ဃ) အလားအလာရှိသော အသေးစား၊ အလတ်စား တိုင်းရင်းဆေးဝါးထုတ်လုပ်မှု လုပ်ငန်းများအတွက် အရင်းအနှီးနှင့် နည်းပညာရရှိနိုင်မည့် အစီအစဉ်များ ရေးဆွဲပံ့ပိုးကူညီအားပေးရန် လိုအပ်ခြင်း။

(င) အရေးကြီးသည့်ဆေးဝါးကုန်ကြမ်းများကို ပြည်ပမှ တင်သွင်းရာတွင် လုပ်ထုံးလုပ်နည်းများ လွယ်ကူချောမွေ့စေရေးအတွက် ပြန်လည်စိစစ်သုံးသပ်ရန် လိုအပ်ခြင်း။

(စ) ခေတ်မီနည်းစနစ်များဖြင့် တိုင်းရင်းဆေးဝါးများကို ကျယ်ပြန့်စွာ ထုတ်လုပ်လျက်ရှိသည့် ဒေသတွင်းအိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘူတန်နိုင်ငံ၊ ထိုင်းနိုင်ငံများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ခြင်း။

ဦးစားပေးကဏ္ဍအဖြစ် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး ဆောင်ရွက်သင့်သည့်အချက်များ

၃၂၃။ ဖွံ့ဖြိုးတိုးတက်ရန် ဦးစားပေးရည်ရွယ်ထားသည့်ကဏ္ဍများတွင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ ရင်းနှီးမြှုပ်နှံလာစေရန်အတွက် နိုင်ငံတကာရှိ အစိုးရများသည် ယေဘုယျအားဖြင့် **အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ဆိုင်ရာလုပ်ဆောင်ချက်များ၊ ဘဏ္ဍာရေးအထောက်အကူပြုလုပ်ဆောင်ချက်များနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာဖြေလျှော့ပေးမှုနှင့် ခိုင်မာစေမှုဆိုင်ရာလုပ်ဆောင်ချက်များ**ဖြင့် ပံ့ပိုးပေးခြင်းဖြစ်သည်[၁၅]။ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်မှုဆိုင်ရာ လုပ်ဆောင်ချက်များကို သုံးသပ်ကြည့်ပါက “အခွန်ကင်းလွတ်ခွင့် သက်သာခွင့်ဆိုင်ရာလုပ်ဆောင်ချက်များ” ကို အခြေပြုထားပြီး “လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာဖြေလျှော့ပေးမှု၊ ခိုင်မာစေမှုဆိုင်ရာလုပ်ဆောင်ချက်များ” ဖြင့် ပံ့ပိုးထားသည်ကို တွေ့ရှိရပါ

[၁၅] TOWARDS SMARTER USE OF TAX INCENTIVES IN ASEAN, Investment Policy Review of Southeast Asia 2018, 3rd meeting of the Southeast Asia Regional Policy Network on Investment, 7 March 2018, Tokyo, Martin Wermelinger, Ph.D., OECD Investment Division Checklist for Foreign Direct Investment Incentive Policies, OECD 2003. Krista Tuomi, Review of Investment Incentives, Best Practice in Attracting Investment

သည်။ လက်ရှိတွင် “ဘဏ္ဍာရေးအထောက်အကူပြုလုပ်ဆောင်ချက်များ” ကို ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရပါသည်။

၃၂၄။ ဆေးဝါးထုတ်လုပ်ခြင်းနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထုတ်လုပ်ခြင်းကဏ္ဍနှင့် စပ်လျဉ်း၍ ဆေးဝါးများ၊ ဆေးဝါးဆိုင်ရာဓာတုဗေဒပစ္စည်းနှင့် ရုက္ခဗေဒဆိုင်ရာထုတ်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်း (ISIC 2100) နှင့် ဆေးဝါးကုသခြင်းနှင့်ဆိုင်သော အထောက်အကူပြု ကိရိယာတန်ဆာပလာများထုတ်လုပ်ခြင်းလုပ်ငန်း (ISIC 3259) တို့သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်အမိန့်ကြော်ငြာစာများအရ လုပ်ငန်း ဆောင်ရွက်သည့်အရပ်ဒေသကို လိုက်၍ ၃ နှစ် မှ ၇ နှစ် အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် ကိုလည်းကောင်း၊ ပြည်တွင်း၌ ဝယ်ယူ၍မရနိုင်သော လုပ်ငန်းအတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများ တင်သွင်းခြင်းအတွက် အကောက်ခွန်ကင်းလွတ်ခွင့်နှင့် ပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်များကိုလည်းကောင်း ခံစားရရှိနိုင်ပါသည်။ ထိုကဲ့သို့ မြန်မာနိုင်ငံ၏ ဆေးဝါးထုတ်လုပ်ခြင်းနှင့် ဆေးနှင့်ဆက်စပ်ပစ္စည်း ထုတ်လုပ်ခြင်းကဏ္ဍအတွက် **“အခွန်ကင်းလွတ်ခွင့် သက်သာခွင့်ဆိုင်ရာလုပ်ဆောင်ချက်” ဖြင့် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရာတွင် အခြားကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စားသောက်ကုန်နှင့် ကုန်ထုတ်ပစ္စည်းများထုတ်လုပ်ခြင်း၊ ပညာရေး၊ ဟိုတယ်နှင့် ခရီးသွား လာရေးကဲ့သို့သော ကဏ္ဍများနှင့် အခွန်ကင်းလွတ်သက်သာခံစားခွင့် တစ်တန်းတည်းဖြစ်ပြီး ထိုင်းနိုင်ငံကဲ့သို့ ပိုမိုထူးကဲပြီး သီးခြားရင်းနှီးမြှုပ်နှံမှုဆွဲဆောင်မှုမျိုး ပေးအပ်ထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။**

၃၂၅။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏ ပြည်တွင်း ဆေးဝါးသုံးစွဲမှုနှင့် လိုအပ်ချက်၊ ပြည်ပမှ တင်သွင်းမှုပမာဏနှင့် နှုန်းထား၊ ကိုဗစ် - ၁၉ ရောဂါအပါအဝင် ကမ္ဘာ့ကပ်ရောဂါများ ဖြစ်ပွားကူးစက်နိုင်မှုအခြေအနေတို့အပေါ် မူတည်၍ ဆေးဝါးထုတ်လုပ်ခြင်းနှင့် ဆေးနှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်ခြင်းကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရန် အပိုဒ် (၂၆၉) တွင် ဖော်ပြထားသည့် အထူးဆောင်ရွက်ချက် (၃) မျိုးဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ဆိုင်ရာလုပ်ဆောင်ချက်များ

၃၂၆။ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ဆိုင်ရာလုပ်ဆောင်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဝင်ငွေခွန် (Corporate Income Tax - CIT) ကင်းလွတ်ခွင့်ကို တိုးမြှင့်သတ်မှတ်ခြင်း။** ဆေးဝါးထုတ်လုပ်ခြင်းနှင့် ဆေးနှင့်ဆက်စပ်ပစ္စည်း

ထုတ်လုပ်ခြင်းကဏ္ဍအတွက် ဝင်ငွေခွန် (CIT) ကို အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် ဇယား (၄ - ၄) အတိုင်း ခံစားခွင့်ပြုထားသည်ကို ယေဘုယျအားဖြင့် တွေ့ရှိနိုင်ပါသည်[၁၅၃]။ ဇယား (၄ - ၄) အရ မြန်မာနိုင်ငံအနေဖြင့် ဆေးနှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်ခြင်းကဏ္ဍအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးသည့်နှစ် နည်းပါးသေးသည်ကို တွေ့ရှိရသဖြင့် နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်စေလိုသည့် ကျေးလက်ဒေသဖြစ်သည့် အပြင် ဆေးထုတ်လုပ်ရန် ကုန်ကြမ်းများရရှိနိုင်သော အရပ်ဒေသများတွင် လုပ်ကိုင်ဆောင်ရွက်ပါက ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ၁၀ နှစ် အထိ တိုးမြှင့်ခံစားခွင့်ပေးခြင်းဖြင့်လည်းကောင်း၊ နည်းပညာမြင့်မားသည့် ဆေးနှင့် ဆေးဘက်ဆိုင်ရာဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြစ်ပါက ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ၁၀ နှစ်အထိ ခံစားခွင့်ပေးခြင်းဖြင့်လည်းကောင်း ပြင်ဆင်သတ်မှတ် ဆောင်ရွက်သင့်ပါသည်။

ဇယား (၄- ၄)။ အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ဝင်ငွေခွန် ကင်းလွတ်ခွင့်

စဉ်	နိုင်ငံ	CIT ကင်းလွတ်ခွင့်	မှတ်ချက်
၁။	ဘရူနိုင်းနိုင်ငံ	အနည်းဆုံး ၅ နှစ်	-
၂။	ကမ္ဘောဒီယားနိုင်ငံ	၆ နှစ်အထိ	မတည်ရင်းနှီးငွေ ထည့်ဝင်မှုအပေါ် မူတည်၍
၃။	အင်ဒိုနီးရှားနိုင်ငံ	၅ နှစ်မှ ၁၀ နှစ်	မတည်ရင်းနှီးငွေအပေါ်မူတည်၍
၄။	လာအိုနိုင်ငံ	၄ နှစ်မှ ၁၀ နှစ်	တည်နေရာအပေါ် မူတည်၍
၅။	မလေးရှားနိုင်ငံ	၁၀ နှစ်မှ ၁၅ နှစ်၊	မတည်ရင်းနှီးငွေအပေါ်မူတည်၍
၆။	မြန်မာနိုင်ငံ	၃ နှစ် မှ ၇ နှစ်	အရပ်ဒေသအပေါ်မူတည်၍
၇။	ဖိလစ်ပိုင်နိုင်ငံ	၄ နှစ်မှ ၇ နှစ်	အရပ်ဒေသနှင့် ဦးစားပေးလုပ်ငန်းအပေါ် မူတည်၍
၈။	စင်ကာပူနိုင်ငံ	၅ နှစ်မှ ၁၀ နှစ်	၂၅ ရာခိုင်နှုန်း ကင်းလွတ်ခွင့်
၉။	ထိုင်းနိုင်ငံ	၈ နှစ်	နည်းပညာမြင့်မားသည့်ဆေးနှင့် ဆေးပစ္စည်းထုတ်လုပ်မှုများအတွက် ၁၀ နှစ်
၁၀။	ဗီယက်နမ်နိုင်ငံ	N/A	-
၁၁။	အိန္ဒိယနိုင်ငံ	၅ နှစ်မှ ၁၀ နှစ်	လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍

[၁၅၃] https://www.aseanbriefing.com/news/tax-measures-impacting-businesses-in-malaysia.
https://taxsummaries.pwc.com/india/corporate/tax-credits-and-incentives.
http://www.gbgindonesia.com/en/main/business_guide/new_tax_incentives_for_investors_in_indonesia.php.
http://www.mfa.gov.bn/australia-canberra/SitePages/businessinbrunei.aspx.
https://taxsummaries.pwc.com/lao-pdr/corporate/tax-credits-and-incentives.
https://taxsummaries.pwc.com/philippines/corporate/tax-credits-and-incentives.
https://taxsummaries.pwc.com/cambodia/corporate/tax-credits-and-incentives.

(ခ) **ပြည်ပမှ တင်သွင်းသော ကုန်ကြမ်းများအတွက် အကောက်ခွန်ကင်းလွတ်ခွင့် သက်သာခွင့်နှင့် ပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးခြင်း။** မြန်မာနိုင်ငံ၌ ဆေးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ထုတ်လုပ်ရန် စက်ပစ္စည်းကိရိယာများ တင်သွင်းခြင်းကိုသာ အကောက်ခွန် ကင်းလွတ်ခွင့်ပေးထားပါသည်။ ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသနှင့် အိန္ဒိယနိုင်ငံကဲ့သို့သော နိုင်ငံအများအပြားတွင် ဆေးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ထုတ်လုပ်ရာ၌ လိုအပ်သည့် ကုန်ကြမ်းများကို အကောက်ခွန် (Custom Duty - CD) ကင်းလွတ်ခွင့်ပေးခြင်းနှင့် ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် အခွန် (With-holding Tax - WHT)၊ တန်ဖိုးဖြည့်ခွန် (Value Added Tax - VAT)၊ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax - CT)၊ အထူးကုန်စည်ခွန် (Special Goods Tax - SGT) စသည့်အခွန်များကို ရာခိုင်နှုန်းသတ်မှတ်၍ သက်သာခွင့်ပေးသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဆေးနှင့် ဆေးဆိုင်ရာဆက်စပ်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ တင်သွင်းနိုင်ရန် အကောက်ခွန် ကင်းလွတ်ခွင့်နှင့် ပြည်တွင်းအခွန်အကောက်များ သက်သာခွင့်တို့ကို ပေးအပ်သင့်ပါသည်။

(ဂ) **"အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးသည့် ဆေးဝါးဇုန် (Special Tax-privileged Medical Zones)" သတ်မှတ်ခြင်း။ အာဆီယံအပါအဝင် နိုင်ငံတကာတွင် စက်မှုဇုန်များ (Industrial Parks)၊ ပို့ကုန်ထုတ်လုပ်မှုအထူးဇုန်များ (Special Export Processing Zones)၊ နည်းပညာဆိုင်ရာဇုန်များ (Technology Parks) နှင့် တီထွင်ဆန်းသစ်မှုဇုန်များ (Innovation Areas) များကို ဖွံ့ဖြိုးတိုးတက်စေလိုသည့်ရည်ရွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ဆေးနှင့် ဆေးဆိုင်ရာပစ္စည်းများထုတ်လုပ်မှုတွင် နောက်ကျနေသည့် မြန်မာနိုင်ငံအနေဖြင့် ကုန်ကြမ်းရရှိမှုအရလည်းကောင်း၊ လမ်းပန်းဆက်သွယ်မှုအရလည်းကောင်း၊ စျေးကွက်အနေအထားအရလည်းကောင်း၊ ရေနှင့် လျှပ်စစ်မီးရရှိမှုအရလည်းကောင်း အလားအလာရှိပြီး မဟာဗျူဟာမြောက်သည့် အရပ်ဒေသ (များ) - Ring-Fenced Area (s) ကို ရွေးချယ်၍ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးသည့် ဆေးဝါးဇုန်များအဖြစ်**

တည်ထောင်သွားသင့်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ဆေးနှင့် ဆေးဘက်ဆိုင်ရာ ဆက်စပ်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများကို တစ်စု တစ်စည်းတည်း ချိတ်ဆက်ထားနိုင်ပြီး ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ၊ ဈေးကွက်ဖြန့်ဖြူးရေးဆိုင်ရာ၊ စီမံအုပ်ချုပ်မှုဆိုင်ရာအကျိုးကျေးဇူးများ ရရှိနိုင်ကာ ဆေးဝါးထုတ်လုပ်မှုကို ထိရောက်စွာ မြှင့်တင်စေနိုင်မည်ဖြစ်ပါသည်။

၃၂၇။ **ဘဏ္ဍာရေးအထောက်အကူပြုလုပ်ဆောင်ချက်များ**အနေဖြင့် အခြားနိုင်ငံများတွင် ထောက်ပံ့မှုရန်ပုံငွေများထား၍ အတိုးမဲ့ငွေလုံးငွေရင်းများ ယာယီအသုံးပြုခွင့်ပေးခြင်း၊ အတိုးနည်းချေးငွေများ ထောက်ပံ့ပေးခြင်း၊ အရင်းအနှီးအဖြစ် အစိုးရက ငွေကြေး သို့မဟုတ် ပုံသေပိုင်ပစ္စည်းများ ထည့်ဝင်ပေးခြင်း၊ လုပ်ငန်းဆောင်ရွက်ရန် မြေနေရာနှင့် အဆောက်အအုံများ ထောက်ပံ့ပေးခြင်း၊ လုပ်ငန်းပိုင်းဆိုင်ရာသင်တန်းများပေးနိုင်ရန် အစိုးရက အဆောက်အအုံ၊ ထောက်ပံ့ပို့ဆောင်ရေး စသည့် လိုအပ်သည့် အထောက်အပံ့များပေးခြင်း အပြင် အုပ်ချုပ်မှုဆိုင်ရာအထောက်အပံ့များ၊ အခြေခံအဆောက်အအုံဆိုင်ရာအထောက်အပံ့များကို ပံ့ပိုးပေးသည်ကို တွေ့ရှိရပါသည်။ အဆိုပါဆောင်ရွက်ချက်များအနက် မြန်မာနိုင်ငံအနေဖြင့် အောက်ဖော်ပြပါ **"ဘဏ္ဍာရေးအထောက်အကူပြုလုပ်ဆောင်ချက်များ"** ကို ဆောင်ရွက်သွားသင့်ပါသည်-

(က) **အခြေခံအဆောက်အအုံဆိုင်ရာ အထောက်အပံ့များပေးခြင်း။ မြန်မာနိုင်ငံတွင် မြေ အပါအဝင် ရေ၊ လျှပ်စစ်မီး ကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံရန်လိုအပ်လျက်ရှိရာ နိုင်ငံတစ်ဝန်း တစ်ပြိုင်နက် ဖြည့်ဆည်းဆောင်ရွက်ခြင်းထက် နိုင်ငံတကာဆေးကုမ္ပဏီများက စိတ်ဝင်စား၍ လုပ်ငန်းဆောင်ရွက်နိုင်မည့် နေရာကောင်း (Niche Areas) ကို ဗျူဟာမြောက်ဆန်းစစ်၍ အဆိုပါနေရာဒေသကိုသာ စီမံချက်တစ်ရပ်အဖြစ် အခြေခံအဆောက်အအုံပြည့်စုံစေရန် ဖြည့်တင်းသင့်ပါသည်။ (အပိုဒ် ၃၂၆ (ဂ) နှင့် ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပါသည်။) ထို့ပြင် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်ရာ၌ အဆင့်မြင့်ဆေးသုတေသနဓါတ်ခွဲခန်းသည် အသက်သွေးကြောဖြစ်သည့်အတွက် ပြည်တွင်းအသေးစား၊ အလတ်စား ဆေးဝါးထုတ်လုပ်သူများအတွက်လည်းကောင်း၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာစွန့်ဦးတီထွင်သူများအတွက်လည်းကောင်း၊ နိုင်ငံတကာကုမ္ပဏီကြီးများအတွက်လည်းကောင်း အဆင့်မြင့်ဓါတ်ခွဲခန်းများ စုစည်းထားသည့်**

“ဇီဝဆေးဝါးသုတေသနဓါတ်ခွဲမှုဗဟိုဌာန” မျိုးကို ကျန်းမာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်း၍ နိုင်ငံတော်အဆင့်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံရှိ Biopolis Biomedical Research Hub နှင့် ထိုင်းနိုင်ငံရှိ အရှေ့ဘက်ပိုင်းစီးပွားရေးစင်္ကြံ (Eastern Economic Corridor - EEC) တို့သည် ဆေးဝါးထုတ်လုပ်မှုနှင့် ဆေးဘက်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု သုတေသနများလုပ်ငန်းအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် ဗဟိုဌာနများဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုအပြင် ရုပ်ပိုင်းဆိုင်ရာမဟုတ်သည့်အခြေခံအဆောက်အအုံ (Soft Infrastructure) ကိုလည်း ဆောင်ရွက်သွားသင့်ပါသည်။[၁၀၄] ရုပ်ပိုင်းဆိုင်ရာမဟုတ်သည့်အခြေခံအဆောက်အအုံများဖြစ်သော ဘဏ်စနစ်၊ အာမခံလုပ်ငန်းစနစ်၊ သတင်းအချက်အလက်နည်းပညာများထက် အဓိကအားဖြင့် ကောင်းမွန်သည့်စီမံအုပ်ချုပ်မှုစနစ် (Good Governance) ကိုလည်း ထိထိရောက်ရောက် အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ (အပိုဒ် ၃၂၈ နှင့် ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပါသည်။) ဥပမာအားဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ၄၆ နိုင်ငံတွင် ပါဝင်သည့် ရေဝန်ဒါနိုင်ငံသည် ၂၀၀၄ ခုနှစ်မှစ၍ အစိုးရဌာနအဖွဲ့အစည်းအတွင်း ခြစားမှုတိုက်ဖျက်ခြင်း၊ ဝန်ဆောင်မှုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းနှင့် လူ့စွမ်းအားအရင်းအမြစ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်ဆောင်ရွက်ခြင်းတို့ဖြင့် ကောင်းမွန်သည့်စီမံအုပ်ချုပ်မှုစနစ်ကို ဖော်ဆောင်ခဲ့ရာ ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်းတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၄ သန်းမှ ၁၇၃ သန်းအထိ သိသိသာသာ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(ခ) ကမ္ဘာ့ထိပ်တန်းဆေးကုမ္ပဏီတစ်ခုခုကို အထူးထောက်ပံ့မှုပေး၍ ဆောင်ရွက်ခြင်း။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဆေးနှင့် ဆေးဆိုင်ရာဆက်စပ်ပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိရာ အဆိုပါနိုင်ငံများမှ ကမ္ဘာ့ထိပ်တန်းဆေးကုမ္ပဏီ တစ်ခုခုကို ပစ်မှတ်ထား၍ မြေနေရာသီးသန့်ရှာဖွေပေးခြင်း သို့မဟုတ် အစိုးရက ပုံသေပိုင်ပစ္စည်း

[၁၀၄] Morriset and Pirnia, 2000.

ထည့်ဝင်ခြင်း သို့မဟုတ် ပြည်တွင်းဖက်စပ် ဆောင်ရွက်မည့် ပါတနာရှာဖွေ ချိတ်ဆက်ပေးခြင်းကဲ့သို့သော အထူးထောက်ပံ့မှုပေးခြင်း (Monopoly Rights and Preferential Infrastructure Access)[၁၅] ဖြင့်လည်း ပြည်တွင်း ဆေးလိုအပ်ချက်ကို ဖြည့်တင်းနိုင်ပြီး နည်းပညာများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်နိုင်စေရန် ဆောင်ရွက်နိုင်ပါသည်။ ဗဟို အမေရိကဒေသရှိ ကော့စတာရီကာသမ္မတနိုင်ငံ (Costa Rica) သည် နိုင်ငံငယ်တစ်ခုဖြစ်သော်လည်း ကမ္ဘာကျော် Intel Company ကို အဆိုပါ နည်းလမ်းဖြင့် အောင်မြင်စွာ ဆွဲဆောင်ထားနိုင်သည်ကို လေ့လာတွေ့ရှိ ရပါသည်။ ကော့စတာရီကာသမ္မတနိုင်ငံသည် Intel Company အတွက် စက်မှုဇုန်အတွင်းတွင် ကိုယ်ပိုင်လွတ်လပ်ဇုန်တစ်ခု (Own Free Zone) အဖြစ် ထပ်မံသတ်မှတ်ပေးပြီး ကုန်ကြမ်းပစ္စည်းများအတွက် အကောက်ခွန် ကင်းလွတ်ခွင့်၊ နှစ်ရှည်ဝင်ငွေခွန်ကင်းလွတ်ခွင့်များ၊ ကုန်သွယ်ခွန် အပါ အဝင် အခြားအခွန်အကောက်များ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ အပြင် မည်သည့်ကန့်သတ်ချက်မှမရှိသည့် ဘဏ္ဍာငွေလွှဲပြောင်းမှုနှင့် နိုင်ငံခြားငွေလွှဲပြောင်းမှု စသည့် အထူးအခွင့်အရေးများပေးကာ နိုင်ငံ အတွင်း အကြီးကျယ်ဆုံး ရင်းနှီးမြှုပ်နှံနိုင်စေရန် ဆွဲဆောင်ခဲ့ပါသည်။[၁၅၆] ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် Intel Company သည် ကော့စတာရီကာနိုင်ငံ တွင် မူလရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃၅၀ သန်းမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ ၆၀၀ သန်းအထိ နှစ်ဆခန့်တိုးမြှင့် ရင်းနှီးမြှုပ်နှံတော့မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းကိုလည်း ယခင် ထက် သုံးဆခန့် ဖန်တီးပေးနိုင်တော့မည်ဖြစ်ပါသည်။ ထို့ပြင် အခြေခံ အဆောက်အအုံပြည့်စုံအောင် ဖန်တီးပေးခြင်း၊ ဗဟိုဦးစီးစနစ်လျော့ချပေး ခြင်း၊ စရိတ်စကသက်သာစေရန် စီမံဆောင်ရွက်ပေးခြင်းတို့ဖြင့် အာဖရိက အရှေ့ပိုင်းနိုင်ငံဖြစ်သည့် မိုဇင်းဘစ်နိုင်ငံ (Mozambique) ၏ စက်မှုဇုန် အတွင်း၌ MOZAL ကုမ္ပဏီကိုလည်း အောင်မြင်စွာ ဆွဲဆောင်နိုင်ထားနိုင်ခဲ့

---

[၁၅] Blomström and Kokko, 2003.

[၁၅၆] https://www.rcrwireless.com/20210723/business/intel-doubles-investment-in-costa-rica-chip-manufacturing-plant-amid-surging-demand. https://ticotimes.net/2021/07/21/intel-further-expands-costa-rica-operations

ပြီး ဖွံ့ဖြိုးတိုးတက်လိုသည့် နည်းပညာနှင့် စက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်းတွေ့ရှိရပါသည်။

၃၂၈။ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာဖြေလျှော့ပေးမှုနှင့် ခိုင်မာစေမှုဆိုင်ရာလုပ်ဆောင်ချက်များအဖြစ် **အပိုဒ် ၃၁၃ (ဂ)** ကဲ့သို့ ဆောင်ရွက်သင့်ပြီး ဥပဒေပိုင်းအနေဖြင့် **အပိုဒ် ၃၁၇ (၄)** ပါအတိုင်း ဆောင်ရွက်သင့်ပါသည်။ အခြားလုပ်ဆောင်ချက်များအနေဖြင့် မြန်မာ့ဆေးဝါးစက်ရုံ BPI ၏ ဆေးဝါးထုတ်လုပ်မှုစွမ်းဆောင်နိုင်စွမ်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သင့်ပါသည်။ တရုတ်နိုင်ငံအစိုးရပိုင်ဆေးဝါးကုမ္ပဏီကြီးဖြစ်သည့် Sinopharm သည် ကမ္ဘာ့ထိပ်တန်း ဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီများထဲတွင် ပါဝင်လျက်ပြီး တရုတ်နိုင်ငံတစ်ဝန်းလုံးရှိ ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာကိရိယာများအတွက် ထောက်ပံ့ပို့ဆောင်ရေးကွန်ယက်တစ်ခုကဲ့သို့ ဆောင်ရွက်လျက်ရှိပါသည်။ ကိုဗစ် - ၁၉ ကပ်ရောဂါ ကာလအတွင်း ကုမ္ပဏီသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရေးပေါ် အသုံးပြုခွင့်ရရှိသည့် ကာကွယ်ဆေးကိုတီထွင်ခဲ့ပြီး ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက်အကြီးဆုံးကာကွယ်ဆေးထုတ်လုပ်သူအဖြစ် ရပ်တည်လျက်ရှိသည်ကို သာဓကအနေဖြင့် တွေ့ရှိနိုင်ပါသည်။

၃၂၉။ မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ဆေးနှင့်ဆက်စပ်ပစ္စည်းများထုတ်လုပ်ခြင်းကဏ္ဍတွင် ပြည်ပသွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲသင့်သည့်အချက်များကို လိုအပ်သည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်-

ဇယား (၄ - ၅)။ အကောင်အထည်ဖော်ရန် လိုအပ်သည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ

စဉ်	မူဝါဒများနှင့် လုပ်ငန်းစဉ်များ	အကောင်အထည်ဖော်ရမည့် ဌာန/အဖွဲ့အစည်း
၁။	ပြည်တွင်းထုတ်လုပ်မည့် ဆေးဝါးများနှင့် သုတေသနဖွံ့ဖြိုးတိုးတက်မှုအစီအမံများ ပြုလုပ်ရန်။	ကျန်းမာရေး၊ စက်မှုနှင့် မြန်မာနိုင်ငံဆေးကောင်စီ
၂။	ကျန်းမာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာန ပူးပေါင်းပြီး ပြည်တွင်း ဆေးဝါးထုတ်လုပ်မှု စက်ရုံများ အဆင့်မြှင့်တင်ပြီး ပြည်ပနိုင်ငံများနှင့် ပူးပေါင်းရန် လိုအပ်ချက်များပြင်ဆင်ရန်။	ကျန်းမာရေး၊ စက်မှုနှင့် ရင်းနှီး/စီးပွား
၃။	ပြည်ပရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်မည့် အစီအစဉ်များ ဆောင်ရွက်ရန်။	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၄။	ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မည့်အစီအမံများ ဆောင်ရွက်ရန်။	ကျန်းမာရေး၊ စက်မှုနှင့် စီးပွားကူးသန်း
၅။	နိုင်ငံ၏ ဆေးဝါးထုတ်လုပ်မည့် Manufacturing Strategy၊ Vision၊ Goals၊ Benchmarks၊ Potential၊ Engagement၊ Partnership နှင့် Collaboration စသည့်တို့ကို ရေးဆွဲဆောင်ရွက်ရန်။	ကျန်းမာရေး၊ စက်မှု

စဉ်	မူဝါဒများနှင့် လုပ်ငန်းစဉ်များ	အကောင်အထည်ဖော်ရမည့် ဌာန/အဖွဲ့အစည်း
၆။	လက်ရှိဆေးဝါးထုတ်လုပ်မှုစက်ရုံများမှ အဆင့်မြှင့်တင်၊ နည်းပညာပူးပေါင်းပြီး ထုတ်လုပ်နိုင်သည့် အခြေအနေ ဖော်ထုတ်ချက်များပြုလုပ်၍ ဦးစားပေး ထုတ်လုပ်မည့် ဆေးအမျိုးအစား ရွေးချယ်သတ်မှတ်ရန်	ကျန်းမာရေး၊ စက်မှုနှင့် မြန်မာနိုင်ငံဆေးကောင်စီ၊ ပြည်တွင်း ဆေးထုတ်လုပ်သည့် ကုမ္ပဏီများ
၇။	ပြည်ပရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ရန်အတွက် အဓိက မြို့ကြီးများဖြစ်သည့် ရန်ကုန်နှင့် မန္တလေးတို့တွင် Medical Industry Zone အတွက် နေရာပေးနိုင်ရေးနှင့် လိုအပ်သည့် Facilities များ ပံ့ပိုးကူညီဆောင်ရွက်သွားနိုင်ရေး တို့အတွက် သက်ဆိုင်ရာဌာန၊ အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြင်ဆင်ရန်။	ကျန်းမာရေး၊ စက်မှုနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် စည်ပင်သာယာရေးအဖွဲ့များ
၈။	ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအထောက်အကူပြု ပြည်တွင်း SME လုပ်ငန်း၊ သုတေသနအဖွဲ့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်သင့်သည့် အစီအမံများ ဆောင်ရွက်ရန်။	ကျန်းမာရေး၊ စက်မှု၊ မြန်မာနိုင်ငံဆေးကောင်စီ
၉။	ပြည်ပမှ ကုန်ကြမ်းပစ္စည်းတင်သွင်းမှုအပေါ် လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ရန်။	ကျန်းမာရေး၊ စက်မှုနှင့် စီးပွားကူးသန်း
၁၀။	ထုတ်လုပ်မှုအတွက်လိုအပ်သော ပြည်တွင်း အစိုးရ ဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း ပြုပြင်ပြောင်းလဲရန်။	ကျန်းမာရေး၊ စက်မှုနှင့် သက်ဆိုင်ရာအစိုးရဌာနများ
၁၁။	နည်းပညာရရှိရေး၊ ပြည်တွင်းဖြန့်ဖြူးနိုင်ရေး၊ ပြည်ပတင်ပို့နိုင်ရေးအစီအမံများ ချမှတ်ရန်။	ကျန်းမာရေး၊ စက်မှု
၁၂။	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများ အသက် ဝင်အောင်နှင့် Trade Mark IP Law များ အကောင်အထည်ဖော်ပြီး ထုတ်လုပ်ပြီးသည့် ဆေးဝါးများအပေါ်တွင် အကာအကွယ်ပေးမည့် အစီအမံများ ဆောင်ရွက်ရန်။	စီးပွားကူးသန်း
ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲသင့်သည့်အချက်များ		
၁၃။	လက်ရှိဆေးဝါးတင်သွင်းတင်ပို့သည့် လုပ်ထုံးလုပ်နည်းအား Review လုပ်၍ ဆေးဝါးကုန်ကြမ်းတင်သွင်းမှုများ ဖြေလျော့ပေးရန် သက်ဆိုင်ရာကျန်းမာရေး ဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအသင်း အဖွဲ့များနှင့် ညှိနှိုင်း၍ SOP များ ရေးဆွဲဆောင်ရွက်အကောင်အထည်ဖော်ရန်။	ကျန်းမာရေး၊ စီးပွားကူးသန်းနှင့် သက်ဆိုင်ရာအစိုးရဌာနများ ပုဂ္ဂလိက အသင်းအဖွဲ့များ
၁၄။	ပြည်တွင်းထွက်ဆေးဝါးပစ္စည်းဈေးကွက်ရရှိရေး ပြည်ပမှ တင်သွင်းမှုအပေါ် ထိန်းချုပ်ပေးရန် လိုအပ်မည့် အစီအမံဆောင်ရွက်ရန်။	စီးပွားကူးသန်း
၁၅။	ပြည်တွင်း၌ ကျန်းမာရေးဝန်ဆောင်မှုအပြင် ဝန်ဆောင်မှု ကဏ္ဍများ ပီပီပြင်ပြင် ဆောင်ရွက်နိုင်ရေး အာဆီယံနှင့် ဒေသတွင်းဝန်ဆောင်မှု သဘောတူညီချက်များအပေါ် ပြည်တွင်း Law Enforcement ပြုလုပ်ပြီး သက်ဆိုင်ရာဌာနများမှ အကောင်အထည်ဖော်နိုင်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ ဦးဆောင်အကောင်အထည်ဖော်ရန်။	ကျန်းမာရေး၊ စီးပွားကူးသန်း၊ ဗဟိုဘဏ်နှင့် သက်ဆိုင်ရာအစိုးရဌာနများ
၁၆။	ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍများ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်တွင်းဥပဒေမူဘောင် ပြဋ္ဌာန်းရန်နှင့် အကောင်အထည်ဖော်ရန်။	ကျန်းမာရေး၊ စီးပွားကူးသန်း၊ ဗဟိုဘဏ်
ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြုပြင်ပြောင်းလဲသင့်သည့်အချက်များ		
၁၇။	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း (MIPP) ကို ပြန်လည်လေ့လာသုံးသပ်၍ ဥပဒေ/လုပ်ထုံးလုပ်နည်းပြုပြင်မှုအပိုင်းတွင် ကျန်းမာရေးကဏ္ဍကို ဦးစားပေး၍ ထိထိရောက်ရောက် ဆွေးနွေးပြုပြင်ဆောင်ရွက်ရန်။	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ ကျန်းမာရေး၊

စဉ်	မူဝါဒများနှင့် လုပ်ငန်းစဉ်များ	အကောင်အထည်ဖော်ရမည့် ဌာန/အဖွဲ့အစည်း
		စက်မှု၊ စီးပွား/ကူးသန်း၊ ကျန်းမာရေး
၁၈။	ကျန်းမာရေး/ဆေးဝါးစက်ရုံထုတ်လုပ်ရန် လျာထားသည့် Medical Industry Zone သတ်မှတ်နေရာပေး၊ ဖိတ်ခေါ်နိုင်စေရေး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က သက်ဆိုင်ရာကျန်းမာရေး၊ စက်မှုနှင့် အစိုးရရုံးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားရန်။	ကျန်းမာရေး၊ စက်မှုနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် စည်ပင်သာယာရေးအဖွဲ့များ
၁၉။	ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလျောက်ထားခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ လွယ်ကူချောမွေ့စေရေး ဆောင်ရွက်မှုအပေါ် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး SOP ရေးဆွဲကာ Online Investment Application and Monitoring System ကို Online Service ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်။	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၂၀။	ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးနိုင် သည့် အစီ အမံများနှင့် Dispute Settlement Mechanism များ မြန်မြန်အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး
၂၁။	ပြည်တွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံမည့် ဆေးဝါးထုတ်လုပ်မှုလုပ်ငန်း (ပြည်တွင်းအစိုးရ/ပုဂ္ဂလိကနှင့် ပူးပေါင်းမှု/ရာနှုန်းပြည့်) လုပ်ငန်းများမှ ထုတ်လုပ်သည့်ပစ္စည်းများ၊ ပစ္စည်းစျေးကွက်ဖြန့်ဖြူးမှု စျေးကွက်ဝေစု ရရှိရေးနှင့် ပိုလျှံသည့် ပစ္စည်းနှင့် ပြည်ပတင်ပို့နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးရန်။	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် စီးပွားကူးသန်း
၂၂။	ဖိတ်ခေါ်ဆေးဝါးလုပ်ငန်းများ၏ Incentive ပေးမည့်ကဏ္ဍများအပေါ် ဖော်ထုတ်ရန်နှင့် တရားဝင်ထုတ်ပြန်ပေးရန်။	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် စီမံ/ဘဏ္ဍာ
ဘဏ္ဍာရေးနှင့် အကောက်ခွန်ကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲသင့်သည့်အချက်များ		
၂၃။	နိုင်ငံတော်မှ ဘတ်ဂျက်နှစ်စဉ်ခွဲဝေမှုများ စဉ်းစားရာ၌ ကျန်းမာရေးကဏ္ဍ အသုံးစရိတ်အပေါ် GDP တိုးနှုန်း အပေါ် မူတည်၍ နှစ်စဉ်တိုးမြှင့်ပေးမည့် အစီအမံများ ဆောင်ရွက်ပေးသွားရန်။	ပြည်ထောင်စုအစိုးရအဖွဲ့၊ ကျန်းမာရေးနှင့် စီမံ/ဘဏ္ဍာ
၂၄။	ပြည်ပနည်းပညာအကူအညီအထောက်အပံ့များ တောင်းခံရာ၌ ကျန်းမာရေး ဆေးဝါး ထုတ်လုပ်ရန်နှင့် နည်းပညာသုတေသန ပြုလုပ်မည့် ကဏ္ဍများအတွက် ဦးစားပေး ရရှိနိုင်မည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ညှိနှိုင်းပြီး Loan/Grant Aid များရရှိရေး ဆောင်ရွက်သွားရန်။	ကျန်းမာရေး၊ ရင်းနှီးစီးပွားနှင့် စီမံ/ဘဏ္ဍာ
၂၅။	ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်မည့်လုပ်ငန်းများသို့ ပြည်တွင်း Lend Financing ထောက်ပံ့ပေးမည့် အစီအမံများချမှတ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများကို ထောက်ပံ့သွားရန်။	ကျန်းမာရေး၊ စက်မှုနှင့် စီမံ/ဘဏ္ဍာ
၂၆။	တင်ပို့တင်သွင်းမှုအတွက် အကောက်ခွန်၊ ကုန်သွယ်ခွန် နှင့် ပြည်တွင်း ဖြန့်ဖြူးရောင်းချမှုအတွက် ဝင်ငွေခွန်များအပေါ် ဒေသတွင်း သဘောတူညီချက်များ၊ လုပ်ထုံးလုပ်နည်းများအပေါ် သုံးသပ်ပြီး ဆေးဝါးထုတ်လုပ် ရောင်းချမှုလုပ်ငန်းအပေါ် အထောက်အပံ့ပြုစေမည့် လုပ်ထုံးလုပ်နည်းများ စည်းကမ်းများ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် ပြန်လည်သုံးသပ်ပြင်ဆင်ရန်။	စီမံ/ဘဏ္ဍာ

စဉ်	မူဝါဒများနှင့် လုပ်ငန်းစဉ်များ	အကောင်အထည်ဖော်ရမည့် ဌာန/အဖွဲ့အစည်း
၂၇။	အခွန်/အကောက်ကဏ္ဍအပေါ် ပြန်လည်သုံးသပ်ပြင်ဆင်ပြီး တိုင်းပြည်ရငွေ၊ ဘဏ္ဍာငွေတိုး တက်အောင် ဆောင်ရွက်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းထုတ်လုပ်မှုကဏ္ဍအပေါ် အထောက်အပံ့ ဖြစ်အောင် အစီအမံများ ချမှတ်ရန်။	ကျန်းမာရေးနှင့်စီမံ/ဘဏ္ဍာ
သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲသင့်သည့်အချက်များ		
၂၈။	ရောဂါရှာဖွေမှုနှင့်ဆေးဝါးထုတ်လုပ်မှု သုတေသနစင်တာတစ်ခု သို့မဟုတ် စက်မှုလုပ်ငန်းတစ်ခု ထူထောင်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်။	ကျန်းမာရေး၊ စက်မှုနှင့် မြန်မာနိုင်ငံဆေးကောင်စီ
၂၉။	ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်း ထူထောင်ရန်အတွက် လိုအပ်သော နည်းပညာအကူအညီနှင့် ချေးငွေရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်။	ကျန်းမာရေး၊ စက်မှုနှင့် စီမံ/ဘဏ္ဍာ
၃၀။	ကျန်းမာရေးဆိုင်ရာ သုတေသနစင်တာ ထူထောင်ပြီးပါက ပြည်တွင်း၌ ဆေးထုတ်လုပ်လျက်ရှိသည့် သို့မဟုတ် ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုဖြင့် ထုတ်လုပ်မည့် လုပ်ငန်းများနှင့် နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်း WHO နှင့် INGOs/NGO များနှင့်ပူးပေါင်းကာ နည်းပညာအကူအညီများ ရယူဆောင်ရွက်သွားရန်။	ကျန်းမာရေး၊ စက်မှုနှင့် မြန်မာနိုင်ငံဆေးကောင်စီ
၃၁။	ရောဂါရှာဖွေရေးနှင့် ဆေးဝါးထုတ်လုပ်ရေးနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပ ရောဂါဖြစ်ပွားမှုအခြေအနေနှင့် ပြည်တွင်းဆေးဝါးလိုအပ်ချက်အပေါ် သုတေသနပြုလုပ်ပြီး ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများသို့ ဖြန့်ဝေရန်နှင့် အကြံပြုဆောင်ရွက်ရန်။	ကျန်းမာရေးဆိုင်ရာ သုတေသနစင်တာနှင့် ကျန်းမာရေး
၃၂။	ကျန်းမာရေးဆိုင်ရာသုတေသနစင်တာတွင် တာဝန်ထမ်းဆောင်မည့် ပညာရှင်များ၊ ဆရာဝန်များနှင့် ဝန်ထမ်းများ၏ အရည်အသွေးအား စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။	ကျန်းမာရေးဆိုင်ရာ သုတေသနစင်တာနှင့် ကျန်းမာရေး
၃၃။	ပြည်တွင်းရောဂါရှာဖွေရေးနှင့် ဆေးဝါးဖြန့်ဖြူးရေး လုပ်ငန်းစဉ်များအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ICT နည်းပညာအသုံးပြု၍ စီစဉ်ဆောင်ရွက်ရန်။	ကျန်းမာရေးဆိုင်ရာ သုတေသနစင်တာနှင့် ကျန်းမာရေး
ကျန်းမာရေးစောင့်ရှောက်မည့်စနစ်နှင့် ဆေးဝါးထုတ်လုပ် ဖြန့်ဖြူးရောင်းချရေးဆိုင်ရာပြုပြင်ပြောင်းလဲသင့်သည့် အချက်များ		
၃၄။	လက်ရှိတည်ဆောက်ပြီးဖြစ်သော မြို့နယ်အဆင့်ထိ ပြည်သူ့ဆေးရုံများတွင် ICT နည်းပညာသုံးရောဂါရှာဖွေရေးနှင့်ကုသရေး ကိရိယာများ ဝယ်ယူဖြည့်သွင်းတပ်ဆင်ရန်။	ကျန်းမာရေး၊ စက်မှုနှင့် မြန်မာနိုင်ငံဆေးကောင်စီ
၃၅။	လူနာ၊ ဒေသဆရာဝန်နှင့် ရောဂါအထူးကုသမားတော်များ ချိတ်ဆက် အသုံးပြုနိုင်သည့် Telemedicine Application Software တည်ထောင်၍ လူနာနှင့် ပြည်တွင်း၊ ပြည်ပရောဂါအထူးကုသမားတော်များ ချိတ်ဆက်ပြီး ဒေသရှိ ဆရာဝန်က ပြန်လည်ကုသမှုပေးသည့် ၎င်းစနစ်ကို အသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်းလုံး ဆေးကုသမှုစနစ်အား ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်။	ကျန်းမာရေး၊ ဆက်သွယ်ရေး
၃၆။	Telemedicine Application Software အား ထူထောင်၍ အသုံးပြုမည့် ကျန်းမာ ရေးဝန်ထမ်းများအား Software ကျွမ်းကျင် မှုနှင့် ပစ္စည်းကိရိယာ ကိုင်တွယ်မှု ကျွမ်းကျင်စေရေးနှင့် ရောဂါရှာဖွေကုသရေးအပေါ် အသုံးချနိုင်ရေး တို့အတွက် လိုအပ်သည့် စွမ်းဆောင်ရည်များ တိုးတက်စေရေး စီစဉ်ဆောင်ရွက်ပေးရန်။	ကျန်းမာရေး၊ မြန်မာနိုင်ငံဆေးကောင်စီ

စဉ်	မူဝါဒများနှင့် လုပ်ငန်းစဉ်များ	အကောင်အထည်ဖော်ရမည့် ဌာန/အဖွဲ့အစည်း
၃၇။	ပြည်တွင်းလိုအပ်ချက်ရှိသော ဆေးဝါးအမျိုးအစားများကို သတ်မှတ်ပြီး ထုတ်လုပ်သူများ၊ ထုတ်လုပ်နည်းလုပ်ငန်းစဉ်များ ပြောင်းလဲထုတ်လုပ်နိုင်ရေး အတွက် သတင်းအချက်အလက်ပံ့ပိုးကူညီပေးရန်နှင့် သုတေသနပြုလုပ် အကြံပြုဆောင်ရွက်သွားရန်။	ကျန်းမာရေးဆိုင်ရာ သုတေသနစင်တာနှင့် ကျန်းမာရေး
၃၈။	ထုတ်လုပ်ပြီးဆေးဝါးများအား ပြည်တွင်း ဖြန့်ဖြူး ရောင်းချရန်နှင့် ပို့လျှံသော ဆေးဝါးများအား ပြည်ပဈေးကွက် ချိတ်ဆက်တင်ပို့နိုင်ရေး စီမံဆောင်ရွက်သွား ရန်။	ကျန်းမာရေး၊ စက်မှုနှင့် စီးပွားကူးသန်း

နိဂုံး

၃၃၀။ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတစ်နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်လျက်ရှိသည့် အခြေခံအကျဆုံးလုပ်ငန်းကဏ္ဍတစ်ရပ်တစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတွင်း လက်ရှိဆေးဝါးထုတ်လုပ်နေမှုများ၊ ဆေးဝါးအမျိုးအစားတစ်ခုချင်းစီအလိုက် ထုတ်လုပ်မှုများ၊ ပြည်ပမှ တင်သွင်းနေရသည့် အခြေအနေများ၊ နိုင်ငံသားများ တစ်နှစ်တာဆေးဝါးသုံးစွဲမှု အခြေအနေများ၊ ပုံမှန်ဖြစ်ပွားနေကျ ကူးစက်တုပ်ကွေးရောဂါအတွက် ဆေးဝါးလုံလောက်မှု အခြေအနေများကို လေ့လာ၍ ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့၏ ဆေးဝါးထုတ်လုပ်မှုကဏ္ဍကို လေ့လာသုံးသပ်ကာ မိမိနိုင်ငံနှင့်သင့်လျော်သည့် မူဝါဒများနှင့် ဆောင်ရွက်ချက်များကို ဖော်ထုတ်အသုံးချရန် လိုအပ်ပါသည်။

၃၃၁။ ယင်းနိုင်ငံအသီးသီးသည် ၎င်းတို့နိုင်ငံ၏ နှစ်ရှည်မျှော်မှန်းချက်များအတိုင်း ပြည့်မီရေး အတွက် ကြိုးပမ်းကြသကဲ့သို့ ပြည်တွင်းသုံးစွဲမှုလုံလောက်ရေး၊ ပြည်ပသို့ ပို့မိုတင်ပို့နိုင်ရေး အတွက် အစဉ်တစ်စိုက် အားထုတ်လျက်ရှိသော်လည်း ဆေးဝါးထုတ်လုပ်မှုအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာစက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရဆဲ ဖြစ်သည်ကို တွေ့ရှိရပါသည်။ အဆိုပါကဏ္ဍတွင် သွင်းကုန်ကို အခြေခံထားပြီး ပို့ကုန်နည်းပါး နေသည်ကို တွေ့ရှိရသဖြင့် ၎င်းတို့၏ ကာလတို၊ ကာလရှည်ရည်မှန်းချက်၊ မျှော်မှန်းချက်များ အတိုင်း ပြည့်မီနိုင်မှုအခြေအနေနည်းပါးလျက်ရှိနေသေးကြောင်း တွေ့ရှိရပါသည်။ ထိုသို့ နည်းပါးရသည့်အကြောင်းရင်းကို လေ့လာဆန်းစစ်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါသည်-

(က) ထိုင်းနိုင်ငံသည် ဝင်ငွေအဆင့်မြင့်သည့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ကျန်နိုင်ငံများသည် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများဖြစ်ခြင်း။

(ခ) ထိုင်းနိုင်ငံသည် Industry 4.0 နှင့်အညီ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာပိုင်းတွင် ပံ့ပိုးပေးမှုအားကောင်းသော်လည်း ကျန်နိုင်ငံများသည် သုတေသနနှင့် နည်းပညာပံ့ပိုးနိုင်မှုပိုင်းတွင် အားနည်းလျက်ရှိခြင်း။

(ဂ) ထိုင်းနိုင်ငံသည် ထိပ်တန်းကျန်းမာရေး ဆိုင်ရာအချက်အချာနေရာဖြစ်ရေး ဟူသော ၎င်း၏ ပင်မရည်မှန်းချက်ကို ဖော်ဆောင်ရေးအတွက် ချမှတ်ထားသည့် ဥပဒေမူဘောင်များသည် အတော်အသင့် ဆန်းသစ်ထိရောက်မှုရှိသော်လည်း အခြားနိုင်ငံများက ချမှတ်ထားသည့် ဥပဒေမူဘောင်များ၏

အကောင်အထည်ဖော်မှုနှင့် လိုက်နာဆောင်ရွက်နိုင်မှုသည် ဆန်းသစ်မှုနှင့် ထိရောက်မှုရှိရန် လိုအပ်နေသေးခြင်း။

၃၃၂။ ထို့ပြင် ကိုဗစ် - ၁၉ ကဲ့သို့ ကမ္ဘာ့ကပ်ရောဂါနှင့်ရင်ဆိုင်ကြရခြင်းကြောင့် ချမှတ်ထားသည့် ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် နှောင့်နှေးကြန့်ကြာမှုများဖြစ်စေပါသည်။ ဖော်ပြပါနိုင်ငံများ၏ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်မှုတိုးတက်စေရေး ဆောင်ရွက်မှုပုံစံကို လေ့လာရာတွင် ထိုင်းနိုင်ငံသည် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများထုတ်လုပ်ခြင်းထက် ၎င်းနိုင်ငံ၏ အနေအထားအရ သင့်လျော်အောင်မြင်နိုင်သောအခြေအနေရှိသည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖွံ့ဖြိုးရေးထက် ရေရှည်ရပ်တည်နိုင်မည့် ဆေးဝါးသုတေသနလုပ်ငန်းများနှင့် ပြည်တွင်းဆေးဝါးလုပ်ငန်းများ၏ အောင်မြင်ရေးကို ဦးတည်ကြိုးပမ်းလျက်ရှိကြောင်းတွေ့ရှိရပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် အဆင့်အတန်းမြင့်သည့် ဆေးဝါးများထုတ်လုပ်နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ၎င်းတို့ ၏ ဆေးဝါးထုတ်လုပ်မှုတိုးတက်စေရန် ပြည်တွင်းလုပ်ငန်းများတိုးတက်ရေးကိုပင် အလေးထားဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ ဗီယက်နမ်နိုင်ငံသည် ဆေးဝါးထုတ်လုပ်ခြင်းအတွက် ပြည်တွင်းဆေးဝါးလိုအပ်ချက်ပြည့်မီစေရေးကို အဓိကထားဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖိတ်ခေါ်ရန် ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၂၀ ကို ပြဋ္ဌာန်းခဲ့ပြီး ဆေးဝါးပစ္စည်းကိရိယာများနှင့် ဆေးဝါးပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းများ မြှင့်တင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၃၃၃။ မြန်မာနိုင်ငံသည် ကျန်းမာရေးကဏ္ဍတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သော်လည်း ကိုဗစ် - ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုနှင့် အခြားလက်ရှိဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံရေးအခြေအနေများကြောင့် ကြိုးပမ်းမှုလုပ်ငန်းစဉ်များ ထင်သလောက်ခရီးမပေါက်ဖြစ်ခဲ့ရသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သောဆေးဝါး၊ ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများ ပြတ်လပ်ခြင်းနှင့် ငွေကြေးဈေးနှုန်းတည်ငြိမ်မှုမရှိခြင်းသည် ပြည်ပက မှာယူရာတွင် အခက်အခဲများဖြစ်စေပါသည်။ နိုင်ငံခြားငွေလဲလှယ်မှုဈေးနှုန်းကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သောအချိန်တွင် ဆေးဝါးများ ပြည်သူများလက်ဝယ်သို့ အချိန်မီရောက်ရှိနိုင်ရန် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကုန်သွယ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ ဘဏ္ဍာရေးနှင့် အခွန်အကောက်ဆိုင်ရာ ပြုပြင်

ပြောင်းလဲမှု၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အဓိကထား၍ သတ်မှတ်ထားသည့် မျှော်မှန်းချက်များနှင့်ကိုက်ညီသည့် လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် တစ်ပြေးညီဆောင်ရွက်မှသာ ကောင်းမွန်ခိုင်မာသည့် ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သည့် အခန်းကဏ္ဍကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

၃၃၄။ နိုင်ငံအားလုံးသည် ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်စေရေးကို အားပေးသော်လည်း နိုင်ငံတစ်ခုချင်းစီ၏ ပထဝီဝင်အနေအထား၊ နိုင်ငံရေးနှင့် စီးပွားရေးရာအခြေအနေ၊ စီမံခန့်ခွဲနိုင်မှုပေါ် မူတည်၍ ထိရောက်အောင်မြင်မှု ကွာခြားလျက်ရှိခြင်းဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခံစားခွင့်ရှိသည့် အခွန်ဆိုင်ရာကင်းလွတ်ခွင့်၊ သက်သာခွင့်များနှင့် အာမခံချက်များသည် နိုင်ငံများအားလုံးတွင် သိသာစွာ ကွာခြားမှုမရှိသော်လည်း မိမိတို့နိုင်ငံအနေဖြင့် အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ခိုင်မာသည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တစ်ရပ် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုသည် အခြားသော စက်မှုလုပ်ငန်းများထက် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခြေတည်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ၎င်း အရင်းအမြစ်များနှင့် နည်းပညာ ရရှိနိုင်ရန်အတွက် မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းပိုင်းတွင် ခိုင်မာမှုရှိစေရန်၊ ကြိုတင်ခန့်မှန်းနိုင်ရန်နှင့် ရှင်းလင်းလွယ်ကူမှုရှိစေရန် လိုအပ်မည်ဖြစ်ပါသည်။

၃၃၅။ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းကဏ္ဍကို မြှင့်တင်နိုင်ရေးအတွက် မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းပိုင်းတွင် ပြုပြင်ပြောင်းလဲမှုပြုလုပ်ရုံဖြင့် မလုံလောက်ဘဲ အဖက်ဖက်က ပံ့ပိုးကူညီမှုများ လိုအပ်မည်ဖြစ်ရာ အဆိုပါကဏ္ဍအတွက် နိုင်ငံတော်၏ အားပေးမြှင့်တင်လိုသည့်ဆန္ဒ (Political Will)၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှု အလေ့အကျင့်ဖြင့် အစိုးရယန္တရားလျင်မြန်ချောမွေ့စေရေး၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများ တိုးတက်စေရေး၊ အသိဉာဏ်ပစ္စည်းဆိုင်ရာအကာအကွယ်ပေးမှုတွင် ခိုင်မာမှုရှိစေရေး၊ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ဘဏ္ဍာငွေပိုမိုခွဲဝေအသုံးပြုနိုင်ရေးနှင့် အစိုးရ၏ ဝယ်ယူမှုစနစ် အားကောင်းစေရေးနှင့် လိုအပ်သည့်အခြေခံအဆောက်အအုံပိုင်းကို အဆင်သင့်ဖြစ်စေရေး တို့ကို ပြည်စုံမှသာလျှင် တိုးတက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။

နောက်ဆက်တွဲ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆေးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကဏ္ဍအပေါ် တွေ့ရှိချက်များအား နှိုင်းယှဉ်လေ့လာချက်

အကြောင်းအရာ	မြန်မာနိုင်ငံ	ဘင်္ဂလားဒေ့ရှ်နိုင်ငံ	ဗီယက်နမ်နိုင်ငံ	အင်ဒိုနီးရှားနိုင်ငံ	ထိုင်းနိုင်ငံ	လာအိုနိုင်ငံ	ကမ္ဘောဒီးယားနိုင်ငံ
အကျယ်အဝန်း/လူဦးရေ	၆၇၆,၅၇၅ စတုရန်းကီလိုမီတာ/ ၅၄.၈၃ သန်း	၁၄၃,၉၉၉ စတုရန်းကီလိုမီတာ/၁၆၆ သန်း	၃၃၁,၂၁၂ စတုရန်းကီလိုမီတာ/ ၉၇.၅၉၁ သန်း	၁,၉၀၄,၅၆၉ စတုရန်းကီလိုမီတာ/ ၂၇၆ သန်း	၅၁၃,၁၂၀ စတုရန်းကီလိုမီတာ/၆၉.၆၃ သန်း	၂၃၇,၉၅၅ စတုရန်းကီလိုမီတာ/ ၇.၁၆၉ သန်း	၁၈၁,၀၃၅ စတုရန်းကီလိုမီတာ/ ၁၆.၄၉၀ သန်း
ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ တင်သွင်းမှု (၂၀၁၉)	USD ၆၇၈.၂၃၆ သန်း	USD ၅၄၂.၄၇၁ သန်း	USD ၃,၃၁၃.၆၉ သန်း	USD ၉၁၂.၀၀ သန်း	USD ၅,၂၇၅ သန်း	USD ၄၆ သန်း	USD ၂၃၄ သန်း
ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ တင်ပို့မှု (၂၀၁၉)	USD ၁၄၇.၀၀ သန်း	USD ၁၂၂.၂၀၂ သန်း	USD ၁၈၅.၉၉၂ သန်း	USD ၅၅၆.၀၀ သန်း	USD ၂,၇၅၄ သန်း	USD ၀.၄၇ သန်း	USD ၈ သန်း
ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းထုတ်လုပ်မှုကဏ္ဍဆိုင်ရာမူဝါဒ	ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အရ ၂၀၃၀ ပြည့်နှစ် နောက်ဆုံးထား၍ လူတိုင်း လက်လှမ်းမှီအသုံးပြုနိုင်သောကျန်းမာရေးစနစ်ရရှိရန် ရည်မှန်း၍ MSDP ၏ မဏ္ဍိုင် ၃ နှင့်အညီ မဟာဗျူဟာများ ချမှတ်	ကျန်းမာရေးဆိုင်ရာမူဝါဒ ကို ၁၉၉၈ ခုနှစ်မှစ၍ ၅ နှစ်တစ်ကြိမ်ရေးဆွဲပြီး HPSP၊ HNPSP၊ HPNSDP၊ HPNSP တို့ဖြစ်ရာ လက်ရှိတွင် စတုတ္ထမြောက် စီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးအသုံးစရိတ်အဖြစ် GDP ၏ ၅.၈ ရာခိုင်နှုန်းအသုံးပြု	၂၀၃၀ အထိမျှော်မှန်းသည့် ဗီယက်နမ်နိုင်ငံ၏ ဆေးဝါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးစီမံချက် ၂၀၂၀ ကို ပြဋ္ဌာန်းထားပါသည်။ ဆေးဝါးပစ္စည်းများကို နိုင်ငံခြားမှ တင်သွင်းမှုအပေါ် မှီခိုနေရမှုကို	The Universal Healthcare System (၂၀၁၄) နှင့် ဆေးဝါးနှင့် ကျန်းမာရေးကဏ္ဍတိုးမြှင့်ခြင်းဆိုင်ရာ ညွှန်ကြားချက် (၂၀၁၆) တို့ကို ထုတ်ပြန်ခဲ့ပြီး အားပေးဆောင်ရွက်လျက်ရှိပါသည်။ ဆေးဝါးထုတ်လုပ်ခြင်း	eHealth Strategy (၂၀၁၇-၂၀၂၆) အရ ဆေးပညာရပ်ဆိုင်ရာ အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးနှင့် တီထွင်ဖန်တီးမှုမြှင့်တင်ရေး ဆောင်ရွက်ခဲ့ပါသည်။ ဆေးဘက်ဆိုင်ရာ ပစ္စည်းထုတ်လုပ်မှုကဏ္ဍနှင့် ကျန်းမာရေး	ကျန်းမာရေးဆိုင်ရာမူဝါဒအနေဖြင့် ၂၀၀၀ ပြည့်နှစ်စတင် အကောင်အထည်ဖော်ခဲ့ပြီး PHC၊ RMNCH၊ NSHRH တို့ဖြစ်ကြပြီး ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ (၂၀၁၃-၂၀၂၅) တစ်ရပ်ချမှတ်	ကျန်းမာရေးဆိုင်ရာမူဝါဒ Master Plan ကို ၁၉၉၃ ခုနှစ် တွင် ထုတ်ပြန်ခဲ့ပြီး စီမံကိန်း ၁၂ ခုပါဝင်ပါသည်။ Health Information System Master Plan (၂၀၁၆-၂၀၂၀) ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။

အကြောင်းအရာ	မြန်မာနိုင်ငံ	ဘင်္ဂလားဒေ့ရှ်နိုင်ငံ	ဗီယက်နမ်နိုင်ငံ	အင်ဒိုနီးရှားနိုင်ငံ	ထိုင်းနိုင်ငံ	လာအိုနိုင်ငံ	ကမ္ဘောဒီးယားနိုင်ငံ
	ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားဆေးဝါးမူဝါဒ (၂၀၁၈ - ၂၀၂၁) ထုတ်ပြန်ပြီး ယင်းမူဝါဒ၏ မဟာဗျူဟာနှင့်အညီ အကောင်အထည်ဖော်ခြင်းအစီအစဉ်ကို ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။	လျက်ရှိပါသည်။ ဆေးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်းအပေါ် ပြည်တွင်းလုပ်ငန်းများကို ဦးစားပေးပြီး မူဝါဒပိုင်း ဆိုင်ရာ ပံ့ပိုးပေးလျက်ရှိပါသည်။	လျှော့ချရန်နှင့် ခေတ်မီဆေးဝါး ထုတ်လုပ်နိုင်ရေး ရည်မှန်းထားရှိပါသည်။	ကဏ္ဍဖွံ့ဖြိုးစေရေး လမ်းပြမြေပုံ (၂၀၁၆) ကို ရေးဆွဲခဲ့ပြီး အဆင့်မီ ဆေးဝါးများ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ပါသည်။	စောင့်ရှောက်မှုကဏ္ဍ မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသတွင်း နိုင်ငံများအနက် နည်းပညာမြင့် ဝန်ဆောင်မှုပေးနိုင်သည့် နိုင်ငံတစ်ခုဖြစ်ပါသည်။	ဆောင်ရွက်လျက်ရှိပါသည်။ ကူးစက်ရောဂါအရေးပေါ်အခြေအနေကို တုန့်ပြန်ဆောင်ရွက်သည့် အစီအမံများ ရေးဆွဲထားရှိပါသည်။	ကျန်းမာရေးအသုံးစရိတ်အဖြစ် GDP ၏ ၆ ရာခိုင်နှုန်း အသုံးပြုလျက်ရှိပါသည်။
ဆေးဝါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေသည့်ပုံစံ	နိုင်ငံပိုင်ဆေးဝါးစက်ရုံ ၂ ရုံ၊ ပုဂ္ဂလိကဆေးဝါးစက်ရုံ ၉ ရုံ တို့မှ ဆေးဝါးများ ထုတ်လုပ်လျက်ရှိသော်လည်း ကုန်ကြမ်းပြတ်လတ်မှုကြောင့် ပြည်တွင်းလိုအပ်ချက် ပြည့်မီရန်နှင့် ပြည်ပသို့ တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်	နိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှု သမိုင်းကြောင်းအရ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများထက် ပြည်တွင်း လုပ်ငန်းများတိုးတက်ရေးကို ပိုမို အလေးပေးခဲ့ကြောင်း တွေ့ရှိရပါသည်။ ပြည်တွင်းလုပ်ငန်းများကို ဦးစားပေးခြင်းကြောင့် နိုင်ငံတကာအဆင့်မီ ဆေးဝါးများ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းခဲ့ကြောင်းတွေ့ရှိရပါသည်။	ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၂၀ အရ ဆေးဝါးထုတ်လုပ်မှုအားလုံးကို ဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ထားပါသည်။	နိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ရန် ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်တွင် ပိုမို အသားပေးရေးဆွဲခဲ့သည်။ ယေဘုယျအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုဦးစားပေးသည့် နိုင်ငံတစ်ခုဖြစ်သည်။	ဆေးဝါးထုတ်လုပ်ခြင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဦးစားပေးပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် ပံ့ပိုးပေးလျက်ရှိပါသည်။	ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ် (၂၀၁၆) ကို ပြဋ္ဌာန်းခဲ့ပြီး ကျန်းမာရေးကဏ္ဍ ကို ဦးစားပေးမြှင့်တင်သည့် ကဏ္ဍအဖြစ် သတ်မှတ်ထားပါသည်။ ဆေးဝါးကုန်သွယ်မှုကိုတိုးတက်ရေးကိုလဲ အလေးထားသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။	ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ခွင့် ပေးပြီး ဥပဒေကြောင်းအရ ဦးစားပေးသည့် ကဏ္ဍတစ်ခုဖြစ်ပါသည်။
ကိုဗစ် ၁၉ ဆိုင်ရာ စီမံဆောင်ရွက်ချက်	ကိုဗစ် - ၁၉ ကပ်ရောဂါ မဖြစ်ပွားမီနှင့် ဖြစ်ပွားပြီး ရင်ဆိုင်ရသည့် စီးပွားရေး	၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ဆိုင်ရာစီမံချက်ရေးဆွဲပြီး လိုအပ်သည့် ထိန်းချုပ်မှု	ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ကုသရေး ဆိုင်ရာတိုင်းရင်းဆေး	ကိုဗစ် - ၁၉ ကပ်ရောဂါ ဆိုင်ရာသက်ရောက်မှုများကို ပြန်လည်	ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ဆေး ChulaCOV19 ကို ၂၀၂၂	၂၀၂၁ ခုနှစ်အတွင်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ကိုဗစ် -	ကျန်းမာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) အရ ရောဂါ

အကြောင်းအရာ	မြန်မာနိုင်ငံ	ဘင်္ဂလားဒေ့ရှ်နိုင်ငံ	ဗီယက်နမ်နိုင်ငံ	အင်ဒိုနီးရှားနိုင်ငံ	ထိုင်းနိုင်ငံ	လာအိုနိုင်ငံ	ကမ္ဘောဒီးယားနိုင်ငံ
	ထိခိုက်မှုများ၊ အကြပ်အတည်းများကို SMART Programme လမ်းစဉ် (၅) ရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။	များကို COVID-19 Online Reporting System ဖြင့် သတင်းထုတ်ပြန်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းပြတ်လတ်မှု မရှိစရေး ပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။ ကိုဗစ်ကာကွယ်ဆေးနှင့် ကုသဆေးများကို ပြည်တွင်းတွင် ထုတ်လုပ်ရန် ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ထားရှိပါသည်။	များကို ဖြစ်ပွားလျက်ရှိသည့် ဒေသများသို့ နိုင်ငံတော်၏ အစီအစဉ်ဖြင့် ပံ့ပိုးပေးလျက်ရှိပါသည်။	ကောင်းမွန်စေရေး ဥပဒေ၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်လျက်ရှိပါသည်။	နှစ်လယ်ပိုင်းတွင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ထားရှိပါသည်။ ၎င်းကာကွယ်ဆေးဆိုင်ရာသုတေသန အဖွဲ့အစည်းများကို ထောက်ပံ့ကြေးပေးနိုင်ရေး စီစဉ်ထားရှိပါသည်။	၁၉ ကပ်ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေး စီစဉ်ထားရှိပြီး ဌာနဆိုင်ရာ အဖွဲ့များ ပါဝင်သည့် National Task Force အဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။	ကုသရေးအတွက်အရေးပါသည့် ကျန်းမာရေးဝန်ထမ်းများ ရရှိစေရေး ကြိုတင်ပြင်ဆင်ခြင်းနှင့် တုန့်ပြန်ခြင်းတို့ကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။
သုံးသပ်ချက်	ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရခြင်း၊ ပြည်တွင်း၌ ကျွမ်းကျင်အလုပ်သမားများ ရှားပါးခြင်း၊ ကုန်ကြမ်းများကို ပြည်ပက တင်သွင်းရခြင်းကြောင့် ထုတ်လုပ်မှုစရိတ်မြင့်မားခြင်း၊ စားသုံးသူများအနေဖြင့် အရည်အသွေး ကောင်းမွန်ပြီး စျေးနှုန်းသက်သာသော အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းသော ဆေးဝါးများ အပေါ်တွင် မှီခိုအားထား	လူဦးရေများပြားသော်လည်း ပြည်တွင်းဆေးဝါးထုတ်လုပ်မှုအားကောင်းခြင်းကြောင့် ပြည်တွင်းသုံးစွဲမှုကို လုံလောက်မှုရှိပါသည်။ ဆေးဝါး ထုတ်လုပ်ရန် အခြေခံအဆောက်အဦ လုံလောက်မှုရှိခြင်း၊ ကျွမ်းကျင်ဝန်ထမ်းများရှိခြင်းတို့ကြောင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက	စျေးနှုန်းချိုသာသည့် ဆေးဝါးများအစား ကောင်းမွန်သည့် ဆေးဝါးထုတ်လုပ်မှု လမ်းစဉ်ကို ကျင့်သုံးပြီး နိုင်ငံတကာအဆင့်မီဆေးဝါးများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များအရ အလားအလာကောင်းသည့် ဆေးဝါး	ဆေးဝါးထုတ်လုပ်မှုတွင် ကမ္ဘာ့အဆင့် ၁၅ ရှိ နိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ပံ့ပိုးပေးလျက်ရှိသည့် နိုင်ငံဖြစ်ပါသည်။ ဆေးဝါးထုတ်လုပ်ခြင်းအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိပါသည်။	ဆေးဝါးထုတ်လုပ်မှုအထိုက်အလျောက်ရှိသည့် အားလျော်စွာ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးပညာနှင့် ဆေးဘက်ဆိုင်ရာ ခရီးသွားကဏ္ဍတို့ကို ပူးတွဲမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ဆေးဘက်ဆိုင်ရာ ဇီဝနည်းပညာမြင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံချက်များ ချမှတ်ပြီး	တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ကျန်းမာရေးစောင့်ရှောက်မှု (UHC) ကို ရရှိရေး ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါသည်။	နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်မှုကို အလေးထားဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးကဏ္ဍဆိုင်ရာ လူစွမ်းအားအရင်းအမြစ်နည်းပါးခြင်းသည် အဓိကစိန်ခေါ်မှု ဖြစ်ပါသည်။

အကြောင်းအရာ	မြန်မာနိုင်ငံ	ဘင်္ဂလားဒေ့ရှ်နိုင်ငံ	ဗီယက်နမ်နိုင်ငံ	အင်ဒိုနီးရှားနိုင်ငံ	ထိုင်းနိုင်ငံ	လာအိုနိုင်ငံ	ကမ္ဘောဒီးယားနိုင်ငံ
	နေသဖြင့် ပြည်တွင်းထုတ်လုပ်သူများအတွက် စျေးကွက်တွင် ယှဉ်ပြိုင်ရန် အခက်အခဲရှိခြင်း၊ ပြည်ပမှ တရားမဝင် ဝင်ရောက်လာသော ဆေးဝါးများကြောင့် စျေးကွက်မတည်မငြိမ် ဖြစ်ခြင်း အစရှိသည့် စိန်ခေါ်မှုများစွာရှိနေပါသည်။ ကျန်းမာရေးကဏ္ဍဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်နည်းပါးခြင်းသည်လည်း စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ အဆိုပါ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် စီမံချက်များ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းလျက်ရှိပါသည်။	လည်း ပြီးပြည့်စုံသည့် ပုံစံတစ်ခုဖြစ်ပါသည်။	နှင့်ဆေးပစ္စည်းထုတ်လုပ်မှုကဏ္ဍတစ်ခုဖြစ်ပါသည်။		အကောင်အထည်ဖော်လျက်ရှိပါသည်။		

ရည်ညွှန်းချက်များ

Agreement on Trade-related aspects of Intellectual Property Rights. https://www.wto.org/english/docs_e/legal_e/27-trips.pdf.

Ayae. (2016). Medical Tourism Destination: A Case Study of Thailand Tourism Development Strategy.

Bangladesh Pharma Market and Regulatory Report by Pharmaceuticals Export Promotion Council of India. https://pharmexcil.com/uploads/countryreports/Bangladesh_Market_Regulatory_report 2020. pdf.

Bangladesh Foreign Trade Institute. (June 2016). A Study on Sector-based Need Assessment of Business Promotion Council- Herbal Products and Medicinal Plants.

Bangladesh Preparedness and Response Plan for COVID-19. Health Services Division Ministry of Health & Family Welfare. (July 2020).

Bangladesh Bureau of Statistics Statistics and Informatics Division. Ministry of Planning. Bangladesh Statistical PocketBook. (2019).http://bbs.portal.gov.bd.

BKPM. Invest Indonesia Now/ Invest Magazine. (Vol 2/2020).

Bio Spectrum Asia. (2021). https://www.biospectrumasia.com/news/56/18781/medical-sector-continues-to-expand-in-thailand-with-43-b-baht-investment-in-2021.html. https://www.biospectrumasia.com/news/56/18131/thailands-medical-sector-attracts-investment-worth-18-4-b-baht-in-q1-2021.html.

Board of Investment. (2021). Thailand Investment Review. (Vol. 31, May 2021). https://www.boi.go.th/upload/ejournal/2021/Vol31/May/index.html#p=4.

Boomfueng et al. (2019). Global Innovation Index 2019: Social and Economic Aspects of Health and Medical Innovation in Thailand. https://www.wipo.int/edocs/pubdocs/en/wipo_pub_gii_2019-chapter17.pdf.

Cambodia's Essential Medicine List. 9th Edition. (2018).

Chan, A. (2016). Myanmar's Pharmaceutical Industry Promoising Growht.

Creating and Integrated Healthcare ecosystem. Indonesia Pharmaceuticals and Healthcare. (23 July 2021).

Dr. Aung Zaw, D. A. (August, 2021). Drugs need to be produced and imported for COVID-19.

Duangjai Asawachintachit. (2020). Opportunities and Investment Support Measures for Medical Industries in Thailand. Board of Investment. https://www.boi.go.th/upload/content/Medical_Webinar_Europe_SG_June20.pdf.

Eastern Economic Corridor Office of Thailand (EECO). https://www.eeco.or.th/en/vision-mission.

Export Promotion Bureau. http://epb.gov.bd/site/view/epb_export_data/-.

Four Year Achievement. (May 2020).

Global Health Expenditure Database. http://apps.who.int.

GMS. 2020.

Healthcare Committee White Book (2020). American Chamber of Commerce Vietnam.

Historical Estimates of World Population.

Hui Sin Teo, J.S. (2018). Myanmar Health Financing System Assessment. World Bank Group.

International Monetary Fund. (2021). https://www.imf.org/en/Topics/imf-and-covid19/Policy-Responses-to-COVID-19#T.

International Trade Administration. 2021. Thailand Medical Equipment. https://www.trade.gov/country-commercial-guides/thailand-medical-equipment.

India Policies to Promote Local Production of Pharmaceutical Products and Protect Public-Health. https://www.who.int/phi/publications/2081India020517.pdf.

Industry Research. 2021.

International Trade Center. Trade Map Database. https://www.trademap.org.

IQVIA 2020. http://www.pharmatips.in/Articles/Pharma-Companies/Top-Pharmaceutical-Companies-In-Bangladesh.aspx.

IQVIA's 2019 Global Use of Medicine.

International Federation of Pharmaceutical Manufacturers & Associations. 2021.

Jouranl of Health Science. Vol.29 Special Issue. January-February 2020-National Thailand's Mecial Hub.

KPMG Investment Guide Bangladesh. https://home.kpmg/bd/en/home/insights/2020/09/bangladesh_investment_guide.html.

Kruglyak. 2021.

Krungsri Research. (2020). Industry Outlook 2020-2022: Pharmaceuticals. https://www.krungsri.com/en/research/industry/industry-outlook/Chemicals/phamaceuticals/IO/io-pharmaceuticals-20-th.

Kwankhao et al. (2020). The Current Situation of the Herbal Medicinal Product System in Thailand. Journal of Health ScienceVol. 29 Special Issue, January - February 2020.

La Grippe Espagnole de 1918.

Laing Buisson News. (2020). Mass tourism to Thailand is out but medical and health travel allowed by IMTJ Team. 24th August 2020. https://www.laingbuissonnews.com/imtj/news-imtj/mass-tourism-to-thailand-is-out-but-medical-and-health-travel-allowed/.

Laos's Essential Medicine List. (2019).

Maung, K. P. (2019). OPPORTUNITIES AND CHALLENGES OF LOCAL. A CASE STUDY OF PHARMACEUTICAL FACTORIES IN YANGON. Yangon.

Medicines in Health Care Delivery. Myanmar. Situation Analysis. October, 2014.

Md. Abdullah Al Faisal. Pharmaceutical Industry of Bangladesh (3rd Edition). (2019). (Research Associate). www.arx.cfa/~/media/2A85F9B2CEAB43CFAF325AB54F3EF404.ashx.

Ministry of Commerce.

Mohammad Rejaur Rahman, Emran Hossain Sajib, Ishtiak Malique Chowdhury, Anik Banik, Rahul Bhattacharya, Hasan Ahmed. Present scenario of COVID-19 in Bangladesh and government preparedness for facing challenges. Journal of Advanced Technology and Experimental Therapeutics.

Myanmar Chamber of Commerce for Pharmaceutical and Medical Device.

Myanmar Health Statistics. 2020.

Myanmar Health System Review. Asia Pacific Observatory on Health Systems and Policies. (2014).

Myanmar National Health Account. (2012-2013).

Myanmar National Health Account. (2014-2015).

Myanmar National Health Accounts. Health Expenditure Report. (2016-2018).

National Health Policy of Myanmar.

National List of Essential Medicines (NLEM). (2016).

National List of Essential Medicines. (2016). Ministry of Health and Sport. Department of Medical Devices.

National Medicines Policy. (2019).

National Medicines Policy of Australis. htts://www.nps.org.au/assets/p24-McLachlan-Aslani.pdf.

Netherlands Embassy in Bangkok. (2018). Life Sciences and Health in Thailand. https://www.google.com/url?sa=t&rct=j&q=&esrc=s&source=web&cd=&cad=rja&uact=8&ved=2ahUKEwis28agoNPyAhVHILcAHeb1B0sQFnoECAIQAQ&url=https%3A%2F%2Fwww.netherlandsworldwide.nl%2Fbinaries%2Fen-nederlandwereldwijd%2Fdocuments%2Fpublications%2F2018%2F04%2F18%2Ffactsheet-life-sciences--health-in-thailand%2FThailand%2B-%2BFactsheet%2BLife%2BSciences%2B%2526%2BHealth.pdf&usg=AOvVaw0NG7hx-GmurrRUo0hN0cJl.

OECD Data. 2020.

Pharma Board Room. The Pharma Legal Handbook (Indonesia).

Padmashree Gehl Sampath. Pharmaceutical Manufacturing in Bangladesh – A Success Story. What can we learn?

Pharmaceutical Sector of Bangladesh. Prospects and Challenges (EMBA Program Semester: Spring 2014 Course Title. Management of Organization Course ID: MGT 701).

Potentials of Research Activities in Medicines at The Indonesian Institute of Sciences (LIPI).

Regulatory and Market Profile of Myanmar. Pharmaceutical Export Promotion Council of India. Augus. (2018).

Shariar Masud. Investment Scenario of Bangladesh in Pharmaceutical Industry.

Statistical Year Book of Indonesia. (2021).

Sumriddetchkajorn, K., Shimazaki, K., Ono, T., Kusaba, T., Sato, K., & Kobayashi, N. (2019). Universal health coverage and primary care, Thailand. Bulletin of the World Health Organization, 97(6), 415–422. https://doi.org/10.2471/BLT.18.223693

The Business Research Company. 2021.

The Infectious Diseases Act and Resource Allocation during the COVID-19 Pandemic in Bangladesh. https://link.springer.com/article/10.1007/s41649-020-00149-9#Bib1.

The Pharmaceutical Industry and Global Health. https://www.ifpma.org/wp-content/uploads/2021/04/IFPMA-Facts-And-Figures-2021.pdf.

Towse et al. (2004). Learning from Thailand's health reforms. Education and Debate. https://www.ncbi.nlm.nih.gov/pmc/articles/PMC314057/pdf/bmj32800103.pdf.

UN-ESCAP က ပြုစုထားသည့် ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အဆင်ပြေချောမွေ့စေရေး စာတမ်းကိုလေ့လာသုံးသပ် ခြင်း၊

လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များညွှန်ကြားမှုဦးစီးဌာန

University of the Thai Chamber of Commerce. (2012). Herbal Product of Thailand. https://embassyofindiabangkok.gov.in/public/assets/pdf/Market%20Survey%20Thai%20India%20Herbal%20products%20June%202013.pdf

WHO. Noncommunicable Diseases Progress Monitor. (2020).

World Bank. (2021a). https://data.worldbank.org/indicator/SH.XPD.CHEX.GD.ZS?locations=TH.

World Bank. (2021b). Economic Monitor: Thailand Economic Monitor July 2021: The Road to Recovery. https://www.worldbank.org/en/country/thailand/publication/thailand-economic-monitor-july-2021-the-road-to-recovery

World Bank Data. (2021). Life Expectancy. https://data.worldbank.org/country/TH. https://data.worldbank.org/indicator/SP.DYN.LE00.IN?locations=TH.

World Helath Organization. (November, 2014). Medicines in Htalth Care Delivery, Myanmar. WHO.

World Health Organization. (2015). Regional Office for the Western Pacific. (2015). The Kingdom of Thailand health system review. Manila: WHO Regional Office for the Western Pacific. https://apps.who.int/iris/handle/10665/208216

World Local Production Forum. https://www.who.Int.

Zaw, D. A. (n.d.). Drugs need to be produced and imported for COVID-19 in August.

10 Facts About Life Expectancy in Myanmar - The Borgen Project. http://borgenproject.org/10-facts-about-life-expectance-in-myanmar/

ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
https://www.commerce.gov.mm/sites/default/files/documents/2020/06/Order%20(36-2017)_0.pdf

စက်မှုလုပ်ငန်းမူဝါဒ (၂၀၁၆)

တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

ဗဟိုစာရင်းအင်းအဖွဲ့ (Myanmar Statistical Year Book- 2015 2016, 2017, 2018)

မြန်မာတိုင်းရင်းဆေးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ ဦးမောင်မောင်ဦး၏ မြန်မာ့တိုင်းရင်းဆေးဝါးနှင့် ပရဆေးကုန်ကြမ်းများ ပြည်တွင်း ပြည်ပစျေးကွက်၌ ဖွံ့ဖြိုးတိုးတက်လာစေရေးစာတမ်း(၂၀၁၉)

မြန်မာ့ကျန်းမာရေးဆိုင်ရာမျှော်မှန်းချက် (၂၀၀၁-၂၀၃၀)

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(၂၀၂၀)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း (၂၀၁၆/၁၇-၂၀၃၅/၃၆)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၁၃/ ၂၀၁၇) (၁-၄-၂၀၁၇) ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ သတ်မှတ်ခြင်း (၂၀၁၇)

မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)

ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

